iOS 8 အတွင်း စာပိုဒ်တစ်ခုရိုက်သည့်အခါ Quicktype သည် ဖြစ်နိုင်ခြေရှိသောစာလုံးများကို မှန်းဆပါသည်။ မိမိ၏စာနှင့်ဆက်စပ်သည်ကိုသာမက conversation များတွင်သုံးလေ့ရှိသောစာလုံးများကိုပါတွက်ချက်ပြီး အကြံပြုစာလုံးများ (suggested words) အနေဖြင့်လာပြပါသည်။ Apple ၏ မှတ်သားမှုပုံစံသစ်ကြောင့် Quicktype သည် အီးမေးလ်တွင်သုံးလေ့ရှိသောစာလုံးများကိုသာမက SMS များတွင်သုံးလေ့ရှိသောစာလုံးများကိုပါ ခွဲခြားမှတ်သားပြီး လိုအပ်သလို အကြံပြုဖော်ပြပေးနိုင်ပါသည်။

ထို့ပြင် လက်ရှိမိမိဆက်သွယ်နေသောသူနှင့်ပတ်သက်သည့် conversation အဟောင်းများအပေါ် အခြေပြုပြီးလည်း ကွဲပြားခြားနားသည့် အကြံပြုစာလုံးများကို ဖော်ပြပေးပါသည်။ Quicktype သည် iOS သုံးစွဲသူ၏စာရိုက်သောအလေ့အထကို လေ့လာမှတ်သားပါသည်။ စာရိုက်သည့်အကြိမ်များလာသည်နှင့်အမျှ စာရိုက်သူသုံးလေ့ရှိသော data များကို လျှို့ဝှက်ဖိုင်များအဖြစ် iOS device အတွင်းသိမ်းဆည်းပေးပါသည်။ ထို့ကြောင့် device အတွင်းရိုက်ခဲ့သောစာများကို မတော်တဆဖြစ်စေ၊ malware ကြောင့်ဖြစ်စေ၊ ပြင်ပလောကသားများမမြင်နိုင်စေရန် ကာကွယ်ပေးပါသည်။

### Spotlight ၏တိုးတက်မှုအသစ်များမှာ အဘယ်နည်း။

Search tool နှင့်ပတ်သက်လာလျှင် အကြီးမားဆုံးတိုးတက်ဖြစ်ထွန်းမှုများကို OSX Yosemite တွင် တွေ့ရပါမည်။ ယင်းတိုးတက်ဖြစ်ထွန်းမှုအချို့ကို iOS 8 ကလည်း ခွဲဝေခံစားရပါမည်။ ယခုအချိန်တွင် Spotlight ကိုအသုံးပြု၍ search လုပ်မည်ဆိုပါက wikipedia information များ / news / maps data စသည်တို့ကို ရရှိမည့်အပြင် Apple ၏ iTunes ၊ iBooks နှင့် App store များမှ သတင်းအချက်အလက်များကိုလည်း ရရှိပါမည်။ မိမိ၏ရှာဖွေမှုနှင့်ပတ်သက်သည့် website များကို အကြံပြုမည့်အပြင် ရုံတင်ပြသနေသော ရုပ်ရှင်ကားများစာရင်းကိုလည်း ရကောင်းရနိုင်ပါသည်။ ထို့ပြင် မိမိ၏ရှာဖွေမှုနှင့်ဆက်စပ်သည်ဟုထင်ရသော contacts ၊ email ၊ message ၊ apps ၊ music စသည်တို့လည်း search result ထဲတွင်ပါဝင်လာနိုင်ပါသည်။ ယင်း search engine သည်ပင်လျှင် safari browser အသစ်၏ toolbar ထဲ၌ ပေါင်းစပ်ပါဝင်လာပါဦးမည်။

### Family Sharing ဟူသည်မှာ အဘယ်နည်း။

Family Sharing ဟူသည်မှာ OSX Yosemite နှင့်အတူ ပထမဆုံးပါလာသောစွမ်းဆောင်ချက်ဖြစ်သည်။ အတွေးအခေါ်မှာရိုးရှင်းပါသည်။ တစ်မိုးတည်းအောက်၌နေသူများသည် Apple ထုတ်ပစ္စည်းအသုံးများသူများဖြစ်ခဲ့ပါက ထိုအိမ်တွင် Mac ကွန်ပျူတာများ၊ iPhone များ၊ iPod များ တစ်ခုမကရှိနေပါလိမ့်မည်။ ထိုပစ္စည်းပိုင်ရှင်တို့အား ကြွေးဝယ်ကဒ်တစ်ခုတည်း၏နံပါတ်ကိုသုံး၍ အုပ်စုတစ်ခုအဖြစ် ချိတ်ဆက်ထားလျှင် Family Sharing group ဖြစ်လာပါမည်။

Family Sharing group ထဲတွင် အုပ်စုဝင် ၆ ဦးအထိ ခွင့်ပြုပါသည်။ ထိုသို့အုပ်စုဖွဲ့ပြီးသည့်အခါ အုပ်စုဝင်တစ်ဦးသည် ဤအုပ်စုထဲမှ မည်သူကဝယ်သည့် media ကိုမဆို Apple ID (သို့မဟုတ်) password တောင်းခံရခြင်းမရှိဘဲ download ချနိုင်စွမ်းရှိလာပါမည်။ သို့သော် ယင်းစွမ်းရည်ကို media အားလုံးအတွက်မူ အသုံးပြုနိုင်မည်မဟုတ်ဟု Apple က ဆိုထားပါသည်။

Family Sharing ပြုလုပ်ထားခြင်းကြောင့် user account (သို့မဟုတ်) user profile ပြုလုပ်ရန်မလိုပါ။ device တစ်ခုမှနေ၍ family sharing အုပ်စုဝင်များထံသို့ media sharing လုပ်ခြင်းကိုပိုကောင်းလာအောင်မစွမ်းဆောင်နိုင်သော်လည်း အုပ်စုဝင်တစ်ဦးက သီချင်းတစ်ပုဒ် (သို့မဟုတ်) application တစ်ခုဝယ်ပြီးလျှင် ကျန်လူများထပ်ဝယ်စရာမလိုအောင် Family Sharing က လုပ်ပေးနိုင်ပါသည်။ Purchasing account တစ်ခုသည် Family Sharing အုပ်စုဝင်အားလုံးအတွက်အသုံးထည့်ပါသည်။ ထို့ပြင်အုပ်စုဝင်များသည် Family Sharing ကိုသုံး၍ ဓာတ်ပုံများ၊ အချိန်ဇယားပြက္ခဒိန်များနှင့် မိမိ၏တည်နေရာများကိုလည်း အလွယ်တကူဖလှယ်နိုင်ကြပါသည်။





# Australia နိုင်ငံရှိ Trinity College မှ 2015 February Intake ကို လျှောက်ထားမည့်ကျောင်းသား၊ သူများအား Bursary 5% ကိုပေးအပ်သွားမည်

2015 ခုနှစ်ပညာသင်နှစ်၊ ဘွဲ့ကြို၊ ဘွဲ့လွန်ဘာသာရပ်များအတွက် ကျောင်းတက်လိုသူများ Trinity College မှ ပေးအပ်သော ကျောင်းစရိတ် ၅% သက်သာခွင့်အား မလျှောက်ဘဲရရှိနိုင်ပါသည်။ လျှောက်ထားလိုသူများသည် 25 December 2015 နေ့နောက်ဆုံးထား၍ မိမိတို့၏ပညာအရည်အချင်းမှတ်တမ်းများနှင့်အတူ လာရောက်လျှောက်ထားနိုင်ပါသည်။ လျှောက်ထားမည့်သူများသည် Grade (11) ကို ဂုဏ်ထူး (2) ခုနှင့်အထက် (သို့) US High School year (11) ပြီးသူများသည် 3AP Subject, GPA 3.0 နှင့်အထက် (သို့) Year (12) GPA 3.0 နှင့် အထက် (သို့) IGCSE "O" GBs (သို့) 1 (A) နှင့် 4 Bs (သို့) IB Year (1) တွင် ၅ ဘာသာအတွက်ရမှတ် (25) မှတ် အနည်းဆုံးရရှိရန် စသည့်အချက်များနှင့်ပြည့်စုံရန်လိုအပ်ပါသည်။

Trinity College ကျောင်းကြီးကို (1870) ခုနှစ်၊ OXFO and Cambridge ကျောင်းကြီးတည်ဆောက်ပြီးနောက် ဆက်လက် ဖွဲ့စည်းထူထောင်ခဲ့သော ကျောင်းကြီးဖြစ်ပါသည်။ ကျောင်း၏ Foundation တွင် Subject (5) ဘာသာသင်ယူလေ့လာ ရပါမည်။ Core Subjects များမှာ English နှင့် History of Ideas ဖြစ်ပြီး English Literature (70%) Drama (30%) English For Academic Purpose စသော Subjet (5) ခုပါဝင်ပါသည်။ CEAI Subject အတွက် အနည်းဆုံး ရမှတ် (၅၀%) ရှိရပါမည်။

Main Program သင်တန်း၏ ကျောင်းဖွင့်ရက်မှာ February နှင့် August လများဖြစ်ပြီးသင်တန်း ကြာမြင့်ချိန် ယေဘူယျအားဖြင့် (7) လ နှင့် (8) လ လေ့လာသင်ယူရမည်ဖြစ်သည်။ Course များအားလုံးအတွက် ကုန်ကျငွေမှာယေဘုယျအားဖြင့် AUS $ 27500 (မြန်မာကျပ်ငွေသိန်း ၂၅၀) ဝန်းကျင်ကုန်ကျမည်ဖြစ်ပြီး သင်တန်းအားလုံး 2015 ခုနှစ်မှာတက်ရမည်ဖြစ်သည်။ (TCFS, Foundation) တက်ရောက်မည့် မြန်မာကျောင်းသားများအနေဖြင့် IELTS 6.0၊ TOEFL (IBT) 60၊ TOEFL (PBT) (550) အမှတ်များရရှိထားရမည်ဖြစ်ပါသည်။ Trinity College တွင်ကျောင်းပြီးပါက University of Melbourne သို့တက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။ ရိုးသား၍ကြိုးစားသော ကျောင်းသူ၊သားများအတွက် Scholarship 50% မှ 100% အထိကျောင်းသားများ၏ အရည်အချင်းပေါ်မူတည်၍ University of Melbourne ကျောင်းသို့လျှောက်ထားနိုင်ပါသည်။ ကျောင်းလျှောက်ထားလိုသည့်သူများသည် Dealline ကျောင်းဖွင့်ချိန်မတိုင်ခင် (၄)လ ကြိုတင်လျှောက်ရန်လိုအပ်ပါသည်။ ကျောင်းလျှောက်လိုပါက Grade 11 အောင်လက်မှတ်နှင့် အမှတ်စာရင်း (သို့) IGCSE လက်မှတ်မူရင်း၊ IELTS (သို့) TOEFL အတွက် အမှတ်စာရင်းမူရင်းနှင့်အတူ Passport ဓာတ်ပုံ (၁) ပုံယူ၍ Grace Education Service သို့ လာရောက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။ Trinity College သို့ တက်ရောက်ရန်စိတ်ပါဝင်စားသောသူများသည် အသေးစိတ်သိရှိလိုပါက Grace Education Service No.190, 1st Fl, 28th St, Upper Block, Pabedan Tsp, Yangon, Phone No. : 01-372357 နှင့် 09 5140802 သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

# လုပ်ငန်းခွင်လက်တွေ့ အသုံးချရုံးချိန်လွတ် Certificate in Office Management နှင့် Certificate in HR Management ဘာသာရပ်များကို ရုံးချိန်လွတ်ဖွင့်လှစ်ပေးသွားမည်

River Samon Institute of Management (RSIM) မှ Certificate in Office Management နှင့် Certificate in HR Management ရုံးပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းနှင့် ဝန်ထမ်းရေးရာစီမံခန့်ခွဲမှုသင်တန်းများကို ယခုလာမည့် ဒီဇင်ဘာလ တတိယပတ်တွင်ရုံးချိန်လွတ် ထပ်မံဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။ RSIM သည် UK နိုင်ငံ၏ ထိပ်တန်းပညာရေးအဖွဲ့အစည်းများမှ အသိအမှတ်ပြုထားသော သင်တန်းကျောင်းတစ်ကျောင်းဖြစ်ပါသည်။

Certificate in Office Management သင်တန်းသည် ရုံးပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုများနှင့် စီးပွားရေး လုပ်ငန်းများ၏ သဘောသဘာဝများ အကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်မှာ ဖြစ်ပါတယ်။ Human Resources Management ဘာသာရပ်တွင် နိုင်ငံတကာနှင့်ပြည်တွင်း လုပ်ငန်းအဖွဲ့အစည်းများတွင် HR ဝန်ထမ်းအဖြစ်လုပ်ကိုင်မည့်သူများအတွက် သိရှိထားရမည့် HR Policy ၊ HR Plan နှင့် HR Management ၏ ရည်ရွယ်ချက်များ၊ Manager တိုင်းအတွက် HR Management ၏ အရေးပါပုံ၊ ဝန်ထမ်းခန့်ထားခြင်းနှင့် ရွေးချယ်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ၊ Training and Development, Performance Management and Performance Appraisal ဝန်ထမ်းများအတွက် ဆုကြေးနှင့် ရပိုင်ခွင့်ဆိုင်ရာသိကောင်းစရာများစသည်တို့ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းသင်တန်းများကို တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊ ဘွဲ့ရပြီးစီးပွားရေးစီမံခန့်ခွဲမှု ဘာသာရပ်များဖြင့် ထိတွေ့လိုသူများ၊ HR မန်နေဂျာများ၊ HR Supervisor များအနေဖြင့် တက်ရောက်သင့်ကြောင်း သိရှိရပါသည်။ အဆိုပါသင်တန်းကို တက်ရောက်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းများ မည်ကဲ့သို့လည်ပတ်နေသည်ကိုလည်းကောင်း၊ မည်ကဲ့သို့ စီမံခန့်ခွဲရသည်ကိုလည်းကောင်း၊ အခြေခံလိုအပ်ချက်သင်ယူရမည်ဖြစ်သည်။

စိတ်ဝင်စား၍တက်ရောက်လိုသူများအနေဖြင့်လူဦးရေကန့်သတ်ထားပါသဖြင့်အသေးစိတ်အချက်အလက်ကိုRSIM ဖုန်းနံပါတ်– ၀၉–၇၃၀၉၄၀၆၀၊ ၀၉–၄၂၀၇၂၅ ၅၆၆ သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်းသိရှိရပါသည်။

# Keele University (UK) မှ ဒီပလိုမာနှင့် ဘွဲ့ဒီဂရီကို ပညာသင်ဆုဖြင့် MSI မှ လျှောက်ထားနိုင်ပြီ

မြန်မာကျောင်းသားလူငယ်များ စိတ်ဝင်စားလျက်ရှိသော စီးပွားရေးစီမံခန့်ခွဲမှုဘာသာရပ်နှင့် သက်ဆိုင်သော ဘာသာရပ်များကို ဒီပလိုမာတန်းနှင့် ဘွဲ့ဒီဂရီတန်းအတွက် အင်္ဂလန်နိုင်ငံ Keele University မှ တိုက်ရိုက်ပေးအပ်မည်ဖြစ်ကြောင်း Myanmar Search International (MSI) နိုင်ငံခြားပညာရေးဝန်ဆောင်မှုမှ မန်နေဂျင်းဒါရိုက်တာ ဒေါ်စုစုလှိုင်ထံမှ သိရှိရပါသည်။ ထို Keele University သည် UK နိုင်ငံရှိ တက္ကသိုလ်များထဲတွင် ၂၀၁၅ ခုနှစ်အတွက် The Complete University Guide ၏ စစ်တမ်းအရ Ranking (43) နေရာတွင်ရပ်တည်နေပြီး တက္ကသိုလ်ဝင်တန်း အောင်မြင်ထားသူများ၊ GCE "O" Level ၊ IGCSE၊ မြန်မာနိုင်ငံအစိုးရ တက္ကသိုလ်မှ စီးပွားရေးဘာသာရပ်များနှင့် ဆက်စပ်သည့်ဘာသာရပ်များကို တက်ရောက်ပညာသင်ဆဲဖြစ်သော ကျောင်းသား၊ သူအားလုံး KDU (ပီနန်) ၏ ပညာသင်ဆုကို လျှောက်ထားခံစားနိုင်ပါသည်။KDU မှပေးအပ်သော Diploma (ဘွဲ့ကြို) တန်းကို ၂ နှစ်ပြီးစီး အောင်မြင်သူများသည် Keele University (UK) မှ ပေးအပ်သောဘွဲ့ဒီဂရီတန်း၊ဒုတိယနှစ်သို့ တိုက်ရိုက်တက်ရောက်နိုင်ကြောင်း၊ အင်္ဂလိပ်ဝင်ခွင့် အရည်အချင်း သတ်မှတ်ချက်များသည် တက်ရောက်မည့် Level အလိုက် လိုအပ်ချက်များရှိနိုင်ကြောင်း MSI မှ သိရှိရသည်။ ထူးခြားချက်အနေဖြင့်Keele University (UK) မှပေးအပ်သော စီးပွားရေးစီမံခန့်ခွဲမှု ဘာသာရပ်ကိုDouble Major ဖြင့်တက်ရောက်နိုင်မှာဖြစ်ပါသည်။ Double Major ဘာသာရပ်များမှာ Business Management & Finance၊ Business Management & Marketing၊ Business Management & Human Resource Management ဘာသာရပ်တို့ဖြစ်ပါသည်။

KDU (ပီနန်) တွင် ဘွဲ့ကြိုတန်းများအတွက် Business၊ Creative Media Design & Interior Design၊ Information Technology & Games Technology၊ Engineering၊ Hotel & Tourism Management၊ Professional Chef Training & Mass Communication တန်းများ တက်ရောက်နိုင်ပါသည်။ ဘွဲ့ဒီဂရီတန်းများအတွက် Business၊ Design၊ Engineering၊ IT & Games Technology၊ Mass Communication၊ Hospitality၊ Tourism & Culinary Arts စသောဘာသာရပ်များကို တွဲဘက် တက္ကသိုလ်များဖြစ်သော IMI University Center (ဆွစ်ဇာလန်)၊ Northumbria University (UK) နှင့် Keele University (UK) မှ ပေးအပ်သောဘွဲ့ဒီဂရီများကို ပညာသင်ဆုများဖြင့် MSI မှ လျှောက်ထားပြီး တက်ရောက်သင်ယူနိုင်သည်။ အသေးစိတ်စုံစမ်းသိရှိလိုပါကMyanmar Search Internation (MSI) နိုင်ငံခြားပညာရေးဝန်ဆောင်မှု အမှတ် (234)၊ ဒုတိယထပ်(ညာ)၊ ရွှေဘုံသာလမ်း(အလယ်တလောက်) ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်းနံပါတ် 01-389915၊ 01-250929, 09-5103905 သို့မေးမြန်းနိုင်ပါသည်။

# အင်ဂျင်နီယာကျောင်းသားကျောင်းသူများအတွက် သင့်တော်သော Top Up နှင့် Masters ပညာရေးလမ်းကြောင်းများ ဆွေးနွေးမည်

BTech (သို့) HND Electrical/Mechanical နှင့်အင်ဂျင်နီယာဘွဲ့တစ်ခုခုရရှိထားသော ကျောင်းသား၊ ကျောင်းသူများအတွက် ဝင်ခွင့်လက်ခံပေးမည့် စင်ကာပူနှင့် အင်္ဂလန်တက္ကသိုလ်များ၊ ဘွဲ့လွန်ပရိုဂရမ်များနှင့် အလုပ်အကိုင်အခွင့်အလမ်းများအကြောင်းကို ဒီဇင်ဘာ (၁၉) ရက်၊ သောကြာနေ့၊ နံနက် (၁၀) နာရီမှ နေ့လည် (၁၂)နာရီထိ CROWN Education တွင် ဆွေးနွေးသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါနေ့တွင် ဖွံ့ဖြိုးလာသော မြန်မာနိုင်ငံ၏ Construction နယ်ပယ်အပါအဝင် အင်ဂျင်နီယာနယ်ပယ်အသီးသီးတွင် ပရောဂျက်အင်ဂျင်နီယာအဖြစ် အသက်မွေးဝမ်းကျောင်းပြုလိုသူများအတွက် MSC Project Management ကို မြန်မာနိုင်ငံမှ အင်ဂျင်နီယာဘွဲ့တစ်ခုခုရရှိထားပါက ဝင်ခွင့်လျှောက်ထားနိုင်ခွင့်များ၊ BTech (သို့) HND Electrical/Mechanical ပြီးဆုံးထားပါက စင်ကာပူနိုင်ငံ Auston Institute of Management တွင် တက်ရောက်၍ ယူကေတက္ကသိုလ်များမှပေးအပ်မည့် BE Electronics, BE Electronics and Communication Engineering, BE Mechatronics ကို (၈) လအတွင်း သင်ယူရရှိနိုင်ခွင့်များ၊ AGTI ကျောင်းသားကျောင်းသူများ စာသင်နှစ်ကင်းလွတ်ခွင့်လျှောက်ထားနိုင်ခွင့်များနှင့် အင်ဂျင်နီယာကောင်းတစ်ဦးအဖြစ် အသက်မွေးဝမ်းကျောင်းပြုရန် ဆွေးနွေးပေးမည်ဖြစ်သည်။HND ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံပါကCROWN Education မှလေယာဉ်လက်မှတ်အခမဲ့ စီစဉ်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ CROWN Education၊ အမှတ် (၂၇၀)၊ ပထမထပ်၊ မြေနီ ကုန်း၊ ပြည်လမ်း၊ ဖုန်း– ၀၁ ၅၂၇၈ ၃၈ နှင့် ၀၉ ၇၃၀၄၀၆၈ သို့ စာရင်းပေးသွင်းနိုင်ပါသည်။

HTOO SET LINN Trading Co., Ltd.
No.(108), 20th Street,Upper Block, Latha Township,Yangon.
Phone: 09-730-51306, 01-248914,09-4200-50496.
Mail:HSLTrade11@gmail.com. Office Hour : 9:30 AM to 5:30 PM

GAT
No.(175), Seikkantar Street (Middel Street), Upper Block, Kyauktada Tsp.
PH: 09-73256959, 09-4200 50495
Office Hour : 9:30 AM to 6:30 PM

EVER PRO
No.(97), Hledan Street (Middel Street),Upper Block, Lanmadaw Tsp.
PH: 09-8633796, 09-250 666 106, 01- 215 600.
Office Hour : 9:30 AM to 6:30 PM

Analog HD New Technology
Coaxial Video Cable 300-500M Distance
Easiest Upgrade Analog to HD
High Defination
720P (1280x720)

[ 4 ] - Channel (AHD) Kit
Price: 285,000.ks
EVER PRO 1YEAR Warranty
◆ 4 Pcs 18 Meter Video Cable
◆1TB
◆ 4Pcs 1.3 Megapixel 3.6 mm / IR (DAY & Night)

[ 8 ] - Channel (AHD) Kit
Price: 430,000.ks
EVER PRO 1YEAR Warranty
◆ 8 Pcs 18 Meter Video Cable
◆2TB
◆ 8 Pcs 1.3 Megapixel 3.6 mm / IR (DAY & Night)

IP Camera
Price : (80,000 ks)
(1.3) Megapixel
4 mm lens
720 P HD

[ 4 ] - Channel (Analog) Kit
Price: 220,000.ks
EVER PRO 1YEAR Warranty
(1) 4channel DVR with (1TB)
(2) 4pcsx 800 TVL, 3.6 mm len
(3) 18meter x4 video cable
(4) 5 AMP Power Cable
(5) 1year Parts & Services

[ 8 ] - Channel (Analog) Kit
Price: 330,000.ks
EVER PRO 1YEAR Warranty
(1) 8 channel DVR with (1TB)
(2) 8pcsx 800 TVL, 3.6 mm len
(3) 18meter x 8 video cable
(4) 5 AMP Power Cable X2
(5) 1year Parts & Services

IP Camera
Price : (45,000 ks)
(1.0) Megapixel
720 P HD
3.6 mm lens
POE Support

DVR,NVR,Hybrid DVR,AHD DVR 4,8,16,24,32 CH available!!!

AHD Camera
720P (1.3)MP
4mm Lens 60,000 ks IR Length:20M (Outdoor Used)
2.8 to 12 mm 95,000 ks IR Length:40M (Outdoor Used)
2.8 to 12 mm 85,000 ks IR Length:40M (Indoor Used)
Made In Taiwan. New Technology

[ 4 ] - Channel (IP) Kit
Price: 320,000.ks
EVER PRO 1YEAR Warranty
(1) 4 channel NVR with (1TB)
(2) 4pcs 1.0 Megapixel 3.6mm lens
(3) 18meter x 4 RJ 45 Cable
(4) 1year Parts & Services

[ 8 ] - Channel (IP) Kit
Price: 450,000.ks
EVER PRO 1YEAR Warranty
(1) 8 channel NVR with (2TB)
(2) 8 pcs 1.0 Megapixel 3.6mm lens
(3) 18meter x 8 RJ 45 Cable
(4) 1year Parts & Services






ဆောင်းပါးရှင် – မိုးမခ

# တရုတ်သူဌေးကြီးဂျက်မာ၏ ALIBABA နှင့် အွန်လိုင်းဈေးကွက် ကုန်ပဒေသာ

အမေရိကန်သမ္မတ ဘီလ်ကလင်တန်၏လက်ထက်တွင် ဖြစ်သည်။ တရုတ်ဘီလျံနာသူဌေးကြီး ဂျက်မာအနေဖြင့် သမ္မတကလင်တန်၏ ဖိတ်ကြားမှုကို ခံယူနိုင်ရန် အချိန်ကာလ အတန်ကြာမျှ စောင့်ဆိုင်းခဲ့ရသည်။ သမ္မတကလင်တန်သည် သူဌေးကြီးဂျက်မာ၏ ပရဟိတစိတ်ဓာတ်ကို ကောင်းစွာလှုံ့ဆော်နိုင်သူဖြစ်သည်။

၂၀၁၃ ခုနှစ်တွင် အလီဘာဘာကုမ္ပဏီကြီး၏ အမှုဆောင်အရာရှိချုပ်တာဝန်ကို စွန့်လွှတ်ပြီးနောက် ကုမ္ပဏီ၏ သဘာပတိနေရာတွင်သာ ရပ်တည်ခဲ့သော ဂျက်မာအဖို့ အလုပ်တာဝန် နည်းနည်းပေါ့ပါးသွားသည်။ ထိုအချိန်တွင် သူဌေးကြီးဂျက်မာ၏ အလီဘာဘာအုပ်စုသည် အွန်လိုင်းစီးပွားရေးလုပ်ငန်းမျိုးစုံမှ ရရှိသော အကျိုးအမြတ်မှာ ဒေါ်လာ ၃ ဘီလီယံအထိ ရရှိနေခဲ့ပြီဖြစ်သည်။

ဂျက်မာသည် တရုတ်နိုင်ငံ၏ စီးပွားရေးပလက်ဖောင်းတစ်ခုကို သိသိသာသာ ပြောင်းလဲပေးခဲ့သူဖြစ်သည်။ တရုတ်နိုင်ငံ၏ အွန်လိုင်းစီးပွားရေးပုံသဏ္ဍာန်တည်ဆောက်မှုတစ်ခုကို လမ်းခင်းပေးခဲ့သူလည်း ဖြစ်သည်။ သို့ဖြစ်၍လည်း အမေရိကန်သမ္မတ ကလင်တန်က သူ့အားဖိတ်ခေါ်၍ သူ၏လုပ်ရပ်များကို ချီးကျူးခဲ့ခြင်းဖြစ်သည်။ လွန်ခဲ့သည့် ဆယ်စုနှစ်များအတွင်း၌ တရုတ်နိုင်ငံ၏ လူမှုရေးနှင့် စီးပွားရေးဝန်းကျင်ကို သိသိသာသာ ပြောင်းလဲသွားစေရန် လမ်းဖွင့်ပေးခဲ့သူလည်း ဖြစ်သည်။

ယနေ့တရုတ်နိုင်ငံ၏ လူဦးရေမှာ ၁.၃၇ ဘီလီယံရှိနေပြီဖြစ်သည်။ ၎င်းတို့အနက် တရုတ်လူမျိုး ၆၃၂ သန်းမှာ အင်တာနက်ကို သုံးစွဲနိုင်ကြသူများဖြစ်ပြီး ၎င်းတို့တွင် ၃၂၂ သန်းမှာ အွန်လိုင်းမှ ဈေးဝယ်ကြသူများဖြစ်သည်။ ထို ၃၂၂ သန်းအနက် ၂၇၉ သန်းသည် အလီဘာဘာတွင် ကုန်ပစ္စည်းမှာယူသူများဖြစ်ရာ တရုတ်နိုင်ငံလူဦးရေ၏ ၂၀ ရာခိုင်နှုန်းကို အလီဘာဘာက သိမ်းသွင်းစည်းရုံးထားနိုင်ခဲ့ပေသည်။

အလီဘာဘာသည် ပြည်ပအွန်လိုင်းကုမ္ပဏီကြီးများစွာနှင့် ချိတ်ဆက်၍ နိုင်ငံတကာအွန်လိုင်းဈေးကွက်သို့ ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ အလီဘာဘာ၏ ရောင်းဝယ်မှုပစ္စည်းများတွင် ဘောင်းဘီမှ အိမ်ထောင်ပရိဘောဂလို ပစ္စည်းများအထိ လည်းကောင်း၊ တီကောင်လို သတ္တဝါမျိုးမှ ဘိုးရင်း ၇၄၇ လို လေယာဉ်ကြီးများအထိလည်းကောင်း လိုအပ်သည့်ပစ္စည်းမှန်သမျှကို အလီဘာဘာအုပ်စုက ဖြည့်ဆည်းပေးနိုင်ခဲ့ရာ လွန်ခဲ့သောနှစ်အတွင်းက အလီဘာဘာ၏ အွန်လိုင်းဈေးကွက်မှ ရရှိသောငွေကြေးမှာ တရုတ်နိုင်ငံ ဂျီဒီပီ၏ ၂.၆ ရာခိုင်နှုန်းမျှ ရှိခဲ့ပေသည်။ အသားတင်အမြတ်အဖြစ် အလီဘာဘာအုပ်စုသည် ဒေါ်လာ ၃.၇ ဘီလီယံရရှိခဲ့ပေသည်။

တရုတ်နိုင်ငံတွင် ဂျက်မာကဲ့သို့ ဘီလီယံနှင့်ချီ၍ ကြွယ်ဝချမ်းသာလာကြသူများလည်း တိုးပွားလာလျက်ရှိသည်။ ၎င်းတို့တွင် ဝက်ဘ်ဆိုက်ရှာဖွေရေး အင်ဂျင်ဘိုင်ဒူးကိုတည်ထောင်သူ ရော်ဘင်လီ ၄၅ နှစ်သည် ဒေါ်လာ ၁၅.၉ ဘီလီယံဖြင့်လည်းကောင်း၊ တရုတ်နိုင်ငံ၏ မက်ဆေ့ချ်ဝန်ဆောင်မှုလုပ်ငန်းတင်းဆင့်အား ပိုင်ဆိုင်သည့် မာဟွာတန် (၄၂ နှစ်) သည် ဒေါ်လာ ၁၄.၈ ဘီလီယံဖြင့်လည်းကောင်း အသီးသီးပိုင်ဆိုင်ထားကြရာ ဂျက်မာကဲ့သို့ပင် တရုတ်နိုင်ငံတွင် အိုင်တီလောကအား အမှီပြု၍ ကြီးပွားချမ်းသာလာကြသူများ တိုးတက်များပြားလာခဲ့သည်။

သူဌေးကြီး ဂျက်မာအနေဖြင့် သူ၏အွန်လိုင်းဈေးကွက် ချဲ့ထွင်မှုကို ပြည်ပနိုင်ငံများဖြစ်သည့် ဗြိတိန်၊ ပေါ်တူဂီနှင့် ရုရှားနိုင်ငံများတွင် အခြေချခဲ့ပြီးဖြစ်ရာ ထပ်မံ၍ ဘရာဇီးနိုင်ငံတွင် အွန်လိုင်းရောင်းဝယ်မှုလုပ်ငန်းများကို ဖွင့်လှစ်လုပ်ကိုင်ရန် စီစဉ်လျက်ရှိသည်။ အလီဘာဘာသည် အမေရိကန်နိုင်ငံတွင် ကာလီဖိုးနီးယားနှင့် ဝါရှင်တန်ပြည်နယ်များ၌ပင် လယ်ထွက်အစားအစာများကို မူလကပင် တင်ပို့ရောင်းချခဲ့သည့် အစဉ်အလာရှိခဲ့ပြီး ဖြစ်သည်။ ၂၀၀၂ ခုနှစ် ဝန်းကျင်ကာလများတွင် အမေရိကန်၏ အွန်လိုင်းဈေးကွက်ဘီလူးကြီးဖြစ်သော E-BAY နှင့် အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ရပြီး တရုတ်နိုင်ငံ၏ ပြည်တွင်းဈေးကွက်အား ထိုးဖောက်ရယူနိုင်ရန် ကြိုးစားခဲ့ရသည်။ ၂၀၀၆ ခုနှစ်တွင် E-BAY လုပ်ငန်းများနေရာတွင် အစားထိုးဝင်ရောက်နိုင်ခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် အမေရိကန်ဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ခဲ့ရာ အမေရိကန်ကုမ္ပဏီတစ်ခုဖြစ်သည့် LYFT နှင့် ရှယ်ယာအဖြစ် ပူးတွဲလုပ်ကိုင်နိုင်ခဲ့သည်။ ထိုနှစ်ကာလများအတွင်း စင်ကာပူနှင့်လည်း လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ခဲ့ရာ အလီဘာဘာ၏ အကျိုးအမြတ်မှာ ဒေါ်လာ ၁၆ ဘီလီယံအထိ မြင့်တက်လာခဲ့သည်။

အလီဘာဘာကုမ္ပဏီ၏ လုပ်ငန်းကြီးထွားလာမှုကြောင့် သူဌေးကြီးဂျက်မာအဖို့ သူ၏မွေးဇာတိဟန်ကျိုးမြို့တော်တွင် သူ့လိုဘီလျံနာတစ်ဦးပိုင်ဆိုင်သည့် FOSUN ဘက်စုံလုပ်ငန်းနှင့် ပူးတွဲ၍ ဘဏ်လုပ်ငန်းတွင် ရှယ်ယာများ ထည့်ဝင်ကာ ရင်းနှီးမြှုပ်နှံမှုအသစ်များကို တိုးချဲ့ပြုလုပ်ခဲ့ပြန်သည်။ သို့ရာတွင် သူဌေးကြီးဂျက်မာအနေဖြင့် ဘဏ်လုပ်ငန်းများအပေါ် ဩဇာလွှမ်းမိုးနိုင်သော နိုင်ငံအစိုးရများနှင့် သတိထားဆက်ဆံလေ့ရှိပြီး ရင်းနှီးမြှုပ်နှံမှု အတိုင်းအတာကို အကန့်အသတ်ဖြင့်သာ လုပ်ကိုင်လိုသည့် သဘောရှိသည်။

ဂျက်မာသည် သူ၏ငယ်စဉ်ဘဝနှင့်စပ်လျဉ်း၍ လူသူ အသိမများကြောင်း ပြောဆိုခဲ့သည်။ ဂျက်မာ၏ဖခင်မှာ တရုတ်ရိုးရာတေးဂီတပညာရှင်တစ်ဦးဖြစ်ပြီး ဂျက်မာအား ၁၉၆၄ ခုနှစ်တွင် ဟန်ကျိုး၌ မွေးဖွားခဲ့သည်။ ဂျက်မာ ၂ နှစ်သားအရွယ်တွင် ထိုစဉ်က ကွန်မြူနစ်ပါတီဥက္ကဋ္ဌကြီး မော်စီတုန်း၏ ယဉ်ကျေးမှုတော်လှန်ရေး အရှိန်အဝါအားကောင်းနေဆဲ ကာလဖြစ်ပြီး အရင်းရှင်ဆန့်ကျင်ရေးဝါဒများ ကြီးထွားနေဆဲဖြစ်သော်လည်း တိုင်းပြည်၏ စီးပွားရေးမှာ တဖြည်းဖြည်းယိုယွင်း ဆုတ်ယုတ်လာခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် မော်စီတုန်းကွယ်လွန်သွားခဲ့ ပြီးနောက် တရုတ်နိုင်ငံတွင် ခရီးသွားများ ဝင်ရောက်လာကြရာ ဟန်ကျိုး နယ်မြေတစ်ဝိုက်တွင် ခရီးသွားများအား ဆွဲဆောင်နိုင်မည့် နေရာဒေသ အများအပြားရှိနေသဖြင့် ဂျက်မာအဖို့ ကံကောင်းသည့်အခွင့်အလမ်းများ ပေါ်ပေါက်လာသည်။ ထိုစဉ်က ဂျက်မာမှာ အသက်အရွယ်အားဖြင့် ၁၃ နှစ်သာရှိသေးသည်။ နောင် ၉ နှစ်ခန့်ကြာသောအခါ အင်္ဂလိပ်စာ အခြေခံရပြီးသော ဂျက်မာမှာ ဟန်ကျိုးဟိုတယ်တွင်ခရီးသွားများအား လှည့်လည်ပြသသည့် ခရီးသွားလမ်းညွှန်အဖြစ် စတင်လုပ်ကိုင်ခဲ့ပြီး တက္ကသိုလ်သို့ ဆက်လက်တက်ရောက်နိုင်ရန် ကြိုးပမ်းခဲ့သော်လည်း နှစ်ကြိမ်တိုင်တိုင် တက္ကသိုလ်ဝင်ခွင့်အတွက် လက်လွှတ်ဆုံးရှုံးခဲ့ရပြီး ဟန်ကျိုးဆရာ အတတ်သင်ကောလိပ်သို့သာ တက်ရောက်ခွင့်ရခဲ့သည်။ ထိုကောလိပ်၌ပင် နောင်တွင်သူ၏ဇနီး ဖြစ်လာမည့် ကျန်းရင်နှင့် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

ဂျက်မာသည် ဆရာအတတ်သင် ကျောင်းမှပင် ဘွဲ့ရခဲ့ပြီး အင်္ဂလိပ်စာကို အထူးလေ့လာဆည်းပူးခဲ့ရာ အင်္ဂလိပ်သီချင်းအဆိုနှင့် အကပညာတွင် ထူးချွန်ပြောင်မြောက်သူအဖြစ် အပေါင်းအသင်းများက ချီးကျူးခံခဲ့ရသည်။ ၁၉၉၂ ခုနှစ် ဂျက်မာအသက် ၃၀ အရွယ်တွင် တရုတ်နိုင်ငံ၏ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများကို ဥက္ကဋ္ဌကြီး တိန်ရှောက်ပင်က စတင်ကြိုးပမ်းခဲ့ရာ ဂျက်မာလည်း တက္ကသိုလ်ဆရာအဖြစ်မှ နုတ်ထွက်ကာ ဘာသာပြန်လုပ်ငန်းကုမ္ပဏီတစ်ခုတွင် အလုပ်ဝင်ရောက်ခဲ့သည်။

သို့ရာတွင် ထိုကုမ္ပဏီမှာလည်း လုပ်ငန်းများအခြေအနေ မကောင်းသဖြင့် ၁၉၉၄ ခုနှစ်တွင် ကုမ္ပဏီဖျက်သိမ်းခဲ့ရာ ဂျက်မာအဖို့ အလုပ်မရှိခိုက်ဖြစ်နေရာ ပလတ်စတစ်ပန်းများနှင့် ကစားစရာအရုပ်များ ရောင်းချသည့် အလုပ်ဖြင့် ဝမ်းရေးအတွက် စခန်းသွားခဲ့ရပြန်သည်။ အခြေအနေအရ ကြုံရာကျပန်းအလုပ်ကို လုပ်နေရသော်လည်း ပြည်ပခရီးသွားများနှင့် အဆက်အသွယ် ပြတ်တောက်ခြင်းမရှိဘဲ ထိတွေ့ဆက်ဆံမှုများမှာ ဆက်လက်ရှိနေဆဲဖြစ်သည်။

၁၉၉၅ ခုနှစ်တွင် ဂျက်မာသည် အမေရိကန်နိုင်ငံ ဆီယက်တဲလ်မြို့သို့ သွားရောက်ခဲ့ပြီးနောက် တရုတ်နိုင်ငံသို့ ပြန်ရောက်သည့်အခါ အင်တာနက်ဝက်ဘ်ဆိုက်တစ်ခုကို ထူထောင်လိုက်ပြီးနောက် တရုတ်နိုင်ငံရှိ အဖျော်ယမကာများနှင့်ပတ်သက်၍ နိုင်ငံတကာမှ သိရှိစေရန် ဘာသာပြန်ဆိုပေးခြင်းနှင့် ပစ္စည်းဈေးနှုန်းများကို ဖော်ပြထားသည့် Web Page တစ်ခုကို တည်ထောင်ခဲ့ရာ တစ်နေ့တာအတွင်း သူ၏ဝက်ဘ်ဆိုက်သို့ စုံစမ်းမေးမြန်းသူ ငါးဦးပေါ်ပေါက်ခဲ့သည်။ ဤအခြေအနေကို မလွှတ်တမ်းအသုံးချနိုင်ရန် လူ ၁၆ ဦး စုပေါင်းတည်ထောင်သည့် အလီဘာဘာအမည်ဖြင့် ၁၉၉၉ ခုနှစ်တွင် အွန်လိုင်းဈေးဝယ်လမ်းညွှန် ဝက်ဘ်ဆိုက်တစ်ခုကို အောင်မြင်စွာ ထူထောင်အခြေချနိုင်ခဲ့သည်။ လုပ်ရည်ကိုင်ရည် ပြည့်ဝထက်မြက်သော ဂျက်မာအဖို့ အမေရိကန်၏ SOFTBANK ကိုလည်း ဆွဲဆောင်နိုင်ခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုကို ဒေါ်လာ ၂၅ သန်းအထိ မြှင့်တင်နိုင်ခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် ဂျက်မာ၏ အလီဘာဘာကုမ္ပဏီအဖို့ အမြတ်အစွန်းများ စတင်ရရှိလာသည်။ ၂၀၀၅ ခုနှစ်တွင် ဂျက်မာ၏လုပ်ငန်းမှာ E-BAY နှင့် ထိပ်တိုက်ရင်ဆိုင်တွေ့ကြုံမှုများ ဖြစ်ပေါ်ခဲ့ရာ YAHOO နှင့် ပူးပေါင်းကာ ရင်းနှီးမြှုပ်နှံမှုကို ဒေါ်လာ တစ်ဘီလီယံအထိ တိုးမြှင့်လိုက်ပြီး ၄၀ ရာခိုင်နှုန်းကို YAHOO က ပိုင်ဆိုင်ခွင့်ရခဲ့သည်။

မည်သို့ပင်ဖြစ်စေ တရုတ်အွန်လိုင်းသူဌေးကြီး ဂျက်မာအဖို့ သူ၏ဇာတိမြို့တွင် နေထိုင်သောလူဦးရေ ၈ သန်းအတွက် လိုအပ်သည့် အွန်လိုင်းစီးပွားရေးဝန်ဆောင်မှု လုပ်ငန်းများကို ချောချောမွေ့မွေ့ လုပ်ကိုင်လည်ပတ်စေရာတွင် ၎င်း၏ထူးခြားသော စွမ်းဆောင်မှုများကြောင့် ယခုအခါ ကမ္ဘာနှင့်အဝန်းတွင် ကိုယ်စားလှယ်လုပ်ငန်းပေါင်း ၂၂၀၀၀ နှင့် နေ့စဉ်ဆက်သွယ်လုပ်ကိုင်နေရပြီဖြစ်ပေသည်။

အလီဘာဘာ၏ အွန်လိုင်းစီးပွားရေးဘက်စုံလုပ်ငန်းကြီးမှာ ယနေ့ကာလတန်ဖိုးအားဖြင့် ဒေါ်လာ ဘီလီယံ ၂၈၀ ခန့်ဖြင့် လည်ပတ်လျက်ရှိနေပြီဖြစ်သလို တစ်လလျှင် ဒေါ်လာ ၂၀ သာ ရရှိသည့် အင်္ဂလိပ်စာပြကျောင်းဆရာဘဝမှ ကမ္ဘာ့အချမ်းသာဆုံး ပုဂ္ဂိုလ်များစာရင်းတွင် အဆင့် ၂၄ ဖြင့် ဒေါ်လာ ၂၅ ဘီလီယံ ချမ်းသာကြွယ်ဝသည့် သူဌေးကြီး ဘဝသို့ ရောက်ရှိလာစေရန် ကြံစည်ကြိုးပမ်းခဲ့ရသည့် တရုတ်နိုင်ငံ၏ အချမ်းသာဆုံး ပုဂ္ဂိုလ်တစ်ဦးဖြစ်သော ဂျက်မာ၏ဘဝမှာ အားကျအတုယူဖွယ်ရာများဖြင့် ပြည့်လျှံနေပေသည်။

# Google Translate ၌ မြန်မာဘာသာအပါအဝင် ဘာသာစကား ၁၀ မျိုး ထပ်တိုးချဲ့




Google Translate သည် အမြဲတမ်း update လုပ်ကာ တိုးချဲ့နေတတ်သော်လည်း နောက်ဆုံးအဆင့်မြှင့်တင်မှုသည် စိတ်ဝင်စားစရာဖြစ်ခဲ့သည်။ အကြောင်းမှာ မြန်မာဘာသာစကားပါဝင်လာခဲ့ပြီး အိန္ဒိယ၏ အဓိကဘာသာစကားခြောက်မျိုးမှ တစ်မျိုးလည်းပါဝင်ခဲ့သည်။ Google သည် အိန္ဒိယမှ သုံးစွဲသူများကိုပါ ပိုမိုများပြားလာစေရန်ရည်ရွယ်လျက် ရှိပုံရသည်။ အစောပိုင်းကလည်း Google သည် အိန္ဒိယဘာသာစကားဖြင့် Internal Alliance အား ထုတ်လုပ်ပေးခဲ့ပြီး ဟိန္ဒူအသံဖြင့် ရှာဖွေမှုအားတိုးတက်စေခဲ့သည်။ Google အိန္ဒိယ MD ဖြစ်သူ Rajan Anandan မှ အိန္ဒိယတွင် ၂၀၁၇ ၌ သုံးစွဲသူ သန်း ၅၀၀ ရှိရန် ရည်မှန်းထားရာ အင်္ဂလိပ်စကားမပြောတတ်သူများပါ အင်တာနက်သုံးနိုင်ရန်လိုအပ်ကြောင်း ဆိုခဲ့သည်။ အခြားအိန္ဒိယဘာသာစကားများကိုပါ ထည့်သွင်းရန်စီစဉ်နေပြီး ယခုကဲ့သို့ Malayalan ဘာသာအား Google Translate သို့ ပေါင်းထည့်ပေးခြင်းသည် သေးငယ်သော ခြေလှမ်းတစ်ရပ်သာဖြစ်သည်။ အိန္ဒိယ၏တရားဝင်ဘာသာစကားမှာ ဟိန္ဒူနှင့်အင်္ဂလိပ်ဖြစ်ပြီး အစိုးရမှာအခြား ဘာသာစကား ၂၀ ကိုလည်း အသိအမှတ်ပြုထားသည်။ Google ၏အဆိုအရ အိန္ဒိယတွင် အင်တာနက်သုံးစွဲသူ သန်း ၂၀၀ ရှိပြီး လစဉ် ၅ သန်း တိုးတက်နေသည်ဟုဆိုရာ US ထက်ပင် အင်တာနက်သုံးစွဲသူ နောက်နှစ်အတွင်း များပြားသွားမည်ဖြစ်သည်။ သို့သော် အိန္ဒိယလူဦးရေ၏ ၁၉၈ သန်းသာ အင်္ဂလိပ်စကားကျွမ်းကျင်ရာ Google အတွက် အခြားဘာသာစကားများတိုးမြှင့်ရန်ကိစ္စသည် ဈေးကွက်ချဲ့ထွင်ရာ၌ အရေးပါလာခဲ့သည်။ ထို့အပြင် Google ၏ executive chairman ဖြစ်သူ Eric Schmidt မှလည်း မြန်မာနိုင်ငံတွင် အင်တာနက်လွတ်လပ်ခွင့်ရရန်အရေးကြီးကြောင်းကို ပြောကြားသွားခဲ့သည်။ Google အနေဖြင့် မြန်မာနိုင်ငံတွင် သတင်းအချက်အလက်များပိုမိုရရှိနိုင်စေရန် search engine အပြင် Google translate, Maps စသည်တို့အား သုံးစွဲလုပ်ဆောင်သွားမည်ဟုဆိုသည်။ နောက်ဆုံးမြှင့်တင်မှုကြောင့် Google Translate သည် ဘာသာစကား ၉၀ ထိ ထောက်ပံ့ပေးနိုင်ခဲ့ပြီဖြစ်သည်။

# Facebook မှ Microsoft ၏ Bing Search အားဖယ်ရှားခဲ့

Facebook နှင့် Microsoft ၏ လက်ရှိဆက်ဆံရေးသည် အဆိုးဘက်သို့ဦးတည်နေပြီး Microsoft ၏ Bing Search Engine ကို အားမကိုးတော့ဟုဆိုခဲ့ပြီး နောက်လေးနှစ်ကြာ ဆက်ဆံရေးသည် အဆုံးသတ်သွားခဲ့သည်။ Microsoft သည် ယခုအချိန်ထိ Facebook ၏ ရှယ်ယာအချို့အား ပိုင်ဆိုင်ထားဆဲဖြစ်သည်။ Facebook Search တွင် Web Search မှ ရလဒ်များကို ဖော်ပြတော့မည်မဟုတ်ဘဲ ထိုအချက်အား Microsoft မှလည်း အတည်ပြုခဲ့သည်။ အခြားကဏ္ဍများတွင်မူ ဆက်လက်လက်တွဲလုပ်ဆောင်သွားမည်ဟုလည်း ကုမ္ပဏီနှစ်ခုစလုံးမှ ဆိုခဲ့သည်။ ထိုကဲ့သို့ လက်တွဲမှုရပ်ဆိုင်းခဲ့ခြင်းသည် အံ့ဩစရာဖြစ်ခဲ့သော်လည်း ယခင်ကတည်းက ဖြစ်နိုင်ချေရှိသည်ဟု မှန်းဆထားခဲ့ကြသည်။ Facebook သည် ၎င်းကိုယ်တိုင် search technology အား တည်ဆောက်လျက်ရှိပြီး social network အတွင်းမှ အချက်အလက်များကို အဓိကရှာဖွေနိုင်ရန် ရည်မှန်းထားသည်။ လွန်ခဲ့သော နှစ်နှစ်ခန့်ကပင် သူငယ်ချင်းများအတွင်း ရှာဖွေနိုင်သည့် Graph Search ကို ပြသခဲ့ဖူးသည်။ Facebook ၏ CEO ဖြစ်သူ မတ်စ်ဇူကာဘတ်အတွက် search သည် လက်ရှိတွင် အရေးအပါဆုံးဖြစ်လျက်ရှိသည်။ ၎င်းမှ search, Facebook ၏ Instagram Photo Messaging ဝန်ဆောင်မှုနှင့် Whats App တို့သည် ငါးနှစ်အတွင်း သုံးစွဲသူ သန်း ၁၀၀၀ သို့ရောက်ရှိရန် မျှော်မှန်းနေသည်။ ထိုအဆင့်သို့သာ ရောက်ရှိခဲ့ပါက အဓိပ္ပာယ်ရှိသောလုပ်ငန်းများဖြစ်လာမည်ဟုလည်း ဆိုထားသည်။ Facebook ၏ လက်တွဲဖြုတ်မှုသည် Microsoft ၏ Bing ကို ထိခိုက်စေခဲ့သည်။ အောက်တိုဘာလစစ်တမ်းများအရ web searches အားလုံး၏ 67% ကို Google မှ ကြီးစိုးထားပြီး Bing မှာမူ 20% နီးပါးသာရှိရာ Facebook ကြောင့် Bing ၏ ဝေစုမည်မျှဆုံးရှုံးရမည်ကို မသိနိုင်သေးပေ။ သေချာသည့်အချက်မှာ Facebook နှင့် Microsoft ၏ ဆက်ဆံရေးသည် လွန်ခဲ့သောနှစ်များကကဲ့သို့ ခိုင်မာမှု မရှိတော့ခြင်းဖြစ်သည်။

# Pirate Bay အား ရဲတပ်ဖွဲ့မှဝင်ရောက်စီးနင်း

ဆွီဒင်ရှိရဲတပ်ဖွဲ့သည် Copy right law ချိုးဖောက်မှုဖြင့် Pirate Bay ရုံး ခန်းကိုဝင်ရောက်စီးနင်းကာ server များကို သိမ်းဆည်းခဲ့သည်။ Pirate Bay သည် peer-to-peer File Sharing site တစ်ခုဖြစ်ပြီး ယခုကဲ့သို့ ဖမ်းဆီးခံရသဖြင့် တစ်ကမ္ဘာလုံးတွင် Offline ဖြစ်သွားခဲ့သည်။ Servers နှင့် ကွန်ပျူတာများစွာကို သိမ်းဆည်းရရှိခဲ့ပြီး မည်မျှများများ သိမ်းဆည်းခဲ့ကြောင်းကိုမူ ဖော်ပြခြင်းမရှိခဲ့ပေ။ ထိုနည်းတူပင် Copyright law နှင့် ပတ်သက်ကာ ဝင်ရောက်စီးနင်းခဲ့ခြင်းဟုဆိုသော်လည်း ဥပဒေချိုးဖောက်မှုအား တိကျစွာဖော်ပြခြင်းမရှိခဲ့ပေ။ လူတစ်ယောက်အား ဖမ်းဆီးထိန်းသိမ်းခဲ့သည်ဟု သတင်းထွက်ခဲ့သော်လည်းရဲဌာနမှ ထိုသတင်းကို အတည်ပြုခြင်းမရှိခဲ့ပေ။ Google Play မှလည်း Pirate Bay နှင့် ဆက်စပ်သော app များစွာကို ဖယ်ရှားခဲ့သည်။ ထိုသို့ ဖယ်ရှားပြီးနောက် နိုဝင်ဘာ 3 ရက်နေ့တွင် Pirate Bay Website အား ပူးတွဲတည်ထောင်သူကို ထိုင်းနှင့်လာအိုနယ်စပ်၌ ဖမ်းဆီးခဲ့သည်။ ယခုကဲ့သို့ ဝင်ရောက်စီးနင်းမှုမှာဖမ်းဆီးမှုနှင့် တစ်လကျော်သာကွာခြားခဲ့သည်။ Pirate Bay နှင့်ဆက်စပ်သော sites များမှာ Offline ဖြစ်သွားခဲ့ပြီး Pirate Bay ၏ Forum Suprbay-org, image-hosting website ဖြစ်သော Baying.com စသည်တို့ပါဝင်ခဲ့သည်။ အခြားသော P2P torrent sites များလည်း ပြတ်တောက်ခဲ့ပြီး EZTV, Zoink, Torrage နှင့် Istole tracker တို့ပါဝင်ခဲ့သည်။ Pirate Bay မှာမူဖမ်းဆီးသူများနှင့် ဆက်လက်၍လိုက်တမ်းပြေးတမ်းကစားဆဲဖြစ်ပြီး ကော့စတာရီကာ၏web domain တစ်ခုမှ Online သို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

# Apple - IBM ပူးပေါင်းမှုရလဒ်အဖြစ် iOS apps များထွက်ရှိ




Apple နှင့် IBM ၏ ဇူလိုင်လက ပူးပေါင်းခဲ့မှုသည် ယခုအခါစတင်၍ အကျိုးရှိလာပြီဖြစ်သည်။ Apple သည် apps 10 ခုအား ထုတ်လုပ်ခဲ့ပြီး IBM ၏ Mobile First iOS ထုတ်ကုန်၏တစ်စိတ်တစ်ပိုင်းဖြစ်ခဲ့သည်။

ထို apps များသည် လေကြောင်းလိုင်း၊ ဆက်သွယ်ရေး၊ အာမခံ၊ ဘဏ်လုပ်ငန်းနှင့် အစိုးရလုပ်ငန်းများနှင့် သက်ဆိုင်ခဲ့ပြီး corporate လုပ်ငန်းများအားရောင်းချမည့် apps များဖြစ်သည်။ ဥပမာ Plan Flight သည် လေယာဉ်မှူးများအတွက်ဖြစ်ပြီး လေကြောင်းလိုင်းအတွက် ကုန်ကျစရိတ်ကို လျှော့ချနိုင်မည်ဖြစ်ပြီး Passenger + သည် လေယာဉ်ဝန်ထမ်းများမှ ခရီးသည်များအားကူညီရာတွင် အသုံးကျစေမည်ဖြစ်သည်။ အစိုးရအတွက် app မှာမူ ရာဇဝတ်မှုတားဖြစ်ရေး၌ သုံးမည်ဖြစ်သည်။ အနာဂတ်တွင် Apple IBM ပေါင်း စပ်မှုမှ enterprise apps 100 ကျော် ဖန်တီးရန်ရှိနေပြီး iPhone, iPad များ၌ သုံးစွဲနိုင်မည်ဖြစ်သည်။ IBM ၏ cloud ဝန်ဆောင်မှုအား iOS မှ ရနိုင်ပြီး Apple ပစ္စည်းများနှင့် Software များကို ရောင်းချမည်ဖြစ်သည်။

ထိုပူးပေါင်းမှုသည် အံ့အားသင့်စရာဖြစ်ခဲ့သော်လည်း Apple အတွက်အရေးပါသော ပူးပေါင်းမှုဖြစ်ခဲ့သည်။ Apple သည် coporate လောက၌ ၎င်း၏ပစ္စည်းနှင့် apps များတိုးချဲ့လိုရာ IBM နှင့်ပူးပေါင်းမှုအားလိုအပ်ခဲ့သည်။ IBM အတွက်မူ Apple နှင့် ပူးပေါင်းခြင်းဖြင့် ၎င်းတို့၏ပစ္စည်းနှင့် ဝန်ဆောင်မှုကို ပုံမှန်အားဖြင့် မသုံးသူများအား ထိတွေ့ခွင့်ရစေနိုင်သည်။

■

# Microsoft မှ Bing Search အား Office သို့ ယူဆောင်လာခဲ့




Microsoft သည် ၎င်း၏ Bing Search နည်းပညာအား Office သို့ ပူးပေါင်းရန် စတင်ခဲ့ပြီး Word Online မှ စတင်သုံးစွဲနိုင်မည်ဖြစ်သည်။ ထိုကဲ့သို့ ပါဝင်လာသည့် ရှာဖွေနိုင်စွမ်းအား " Insights for Office " ဟုခေါ်ခဲ့ပြီး ဗုဒ္ဓဟူးနေ့မှစတင်ကာ တစ်ကမ္ဘာလုံး သုံးစွဲနိုင်ရန်စီစဉ်ခဲ့ပြီးရက်အနည်းငယ်အတွင်း အဆင်သင့်ဖြစ်မည်ဖြစ်သည်။ ထိုကဲ့သို့ လုပ်ဆောင်နိုင်စွမ်းအသစ်အတွက် သုံးစွဲသူမှ လုပ်ဆောင်စရာမလိုဘဲအလိုအလျောက်စနစ်ဖြင့် Word Online သို့ပူးပေါင်းပေးသွားမည်ဖြစ်သည်။ Free ရနိုင်မည်ဖြစ်ကာကြော်ငြာများလည်းပါဝင်မည်မဟုတ်ပေ။ Word Online သည်အင်တာနက် browsers များမှသုံးရသည့် Word ဖြစ်ကာ Search Box ပါဝင်မည်ဖြစ်ပြီး righ-tclick ဖြင့် hightlight လုပ်ကာdocument အတွင်းမှလည်း ရှာဖွေမှုပြုနိုင်မည်ဖြစ်သည်။ ထိုသို့ပူးပေါင်းမှုကြောင့် document အပြင်ထွက်ကာ search engine မှ အချက်အလက်များရှာဖွေရခြင်းကို သက်သာစေမည်ဖြစ်သည်။ မည်သည့် Office Online apps တွင်ထပ်မံ၍ search engine ပါဝင်လာမည်ကိုမူ Microsoft မှ ထုတ်ဖော်ပြောကြားခြင်းမရှိခဲ့ချေ။ Insights for Office အားကြည့်ခြင်းဖြင့် Microsoft သည် Bing အား search engine အဖြစ်သီးခြားမထားဘဲ ပူးပေါင်းရန်ကြိုးစည်နေမှန်းသိသာစေသည်။

# လစဉ်သုံးစွဲသူသန်း 300 ရှိလာသော Instagram

Facebook မှဝယ်ယူထားသော ဓာတ်ပုံများမျှဝေပေးနိုင်သည့် ဝန်ဆောင်မှုတစ်ခုဖြစ်သည့် Instagram သည် ပြီးခဲ့သော ကိုးလတာကာလအတွင်းသုံးစွဲသူ 50% ထိ တိုးတက်လာခဲ့သည်။ Instagram သည် အနည်းဆုံးတစ်လလျှင် တစ်ကြိမ်သုံးစွဲလေ့ရှိသူပေါင်းသန်း 300 ပြည့်ခဲ့ပြီဖြစ်သည်။ မတ်လက သုံးစွဲသူ သန်း 200 ပြည့်ခဲ့ခြင်းဖြစ်သည်။ Facebook မှ လွန်ခဲ့သောနှစ်နှစ်က ဝယ်ယူခဲ့သော Instagram တွင်နေ့စဉ်ဓာတ်ပုံနှင့်ဗီဒီယို မျှဝေမှုသန်း ၆၀ ထိရှိကြောင်းသိရသည်။ Instagram အား အခြားကုမ္ပဏီများကို ဝယ်ယူ၍ လွတ်လပ်စွာလုပ်ကိုင်ခွင့်ပေးထားရန်ကိစ္စနှင့် ပတ်သက်၍ Facebook မှ စောင့်ကြည့်လေ့လာလျက်ရှိသည်။ US တွင်စမတ်ဖုန်းသုံးစွဲသူခြောက်ယောက်တွင် တစ်ယောက်သည် Instagram သုံးစွဲကြောင်းသိရပြီး သုံးစွဲသူ 79% သည် အသက် 12 နှစ်မှ 34 နှစ်အတွင်းရှိသူများဖြစ်ကြသည်။

## Short News



### စမတ်ဖုန်းဈေးကွက်တွင် တရုတ်မှတောင်ကိုရီးယားထက် များပြားလာခဲ့

တရုတ်စမတ်ဖုန်းထုတ်လုပ်သူများသည် တစ်ကမ္ဘာလုံးဈေးကွက်ဝေစု၌ တောင်ကိုရီးယားထုတ်လုပ်သူများထက် ဝေစုပိုများပြားလာခဲ့သည်။ တရုတ်ဖုန်းထုတ်လုပ်သည့် ကုမ္ပဏီ ၉ခုသည် Samsung နှင့် LG နှစ်ခုပေါင်းဈေးကွက်ဝေစုကို ကျော်ဖြတ်နိုင်ခဲ့သည်။

### နှစ်နှစ်အကြာတွင် မိုဘိုင်း၌ Facebook Graph Search ကို စတင်သုံးနိုင်

Facebook သည် desktop တွင်ပါဝင်သည့် Search Feature ကို မိုဘိုင်းပစ္စည်းများထံသို့ ပို့ဆောင်ပေးခဲ့ပြီဖြစ်ပြီး Post များအတွင်း ဝင်ရောက်ကာ ရှာဖွေနိုင်မည်ဖြစ်သည်။




### Qualcomm မှ ဝန်ထမ်းများလျှော့ချ

Qualcomm ကုမ္ပဏီသည် ကမ္ဘာ့အကြီးဆုံး mobile chip ထုတ်လုပ်သူဖြစ်ပြီး ယခုအခါတစ်ကမ္ဘာလုံးရှိ ရုံးခွဲများမှ ဝန်ထမ်း ၆၀၀ခန့်အား စီးပွားရေးပုံစံအသစ် အာရုံစိုက်ရန်အကြောင်းပြချက်ဖြင့် လျှော့ချခဲ့သည်။ Qualcomm ၏ ရှယ်ယာတန်ဖိုးသည်လည်း ၂၀၁၄ အတွင်း ၂ရာခိုင်နှုန်းထိ လျှော့ကျလာခဲ့သည်။

### Windows 10 နှင့်ပတ်သက်သည်များကို ဇန်နဝါရီ ၂၁တွင် ထပ်မံကြော်ငြာမည်

Microsoft သည် ဇန်နဝါရီ ၂၁ တွင် Windows 10 အတွက် ဒုတိယမြောက်ပွဲကို ပြုလုပ်ရန်ရှိပြီး "Windows 10 : The next chapter" ဟု ခေါင်းစဉ်ပေးထားခဲ့သည်။ Windows 10 သည် ယခင်ကရင်းနှီးခဲ့သော Feature များအားပုံစံအသစ်ဖြင့် ပေါင်းစပ်၍ အားလုံးနှစ်သက်စေရန် ဖန်တီးထားသည်ဟုလည်းသိရသည်။



## UK ၏အကြီးမားဆုံးပညာရေးအဖွဲ့အစည်း Pearson Edexcel အဖွဲ့မှ Info Myanmar Collegeအား Approval Center အဖြစ်ပေးအပ်ခြင်းအခမ်းအနားကျင်းပ

Info Myanmar College ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ လှည်းတန်းရှိအမှတ် (၁၅/၁၇)၊ (၅) လွှာ၊ MTP ကွန်ဒိုတွင် (27.Nov 2014)ရက်နေ့တွင် ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

အဆိုပါ Info Myanmar College ဖွင့်ပွဲအခမ်းအနားသို့ Pearsonအဖွဲ့အစည်းမှ Regional Commercial Manager - Ms. Ng Boon Teen နှင့် Myanmar Commercial Manager - ဦးကျော်ထင်တို့တက်ရောက်၍ ဖွင့်လှစ်ပေးခဲ့ကြောင်းသိရှိရသည်။

အဆိုပါအခမ်းအနားတွင် Regional Commercial Manager - Ms. Ng Boon Teen မှInfo Myanmar College ၏ CEO ဦးကောင်းမြတ်ပိုင်အားတရားဝင် Center Approvalလက်မှတ်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

Info Myanmar College တွင် ဖွင့်လှစ်မည့် ဒီပလိုမာမှာ ယခင်က ပြည်ပနိုင်ငံများသို့ သွားရောက်သင်ယူခဲ့ရသော QCF (Level 5) အဆင့်ရှိHigher National Diploma ဖြစ်သည်။ ၎င်း HND Diploma in Computing ကို တက္ကသိုလ်ဝင်တန်း (သို့မဟုတ်) ICGSE အောင်မြင်ထားသူများ လျှောက်ထားနိုင်ပြီး တက်ရောက်ခွင့်ရရှိပါက Info Myanmar College တွင် (၂) နှစ် တက်ရောက်ရမည်ဖြစ်ကာ ဘာသာရပ် (၁၆) ခုကို နိုင်ငံတကာစံသတ်မှတ်ချက် အတိုင်းသင်ယူရမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါဒီပလိုမာရရှိပြီးပါက နိုင်ငံပေါင်း(၈၀)ကျော်၊ နိုင်ငံတကာတက္ကသိုလ်ပေါင်း(၂၀၀)ကျော် (သို့မဟုတ်) Info Myanmar College တွင်Degree (၁) နှစ် တက်ရောက်၍ B.Sc (Hons) Computing (UK) ကို ရယူနိုင်မည်ဖြစ်သည်။

HND Diploma ပြီးဆုံးပါက ပြည်တွင်း၊ ပြည်ပလုပ်ငန်းခွင်များတွင် တောင်းဆိုမှုများပြားသော CCNA နှင့်Microsoft Certificate ကိုပါ တစ်ပါတည်း ပူးတွဲရယူနိုင်မည့် လက်တွေ့လုပ်ငန်းခွင်ဝင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ဒီပလိုမာသင်တန်းဖြစ်ကြောင်းသိရသည်။

သင်တန်းတွင် ကျောင်းသား၊ ကျောင်းသူများ၏ ကျွမ်းကျင်မှုကို မြှင့်တင်ရာ၌ မရှိမဖြစ်လိုအပ်သော E-library, Library, Lab Room, Language Test-Room နှင့် အချိန်ပိုအတန်းများ စီစဉ်ထားရှိပေးခြင်း စသည့်အထောက်အပံ့များ ရရှိမည်ဖြစ်သည်။

ထို့အပြင် Small Class Size ဖြင့်သာ သင်ကြားခြင်း၊ နှစ်ကုန်စာမေးပွဲဖြင့် ကျောင်းသား၏အရည်အချင်းကို အကဲမဖြတ်ဘဲ Student Focus (ကျောင်းသားဗဟိုပြုစနစ်) ဖြင့်သင်ကြားပြီး သက်ဆိုင်ရာဘာသာရပ်များ၏ Projects, Assignment, Presentation များဖြင့် အမှန်တကယ် တတ်မြောက်အောင် သင်ကြားခြင်း စသည့် Teaching Method ဖြင့် သင်ကြားရမည်ဖြစ်ကြောင်း သိရသည်။

## အံ့ဖွယ်ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိသည့် KMD ၏ Christmas Amazing Sales အစီအစဉ်

KMD Christmas Amazing Sales အစီအစဉ်ကို ယခုလ ၂၀ရက်မှ ၃၁ရက်နေ့အတွင်း ပြုလုပ်ကျင်းပပေးမည်ဖြစ်ကြောင်း သိရသည်။ Notebook, Tablet နှင့် Smartphone များကို ၅၀ရာခိုင်နှုန်း Discount ဖြင့် လည်းကောင်း၊ Computer နှင့် Mobile Accessories များကို ၇၀ ရာခိုင်နှုန်း Discount ဖြင့် လည်းကောင်းဝယ်ယူရရှိနိုင်သည်။ ထို့အပြင် မည်သည့်ပစ္စည်းကိုမဆို ဝယ်ယူအားပေးသူများကို ၂၀ရာခိုင်နှုန်းသင်တန်းကြေးကင်းလွတ်ခွင့် ကူပွန်များလည်း မေတ္တာလက်ဆောင်အဖြစ်ပေးအပ်မည်ဖြစ်ပြီး ငွေကျပ် ၁သိန်းမှ ၇ သိန်းအထိ တန်ဖိုးအလိုက် ဝယ်ယူသူများကို တန်ဖိုးကြီးခရစ္စမတ်လက်ဆောင်များ ပေးအပ်သွားမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ဖုန်း- ၀၁-၃၈၁၁၂၉၊ ၃၈၁၀၃၅ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ *M.Z*

SLP Computer Training, Services & Network Solutions Centre

A+ Based on Comptia A+ & etc ...

အချိန်တိုတိုအတွင်း တကယ်တတ်မြောက်စေရန် စနစ်တကျသင်ကြားရမည် အဆင့်မြင့်နည်းပညာများ ဆက်လက်လေ့လာရန်အတွက် အခြေခံကောင်းများ ပိုင်နိုင်စွာ တတ်မြောက်ပါမည်။

Digital Video Editing

about DV, DVCAM, 2K, 4K editing system, Importing file, editing theories, fine cut, multicam editing, music video, tvc, mix audio, color correction, effects & title, compression, exporting & making DVD Menu.

Digital Video & Photo Camera Man Course
Photo Retouching Course
N+ Course

Enroll Now

09 - 2009436/ 91051324/ 259115837

၆၂-ဓနုလမ်း၊ မဟော်ဟာရီ နှင့် စိန်ပန်းလမ်းကြား၊ ထက္ကရာလမ်းသွယ်၊ ဃ-၂/၈၂ အမှတ်(၄)ရပ်ကွက်၊ ချမ်းမြသာစည်၊ မန္တလေး။

COMPU TECH

91/93, BOGYOKE AUNG SAN RD. & CORNER OF 49TH ST., PAZUNDAUNG TSP., YANGON.
Tel: 299539,Hot line 09-420061626 ::: mailto: ktz@computechmyanmar.com

Right Way To Getting Ahead

ဒီဇင်ဘာလတွင်ဖွင့်လှစ်မည့်သင်တန်းများ

CompTIA Network+ Certification - 30 Dec 2014

CompTIA A+ Certification - 4th Week Dec

CCNA (ICND1 100-101, ICND2 200-101) - 4th Week Dec

On job training နှင့် Service များအတွက် စုံစမ်းမေးမြန်းနိုင်ပါသည်။

website: http://www.computechmyanmar.com

Special Package အတန်းများကို အသေးစိတ် စုံစမ်းမေးမြန်းနိုင်ပါသည်။



# Phone Guide

Mobile Collection    Mobile Comparison    Mobile Update Prices & Gadgets

OUR SELECTED MARKET COLLECTIONS



### Samsung Galaxy S4 Cover

**5,000/-**

Samsung Galaxy S4 Cover တစ်ခုဖြစ်ပါတယ်။ ကိုယ်ထည်ကိုတော့ Leather နဲ့ပြုလုပ်ထားကာ Cover ရဲ့အပြင်ဘက်ကိုတော့ ဖိုင်ဘာအမာနဲ့ ဖုံးအုပ်ပေးထားပါတယ်။ ဒီ Cover လေးကို Stand ပုံစံ အနေအထားဖြင့် အသုံးပြုနိုင်အောင်လို့လည်း ကြောင်ရုပ်လေးတစ်ရုပ် တပ်ဆင်ပေးထားပါတယ်။ အဲ့ဒီကြောင်ရုပ်လေးကိုဖြုတ်ပြီး keychain ပုံစံအဖြစ် အသုံးပြုလို့ရမှာပါ။ အရောင်မျိုးစုံဖြင့် ဖန်တီးပေးထားကာ iPhone 5S အတွက်လည်း ထုတ်လုပ်ပေးထားပါတယ်။

Mightyforce | 09 -73215999




### Jot Pro capacitive touch stylus

**42,000/-**

Jot Pro အမှတ်တံဆိပ် Capacitive touch stylus လေးဖြစ်ပါတယ်။ ဘောလ်ပင်အစစ်တစ်ချောင်းကို အသုံးပြုနေရသလိုမျိုး ခံစားမှုရရှိအောင်ပြုလုပ်ပေးထားပါတယ်။ iPhone, iPad စတာတွေနဲ့ တွဲဖက်အသုံးပြုနိုင်ပါလိမ့်မယ်။ ဒါ့အပြင် Android Smartphone တွေ၊ Tablet တွေမှာပါ ဒီ Stylus လေးကို အသုံးပြုနိုင်မှာပါ။ အရောင်အနေနဲ့ကတော့ အနက်ရောင်တစ်မျိုးတည်း သာဝယ်ယူရရှိနိုင်မှာဖြစ်ပါတယ်။

I.C.E | 01-215353

## The best we've tested Mobiles, Electronics gear, Gadgets, Computer & more




### Samsung Original S-View Cover

**15,000/-**

Samsung အမှတ်တံဆိပ် Original S-View Cover တစ်ခုပါ။ Galaxy Note 3 Smartphone နဲ့ တွဲဖက်အသုံးပြုနိုင်ပါတယ်။ ကိုယ်ထည်ကိုတော့ ဖိုင်ဘာနဲ့ပြုလုပ်ထားကာ Cover ရဲ့ အပြင်ဘက်တွေကိုတော့ Leather နဲ့ ဖုံးအုပ်ပေးထားပါတယ်။ အရောင်အနေနဲ့ကတော့ အဖြူ၊ အနက်၊ အနီ အစရှိတာတွေကို ရွေးချယ်ဝယ်ယူနိုင်ပါတယ်။ လူကြီးမင်းတို့ရဲ့တန်ဖိုးရှိလှတဲ့ Smartphone တွေကို ထိခိုက်ပွန်းပဲ့မှုမှ ကာကွယ်ချင်ရင်တော့ ဝယ်ယူအသုံးပြုသင့်ပါတယ်။

Multi Generation | 09 - 73240123



### Mobile Powerbank

**6,000/-**

Mobilephone, Tablet တွေနဲ့ တွဲဖက်အသုံးပြုလို့ရတဲ့ Mobile Powerbank တစ်ခုပါ။ ဒီ Powerbank ထဲမှာ သိုလှောင်နိုင်စွမ်းရှိတဲ့ Battery Capacity ကတော့ (2600) mAh ဖြစ်ပါတယ်။ ၎င်းပမာဏဟာ သာမန်ဖုန်းတစ်လုံးကိုတော့ အားအပြည့်ဖြစ်အောင် စွမ်းဆောင်ပေးနိုင်ပါတယ်။ အလေးချိန်ကလည်း ပေါ့ပါးတာကြောင့် တစ်နေရာကနေတစ်နေရာကို အလွယ်တကူသယ်ဆောင် အသုံးပြုနိုင်မှာပါ။ ဈေးနှုန်းချိုသာပြီး အရည်အသွေးကောင်းမွန်တဲ့ Mobile Gadget တစ်ခုဖြစ်ပါတယ်။

Multi Generation | 09 - 73240123




### Huawei Original Flip Cover

**6,000/-**

Huawei Original Flip Cover လေးနဲ့ မိတ်ဆက်ပေးပါရစေ။ ကိုယ်ထည်ကိုတော့ ကြာရှည်ခံအသုံးပြုနိုင်အောင်လို့ ဖိုင်ဘာနဲ့ ပြုလုပ်ပေးထားပါတယ်။ အပြင်ဘက်တွေကိုတော့ Leather နဲ့ ဖုံးအုပ်ပေးထားတာကို တွေ့မြင်ရမှာပါ။ Huawei G 610 Smartphone အတွက်ရော၊ G730 Smartphone အတွက်ပါ ဝယ်ယူရရှိနိုင်ပါတယ်။ အရောင်အနေနဲ့ကတော့ ပန်းရောင်၊ အဖြူ၊ အနက်စတဲ့အရောင်တွေနဲ့ ထုတ်လုပ်ထားပါတယ်။

Multi Generation | 09 - 73240123



### iPhone 5S Cover

**5,000/-**

အခုဆိုရင် Mobilephone User တွေဟာ Cover တွေကို Fancy product တစ်ခုလိုမျိုးအသုံးပြုနေကြပါပြီ။ အဲ့ဒီ Cover တွေဟာလည်း ဆန်းသစ်လှပတဲ့ ဒီဇိုင်းပုံစံအမျိုးမျိုးနဲ့ဈေးကွက်ထဲကို စဉ်ဆက်မပြတ်ရောက်ရှိနေပါတယ်။ လူကြီးမင်းတို့ကို မိတ်ဆက်ပေးမယ့် Cover လေးဟာဆိုရင် ကိတ်မုန့် တစ်လုံးပုံစံဖန်တီးပြုလုပ်ပေးထားတာကိုတွေ့မြင်ရမှာပါ။ Cover ရဲ့ အပေါ်မှာလည်း ချစ်စရာကောင်းတဲ့ ကာတွန်းရုပ်ပါရေးဆွဲပေးထားပါတယ်။ ကိုယ်ထည်တစ်ခုလုံးကို leather နဲ့ပြုလုပ်ထားကာ ပန်းရောင်၊ အပြာ၊ အဖြူစတဲ့ အရောင်တွေနဲ့ ထုတ်လုပ်ထားပါတယ်။ ဒီ Cover လေးကိုတော့ iPhone 5S နဲ့ တွဲဖက်အသုံးပြုလို့ရပါလိမ့်မယ်။

Mightyforce | 09-73215999

# MOBILE USED PHONE

## 1. Sony Xperia Z Ultra (Black)

Price : 265,000 Ks



| | |
|---|---|
| Network | GSM, WCDMA |
| Display | 6.4", 1080 x 1920 pixels, IPS LCD capacitive touchscreen |
| Memory | 16GB, 2GB RAM |
| Camera | 8 Megapixel, 3264 x 2448 pixels, autofocus, LED flash |
| Connectivity | GPRS, EDGE, WLAN, Bluetooth |
| OS | Android OS, v 4.2 (Jelly Bean) |

## 2. Samsung Galaxy S5 (White)

Price : 330,000 Ks



| | |
|---|---|
| Network | GSM, WCDMA |
| Display | 5.1", Super AMOLED capacitive touchscreen |
| Memory | 16GB, 2GB RAM |
| Camera | 16 Megapixel, 5312 x 2988 pixels, autofocus, LED flash |
| Connectivity | GPRS, EDGE, WLAN, Bluetooth |
| OS | Android OS, v 4.4.2 (KitKat), upgradable to v 5.0 (Lollipop) |

## 3. Apple iPhone 5 (White)

Price : 375,000 Ks



| | |
|---|---|
| Network | GSM, WCDMA |
| Display | 4.0", LED-backlit IPS LCD, capacitive touchscreen |
| Memory | 64GB, 1GB RAM DDR2 |
| Camera | 8 Megapixel, 3264 x 2448 pixels, autofocus, LED flash |
| Connectivity | GPRS, EDGE, WLAN, Bluetooth |
| OS | iOS 6, upgradable to iOS 7.1.2 |

## 4. Huawei Ascend P7

Price : 255,000 Ks



| | |
|---|---|
| Network | GSM, WCDMA |
| Display | 5.0", 1080 x 1920 pixels, IPS LCD capacitive touchscreen |
| Memory | 16GB, 2GB RAM micro SD, up to 64GB |
| Camera | 13 Megapixel, 4160 x 3120 pixels, autofocus, LED flash |
| Connectivity | GPRS, EDGE, WLAN, Bluetooth |
| OS | Android OS, v 4.4.2 (KitKat) |

## 5. LG Optimus F100 (Black)

Price : 180,000 Ks



| | |
|---|---|
| Network | GSM, WCDMA |
| Display | 5.0", HD-IPS LCD capacitive touchscreen |
| Memory | 32GB, 1GB RAM |
| Camera | 8 Megapixel, 3264 x 2448 pixels, autofocus, LED flash |
| Connectivity | GPRS, EDGE, WLAN, Bluetooth |
| OS | Android OS, v 2.3.5 (Gingerbread), upgradable to v 4.1.2 (Jelly Bean) |

## 6. Samsung Galaxy Win I8550 (Gray)

Price : 110,000 Ks



| | |
|---|---|
| Network | GSM, CDMA |
| Display | 4.7", 480 x 800 pixels, TFT capacitive touchscreen |
| Memory | 8GB, 1GB RAM micro SD, up to 32GB |
| Camera | 5 Megapixel, 2592 x 1944 pixels, autofocus, LED flash |
| Connectivity | GPRS, EDGE, WLAN, Bluetooth |
| OS | Android OS, v 4.1.2 (Jelly Bean) |

အထက်ပါအချက်အလက်များကို www.ads.com.mm ဖုန်း-၀၁-၁၂၂၂၈၃၇ မှ ကူညီပံ့ပိုးပါသည်။

မိမိရောင်းချလိုသော Used Phone ပုံနှင့် အချက်အလက် အပြည့်အစုံကို netguidemyanmar@gmail.com သို့ ပေးပို့နိုင်ပါသည်။

# Preview

## Vivo X5 Max



| | |
|---|---|
| Network | 2G, 3G, 4G |
| Announced | 2014, December |
| Status | Coming soon. Exp. release 2014, December |
| Dimensions | 153.9 x 78 x 4.8 mm |
| Display | 5.5", 1080 x 1920 pixels, Super AMOLED capacitive touchscreen |
| Memory | 16GB, 2GB RAM, micro SD, up to 128GB |
| Camera | 13 Megapixels, (4128 x 3096 pixels) / 5 Megapixels autofocus, LED flash |
| Connectivity | GPRS, EDGE, WLAN, Bluetooth, USB |
| Multimedia | MP3, MP4, FM, Video |
| CPU | Octa-core 1.7GHz Cortex-A53 & quad-core 1.0GHz Cortex-A53 |
| Sensors | Accelerometer, gyro, proximity, compass |
| OS | Android OS, v 4.4.4 (KitKat) |
| Battery | Non-removable Li-Ion 2000 mAh battery |
| Weight | 146 grams |
| Colors | White |

Vivo ဟာ သူတို့ပြောထားတဲ့အတိုင်း ကမ္ဘာ့အပါးလွှာဆုံးစမတ်ဖုန်းကို ထုတ်လုပ်ပေးခဲ့ပါပြီ။ Vivo X5 Max ကို တရားဝင်ထုတ်ဖော်ကြော်ငြာခဲ့ပြီး 4.75mm သာထူတာကြောင့် ယနေ့ထိကမ္ဘာ့အပါးလွှာဆုံးဖုန်းဖြစ်ခဲ့ပါတယ်။ ပါးလွှာလွန်းတဲ့ဖုန်းတွေဟာ လူတိုင်းအကြိုက်မဖြစ်နိုင်ပေမယ့် အသုံးတည့်တဲ့နေရာတွေလည်း အများကြီးရှိတာသေချာပါတယ်။ ပါးလွှာတဲ့ဒီဇိုင်းဟာ ဆွဲဆောင်မှုတစ်ခုဖြစ်နိုင်ပါတယ်။ Vivo ရဲ့အဆိုအရ "One Sided Critical Layout" ပုံစံဟာ X5 Max ကို 1.77mm အထူထိလျှော့ချနိုင်စေခဲ့တယ်လို့သိရပါတယ်။ ဒါဟာ အတွင်းပိုင်းစက်ပစ္စည်းတွေကို ဘက်ထရီနားမှာပဲ 90% ထိ အံဝင်အောင်ထည့်သွင်းတာပါ။ ဒီလိုထည့်သွင်းတဲ့အတွက် ပုံမှန် 5.5" Display ရှိတဲ့ဖုန်းတွေထက် အနည်းငယ်ပိုကျယ်ပြန့်သွားပေမယ့် ခိုင်မာမှုမှာတော့ အားကောင်းလာပါတယ်။ Vivo ဟာ Micro SIM နဲ့ Micro SD Card ကိုလည်းပူးပေါင်းထည့်သွင်းပေးနိုင်ခဲ့ပြီး SD Card မသုံးဘူးဆိုရင် အဲ့ဒီနေရာမှာ Sim Card ထည့်သွင်းနိုင်တာမို့ Dual Sim ဖုန်းအဖြစ်လည်းသုံးနိုင်ပါလိမ့်မယ်။

Vivo ဟာ သူတို့ရဲ့ HIFI Audio စွမ်းဆောင်ရည်ကြောင့် ထင်ရှားကျော်ကြားပြီး X5 Max မှာလည်း အထူးပါးလွှာတဲ့ 2.45mm အထူသာရှိတဲ့ Box စပီကာကိုထည့်သွင်းခဲ့ပါတယ်။ Yamahayss - 205X Chip ပါဝင်ပြီး Android ဖုန်းတွေမှာ ပထမဆုံးအဖြစ် Real Time Vocal Reverb Sound သုံးနိုင်တဲ့ကာရာအိုကေဖုန်းဖြစ်ခဲ့ပါတယ်။ Vivo X5 Max ဟာ 4G LTE Network ထိ သုံးစွဲနိုင်မှာဖြစ်ပြီး 5.5" Display ပါဝင်ပါတယ်။ Full HD 1080 x 1920 Pixels Resolution ရှိပြီး Super AMOLED အမျိုးအစားဖြစ်ကာ Pixels သိပ်သည်းဆ 401 ppi ရှိပါတယ်။ ဒီပမာဏဟာ ကြည်လင်တောက်ပတဲ့ပုံတွေကို ဖော်ပြပေးနိုင်ဖို့ အာမခံနိုင်ပါတယ်။

X5 Max မှာ LTE ကိုထောက်ပံ့ပေးနိုင်တဲ့ 64 bit Octa-core Processor ပါဝင်လာခဲ့ပေမယ့် အများမျှော်လင့်သလို Mediatck MT 6752 မဟုတ်ခဲ့ပဲ Snapdragon 615 ကိုသုံးခဲ့ပါတယ်။ Snapdragon 615 ဟာ Quad-core 1.7GHz နဲ့ Quad-core 1GHz ၂ ခုနဲ့အလုပ်လုပ်မှာဖြစ်ပြီး Multitasking အတွက် စိတ်ချရစေပါတယ်။ RAM 2GB နဲ့ ထောက်ပံ့ပေးထားပါတယ်။ ဖုန်းတွင်းသိုလှောင်မှုပမာဏ 16GB ပါဝင်ပြီး Dual Sim အဖြစ်မသုံးရင် Micro SD 32GB ထိ ထပ်မံမြှင့်တင်နိုင်ပါတယ်။

အဓိကကင်မရာဟာ 13MP ဖြစ်ပြီး Full HD 1080p ဗီဒီယိုကို 30 fps နဲ့ရိုက်ကူးပေးနိုင်ပါတယ်။ Touch Focus, Face Detection, Panorama, HDR စတဲ့လုပ်ဆောင်နိုင်စွမ်းတွေပါဝင်ပါတယ်။ ရှေ့ဘက်မှာ 5MP ကင်မရာပါဝင်ပါတယ်။ Android 4.4.4 (KitKat) OS ကိုသုံးထားပါတယ်။ 13 Megapixel Sony 1M x 214 Sensor ပါဝင်တဲ့အတွက် Vivo Xshot လိုပဲကင်မရာစွမ်းဆောင်ရည်ရှိမယ်လို့ဆိုထားပါတယ်။ X5 Max မှာ 3.5 mm Headphone Jack လည်းပါဝင်တာကိုတွေ့ရပါတယ်။ Wi-Fi ကိုလည်း 802.11 a/b/g/n Dual Band သုံးစွဲပေးထားပါတယ်။ X5 Max မှာ 2000 mAh ဘက်ထရီသုံးစွဲထားပါတယ်။ X5 Max ကို တရုတ်နိုင်ငံမှာ ဒီဇင်ဘာ ၂၂ ဝန်းကျင်မှာ စတင်ရောင်းချမှာဖြစ်ပြီး ဒေါ်လာ ၄၈၅ ဝန်းကျင် ဈေးနှုန်းရှိပါတယ်။

# Sony Phone Comparison

| | Sony Xperia Z3 Compact | Sony Xperia Z2 | Sony Xperia Z Ultra | Sony Xperia M2 |
|---|---|---|---|---|
| |  |  |  |  |
| Network | 2G, 3G, 4G | 2G, 3G, 4G | 2G, 3G, 4G | 2G, 3G, 4G |
| Weight | 129 g | 163 g | 212 g | 148 g |
| Connectivity | GPRS, EDGE, WLAN, Bluetooth, NFC, USB | GPRS, EDGE, WLAN, Bluetooth, NFC, USB | GPRS, EDGE, WLAN, Bluetooth, NFC, USB | GPRS, EDGE, WLAN, Bluetooth, NFC, USB |
| Operating System | Android OS, v 4.4.4 (KitKat) | Android OS, v 4.4.2 (KitKat) | Android OS, v 4.2 (Jelly Bean) | Android OS, v 4.3 (Jelly Bean) |
| Dimensions (mm) | 127.3 x 64.9 x 8.6 | 146.8 x 73.3 x 8.2 | 179.4 x 92.2 x 6.5 | 139.7 x 71.1 x 8.6 |
| Camera (rear/front) | 20.7 MP / 2.2 MP | 20.7 MP / 2.2 MP | 8 MP / 2 MP | 8 MP / VGA |
| CPU | Quad-core 2.5GHz Krait 400 | Quad-core 2.3GHz Krait 400 | Quad-core 2.2GHz Krait 400 | Quad-core 1.2GHz Cortex-A7 |
| Display | 4.6", IPS LCD (720 x 1280 pixels) | 5.2", IPS LCD (1080 x 1920 pixels) | 6.4", IPS LCD (1080 x 1920 pixels) | 4.8", TFT (540 x 960 pixels) |
| Memory | 16GB, 2GB RAM micro SD, up to 128GB | 16GB, 3GB RAM micro SD, up to 128GB | 16GB, 2GB RAM micro SD, up to 64GB | 8GB, 1GB RAM micro SD, up to 32GB |
| Price | 484,000 Ks | 429,000 Ks | 295,000 Ks | 213,000 Ks |
| Phone | 09-73211103 | 09-73211103 | 09-73211103 | 09-73211103 |

## Affordable Phones



### 1. Lenovo A536

**Price : 125,000 Ks**

Network : 2G, 3G
Display : 5.0",capacitive touchscreen
Memory : Internal 8GB, micro SD, up to 32GB
Camera : 5 Megapixel, auto focus, LED flash frond 2 Megapixel
Connectivity : GPRS, EDGE, WLAN, Bluetooth
OS : Android OS, v 4.4.2 (KitKat)
Phone : 01-381776 (Ext : 149)



### 2. Huawei Y520

**Price : 98,000 Ks**

Network : 2G, 3G
Display : 4.5", capacitive touchscreen
Memory : Internal 4GB, micro SD, up to 32GB
Camera : 5 Megapixel, autofocus
Connectivity : GPRS, EDGE,WLAN, Bluetooth
OS : Android OS, v 4.4.2 (KitKat)
Phone : 01-391730



### 3. Lenovo A328

**Price : 99,000 Ks**

Network : 2G, 3G
Display : 4.5", capacitive touchscreen
Memory : Internal 4GB, micro SD, up to 32GB
Others : 5 Megapixel, front camera 2MP
Connectivity : GPRS, EDGE, WLAN, Bluetooth
OS : Android OS, v 4.4.2 (KitKat)
Phone : 09-448005011

## Featured Phones



### 1. Samsung Galaxy Mega II

**Price : 339,000 Ks**

Network : 2G, 3G, 4G
Display : 6.0", TFT capacitive touchscreen
Memory : Internal 8GB, micro SD, up to 64GB
Camera : 8 Megapixel, autofocus
Connectivity : GPRS, EDGE, WLAN, Bluetooth
OS : Android OS, v 4.4.4 (KitKat)
Phone : 01-542020



### 2. Lenovo S960

**Price : 299,000 Ks**

Network : 2G, 3G
Display : 5.0", IPS LCD capacitive touchscreen
Memory : Internal 16/32GB
Camera : 13 Megapixel, autofocus, LED Flash, front 5Megapixel
Connectivity : GPRS, EDGE, WLAN, Bluetooth
OS : Android OS, v 4.2 (Jelly Bean)
Phone : 01-381035 (Ext : 149)



### 3. Xiaomi Mi-3

**Price : 290,000 Ks**

Network : 2G, 3G
Display : 5.0", IPS LCD capacitive touchscreen
Memory : Internal 16/64GB,
Camera : 13 Megapixel, autofocus, dual-LED flash, front 2 Megapixel
Connectivity : GPRS, EDGE, WLAN, Bluetooth
OS : Android OS, v 4.3 (Jelly Bean)
Phone : 01-225649

## New Entries Phones



### 1. OPPO R5

**Price : 499,000 Ks**

Network : 2G, 3G, 4G
Display : 5.2", AMOLED capacitive touchscreen
Memory : Internal 16GB
Camera : 13 Megapixel, autofocus, LED flash front 5Megapixel
Connectivity : GPRS, EDGE, WLAN, Bluetooth
OS : Android v 4.4.2 (KitKat)
Phone : 01-542020



### 2. HTC 820

**Price : 385,000 Ks**

Network : 2G, 3G, 4G
Display : 5.5", LCD capacitive touchscreen
Memory : Internal 16GB, micro SD, up to 128GB
Camera : 13 Megapixel, autofocus LED flash, front 8 Megapixel
Connectivity : GPRS, EDGE, WLAN, Bluetooth
OS : Android v 4.4.2 (KitKat)
Phone : 01-556843 (Ext : 103)



### 3. InHon P1

**Price : 139,000 Ks**

Network : 2G, 3G
Display : 7.0",IPS touchscreen
Memory : Internal 8GB, micro SD, up to 32GB
Camera : 2 Megapixel,autofocus, front 0.3Megapixel
Connectivity : GPRS, EDGE, WLAN, Bluetooth
OS : Android OS, v 4.4.2 (KitKat)
Phone : 09-259372288

## CDMA Phones



### 1. Coolpad 5310

**Price : 58,000Ks**

Network : GSM+CDMA 800MHz
Display : 4.5",TFT capacitive touchscreen
Memory : Internal 4GB, micro SD, up to 32GB
Camera : 3 Megapixel
Connectivity : GPRS, EDGE, WLAN, Bluetooth
OS : Android v 4.3 (Jelly Bean)
Phone : 09-73059274



### 2. Xiaomi 1S

**Price : 150,000 Ks**

Network : GSM + CDMA 800MHz
Display : 4.7", IPS LCD capacitive touchscreen
Memory : Internal 8GB, micro SD,up to 32GB
Camera : 8Megapixel,autofocus,LED Flash
Connectivity : GPRS, EDGE, WLAN, Bluetooth
OS : Android v 4.3 (Jelly Bean)
Phone : 09-5129229



### 3. Coolpad 5216D

**Price : 48,000 Ks**

Network : GSM + CDMA 800MHz
Display : 4.0", TFT capacitive touchscreen
Memory : Internal 4GB,microSD,up to 32GB
Camera : 3.0Megapixel
Connectivity : GPRS, EDGE, WLAN, Bluetooth
OS : Android OS, v 4.3 (Jelly Bean)
Phone : 09-73046225

# TOP 10 SMART PHONES



### 1. Asus Zenfone 6 (235,000 Ks)

Network : 2G, 3G
Display : 6.0", IPS capacitive touchscreen
Memory : Internal 8GB,micro SD, up to 64GB
Camera : 13 Megapixel, autofocus, LED flash
Connectivity : GPRS, EDGE, WLAN, Bluetooth, USB
OS : Android OS, v 4.3 (Jelly Bean)
Phone : 01-371924



### 2. Vivo X Shot (468,000 Ks)

Network : 2G, 3G, 4G
Display : 5.2", capacitive touchscreen
Memory : Internal 16GB
Camera : 13 Megapixels, autofocus, front camera 8MP
Connectivity : GPRS, EDGE, WLAN, Bluetooth, USB
OS : Android OS, v 4.3 (Jelly Bean)
Phone : 01-398436



### 3. Samsung Galaxy S5 (529,000 Ks)

Network : 2G, 3G, 4G
Display : 5.1", Super AMOLED capacitive touchscreen
Memory : Internal 16GB, micro SD, up to 128GB
Camera : 16 Megapixel, autofocus, front camera 2MP
Connectivity : GPRS, EDGE, WLAN, Bluetooth, USB
OS : Android v 4.4.2 (KitKat)
Phone : 01-391789



### 4. HTC RHYME (280,000 Ks)

Network : 2G, 3G
Display : 3.7", S-LCD capacitive touchscreen
Memory : Internal 4GB, micro SD, up to 32GB
Camera : 5 Megapixel, autofocus, LED flash
Connectivity : GPRS, EDGE, WLAN, Bluetooth, USB
OS : Android v 3.4 (Gingerbread)
Phone : 01-371923



### 5. Sony Xperia Z3 (4G) (659,000 Ks)

Network : 2G, 3G, 4G
Display : 5.2", IPS LCD capacitive touchscreen
Memory : Internal 16GB, micro SD, up to 128GB
Camera : 20.7 Megapixel, autofocus, LED flash
Connectivity : GPRS, EDGE, WLAN, Bluetooth, USB
OS : Android OS, v 4.4.4 (KitKat)
Phone : 01-398436



### 6. LG G3 Stylus (315,000 Ks)

Network : 2G, 3G
Display : 5.5", IPS LCD capacitive touchscreen
Memory : Internal 8GB, micro SD, up to 32GB
Camera : 13 Megapixel, autofocus, LED Flash
Connectivity : GPRS, EDGE, WLAN, Bluetooth, USB
OS : Android v 4.4.2 (KitKat)
Phone : 01-391789



### 7. Huawei Ascend P7 LTE (315,000 Ks)

Network : 2G, 3G, 4G
Display : 5.0", IPS LCD capacitive touchscreen
Memory : Internal 16GB, micro SD, up to 64GB
Camera : 13 Megapixel, autofocus, LED flash, front 8MP
Connectivity : GPRS, EDGE, WLAN, Bluetooth, USB
OS : Android v 4.4.2 (KitKat)
Phone : 01-391730



### 8. Vivo X Play (3S) (548,000 Ks)

Network : 2G, 3G
Display : 6.0", IPS LCD Multi-touchscreen
Memory : Internal memory 32GB
Camera : 13 Megapixel, LED flash, front 5 Megapixel
Connectivity : GPRS, EDGE, WLAN, Bluetooth, USB
OS : Android OS, v 4.3 (Jelly Bean)
Phone : 01-398436



### 9. Samsung Galaxy Note 4 (746,500 Ks)

Network : 2G, 3G, 4G
Display : 5.7", Super AMOLED capacitive touchscreen
Memory : Internal 32GB, micro SD,up to 128GB
Camera : 16 Megapixel, autofocus, LED Flash
Connectivity : GPRS, EDGE, WLAN, Bluetooth, USB
OS : Android v 4.4.4 (KitKat)
Phone : 01-542020



### 10. Sony Xperia Z2 (4G) (555,000 Ks)

Network : 2G, 3G, 4G
Display : 5.2", LCD capacitive touchscreen
Memory : Internal 16GB, micro SD, up to 128GB
Camera : 20.7 Megapixel, autofocus, LED flash, front camera 2.2 Megapixel
Connectivity : GPRS, EDGE, WLAN, Bluetooth, USB
OS : Android v 4.4.2 (KitKat)
Phone : 01-391730

# PHONE REVIEW...

## Sony Xperia M2 Aqua




မကြာသေးမီကမှ Sony ရဲ့ စမတ်ဖုန်းတွေဟာ ရေစိုဒဏ်ခံနိုင်တဲ့ စမတ်ဖုန်းဈေးကွက်ကို ဦးဆောင်လာနိုင်ခဲ့ပြီး မိုဘိုင်းလောကမှာ အများနဲ့မတူ တစ်မူထူးခြားတဲ့ အနေအထားကို ပိုင်ဆိုင်နေပြီ ဖြစ်ပါတယ်။ ရေစိုဒဏ်ခံနိုင်တဲ့ စမတ်ဖုန်းတစ်လုံးဖြစ်လို့ ဈေးကြီးပေးမဝယ်ရဘဲ သင့်တင့်တဲ့ဈေးနှုန်းနဲ့ ဝယ်ယူအသုံးပြုနိုင်မှာပါ။ ထို့အပြင် M2 Aqua ဟာ ကျစ်လျစ်သိပ်သည်းတဲ့ ဒီဇိုင်းကိုပါ ပေးစွမ်းနိုင်ပြီး ရေစိုဒဏ်ခံနိုင်တဲ့ စမတ်ဖုန်းတွေများထဲမှ ဈေးအသက်သာဆုံး ဖုန်းတစ်လုံးလည်း ဖြစ်ပါတယ်။ Sony ရဲ့ တန်ဖိုးမြင့်ဖုန်းတွေမှာသာ တွေ့မြင်နိုင်တဲ့ 4.8 လက်မအရွယ် screen display ကိုလည်း Sony Xperia M2 Aqua မှာ ခံစားထိတွေ့နိုင်ပါလိမ့်မယ်။ လူကြိုက်များပြီး စွမ်းဆောင်ရည်မြင့်မားတဲ့ Qualcomm Snapdragon ကို သုံးထားပေးပြီး Full HD ရုပ်ထွက်အရည်အသွေးကိုလည်း အပြည့်အဝ ခံစားချင်သူများ ရွေးချယ်သင့်တဲ့ စမတ်ဖုန်းတစ်လုံး ဖြစ်ပါတယ်။

### Design and Build

Sony ရဲ့ နာမည်ကြီးဖုန်းတွေဟာ ဒီဇိုင်းပိုင်းမှာသင့်တင့်မျှတပြီး ဆွဲဆောင်မှုရှိပါတယ်။ မူလအဆင့်မြင့်စမတ်ဖုန်းဖြစ်တဲ့ Xperia Z2 ဒီဇိုင်းနှင့် အသွင်တူအောင် ဖန်တီးတာကြောင့် M2 Aqua ကို ခွဲခြားရ ခက်ခဲနိုင်ပါတယ်။ Xperia M2 Aqua ဟာ အရင်ထွက်ရှိပြီးသား Xperia M2 နှင့် မတူညီသည့်အချက်မှာ ဖုန်း၏မျက်နှာပြင်ကို Mac Book Air ရဲ့ mouse trackpad များတွင် အသုံးပြုတဲ့ textured glass နဲ့ တည်ဆောက်ပေးထားခြင်း ဖြစ်ပါတယ်။ ရေအောက်အနက် 1.5 မီတာနဲ့ မိနစ် ၃၀ ကြာ ရေစိုဒဏ်ခံနိုင်ရည်ရှိပါတယ်။ သေးငယ်ပြီး လုံးဝန်းတဲ့ ငွေရောင် power button ကို ဖုန်းရဲ့ဘေးဘက်အလယ်တွင် ထည့်သွင်းပေးထားပြီး လက်မတစ်ချောင်းနဲ့တင် အသုံးပြုရလွယ်ကူစေပါတယ်။

### Display

Sony Xperia M2 Aqua ဟာ သုံးစွဲရလွယ်ကူစေမည့် အရွယ်အစားမျိုးဖြစ်ပြီး ဒီနေ့ခေတ်စမတ်ဖုန်းသုံးစွဲမှုနှင့် အတော်လေး ကိုက်ညီစေပါတယ်။ 4.8 လက်မအရွယ် display ဖြစ်ပြီး multimedia ပိုင်းကို ကျေနပ်အားရစွာ အသုံးပြုနိုင်စေပြီး 540 x 960 pixels ရုပ်ထွက်အရည်အသွေးကို မြင်တွေ့နိုင်ပါလိမ့်မယ်။ Pixel သိပ်သည်းဆ 229 ppi ရှိပြီး အလေးချိန်ကတော့ 149 g ဖြစ်ပါတယ်။ ဖုန်း၏မျက်နှာပြင်ကို စင်းရာခြစ်ရာဒဏ် ခံနိုင်စေဖို့အတွက် Scratch-resistant glass နဲ့ ဖုံးအုပ်ကာကွယ်ပေးထားပါတယ်။

### Operating System and Software

ဖုန်းရဲ့လုပ်ငန်းဆောင်တာများကို မြင့်မားအောင် လုပ်ဆောင်နိုင်ပြီး သုံးစွဲသူများအား App အမျိုးမျိုးကို ချောမွေ့လျင်မြန်စွာ ကူးပြောင်းပေးနိုင်ရန် Android OS 4.4.2 (KitKat) ကို သုံးထားပေးပါတယ်။ 8MP ကင်မရာက 1080p full HD ဗီဒီယိုတွေကို 30 fps နှုန်းနဲ့ ရိုက်ကူးနိုင်ပြီး Selfies ဝါသနာပါသူများအတွက် ရှေ့ဘက်မှာ VGA အဆင့် ကင်မရာ ပါဝင်ပါတယ်။ HDR, Panorama mode တွေ အသုံးပြုပြီး မိမိစိတ်ကြိုက်ရုပ်ပုံများ ဖန်တီးနိုင်ပါသေးတယ်။ Accelerometer, proximity, compass အစရှိတဲ့ Sony ရဲ့ App တွေကိုလည်း မြင်တွေ့နိုင်ပါတယ်။

### Performance

Qualcomm ရဲ့ Snapdragon 400 chipset ကို ဖုန်းအတွက် သုံးထားပေးပြီး စွမ်းဆောင်ရည်မြင့်မားတဲ့ CPU ကတော့ Quad-core 1.2 GHz Cortex - A7 ပါဝင်ပါတယ်။ ဂိမ်းအတွက် GPU Adreno 305 ပါဝင်မှာ ဖြစ်ပါတယ်။ RAM ကတော့ 1GB RAM အပြည့် ခံစားနိုင်ပါလိမ့်မယ်။ ဖုန်းရဲ့ Internal Storage အနေနဲ့ 8GB ပါဝင်မှာဖြစ်ပြီး micro SD နဲ့ 32GB အထိ တိုးမြှင့်အသုံးပြုနိုင်ပါတယ်။ ဖုန်းအတွက် Li-Ion 2300mAh Non-removable battery အမျိုးအစား ထည့်သွင်းအသုံးပြုပေးထားပါတယ်။

#### Specification

| | | |
|---|---|---|
| Display | : | 4.8 inches, IPS LCD capacitive touchscreen |
| Memory | : | 8GB, 1GB RAM, micro SD, up to 32GB |
| Camera | : | 8 Megapixel, VGA (front), autofocus, LED flash |
| OS | : | Android OS, v 4.4.2 (KitKat) |
| Phone | : | 01-391808 (Matrix) |

## SKY Smartphone (EF819A)




SKY Smartphone ဟာ Dual-SIM အမျိုးအစားဖြစ်ပြီး 2G, 3G network နှစ်မျိုးလုံးမှာ အသုံးပြုနိုင်တဲ့ ကိုရီးယားအမှတ်တံဆိပ်စမတ်ဖုန်းဖြစ်ပါတယ်။ ကြည်လင်ပြတ်သားသော 4.5 လက်မအရွယ် Display ရှိပြီး 960 x 540 resolution ထောက်ပံ့ပေးထားပါတယ်။ Hgih sensitive touchscreen ဖြစ်ပြီး CTP စနစ်ကို အသုံးပြုထားတာကြောင့် ထိတွေ့အသုံးပြုရာမှာ တုံ့ပြန်မှုကောင်းမွန်ပြီး လွယ်ကူမြန်ဆန်စေပါတယ်။ Android OS 4.4.2 (KitKat) အမျိုးအစားဖြစ်ပါတယ်။ ဖုန်းရဲ့ အဓိကကင်မရာ 8MP ပါဝင်ပြီး HD Photo, Panorama Mode, Face Beauty Mode အစရှိတဲ့ ဓာတ်ပုံရိုက်ကူးတဲ့စနစ်များလည်း ပါရှိပါတယ်။ အရှေ့ကင်မရာကတော့ 2MP ဖြစ်ပါတယ်။ ဖုန်းရဲ့စွမ်းဆောင်ရည်ပိုင်းအတွက် Quad-core 1.3GHz processor ကို အသုံးပြုထားပြီး RAM 1GB ပါဝင်ပါတယ်။ Dual Speaker ပါရှိခြင်းကြောင့် ကြည်လင်ပြတ်သားသည့် အသံအရည်အသွေးများ ခံစားနိုင်ပါတယ်။ ဖုန်းတွင်းသိုလှောင်မှု 8GB ပါဝင်ပါတယ်။ မြန်မာစာစနစ်တစ်ပါတည်း ထည့်သွင်းပေးထားတဲ့အတွက် သုံးစွဲရပိုမိုလွယ်ကူစေပါတယ်။

#### Specification

| | | |
|---|---|---|
| Display | : | 4.5 inches, High sensitive touchscreen |
| Memory | : | 8GB, 1GB RAM |
| Camera | : | 8 Megapixel, 2 MP (front), LED flash |
| OS | : | Android OS, v 4.4.2 (KitKat) |
| Phone | : | 09-254281812 (SCP Total Myanmar) |

## Huawei Ascend G6




Huawei Ascend G6 ဟာ ၂၀၁၄ ခုနှစ် အစောပိုင်းလောက်က အသစ်ထွက်ရှိလာတဲ့ စမတ်ဖုန်းတစ်လုံးဖြစ်ပြီး 2G, 3G network နှစ်မျိုးစလုံး အသုံးပြုနိုင်ပါတယ်။ 5.12 x 2.56 x 0.30 လက်မ အရွယ်အစားရှိပြီး အလေးချိန် 115 g လေးပါတယ်။ 4.5 လက်မအရွယ် display ပါဝင်ပြီး IPS LCD capacitive touchscreen ဖြစ်ပါတယ်။ 540 x 960 pixels resolution ပေးစွမ်းနိုင်ပြီး pixels သိပ်သည်းဆ 245 ppi ရှိပါတယ်။ Android OS ဟာ 4.3 (Jelly Bean) အမျိုးအစားဖြစ်ပါတယ်။ အရည်အသွေးမြင့် 3264 x 2448 pixel resolution ပေးစွမ်းနိုင်သော အဓိကကင်မရာ 8MP ပါဝင်မှာဖြစ်ပါတယ်။ LED flash ပါဝင်ကာ 720p HD ဗီဒီယိုများလည်း ရိုက်ကူးနိုင်ပါတယ်။ အရှေ့ဘက်မှာ 5MP ကင်မရာပါဝင်ပြီး selfies ရိုက်ရတာ ဝါသနာပါသူများအတွက် အသုံးဝင်မှာပါ။ Quad-core 1.2GHz CPU processor ကို စွမ်းဆောင်ရည်ပိုင်းအတွက် ထည့်သွင်းပေးထားပြီး RAM ကတော့ 1GB ပါဝင်ပါတယ်။ ဖုန်းရဲ့သိုလှောင်မှုပမာဏ 4GB ပါဝင်မှာဖြစ်ပြီး micro SD နဲ့ 32GB ထိ တိုးမြှင့်အသုံးပြုနိုင်ပါတယ်။ ဖုန်းအတွက် Li-Ion 2000mAh battery သုံးစွဲပေးထားပါတယ်။

#### Specification

| | | |
|---|---|---|
| Display | : | 4.5 inches, IPS LCD capacitive touchscreen |
| Memory | : | 4GB, 1GB RAM, micro SD, up to 32GB |
| Camera | : | 8 Megapixel, 5 MP (front), LED flash |
| OS | : | Android OS, v 4.3 (Jelly Bean) |
| Phone | : | 01-391808 (Matrix) |

## INHON P1




INHON P1 ဟာ ဖုန်းနှင့်တက်ဘလက်တို့ ပေါင်းစပ်ထားတဲ့စမတ်ဖုန်းတစ်လုံးဖြစ်ပြီး 2G, 3G network နှစ်ခုစလုံး အထောက်အပံ့ပေးနိုင်ပါတယ်။ MPT, Ooredoo, Telenor SIM Card မရွေး အသုံးပြုနိုင်ကာ Taiwan Brand အမျိုးအစားဖြစ်ပါတယ်။ 192.2 x 112.1 x 9.3 mm အရွယ်အစားရှိပြီး 272 g ရှိပါတယ်။ ၇ လက်မ IPS touchscreen LCD display ဖြစ်ပြီး 1024 x 600 resolution ပေးစွမ်းနိုင်ပါတယ်။ ဖုန်းရဲ့နောက်ခံကို ရွှေရောင်အကွက်ဆန်းများနဲ့ ဒီဇိုင်းပြုလုပ်ဖန်တီးထားပါတယ်။ Android OS အမျိုးအစား 4.4.2 (KitKat) ဖြစ်ပါတယ်။ ဖုန်းရဲ့အဓိကကင်မရာ 2MP ပါဝင်ပြီး ရှေ့ဘက်ကင်မရာက 0.3MP ဖြစ်ပါတယ်။ ဖုန်းရဲ့စွမ်းဆောင်ရည်ပိုင်းအတွက် Quad-core 1.3GHz processor ပါဝင်မှာဖြစ်ပြီး RAM က 1GB ရရှိမှာဖြစ်ပါတယ်။ ဖုန်းသုံးစွဲသူများအတွက် Myanmar font original ပါရှိမှာဖြစ်ပြီး အသံကြည်လင်ပြတ်သားအောင် ဖန်တီးပေးနိုင်တဲ့ hgih quality speaker လည်း ပါဝင်ပါတယ်။ ဖုန်းတွင်းသိုလှောင်မှုပမာဏ 8GB ဖြစ်ပြီး 32GB အထိ တိုးမြှင့်အသုံးပြုနိုင်ပါတယ်။ ဖုန်းအတွက် 3000mAh Lithium Battery သုံးစွဲပေးထားပါတယ်။

#### Specification

| | | |
|---|---|---|
| Display | : | 7 inches, IPS touchscreen |
| Memory | : | 8GB, 1GB RAM, micro SD, up to 32GB |
| Camera | : | 2 Megapixel |
| OS | : | Android OS, v 4.4.2 (KitKat) |
| Phone | : | 09-259372288 (i-Smart) |

# Phone Shop

## iLAB Premium

### Apple Sale & Service




Ko Kaung Myat (Managing Director)




တည်နေရာ - အမှတ် (၇၄)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်းနှင့် လမ်းမတော်လမ်းထောင့်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
Ph : 09-51290082, 09-253774440, 09-253774441

**iLAB Premium Apple Sale & Service အကျဉ်းချုပ်**

iLAB premium Apple သီးသန့် Sale & Service (လမ်းမတော် Showroom) ကို (၁-၂-၂၀၁၄) ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး Apple Device မျိုးစုံ၊ Accessories မျိုးစုံနှင့် iPhone 6, 6+ များကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူရရှိအောင်နိုင်အောင် ကိုယ်တိုင်တင်သွင်းရောင်းချပေးမှာ ဖြစ်ပါတယ်။

**iLAB Premium Apple Sale & Service ၏ ဝန်ဆောင်မှုများ**

iLAB Premium Apple Showroom မှ iPhone နှင့် iPad ဝယ်ယူသော Customer များအား (35000/-) တန် Member Card ကို လက်ဆောင်အဖြစ် ထည့်သွင်းပေးသွားမှာဖြစ်တယ်။ အထူးအခွင့်အရေးအနေဖြင့် Member card Active ဖြစ်နေသမျှ ကာလပတ်လုံး Application, Games, များအပြင် လိုအပ်သော Software များကို အချိန်အကန့်အသတ်မရှိ Free ထည့်သွင်းပေးသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် Accessories များ၊ Hardware ပြုပြင်ခြင်းများကိုပါ 10% Discount ဖြင့် ပြုလုပ်ရောင်းချသွားမှာ ဖြစ်ပါတယ်။

**iLAB Premium Apple Sale & Service မှ Customers များအတွက် ပေးချင်သော Message**

iLAB Premium Apple မှ ဝယ်ယူအားပေးသော Customers များအနေဖြင့် Hardware နှင့် Software ပြဿနာများ ဖြစ်ပေါ်လာပါက ကျွမ်းကျင်သော professional များမှ နောက်ဆုံးပေါ်စက်သစ်များကို အသုံးပြု၍ အကောင်းမွန်ဆုံးဝန်ဆောင်မှုနဲ့ ဖြေရှင်းပေးသွားမှာဖြစ်ပါတယ်။ iPhone မှန်လဲ၊ Battery လဲ၊ Camera လဲ၊ Body လဲ၊ Home Key လဲ power buttom လဲ အစရှိတဲ့ ပြဿနာများကို နေ့ချင်းပြီး ဆောင်ရွက်ပေးကြမှာဖြစ်တယ်။ Hardware ပြင်ဆင်လိုသည့် Customer များကို ကုန်ကျနိုင်ခြေဈေးနှုန်းအား ကြိုတင်တွက်ချက်ပေးခြင်းဖြင့် ညှိနှိုင်းဆွေးနွေးနိုင်မှာဖြစ်ပြီး Mac Book ဝယ်ယူသူများအတွက် Myanmar Font နှင့် OS ကိုပါ တစ်ခါတည်း တင်ပေးသွားမှာဖြစ်လို့ ကြွလှမ်းလာရန် ဖိတ်ခေါ်လိုက်ပါတယ်။

**iLAB Premium Apple Sale & Service မှ ရောင်းချပေးလျက်ရှိသော Apple product များ**

iLAB premium Apple မှ အရည်အသွေး မြင့်မားသော iPhone 5, 5S၊ 6+၊ iPad Air၊ iPad mini, iPad mini-2၊ Mac Book အစရှိသည့် iDevice မျိုးစုံကို အထူးသက်သာသောဈေးနှုန်းဖြင့် တစ်နေရာတည်းမှာ ဝယ်ယူရရှိနိုင်အောင် ရောင်းချပေးနေပါတယ်။

# KEY SPECS Comparison PHONE







## Samsung Galaxy Mega 2 VS Sony Xperia T2 Ultra

Samsung Galaxy Mega 2 ဟာ ၂၀၁၄ စက်တင်ဘာလက ဈေးကွက်ထဲ စတင်ဝင်ရောက်လာတာဖြစ်ပြီး မျက်နှာပြင်ကြီးကြီး ကြိုက်သူများ၏ စိတ်ဝင်စားခံရခြင်းကို တစ်ပြိုင်နက်ရရှိခဲ့တာဖြစ်ပါတယ်။ ဈေးနှုန်းအရသင့်တင့်ပြီး Hardware ပိုင်းကော၊ Software ပိုင်းပါမကျန် ထူးကဲကောင်းမွန်သော အနေအထားဖြစ်ပါတယ်။ 8MP rear camera က အရည်အသွေးကောင်းမွန်တဲ့ 3264 x 2448 pixel resolution ရှိ ဓာတ်ပုံများရရှိရန် ထောက်ပံ့ပေးထားပါတယ်။ 1080p full HD ဗီဒီယိုများကိုလည်း 30fps နဲ့ ပုံဖော်ဖန်တီးနိုင်ပါတယ်။ ရှေ့ဘက်မှာလည်း 2.1MP ရှိ ကင်မရာပါဝင်ပြီး Android 4.4.3 (KitKat) ကို သုံးစွဲပေးထားပါတယ်။ Internal storage အနေနဲ့ 16GB ပါဝင်ပြီး ထပ်တိုးအသုံးပြုချင်ရင်တော့ micro SD နဲ့ 64GB အထိ ရရှိစေမှာဖြစ်ပါတယ်။ Sony Xperia T2 Ultra ဟာ Qualcomm Snapdragon 400 Quad-core 1.4 GHz processor နဲ့ ဖုန်း၏စွမ်းဆောင်ရည်ကို မြှင့်တင်ပေးထားပြီး ဂိမ်းအတွက် Adreno 305 GPU ကို သုံးထားပါတယ်။ ဖုန်းရဲ့အဓိကကင်မရာ 13MP ဖြစ်ပြီး အရှေ့ဘက်ကင်မရာကတော့ 1.1 MP ပါဝင်ပါတယ်။ Mega 2 အတွက် Li-Ion 2800mAh battery သုံးထားပြီး Xperia T2 Ultra အတွက် Li-Ion 3000mAh battery သုံးစွဲပေးထားပါတယ်။

### 1 Design

Samsung Galaxy Mega 2 ဟာ Note 4 ထက် အနည်းငယ် ပိုမိုကြီးမားတဲ့ထုထည်ရှိပြီး လှပရိုးရှင်းတဲ့ဒီဇိုင်းမျိုး တည်ဆောက်ထားတာကို တွေ့မြင်နိုင်မှာဖြစ်ပါတယ်။ ဖုန်းရဲ့ထုထည်ကိုလည်း ကျစ်ကျစ်လျစ်လျစ် ဖွဲ့စည်းထားပါတယ်။






Sony Xperai T2 Ultra မှာ micro-SIM နဲ့ Dual-SIM ၂ မျိုးရှိတာဖြစ်ပြီး အခုအမျိုးအစားကတော့ micro-SIM ဖြစ်ပါတယ်။ Phone နဲ့ Tablet နှစ်မျိုးပေါင်းစပ် ဖန်တီးထားတဲ့ Phablet အမျိုးအစားဖြစ်ပြီး လေးထောင့်ဆန်ဆန်အနေအထားဒီဇိုင်းမျိုး တည်ဆောက်ထားတာပါ။

### 2 Processor

Samsung Galaxy Mega 2 စွမ်းဆောင်ရည်မြင့်မားတဲ့ စမတ်ဖုန်းတစ်လုံးဖြစ်ပြီး Quad-core 1.5GHz, Quad-core 1.2GHz processor နှစ်မျိုးပါဝင်မှာလည်း ဖြစ်ပါတယ်။ RAM ကတော့ 1.5 GB အပြည့်ကို အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။







Xperia T2 Ultra ဟာ Qualcomm Snapdragon 400 Chipset ကို သုံးထားပြီး Quad-core 1.4 GHz Cortex-A7 မြန်နှုန်းရှိစေမှာလည်း ဖြစ်ပါတယ်။ အဆင့်မြင့်ဂိမ်းများ ကစားနိုင်ဖို့ Graphic Adreno 305 က ပံ့ပိုးပေးထားပါတယ်။ RAM ကတော့ 1GB ပါဝင်ပါတယ်။

### 3 Display

Samsung Galaxy Mega 2 ရဲ့ မျက်နှာပြင်အရွယ်အစားဟာ Galaxy Note ထက် အနည်းငယ်မျှသာကြီးတဲ့ ၆ လက်မအရွယ်အစား ဖြစ်ပါတယ်။ ရုပ်ထွက်ကောင်းမွန်ပြီး ကြည်လင်ပြတ်သားအောင် 720 x 1280 pixels နဲ့ 245ppi တို့က ထောက်ပံ့ပေးထားပါတယ်။





Xperia T2 Ultra ကတော့ Triluminos Display ဖြစ်ပြီး ၆ လက်မ IPS LCD capacitive touchscreen ကို အသုံးပြုထားပါတယ်။ 720 x 1280 pixels resolution ကောင်းကောင်း မြင်တွေ့ခံစားနိုင်မှာဖြစ်ပြီး pixel Density 245 ppi ရှိပါတယ်။

### 4 Verdict

Samsung Galaxy Mega 2 ရဲ့ အားသာချက်က စွမ်းဆောင်ရည်မြင့်မားတဲ့ processor နှစ်မျိုးလုံး အသုံးပြုနိုင်ပြီး screen အရွယ်ကြီးကြီးဖြစ်လို့ သုံးစွဲသူအကြိုက်တွေ့စေနိုင်ပါတယ်။ Mega 2 ကို သင့်တင့်တဲ့ဈေးနှုန်းနှင့် Samsung Galaxy Note အုပ်စုများထဲမှ စမတ်ဖုန်းတစ်လုံးအသွင် ကိုင်ဆောင်အသုံးပြုနိုင်ပါလိမ့်မယ်။

SAMSUNG

SONY

Sony Xperia T2 Ultra ဟာလည်း ကောင်းမွန်တဲ့စမတ်ဖုန်းတစ်လုံးဖြစ်ပြီး Black, White, Purple အရောင် ၃ ရောင် ရွေးချယ်နိုင်မှာဖြစ်ပါတယ်။ စွမ်းဆောင်ရည်မြင့်မားပြီး Sony ရဲ့ နာမည်ကြီးပြီးသားဖုန်းစာရင်းထဲမှာ ပါရှိပြီးနေတာကြောင့် ရွေးချယ်သုံးစွဲချင်သူတွေအတွက် အဆင်ပြေစေနိုင်ပါတယ်။

NETGUIDE'S SPECIAL

# Buying Guide

Laptop Collection | Mobile Collection | Electronic Collection | Related Collection

OUR SELECTED MARKET COLLECTIONS



## RV 77S Bluetooth Speaker

**26,900/-**

အနားယူ စိတ်အပန်းဖြေတဲ့အချိန်တွေအတွက် သံစဉ်လေးတွေကို အသံအားကောင်းကောင်းနဲ့ နားဆင်နိုင်ရုံသာမက လိုအပ်ပါက အလင်းရောင်ပေးစွမ်းနိုင်တဲ့ ဓာတ်မီးတစ်လုံးလိုပါ အသုံးပြုနိုင်မယ့် Bluetooth Speaker လေးပါ။ Blutooth ပါတဲ့ device တွေနဲ့ Bluetooth ချိတ်ဆက် အသုံးပြုနိုင်ပြီး Bulid in Mic ပါတဲ့အတွက် သီချင်းနားထောင်ရုံတင်မကဘဲ Phone နဲ့ ချိတ်ထားပါက ဖုန်းပါ ပြန်လည်ပြောဆိုနိုင်မှာဖြစ်ပါတယ်။ Bluetooth Version 2.1 + EDR နဲ့ဖြစ်ပြီး Audio Frequency 100Hz-20KHz ကို အသုံးပြုထားတဲ့အတွက် အသံထွက်ကို ကြည်လင်ပြတ်သားစွာနဲ့ နားဆင်နိုင်မှာဖြစ်ပါတယ်။ Memory Card အနေနဲ့ TF / micro SD Card များကို 32GB ထိ ထပ်မံစိုက်သွင်းပြီးလည်း အသုံးပြုနိုင်ပါတယ်။ Aux Universal 3.5mm Audio Jack နဲ့လည်း တွဲဖက်ပြီးအသုံးပြုနိုင်ပါတယ်။ Play/Paus, Next/Prev, Vol- / Vol+ Key လေးများလည်း ပါရှိတဲ့အတွက် အသုံးပြုရလွယ်ကူအဆင်ပြေစေနိုင်မှာပါ။ BL-4C Rechargable Li-ON battery 800mAh ရှိပြီး 2 hour charging လုပ်ပြီး 5 hour အသုံးပြုလို့ရတဲ့အတွက် ခရီးသွားလာရာမှာလည်း သယ်ဆောင်သွားနိုင်ပြီး ပျော်ရွှင်ဖွယ်နေ့ရက်လေးတွေကို သံစဉ်များနဲ့အတူ ဖြတ်ကျော်ဖို့ အကူအညီရစေနိုင်မယ့် gadget Bluetooth Speaker လေးပဲ ဖြစ်ပါတယ်။

F @ X | 01- 252627, 09 91039206



## USB to HDMI Display Link Converter

**45,800/-**

USB Port မှတစ်ဆင့် အရည်အသွေးမြင့် HDMI Resolution ကို ပြောင်းလဲရရှိစေနိုင်ဖို့ကို ပေါင်းကူးမယ့် Converter လေးပဲ ဖြစ်ပါတယ်။ အဓိကအားဖြင့် Display Link လုပ်ရခက်တဲ့ MAC တွေအတွက်ကတော့ အရမ်းကို အသုံးတည့်စေနိုင်တဲ့ Gadgat လေးဖြစ်မှာပါ။ ဒါ့အပြင် USB Post သို့မဟုတ် VGA Port သာပါဝင်တဲ့ Laptop, Desktop စတာတွေကိုလည်း HDMI Output အဖြစ်ရရှိစေပြီး HDMI Input လက်ခံအသုံးပြုနိုင်တဲ့ ပစ္စည်း Player များနဲ့ တွဲဖက်အသုံးပြုနိုင်မှာပဲ ဖြစ်ပါတယ်။ ရုပ်ထွက်အားဖြင့်ကျသွားခြင်းမရှိဘဲ HDMI Resolution 1080p အပြည့်အဝကိုတွေ့မြင်ခံစားနိုင်မှာဖြစ်လို့ သုံးစွဲသူများအကြိုက်တွေ့စေမှာပဲ ဖြစ်ပါတယ်။ Windows / Mac နှစ်မျိုးလုံးအတွက် Drive လည်း တွဲလျက်ပါရှိပေးထားလို့ အလွယ်တကူပဲ ချိတ်ဆက်အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ မိမိချိတ်ဆက် အသုံးပြုချင်တဲ့ Device နှစ်ခုရဲ့ Ports မတူညီတဲ့ ပြဿနာများကိုလည်း ဒီ Converter က အလွယ်တကူ ဖြေရှင်းပေးနိုင်မှာပဲ ဖြစ်ပါတယ်။ အိမ်တွင်းမိသားစုအပန်းဖြေတဲ့အချိန်မျိုးမှာ ရုပ်သံအပြည့်အဝခံစားဖို့ပဲဖြစ်ဖြစ် လုပ်ငန်းပိုင်းအတွင်းမှာ အသုံးပြုဖို့ပဲဖြစ်ဖြစ် အသုံးဝင်စေနိုင်မယ့် new gadget လေးပဲ ဖြစ်ပါတယ်။

F @ X | 01-380988, 09 91039206

## The best we've tested Mobiles, Electronics gear, Gadgets, Computer & more



## MT 8062 Pen PH Meter

**42,600/-**

အခု Product လေးကတော့ ရေရဲ့ PH Level ကို အလွယ်တကူ စမ်းသပ်ရှာဖွေတွေ့ရှိနိုင်ဖို့ကို အထောက်အကူပြု အသုံးပြုနိုင်မယ့် PH Meter လေးပဲ ဖြစ်ပါတယ်။ measurement range 0 to 14.00 PH ထိတိုင်းတာနိုင်ပြီး ရေမှာပါဝင်နေတဲ့ အပူချိန်ကိုလည်း 0 to 50°C တစ်ခါတည်း တွဲလျက်ပြသပေးမှာ ဖြစ်ပါတယ်။ တိုင်းတာလို့ရလာမယ့် PH ရဲ့အခြေအနေကို Digital LCD display ဖြင့် ထင်ရှားမြင်သာစွာတွေ့မြင်နိုင်မှာမို့ အသုံးပြုရ အဆင်ပြေစေနိုင်မှာပါ။ အလှမွေးငါးကန်၊ ရေကူးကန်၊ အဖျော်ယမကာ၊ သိပ္ပံဓာတ်ခွဲခန်း စမ်းသပ်ခန်း အစရှိသော နေရာများအတွက်တော့ လုပ်ငန်းအထောက်အကူပြု လုပ်ပေးနိုင်မယ့် ပစ္စည်းလေးပဲဖြစ်ပါတယ်။ စမ်းသပ်နိုင်မယ့် Sensor Electrode ကို Cable အရှည်လေးနဲ့ ထည့်သွင်းလုပ်ဆောင်ပေးထားတာမို့လည်း အသုံးပြုချင်တဲ့နေရာတိုင်းအတွက် လွယ်ကူအသုံးဝင်စေနိုင်မှာပါ။ အခြားတိုင်းတာရေးပစ္စည်းအနေနဲ့ TDS Meter, Cond Meter, Salt Meter များလည်းဝယ်ယူရရှိနိုင်ပါတယ်။

F @ X | 01-252627, 09 91039206




## 1 x 8 HDMI Splitter

**61,500/-**

Hight Definition Multimedia Interface လို့ခေါ်တဲ့ ရုပ်သံနှစ်မျိုးလုံးကို ကောင်းမွန်စွာ Cable ကြိုးတစ်ကြိုးတည်းနဲ့ အသုံးပြုနိုင်တဲ့ HDMI Ports တွေဟာ အရည်အသွေးပြည့်မီတဲ့ Device မျိုးစုံမှာ ပါဝင်လာပြီဖြစ်ပါတယ်။ ထို့အတူ အခု Splitter လေးက input signal တစ်ခုထဲမှနေ ကောင်းမွန်တဲ့ရုပ်ထွက်တွေကို ၈ လုံးထိ ထပ်မံပြီးပွားကာ တစ်ပြိုင်နက်တည်း ကြည့်ရှုနိုင်အောင် ပေါင်းကူးပေးမယ့် Device လေးပဲဖြစ်ပါတယ်။ အနိမ့်ဆုံး 480p မှနေအမြင့်ဆုံး Resolution 1080p, 3D 2K x 4K အထိကို Supports ပြုလုပ်ပေးနိုင်တဲ့ Splitter လေးမို့ သုံးစွဲရာမှာ အရမ်းကို အဆင်ပြေစေနိုင်မှာ ဖြစ်ပါတယ်။ အရည်အသွေးမြင့်မားတဲ့ HDMI Version 1.4 ဖြစ်တဲ့အတွက် 3D ရုပ်ထွက်တွေကိုမှ ကြည့်ရတာ နှစ်သက်သူများအတွက်တော့ စိတ်ကြိုက်တွေ့စေနိုင်မယ့် ပစ္စည်းလေးဆိုလည်း မမှားပါဘူး။ မိမိရဲ့ အနားယူအပန်းဖြေတဲ့ အချိန်မျိုးအတွက် အိမ်တွင်းမှာ အသုံးပြုနိုင်သလို ရုံးခန်း၊ Showroom လိုနေရာမျိုးတွေမှာလည်း အသုံးဝင်စေနိုင်မယ့် Splitter လေးဖြစ်မှာပါ။

F @ X | 01-380988, 09 91039206



## L4 Design Notebook Cooler

**9,000/-**

ဒီဇိုင်းလှပပြီး Notebook များကိုအေးမြစေမယ့် L4 Design Notebook Cooler လေးပဲဖြစ်ပါတယ်။ အပြင်ဘက်ရှိလေများကို စုပ်ယူပြီး Cooler တွင်းမှ ဖြတ်သန်း၍ အပေါ်ဘက်တည့်တည့်သို့ မှုတ်ထုတ်ပေးသော ဒီဇိုင်းသစ်ဖြင့် အထူးလှပလှပါတယ်။ အကျယ်အဝန်း 18.4 လက်မရှိပြီး ကြီးမားကျယ်ပြန့်ကာ Professional Notebook Size အကြီးများအတွက် အထူးသင့်တော်လှပါတယ်။ USB Hub ပါဝင်ပြီး Fan Speed Adjust button ပါဝင်ကာ Fan များမှလည်း LED ပြာလဲ့လဲ့ မီးရောင်များဖြင့် အလွန်လှပလှပါတယ်။ Color 6 ရောင် စိမ်း၊ ပန်း၊ ပြာ၊ ခရမ်း၊ ဖြူ၊ နက် စသည်ဖြင့် ရရှိနိုင်ပါတယ်။

Matrix II | 01-378843, 01-391808



## HP Deskjet 1000 Series Inkjet Printer

**38,000/-**

အရိုးရှင်းဆုံးနဲ့ အသက်သာဆုံး HP Brand Inkjet Printer လေးပဲ ဖြစ်ပါတယ်။ အိမ်သုံး user များအတွက် ဈေးမများဘဲ Color Printer တစ်လုံး ပိုင်ဆိုင်နိုင်ပြီး Computer ဖြင့်လည်း အလွယ်တကူ ချိတ်ဆက်နိုင်ပါတယ်။ တစ်မိနစ်အရွက်ရေ 16 Page ... Black ဖြင့် ထုတ်နိုင်ပြီး 12 page color ဖြင့် ထုတ်နိုင်ပါတယ်။ ချက်ချင်းပါဝါဖွင့်၍ ချက်ချင်း Print ထုတ်နိုင်ပြီး Resolution ကောင်းမွန်ကာ ဓာတ်ပုံများပင် Quality ကောင်းကောင်း ထုတ်ယူနိုင်ပါတယ်။

Matrix II | 01-378843, 01-391808

## Sony HXR-NX31 (Camcorder)




အရည်အသွေး မြင့်မားတဲ့လုပ်ဆောင်ချက်တွေ ပါဝင်ပြီး ကိုင်ဆောင်ရလွယ်ကူစေရန်ခိုင်ခံ့ကျစ်လျစ်သောဒီဇိုင်းဖြင့် ဖန်တီးထုတ်လုပ်ထားတဲ့ Sony HXR-NX31 NXCAM Professional Camcorder ဖြစ်ပါတယ်။ Three 1/2.8" Exmor CMOS Sensor ပါရှိတာကြောင့်အလင်းရောင်အနည်းငယ်သာရှိတဲ့ရိုက်ကွင်းတွေမှာ ပုံရိပ်တွေကို အကြည်လင်အပြတ်သားဆုံးဖြစ်အောင်ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ 3.5" LCD Monitor ပါရှိတာကြောင့် မြင်ကွင်းတွေကို ရှင်းလင်းစွာပြသပေးနိုင်မှာပါ။ ၎င်းဟာ Full HD 1920 x 1080 Resolution ရှိတဲ့ဗီဒီယိုတွေကို 24p, 30p, 60i နှင့် 60p Frame Rates တွေမှာရိုက်ကူးနိုင်မှာဖြစ်ပြီး 20x Optical Zoom ရှိတဲ့ Sony G Lens က အဝေးမြင်ကွင်းတွေကို အကြည်လင်အပြတ်သားဆုံးဖြစ်အောင် ဆွဲယူရိုက်ကူးနိုင်စေရန် ထောက်ပံ့ပေးထားပါတယ်။ ဒါ့အပြင် 720/60p AVCHD Capture, 2x Slow Motion And 60x Quick Motion Recording နှင့် Standard Defintion DV Recording တို့ကိုလည်းထည့်သွင်းပေးထားပါတယ်။ လက်တုန်ခါမှုကြောင့် ပုံရိပ်များဝေဝါးခြင်းမှကာကွယ်ရန် Image Stabilizer ကိုထည့်သွင်းပေးထားပါတယ်။ Wi-Fi Control စနစ်ပါရှိတာကြောင့် Smartphone နှင့် Tablet တို့ကို Remote Control (သို့မဟုတ်) Remote Viewfinder အဖြစ်အသုံးပြုကာ Touch Auto Focus, Zoom, INS နှင့် Recording Start / Stop အစရှိတဲ့ ကင်မရာရဲ့လုပ်ဆောင်ချက်တွေကို ထိန်းချုပ်နိုင်မှာဖြစ်ပါတယ်။ Built in Microphone, NFC One-Touch Remote နှင့် Built in LED Video Light ပါရှိပြီး SD Card ၂ ခုပါဝင်တာကြောင့် ရိုက်ကူးပြီးသားဗီဒီယိုများကို ကောင်းမွန်စွာသိမ်းဆည်းထားနိုင်ပါတယ်။ 2.54 kg လေးပါတယ်။ ဈေးနှုန်းကတော့ ၃,ဝ၉၉ ဒေါ်လာဖြစ်ပါတယ်။

## Canon PowerShot SX700 HS




Canon PowerShot SX700 HS ဒီဂျစ်တယ်ကင်မရာဟာ 16.1 Megapixel နှင့် CMOS Sensor DIGIC 6 Image Processor တို့ပါဝင်တာကြောင့် အရည်အသွေးမြင့်မားတဲ့ဓာတ်ပုံနှင့်ဗီဒီယိုတွေကို အလင်းရောင်အနည်းငယ်သာရရှိတဲ့နေရာတွေမှာတောင်ကောင်းမွန်စွာရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ 30x Optical Zoom Lens က အဝေးပုံရိပ်တွေကိုဆွဲယူရိုက်ရာမှာကြည်လင်ပြတ်သားမှုရှိစေရန်ထောက်ပံ့ပေးပါတယ်။ 3.0" LCD Screen ပါရှိပြီး Live View Monitonng, Image Playback နှင့် Menu Navigation တို့ကိုလုပ်ဆောင်နိုင်မှာပါ။ Built in Wireless Connectivity နှင့် Near Field Communication Connectivity တို့ပါဝင်တာကြောင့်ရိုက်ကူးပြီးသောဓာတ်ပုံနှင့်ဗီဒီယိုများကို ကွန်ပျူတာ (သို့) Mobile Devices များဆီသို့ ပြောင်းရွှေ့နိုင်ပြီး Social Website များပေါ်တွင်လည်း မျှဝေနိုင်မှာဖြစ်ပါတယ်။ ဈေးနှုန်းကတော့ ၂၇၉ ◦ ၉၉ ဒေါ်လာဖြစ်ပါတယ်။

## Panasonic Lumix DMC-FZ200




Panasonic ရဲ့ နောက်ဆုံးပေါ်ဒီဂျစ်တယ် Compact ကင်မရာတစ်လုံးဖြစ်ပါတယ်။ ပေါ့ပါးပြီးပုံထွက်ကောင်းပါတယ်။ 12.1MP MOS sensor က အသေးစိတ်ကျတဲ့ပုံတွေဖမ်းယူပေးပြီး LSI Venus Engine processor ကိုသုံးထားလို့ လုပ်ဆောင်ချက်မြန်ဆန်ပါတယ်။ ၂၄ ဆဆွဲနိုင်တဲ့ Leica Optical Zoom lens ကိုသုံးထားပြီး Intelligent Zoom function ကြောင့် zoom ကို ၄၈ ဆထိ ထပ်ဆွဲနိုင်ပါတယ်။ အုပ်စုလိုက်ပုံတွေရိုက်နိုင်ပြီး မြင်ကွင်းတွေ အနီးကပ်ဆွဲရိုက်နိုင်ပါတယ်။ Optical Image Stabilization နဲ့ Active Mode က ပုံဝေဝါးမှုကိုလျော့ချပေးပြီး ကြည်လင်ပြတ်သားတဲ့ပုံတွေရနိုင်ပါတယ်။ Focus နှုန်းထားမြန်ဆန်ပြီး ၁ စက္ကန့်ကို 12fps နှုန်းနဲ့ဆက်တိုက်ရိုက်နိုင်ပါတယ်။ Display အတွက် 3.0" Free Angle LCD monitor သုံးထားပါတယ်။ Full HD 1080p video တွေကို Hight Speed နဲ့ရိုက်နိုင်ပြီး 120fps/240fps ထိရိုက်နိုင်ပါတယ်။ Electronic viewfinder သုံးနိုင်ပြီး မြင်ကွင်းကို 100% ပေးစွမ်းနိုင်ပါတယ်။ ၂၉၇ ◦ ၉၉ ဒေါ်လာပါ။

## CAMERA REVIEW...

# Nikon D750




Nikon D750 ကတော့ Nikon က အသစ်စက်စက်မိတ်ဆက်လိုက်တဲ့ Full-frame DSLR ကင်မရာတစ်လုံးပဲဖြစ်ပါတယ်။ သုံးထားတဲ့ကင်မရာနည်းပညာတွေထဲမှာ အရင်ထုတ်ထားတဲ့ D810 က နည်းပညာတွေလည်းပါဝင်ပြီး ကင်မရာကိုယ်ထည်က ပိုမိုကျစ်လျစ်ပြီးပေါ့ပါးမှုရှိပါတယ်။ ဗီဒီယိုသမားတွေအတွက် အဆင့်မြင့်ဗီဒီယို feature တွေပါဝင်ပြီး ကင်မရာရိုက်ကူးမှုနှုန်းလည်းကောင်းမွန်ပါတယ်။ ကင်မရာကိုယ်ထည်ရှေ့ခြမ်းကို ကာဗွန်ဖိုက်ဘာနဲ့ပေါ်လီမာပလတ်စတစ်တို့ပေါင်းစပ်ပြုလုပ်ထားပြီး ကင်မရာကျောဘက်နဲ့ထိပ်ပိုင်းကိုတော့ မဂ္ဂနီဆီယံသားနဲ့ပြုလုပ်ထားပါတယ်။ အလွန်ပေါ့ပါးမှုရှိတဲ့ကင်မရာဖြစ်ပြီး Nikon ရဲ့ပုံမှန် pro ကင်မရာတွေထဲမှာ အပေါ့ပါးဆုံးကင်မရာတစ်လုံးအဖြစ်ဖော်ပြခြင်းခံရပါတယ်။ အခု ၂ဝ၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့ကမှ အသစ်စက်စက်မိတ်ဆက်လိုက်တာဖြစ်ပါတယ်။ ကိုင်တွယ်ရတာပေါ့ပေါ့ပါးပါးနဲ့ အရည်အသွေးမြင့်ကင်မရာတစ်လုံး လိုအပ်နေတဲ့ဓာတ်ပုံပညာရှင်တွေအတွက် မရှိမဖြစ်အသုံးပြုသင့်တဲ့ကင်မရာတစ်လုံးဖြစ်ပါတယ်။ 24.3MP FX-Format CMOS Sensor နဲ့ EXPEED 4 Image processor တို့ကိုတွဲဖက်အသုံးပြုထားပါတယ်။ Noise ဖြစ်မှုလျော့ပါးတဲ့အတွက် ပုံအရည်အသွေးက ထင်းခနဲဖြစ်အောင်ကြည်လင်ပြတ်သားနေပြီး ပုံအရောင်အသွေးအလွန်ချောမွေ့ပါတယ်။ ညအခါလိုအလင်းရောင်အားနည်းတဲ့အခါမှာလည်း ပုံထွက်ကောင်းစေဖို့အတွက် ISO ပမာဏကို 12800 အထိတင်ရိုက်နိုင်တဲ့အပြင် 51200 ထိထပ်တိုးပြီးရိုက်နိုင်ပါတယ်။ သုံးထားတဲ့ Sensor နဲ့ Processor တို့ကြောင့် ကင်မရာလုပ်ဆောင်ချက်မြန်ဆန်ပြီး resolution အပြည့်နဲ့ တစ်စက္ကန့်ကို 6fps နှုန်းနဲ့ဆက်တိုက်ရိုက်နိုင်ပါတယ်။ ဒါ့အပြင်ပုံတွေကို DX format နဲ့ရိုက်နိုင်ပြီး DX lens တွေလည်းအသုံးပြုနိုင်မှာပါ။ EXPEED 4 image processor ရဲ့စွမ်းအားကြောင့်ရုပ်သေပုံတွေအပြင် Full HD 1080p video တွေကိုလည်းရိုက်ကူးနိုင်ပါတယ်။ ဗီဒီယိုတွေကို frame rate မျိုးစုံနဲ့ တစ်စက္ကန့် 60 fps နှုန်းနဲ့ဖမ်းယူနိုင်ပါတယ်။ ဗီဒီယိုရိုက်ကူးနေစဉ် shutter speed, aperture နဲ့ ISO တို့ကိုအပြည့်အဝချိန်ညှိနိုင်မှာပါ။ ပိုမိုအရည်အသွေးကောင်းတဲ့ဗီဒီယိုကိုရရှိဖို့အတွက် Zebra function၊ Picture Control၊ custom tone curves စတဲ့ function တွေကိုအသုံးပြုနိုင်ပါတယ်။ HDMI port ပါပြီး သီးခြား recorder တွေတွဲသုံးနိုင်မှာပါ။ သီးခြား recorder နဲ့ရိုက်ကူးနေစဉ်မှာ ကင်မရာရဲ့ LCD monitor ကို live view သုံးနိုင်ပါတယ်။ ဗီဒီယိုရိုက်ယူနေစဉ်ရုပ်သေပုံတွေကိုလည်း တပြိုင်တည်းရိုက်နိုင်ဦးမှာပါ။ အသံပါဖမ်းနိုင်ပြီး သီးခြားမိုက်ခရိုဖုန်းနဲ့လည်းတွဲသုံးနိုင်ပါတယ်။ အသံမဖမ်းခင်မှာ အသံအဆင့်ကို အဆင့် ၂ဝ နဲ့ချိန်နိုင်ပါတယ်။ ထူးခြားတဲ့ရုပ်ပုံအရည်အသွေးကိုရရှိဖို့အတွက် ဒီကင်မရာမှာ 51-point autofocus စနစ်ကိုအသုံးပြုထားပါတယ်။ လှုပ်ရှားမှုပုံရိပ်တွေကိုလိုက်ရိုက်ရာမှာ focus ချိန်တာ ပိုမိုမှန်ကန်တိကျမှုရှိတဲ့အတွက် ပုံရိပ်ကြည်လင်ပြတ်သားမှုအားကောင်းပါတယ်။ RGB sensor နဲ့အတူ 3D Color Matrix Metering III စနစ်ကိုပါအသုံးပြုထားပြီး autofocus စွမ်းရည်ကို ပိုမိုကောင်းမွန်စေတဲ့အပြင် exposure တိုင်းတာရာမှာ ပိုမိုမှန်ကန်မှုရှိစေပါတယ်။ Display အတွက် 3.2" LCD monitor တပ်ဆင်ထားပါတယ်။ LCD မျက်နှာပြင်က ဘယ်ညာတိမ်းနိုင်ယိမ်းနိုင်လို့ ရှုထောင့်အနိမ့်အမြင့်အားလုံးနဲ့အဆင်ပြေပါတယ်။ RGBW color စနစ်ဖြစ်လို့ အလင်းရောင်အလွန်တောက်ပတဲ့အခါမျိုးမှာလည်း မြင်ကွင်းကိုရှင်းလင်းပြတ်သားစွာမြင်နိုင်ပါတယ်။ မြင်ကွင်းကို 100% အပြည့်ပြပေးပြီး setting တွေကြည့်ရတာရှင်းလင်းပြတ်သားနေမှာပါ။ Flash လည်းသုံးနိုင်ပြီး hot shoe လည်းသုံးနိုင်ပါတယ်။ ပုံတွေ၊ ဗီဒီယိုတွေကို ပိုမိုသိမ်းဆည်းနိုင်ဖို့အတွက် SD card ၂ ကတ်သုံးနိုင်ပြီး သုံးထားတဲ့ဘက်ထရီကအားအပြည့်သွင်းထားရင် ပုံပေါင်း ၁၂၃ဝ ထိရိုက်နိုင်ပါတယ်။ Wi-Fi သုံးနိုင်ပြီး ပုံတွေအလွယ်တကူ share လုပ်နိုင်ပါတယ်။ မိုဘိုင်းဖုန်းထဲမှာ Nikon Wireless Mobile Utility app ကိုသုံးထားမယ်ဆိုရင် ဖုန်းကတစ်ဆင့် ကင်မရာထဲကပုံတွေကို အလွယ်တကူကူးယူနိုင်တဲ့အပြင် ကင်မရာကိုဖုန်းနဲ့လှမ်းသုံးနိုင်ပါတယ်။ ဈေးနှုန်းကတော့ ကိုယ်ထည်သီးသန့်ကို ၂၉၉၆ ◦ ၉၅ ဒေါ်လာကျသင့်မှာဖြစ်ပါတယ်။

ယခင်အပတ်မှအဆက် ➤

# Local Market China Phone



ပြည်တွင်းဈေးကွက်မှာ အခုဆိုရင်တရုတ်ဖုန်းတွေ အများစုဝင်ရောက်လာတာကို တွေ့ရမှာပါ။ ဒီလိုဖုန်းတွေထဲမှာတော့ လတ်တလော ပြည်တွင်းဈေးကွက်မှာ လူကြိုက်များနေတဲ့ဖုန်းတွေကတော့ OPPO,Coolpad, Lenovo နဲ့ Acer လိုဖုန်းတွေပါဘဲ။ ဈေးကွက်ထဲကို ဝင်ရောက်လာတဲ့ဖုန်းတွေဟာ တန်ဖိုးသက်သာတဲ့အပြင်၊ စွမ်းဆောင်ရည်ကလည်း အတော်ကောင်းမွန်တာလည်းတွေ့ရပါတယ်။ အချို့ဖုန်းတွေဆိုရင် အခြားဖုန်းတွေနဲ့ မတူညီတဲ့ လုပ်ဆောင်ချက်တွေပါဝင်လာတာကြောင့် သုံးစွဲသူတွေအနေနဲ့ နည်းပညာသစ်တွေကိုပါ မြည်းစမ်းခွင့်ရရှိကြပါတယ်။ ဒါကြောင့် လတ်တလောဈေးကွက်ထဲမှာရှိတဲ့ အကောင်းဆုံး လုပ်ဆောင်ချက်တွေနဲ့ တရုတ်ဖုန်းတွေကို ဖော်ပြလိုက်ပါတယ် . . .

## Asus Zenfone 5




ASUS ရဲ့ 5.0 လက်မမျက်နှာပြင်မှာ ပုံရိပ်တွေကို ဖော်ပြပေးဖို့အတွက် 720x1280pixel သာရှိမှာဖြစ်တာကြောင့် ပုံရိပ်တွေကို ကြည်လင်ပြတ်သားစွာဖော်ပြပေးမှာဖြစ်ပါတယ်။ အဓိကကင်မရာဟာ 8MP ဖြစ်ပြီး Selfie ရိုက်ကူးလိုသူတွေကိုတော့ ရှေ့ဘက်ကင်မရာဟာ 2MP ဖြစ်ပါတယ်။ အချက်အလက်တွေသိုလှောင်သိမ်းဆည်းစေဖို့အတွက် 8GB ပါဝင်တယ်ဆိုပေမယ့်သုံးစွဲသူတွေဟာ 5GB လောက်သာရရှိနိုင်စေမှာပါ။ ဒါကြောင့် SD card ကနေထပ်မံတိုးမြှင့်နိုင်မှာဖြစ်ပြီး 64GB အထိရရှိနိုင်မှာဖြစ်ပါတယ်။ အချက်အလက်တွေ လွှဲပြောင်းနိုင်စေဖို့အတွက်တော့bluetooth,wifi တို့ကိုသုံးစွဲနိုင်စေမှာပါ။ OS ကတော့ android 4.3 နဲ့သုံးစွဲနိုင်မှာဖြစ်ပြီး၊ ဖုန်းတစ်လုံးရဲ့ မြန်ဆန်တဲ့လုပ်ဆောင်နိုင်စွမ်းတွေရရှိစေဖို့အတွက် စွမ်းဆောင်ပေးမှာကတော့ 2GHz အမြန်နှုန်းရှိမယ့် Dual-core ပရိုဆက်ဆာပါပဲ။ မျက်နှာပြင်ကာကွယ်နိုင်စွမ်းလည်းကောင်းမွန်ပြီး gorilla glass 3 ကိုသုံးစွဲပေးထားပါတယ်။ ဘက်ထရီကိုတော့အချိန်ကြာကြာသုံးနိုင်မယ့် li-po 2110mAh ကို သုံးထားပါတယ်။

Ph : 01 - 371924

## OiMax i88+




ပြည်တွင်းဈေးကွက်ကို ဝင်ရောက်လာတဲ့ dual-sim သုံးနိုင်မယ့်စမတ်ဖုန်းလေးပဲဖြစ်ပါတယ်။ မြန်မာစာစနစ်ကို အသင့်အသုံးပြုနိုင်မှာဖြစ်ပြီး sensor စနစ်အများအပြားသုံးစွဲနိုင်မှာဖြစ်တာကြောင့် screen ကို တိုက်ရိုက်ထိတွေ့စရာမလိုဘဲ လုပ်ဆောင်ချက်အများစုကို လွယ်ကူစွာသုံးစွဲနိုင်မှာဖြစ်ပါတယ်။ 5 လက်မမျက်နှာပြင်ဟာ ပုံရိပ်တွေကိုအရှင်းလင်းဆုံးတွေ့မြင်နိုင်မှာဖြစ်ပြီး HD ရုပ်ထွက်ကိုခံစားရစေမှာပါ။ စွမ်းဆောင်ရည်မြင့်လုပ်ဆောင်ချက်တွေကို ပြုလုပ်နိုင်စေဖို့အတွက်ကတော့ Quad-core ပရိုဆက်ဆာကို ထည့်သွင်းတည်ဆောက်ပေးထားပါတယ်။ ကင်မရာပိုင်းအတွက်လည်း ကောင်းမွန်ပြီး 13MP ကင်မရာဟာ ရုပ်ထွက်ကောင်းကောင်းနဲ့ ကင်မရာတွေကို ဖမ်းယူနိုင်ပါလိမ့်မယ်။ အရှေ့ဘက်ကင်မရာငယ်တောင်မှ 2MP ကိုသုံးထားတာကြောင့် selfie လှလှလေးရိုက်နိုင်မှာပါ။ အချက်အလက်သိုလှောင်သိမ်းဆည်းနိုင်ဖို့အတွက် 8GB ဖြစ်ပြီး ထပ်မံတိုးမြှင့်လိုတယ်ဆိုရင်တော့ 64GB အထိ လက်ခံနိုင်စွမ်းရှိပါတယ်။ OS ကိုတော့ android 4.4.2 ကိုသုံးနိုင်မှာဖြစ်ပါတယ်။

Ph : 09 254399097

## Lenovo S930




ပြည်တွင်းဈေးကွက်မှာ သုံးစွဲသူတွေကြိုက်နှစ်သက်မှုရှိနေတဲ့ lenovo ရဲ့ Dual sim သုံးနိုင်မယ့်ဖုန်းဖြစ်ပြီး 6.0 လက်မမျက်နှာပြင်ကိုသုံးစွဲနိုင်မှာဖြစ်ပါတယ်။ 720p ဟာအရောင်တွေကို တိကျစွာဖော်ပြပေးမှာဖြစ်ပါတယ်။ကင်မရာအသုံးပြုလိုသူတွေအတွက်ကတော့ 8MP ဖြစ်ပြီး ပုံရိပ်အရည်အသွေးကို 3264x 2448 ရရှိစေမှာပါ။ video ရိုက်ကူးလိုသူတွေအတွက်ကတော့ 1080p ရုပ်ထွက်နဲ့ရရှိစေမှာပါ။ အချက်အလက်တွေသိုလှောင်သိမ်းဆည်းနိုင်စေဖို့အတွက် 8GB ဖြစ်ပြီး 1GB Ram အထောက်အပံ့ပါဝင်မှာဖြစ်ပါတယ်။ ဖုန်းကိုမြန်ဆန်စွာသုံးစွဲနိုင်စေဖို့အတွက် 1.3GHz quad-core ပရိုဆက်ဆာကိုထည့်သွင်းပေးထားပါတယ်။ 6.0 လက်မမျက်နှာပြင်မှာ ဂိမ်းတွေကိုမြန်မြန်ဆန်ဆန်နဲ့ ဆော့ကစားနိုင်စေဖို့အတွက်ကိုလည်း Mail-400MP2 ဂရပ်ဖစ်ထည့်သွင်းပေးထားလို့ တန်ဖိုးသက်သာပြီး အရည်အသွေးမြင့်ဖုန်းတစ်လုံးအဖြစ် သတ်မှတ်နိုင်ပါတယ်။ Android os ကိုတော့ နောက်ဆုံးထွက်ဗားရှင်းမဟုတ်ပေမယ့် 4.2.2(JB) ကိုသုံးစွဲနိုင်ပါလိမ့်မယ်။ အရှေ့ဘက်ကင်ရာငယ်လည်းပါဝင်ပြီး 1.6MP အရည်အသွေးဖြစ်ပါတယ်။

Ph : 01 - 381035

## Xiaomi Redmi Note




တရုတ်နိုင်ငံရဲ့ စမတ်ဖုန်းရောင်းချမှုမှာနံပါတ်တစ်အဖြစ် ရပ်တည်နေတဲ့ Xiaomi ရဲ့ Dual-Sim သုံးနိုင်မယ့်ဖုန်းလေးပဲဖြစ်ပါတယ်။ Octa-Core သုံးထားတဲ့ဖုန်းဖြစ်ပြီး5.5 လက်မမျက်နှာပြင်ဖော်ပြနိုင်စွမ်းကိုရရှိမှာဖြစ်ပါတယ်။ ပုံရိပ်ဖော်ပြနိုင်စွမ်းကောင်းမွန်ပြီး 720x1280pixel ရှိမှာဖြစ်ပါတယ်။ 267ppi ကလည်းပြည့်စုံတဲ့ ပုံရိပ်ဖော်ပြမှုကိုရရှိစေမှာပါ။ 13MP ကင်ရာဟာဗီဒီယိုတွေကို1080HD ရရှိအောင် ရိုက်ကူးဖမ်းယူနိုင်ပါလိမ့်မယ်။ အရှေ့ဘက်ကင်မရာက 5MP တပ်ဆင်ပေးထားပါတယ်။ Android OS 4.2(JB) နဲ့ လိုက်ဖက်ညီစွာသုံးစွဲနိုင်စေဖို့အတွက် Octa-Core 1.4GHz အမြန်နှုန်း ပရိုဆက်ဆာပါဝင်လာမှာ ဖြစ်ပါတယ်။ အချက်အလက်သိုလှောင်သိမ်းဆည်းနိုင်စေဖို့အတွက်ကတော့ 8GB ဖြစ်ပြီး2GB RAM အထောက်အပံ့ ပါဝင်လာမှာဖြစ်ပါတယ်။ SD card ကနေထပ်မံတိုးမြှင့်နိုင်မှာဖြစ်ပြီး 32GB အထိ လက်ခံနိုင်စွမ်းရှိမှာဖြစ်ပါတယ်။

Ph : 01- 371923

## Vivo Xshot




Vivo ဖုန်းတွေဟာနည်းပညာ မြင့်မားစွာထုတ်လုပ်ထားတာကြောင့် ပြည်တွင်းမှာရှိတဲ့မိုဘိုင်းကွန်ရက်တွေ နဲ့အဆင်ပြေစွာသုံးစွဲနိုင်တာကိုတွေ့ရပါတယ်။ မျက်နှာပြင်အကျယ်အဝန်းကတော့ လုံးဝနှစ်သက်စရာပါပဲ 5.2 inch full HD ဟာမြင်ကွင်းတွေကိုရှင်းလင်းစွာမြင်တွေ့ရမှာ ဖြစ်ပါတယ်။ ကင်မရာရိုက်ကူးလိုသူတွေအတွက်ကတော့ 13MP ဖြစ်ပြီးပုံရိပ်တွေကိုအကောင်းဆုံးရိုက်ကူးနိုင်တဲ့အပြင် video ရိုက်ကူးမယ်ဆိုရင်တော့အကြည်လင်အပြတ်သားဆုံးရုပ်ထွက် 4K အဆင့်ထိရရှိနိုင်မှာဖြစ်ပါတယ်။ အရှေ့ဘက်ကလည်း 8MP ဖြစ်ပါတယ်။ ဖုန်းထဲမှာ photo,video,app တွေကိုထည့်သွင်းနိုင်စေဖို့အတွက်တော့ သိုလှောင်နိုင်စွမ်းဟာ 16GB ဖြစ်ပြီး၊ 2.5GHz အမြန်နှုန်းရှိမယ့်quad-core ပရိုဆက်ဆာဟာဖုန်းရဲ့ လုပ်ဆောင်နိုင်စွမ်းတွေကိုအကောင်းဆုံးစွမ်းဆောင်ပေးပါလိမ့်မယ်။android 4.3 မှာအခြေခံတည်ဆောက်ထားတဲ့ Funtouch OS ကိုသုံးစွဲနိုင်မှာဖြစ်ပါတယ်။

Ph : 01 - 385077

## Acer Liquid S1




ပြည်တွင်းဈေးကွက်မှာ ဖုန်းတွေထဲကမှ acer ဖုန်းကိုနှစ်သက်သူတွေအတွက် Dual-Sim သုံးနိုင်မယ့်ဖုန်းလေးပဲဖြစ်ပါတယ်။ Quad-Core သုံးထားတဲ့ဖုန်းဖြစ်ပြီး5.7 လက်မမျက်နှာပြင်ဖော်ပြနိုင်စွမ်းကို ရရှိမှာဖြစ်ပါတယ်။ ပုံရိပ်ဖော်ပြနိုင်စွမ်းကောင်းမွန်ပြီး720x1280pixel ရှိမှာ ဖြစ်ပါတယ်။ 8MP ကင်ရာဟာဗီဒီယိုတွေကို 1080HD ရရှိအောင်ရိုက်ကူးဖမ်းယူနိုင်ပါလိမ့်မယ်။အရှေ့ဘက်ကင်မရာက2MP တပ်ဆင်ပေးထားပါတယ်။ Android OS 4.2(JB) နဲ့လိုက်ဖက်ညီစွာသုံးစွဲနိုင်စေဖို့အတွက် Quad-Core 1.5GHz အမြန်နှုန်းပရိုဆက်ဆာပါဝင်လာမှာဖြစ်ပါတယ်။ အချက်အလက်သိုလှောင်သိမ်းဆည်းနိုင်စေဖို့အတွက်ကတော့ 8GBဖြစ်ပြီး1GB RAM အထောက်အပံ့ပါဝင်လာမှာဖြစ်ပါတယ်။ဘက်ထရီကိုတော့ 2400mAh ဖြစ်ပြီးအသင့်အနေအထားအတွက် 450 နာရီအထားခံမှာဖြစ်ပါတယ်။

Ph : 01 - 2300087

စာမျက်နှာ ၃၆ သို့ ➤


BOTAHTAUNG
အမှတ် (၁၃၅) ပထမထပ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီး၊
(၄၇)လမ်းထိပ်၊ ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်။
Phone : 01-294036, 01-8610633, 09 51 98170, 09 7313 6789
the best i-shop... we're providing best prices & the best services
AiKON
the name you can rely on
iPhone at its largest.
And thinnest.
IPHONE 6
6.9mm
THIN
IPHONE 6 PLUS
7.1mm
THIN
Engineered for maximum funness
iPod touch
iPod shuffle
The all-new Airport Extreme & Airport Time Capsule
iPhone 5C
For the colorful.
iPad mini
With retina display. Small. Wonder.
iPad Air
The power of lightness.
iPod nano
Tap play. Then go play.
iPhone 5S
Forward thinking.
The most advanced technology all leads up to this.
Airport Express
AirPlay
Apple tv
iTunes
GAME COLLECTIONS
HARDCORE GAMES
Benchmark Games
ACTION GAMES
DINOSAURS
audio-technica
always listening
JVC
PROFESSIONAL
JBL
plantronics.
Nakamichi®
Bluetooth Headphones, Earphones နှင့်
Audio Speakers များအား Branded မျိုးစုံ
ဝယ်ယူရရှိနိုင်ပါသည်
executive
studio
studio wireless.
solo HD.
mixr.
pro.
wireless.
beatbox portable.
100% authentic
beats by dr.dre
Don't believe what you see... Believe what you hear!
ION All-Star Guitar
- Chitarra Elettrica Full-size
- 4 impostazioni acustiche
- 14 righe di 84 pulsanti fret-board
- Altoparlante con controllo del volume
BOSE
Better sound through research.
Numark
JBL
JAWBONE
Brookstone
iConvert Scanner for iPad Tablet
iHome
Live Life Loud
AiKON GROUP

# AiKON SMD REWORK LAB

MEMBER OF

INTERNATIONAL MICROELECTRONICS ASSEMBLY and PACKAGING SOCIETY

iMAPS

အမှတ် (၂၆၂/C)၊ ပန်းဆိုးတန်းလမ်းမကြီး (အပေါ်ဘလောက်)၊
ရာပြည့်စာအုပ်တိုက်အနီး၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
Ph : 09 4500 33377, 01-385553, 01-249992, 09 731 33338

PANSODAN




**The most advanced technologies ဖြစ်သော Apple iDevices များနှင့် Machintosh Computer စက်များ၏ Microelectronics Surface Mount PBC များအတွက် Advanced Repairing System များအသုံးချပြုပြင်ပေးနိုင်သော AIKON CO., LTD.**




## သင့် Apple ၏ Hardware ပြဿနာကို ကျွန်ုပ်တို့ဦးစွာပြင်ပေးပါရစေ ...

**AiKON** သည် Apple Platform ပေါ်တွင် Customer များ၏ 100% ယုံကြည်မှုဖြင့် ကာလရှည်စွာရပ်တည်လျှက်ရှိပြီး SMT နည်းပညာသုံး Apple Device များကိုပြုပြင်နိုင်ရန်အတွက် 2008 ခုနှစ်ကတည်းက တိကျသော project aim ချမှတ်၍စီစဉ်ဆောင်ရွက်ခဲ့ပြီး ယနေ့ ၅နှစ်ကျော်အချိန်တွင် နိုင်ငံတကာအဆင့်မီ SMD Rework Services for Apple ကိုစတင်နိုင်ပြီဖြစ်ပါသည် ... အခြားသော Apple Service သမားအများစုသည် နားလည်ကျွမ်းကျင်မှုရှိကြသော်လည်း အချို့သော **maladroid repairing** များကြောင့် ပြုပြင်လျှင်ကောင်းနိုင်သည့်အခြေအနေမှ ဆိုးဝါးသောအခြေအနေသို့ရောက်ရှိသွားသည်ကို များစွာတွေ့မြင်လာရပါသည် ... ယင်းအခြေအနေသည် customer များအတွက် လွန်စွာနစ်နာနိုင်ပြီး အမှားမခံသော SMD Repairing နယ်ပါယ်တွင် inexperience များကြောင့် solution မရှိဖြစ်တတ်ပါသည် ...

service သမားများ အများဆုံးအသုံးပြုလေ့ရှိသော wire jumper solution များမှာ စက်အားပါဝါပြန်ပွင့်နိုင်ခြေရှိသော်လည်း ပြုပြင်ပြီးအချိန်ကြာရှည်စွာပြန်၍အသုံးပြုနိုင်ရန် ရာခိုင်နှုန်းနည်းပါးသည့်အတွက် service လုပ်ခကုန်ကျငွေနှင့် စက်အားပြန်လည်အသုံးပြု၍ရသည့်ကာလ မညီမျှမှုဖြစ်နိုင်ပါသည် ... SMD Capacitor အများစုနှင့် PM IC အား Reverse Protection လုပ်ပေးသော charging MOSFET IC အပါအဝင် components အများစုသည် အလွယ်တကူဝယ်၍ရနိုင်ပြီး replace လုပ်မှသာ ရေရှည်ပြန်လည်အသုံးပြုနိုင်မည်ဖြစ်ပါသည် ... **AiKON** အနေဖြင့်အလွယ်တကူမရနိုင်သော components များကိုလည်း Datasheet များအသုံးပြု၍ corresponding packages များဖြင့် အစားထိုးပြုပြင်ပေးခြင်း၊
**Global Agent of Electronic Components Distributor** များဖြင့် essential replacement packs များအားမှာယူတပ်ဆင်ပေးခြင်းများကိုဆောင်ရွက်ပေးနိုင်ပါသည် ...

**AiKON** သည် Apple Hardware ဝန်ဆောင်မှုတွင် မရှိမဖြစ် BGA Rework Station များဖြင့် **CPU, Baseband, SSD, PM IC, 3G/2G Signal Amp, WiFi Processor, Audio Compiler** အစရှိသည့် BGA Chip အမျိုးမျိုးတို့၏ Fault များကို ကျွမ်းကျင်မှုအပြည့်ဖြင့်ပြုပြင်ပေးလျှက်ရှိပါသည် ...

ငါးနှစ်ကျော်ကြာ SMD Rework Studying Experiences များဖြင့် BGA Rework Station များမှာယူရာတွင် Apple Logic Board များဖြင့် 100% Compitable ဖြစ်ပြီး 2mm x 2mm အရွယ်အထိသေးငယ်သော BGA Chip အရွယ်အမျိုးမျိုးကို Automatic Desoldering, Soldering လုပ်ပေးနိုင်သည့် High-end Multi Heating Station များကိုရွေးချယ်ခဲ့ပြီး **AiKON** Professional များမှ ကျွမ်းကျင်စွာဖြင့် Repairing Solution များကိုအောင်မြင်စွာဆောင်ရွက်ပေးလျှက်ရှိပါသည် ...
**Error -1, Error 16xx, Error 23, Error 28, Error 40** အစရှိသော iTunes Restore Error Code များသည် Respective IC Fault များဖြစ်ပြီး ယင်း Error များအားပြုပြင်နိုင်ရန်အတွက် သက်ဆိုင်ရာ BGA IC များကို Desoldering / Soldering လုပ်ရာတွင် Fine-tuning accuracy အတွက် 0.01mm အထိတိကျစွာ Heat Flow လုပ်ပေးနိုင်သော Highly Reliable BGA Rework Station များကိုအသုံးပြု၍ပြုပြင်ပေးသောကြောင့် Power Dead of Repairing Risk လုံးဝမရှိပါ ...

**AiKON** သည်အသစ်ထွက်ရှိလာသော Apple Product များ၏ အမှန်တကယ်အသုံးချ၍ရသော Detailed Schematic Diagram များကိုအချိန်နှင့်တပြေးညီဝယ်ယူရရှိနိုင်ပြီး Apple SMD Repairing များပြုလုပ်ရာတွင် ထိရောက်စွာအသုံးချပြုပြင်ပေးလျှက်ရှိနေပါသဖြင့် -------------------- **Please come to us, first!!!**

www.facebook.com/aikon4ilink

စာမျက်နှာ ၃၃ မှ

## Coolpad 9976A




Coolpad ဖုန်းတွေဟာလဲနည်းပညာမြင့်မားစွာထုတ် လုပ်ထားတာကြောင့် ပြည်တွင်းမှာရှိတဲ့ မိုဘိုင်းကွန်ရက်တွေနဲ့အဆင်ပြေစွာသုံးစွဲနိုင်တာကိုတွေ့ရပါတယ်။ Dual-sim သုံးနိုင်မယ့်ဖုန်းဖြစ်ပြီး GSM, WCDMA ကွန်ရက်နှစ်မျိုးလုံးမှာ stand-by သုံးနိုင်ပါလိမ့်မယ်။ Octa-Core သုံးထားတဲ့ဖုန်းဖြစ်ပြီး7.0လက်မမျက်နှာပြင်ဖော်ပြနိုင်စွမ်းကိုရရှိမှာဖြစ်ပါတယ်။ ပုံရိပ်ဖော်ပြနိုင်စွမ်းကောင်းမွန်ပြီး1920x1080pixel ရှိမှာဖြစ်ပါတယ်။ 13MP ကင်ရာဟာဗီဒီယိုတွေကို 1080HD ရရှိအောင် ရိုက်ကူးဖမ်းယူနိုင်ပါလိမ့်မယ်။ အရှေ့ဘက်ကင်မရာက 5MP တပ်ဆင်ပေးထားပါတယ်။ Android OS 4.2(JB) နဲ့လိုက်ဖက်ညီစွာသုံးစွဲနိုင်စေဖို့အတွက် Octa-Core 1.4GHz အမြန်နှုန်း ပရိုဆက်ဆာပါဝင်မှာဖြစ်ပါတယ်။ အချက်အလက်သိုလှောင်သိမ်းဆည်းနိုင်စေဖို့အတွက် 8GB ဖြစ်ပြီး 2GB RAM အထောက်အပံ့ပါဝင်လာမှာ ဖြစ်ပါတယ်။ စာတိုပို့စနစ်တွေလည်း ကောင်းမွန်ပြီး၊ ကင်မရာရဲ့ထပ်တိုးလုပ်ဆောင်ချက်တွေအနေနဲ့ touch focus, face/smile detection လိုလုပ်ဆောင်ချက်တွေကို သုံးစွဲနိုင်ပါတယ်။ ဘက်ထရီကိုတော့ 4000mAh ဖြစ်ပြီးအသင့်အနေအထားအတွက် 450 နာရီအထားခံမှာဖြစ်ပါတယ်။ SD card ကနေ ထပ်မံတိုးမြှင့်နိုင်မှာဖြစ်ပြီး 32GB အထိလက်ခံနိုင်စွမ်းရှိမှာဖြစ်ပါတယ်။

**Ph : 01 - 382868**

## Gionee E6




စမတ်ဖုန်းလည်းဖြစ်ရမယ် ကင်မရာလဲကောင်းမှဆိုတဲ့သူတွေအတွက် 13MP ကင်မရာပါဝင်တဲ့ စမတ်ဖုန်းလေးပဲဖြစ်ပါတယ်။ 5.0 လက်မဟာ 1280x720p ဖော်ပြနိုင်မှုကိုပေးစွမ်းမှာဖြစ်ပြီး အသံထွက်ပိုင်းဆိုင်ရာ စွမ်းအားအတွက်လည်း သီချင်းတွေကိုအကောင်းဆုံးနားဆင်နိုင်ပါလိမ့်မယ်။ အချက်အလက်တွေ သိမ်းဆည်းဖို့အတွက်တော့ 32GB ဖြစ်ပြီး 2GB RAM အထောက်အပံ့ပါဝင်လာမှာဖြစ်ပါတာကြောင့် ဂိမ်းတွေကို အကောင်းဆုံးထည့်သွင်းကစားနိုင်ပါလိမ့်မယ်။ အကောင်းဆုံးအရည်အသွေးရရှိအောင် ရိုက်ကူးဖမ်းယူနိုင်ပါလိမ့်မယ်။ ရှေ့ဘက်ကင်မရာကတော့ 5MP ပဲဖြစ်ပါတယ်။ Android OS 4.4.2 နဲ့လိုက်ဖက်ညီစွာသုံးစွဲနိုင်စေဖို့အတွက် Quad-Core 1.5GHz အမြန်နှုန်း ပရိုဆက်ဆာပါဝင်လာမှာ ဖြစ်ပါတယ်။ ဘက်ထရီကိုတော့ 2020mAh ဖြစ်ပြီး အသင့်အနေအထားအတွက် 390 နာရီအထားခံမှာ ဖြစ်ပါတယ်။ အချက်အလက်လွှဲပြောင်း၊ ရယူနိုင်စေဖို့အတွက် usb 2.0,bluetooth လုပ်ဆောင်ချက်ကို သုံးစွဲနိုင်ပါလိမ့်မယ်။ touch focus, face detection, panorama လိုလုပ်ဆောင်ချက်တွေကို သုံးစွဲနိုင်ပါလိမ့်မယ်။ မြန်မာဖောင့်ကိုလည်း အသင့်သုံးစွဲနိုင်စေဖို့ထည့်သွင်းပေးထားပါတယ်။

**Ph : 09 31397877**

## Xiaomi Mi 3




တရုတ်နိုင်ငံရဲ့ထိပ်တန်းစမတ်ဖုန်းထုတ်လုပ်သူ Xiaomi ရဲ့ 5.0 လက်မမျက်နှာပြင်နဲ့သုံးနိုင်မယ့် ဖုန်းလေးပဲဖြစ်ပါတယ်။ IPS မျက်နှာပြင်ဖော်ပြနိုင်စွမ်းကိုရရှိနိုင်မှာဖြစ်ပြီး၊ ခြစ်ရာစင်းရာတွေကိုလည်း အလုံးစုံကာကွယ်နိုင်ပါတယ်။ 1080p ဟာအရောင်တွေကို တိကျစွာဖော်ပြပေးမှာဖြစ်ပါတယ်။ ကင်မရာအသုံးပြုလိုသူတွေအတွက်ကတော့ 13MP ဖြစ်ပြီး ပုံရိပ်အရည်အသွေးကို 4128x 3096 ရရှိစေမှာပါ။ video ရိုက်ကူးလိုသူတွေအတွက်ကတော့ 1080p ရုပ်ထွက်နဲ့ရရှိစေမှာပါ။ ဒါ့အပြင်သူတို့ရဲ့ကိုယ်ပိုင် UIဖြစ်တဲ့MIUI 5ကိုandroid OS 4.3နဲ့ ပေါင်းစပ်သုံးနိုင်ပါလိမ့်မယ်။ အချက်အလက်တွေ သိုလှောင်သိမ်းဆည်းနိုင်စေဖို့အတွက်ကတော့16GB ဖြစ်ပြီး 2GB Ram အထောက်အပံ့ပါဝင်မှာ ဖြစ်ပါတယ်။ ဖုန်းကိုမြန်ဆန်စွာသုံးစွဲနိုင်စေဖို့အတွက်ကတော့ 2.3GHz quad-core ပရိုဆက်ဆာကိုထည့်သွင်းပေးထားပါတယ်။ 5 လက်မမျက်နှာပြင်မှာဂိမ်းတွေကို မြန်မြန်ဆန်ဆန်နဲ့ ဆော့ကစားနိုင်စေဖို့အတွက်ကိုလည်း adreno 330ဂရပ်ဖစ်ထည့်သွင်းပေးထားလို့တန်ဖိုးသက်သာပြီး အရည်အသွေးမြင့်ဖုန်းတစ်လုံးအဖြစ် သတ်မှတ်နိုင်ပါတယ်။ အလေးချိန်ကလည်း 145g သာရှိပြီး8.1mm အထူသာရှိမှာဖြစ်ပါတယ်။

**Ph : 01 - 371923**

## Asus Zenfone 6




Asus ရဲ့ပြည်တွင်းဆက်သွယ်ရေးကွန်ရက်မှာ အဆင်ပြေစွာသုံးနိုင်မယ့် စမတ်ဖုန်းလေးဖြစ်ပြီး မျက်နှာပြင်ကတော့ ကျယ်ပြန့်ပါတယ်။ 6.0 IPSလက်မဟာ 720x1280p ဖော်ပြနိုင်စွမ်းရရှိမှာဖြစ်ပါတယ်။ sim နှစ်ကဒ်သုံးလို့ရနိုင်မှာဖြစ်ပြီး GSM,WCDMA ကွန်ရက်တွေမှာ အဆင်ပြေစွာသုံးနိုင်ပါလိမ့်မယ်။အချက်အလက်တွေ သိမ်းဆည်းဖို့အတွက်တော့ 8GB ဖြစ်ပြီး 1GB Ram အထောက်အပံ့ပါဝင်ဦးမှာဖြစ်ပါတယ်။ SD card ကနေလည်း 64GB အထိ တိုးမြှင့်နိုင်မှာဖြစ်ပါတယ်။ 13MP ကင်မရာဟာဗီဒီယိုတွေကို 1080HD ရရှိအောင် ရိုက်ကူးဖမ်းယူနိုင်ပါလိမ့်မယ်။ Selfie ရိုက်ကူးလိုသူတွေအတွက်ကတော့ အရှေ့ဘက်ကင်မရာက 2MP တပ်ဆင်ပေးထားပါတယ်။ ဖုန်းနဲ့အခြား မိုဘိုင်းပစ္စည်းတွေကို အချက်အလက်တွေလွှဲပြောင်းနိုင်စေဖို့အတွက်ကိုတော့ bluetooth ,wifi တို့ကိုသုံးစွဲနိုင်ပါလိမ့်မယ်။ ဖုန်းကိုသွက်လက်စွာသုံးနိုင်ဖို့အတွက်ကတော့ 2GHz Dual-Core cpu ကိုထည့်သွင်းပေးထားပါတယ်။ ဘက်ထရီစွမ်းအားကတော့ 3300mAh ဖြစ်တာကြောင့် ပြည့်စုံတဲ့စွမ်းအားလို့ဆိုနိုင်ပါတယ်။ အလေးချိန်196ဂရမ်ဖြစ်တာကြောင့် အနည်းငယ်လေးတယ်လို့ ဆိုနိုင်ပါတယ်။ Android OS ကိုသုံးထားတဲ့ဖုန်းဖြစ်တာကြောင့် app တွေကိုလွယ်လင့်တကူထည့်သွင်းသုံးစွဲနိုင်ပါလိမ့်မယ်။

**Ph : 01 - 371923**

## OPPO Find 7a




OPPO ရဲ့ဒီဇိုင်းပိုင်းမှာ ထူးခြားပြီးကိုင်ရတာစမတ်ကျတဲ့ ဖုန်းလေးဖြစ်ပါတယ်။ မျက်နှာပြင် 5.5လက်မဟာ blackscreen အပြည့်ဖြစ်ပြီးfull HD အပြည့်ဖော်ပြနိုင်စွမ်းရှိမှာဖြစ်ပါတယ်။ ဒါအပြင့်ဖုန်းရဲ့အောက်ဘက်နားမှာပါဝင်လာတဲ့ skyline noti ဟာ ဖုန်းကိုဝင်ရောက်ထားတဲ့ message,miss call တွေကိုအမြင်ထူးဆန်းတဲ့ အလင်းရောင်လေးနဲ့ပြသပေးမှာဖြစ်ပါတယ်။ Android OS ကိုဆန်းသစ်ထားတဲ့ Color OS ကြောင့် gesture လုပ်ဆောင်ချက်တွေကို အသုံးချနိုင်ပါလိမ့်မယ်။ စွမ်းဆောင်ရည်ကောင်းတဲ့ လုပ်ဆောင်ချက်တွေကိုပြုလုပ်နိုင်စေဖို့အတွက် 2GB Ramနဲ့အတူ Quad-core ပရိုဆက်ဆာကိုလည်း သုံးစွဲနိုင်ပါလိမ့်မယ်။ ကင်မရာလုပ်ဆောင်ချက်ကလည်း အကောင်းဆုံးလို့ ဆိုရပါလိမ့်မယ်။ ဘာကြောင့်လဲဆိုရင် 13MP ကင်မရာဟာ 1080p ရုပ်ထွက်နဲ့ video တွေကိုရိုက်ကူးနိုင်မှာဖြစ်ပြီး၊ ဓာတ်ပုံတွေရိုက်တဲ့အခါမှာလည်း အဆင့်တိုးမြှင့်လုပ်ဆောင်ချက်တွေကို သုံးနိုင်ပါလိမ့်မယ်။ ဘက်ထရီဟာ အားသွင်းတဲ့အခါမြန်ဆန်ပြီး ခရီးသွားရင်းသုံးတဲ့သူတွေအတွက် မိနစ်ပိုင်းအတွင်းသွင်းလိုက်တာနဲ့ မိမိလိုအပ်တဲ့ပမာဏကိုရရှိစေပါတယ်။ Gesture mode 13 မျိုးကို အသုံးချနိုင်မယ့် ဖုန်းဖြစ်တာကြောင့် ရွေးချယ်ကိုင်တွယ်သင့်ပါတယ်။

**Ph : 01 - 1223513**

## Lenovo Vibe X S960




Lenovo ရဲ့မျိုးဆက်သစ်စမတ်ဖုန်းလေးဖြစ်တဲ့ vibe x ဟာ5လက်မမျက်နှာပြင်နဲ့အတူ လုပ်ဆောင်ချက်အတော်လေးကောင်းတယ်လို့ဆိုနိုင်ပါတယ်။ IPS LCD မျက်နှာပြင်ဟာ ရုပ်ထွက်တွေကို ကြည်လင်ပြတ်သားစွာဖော်ပြပေးပါလိမ့်မယ်။ Android OS 4.2ကိုသုံးနိုင်မှာဖြစ်တာကြောင့် google ရဲ့လုပ်ဆောင်ချက်တွေကို ပြည့်စုံစွာအသုံးချနိုင်ပါလိမ့်မယ်။ အဓိကကင်မရာဟာ 13MP ဖြစ်ပြီးဓာတ်ပုံတွေကို 4128x3096 အရည်အသွေးနဲ့ရရှိစေမှာဖြစ်ပါတယ်။ Selfie ရိုက်ကူးလိုသူတွေအတွက်ကတော့ အရှေ့ဘက်ကင်မရာဟာ 5MP တပ်ဆင်ပေးထားပါတယ်။Sensor သုံးမျိုးသာပါဝင်ပြီး 1.5GHz အမြန်နှုန်းရှိမယ့် Quad-Core ပရိုဆက်ဆာ ထောက်ပံ့ပေးထားတာကြောင့် ဂိမ်းတွေကို မြန်မြန်ဆော့ကစားနိုင်ပါလိမ့်မယ်။ အချက်အလက်သိုလှောင်နိုင်စွမ်းအတွက်ကတော့ 16GB ဖြစ်ပြီးထပ်မံတိုးမြှင့်နိုင်စွမ်းတော့မရှိပါဘူး။ Ram ကတော့ 2GB ထောက်ပံ့ပေးထားပါတယ်။ အချက်အလက်တွေလွှဲပြောင်းနိုင်စေဖို့အတွက်ကတော့ bluetooth ,wifi လုပ်ဆောင်ချက်တွေကိုသုံးစွဲရပါလိမ့်မယ်။ ဘက်ထရီဟာ li-po 2000mAh စွမ်းအားဖြစ်ပါတယ်။ Led flash ကိုတပ်ဆင်ပေးထားပြီး autofocus, facedetection လုပ်ဆောင်ချက်တွေကို သုံးစွဲနိုင်ပါလိမ့်မယ်။

**Ph : 01 - 381129**











## 1. Playbulb Candle

ညစာစားပွဲတွေမှာ စိတ်ကူးယဉ်ဆန်ဆန်ထွန်းညှိအသုံးပြုနိုင်တဲ့ ဖယောင်းတိုင်ပါ။ ရိုးရိုးဖယောင်းတိုင်ထွန်းသလို မတော်တဆမီးလောင်မှာမျိုးစိတ်မပူရတဲ့ မီးသီးပုံစံဖယောင်းတိုင်ပါ။ အရောင်မျိုးစုံ ထွန်းလင်းပေးပြီး စမတ်ဖုန်းနဲ့အဖွင့်အပိတ်လုပ်နိုင်ပါတယ်။ သာမန်ဖယောင်းတိုင်ထွန်းသလို မီးဘေးအန္တရာယ်မစိုးရိမ်ရသလို မီးခိုးငွေ့ကြောင့် အိမ်မျက်နှာကြက်ရုပ်ဆိုးမှာမစိုးရိမ်ရဘူး။ ဖယောင်းစက်ကျမှာလည်းမရှိပါဘူး။ သင်းပျံ့တဲ့ရနံ့မွှေးမွှေးကို ထုတ်လွှင့်ပေးလို့ သင့်ပတ်ဝန်းကျင်ကို ကြည်လင်မွှေးပျံ့မှုပေးမှာပါ။ မီးရောင်ကိုပြောင်းပြောင်းပေးသွားလို့ စိတ်ကူးယဉ်ဆန်တဲ့ဖယောင်းတိုင်ပါပဲ။ ၁၉ . ၉၉ ပေါင်ပါ။

## 2. Cinnibird

ငှက်တစ်ကောင်ပုံစံရှိတဲ့ ဖောင်တိန်ဖြစ်ပြီး အစားအသောက်တွေ၊ မုန့်တွေပေါ်မှာ နှစ်သက်ရာစာတွေ၊ အရုပ်တွေ ရေးဆွဲနိုင်တဲ့ ခရင်မ်ပါရှိပါတယ်။ နှိပ်စရာခလုတ်ပါရှိပြီး ခလုတ်ကိုနှိပ်မှသာ အထဲကခရင်မ်တွေထွက်လာမှာဖြစ်လို့ မလိုအပ်ပဲလျှံထွက်လာမှာမစိုးရိမ်ရပါဘူး။ ဆော့မျိုးစုံသုံးနိုင်ပြီး အဆင်ပြေရာကိုရွေးသုံးနိုင်ပါတယ်။ ဖြုတ်လို့တပ်လို့ရတဲ့ drawer ပါလို့အလွယ်တကူသန့်ရှင်းနိုင်ပါတယ်။ ဘက်ထရီက ၃ လကြာသုံးနိုင်ပါတယ်။ သင့်ရဲ့ချစ်ခင်နှစ်သက်ရသူတွေအတွက် အစားအသောက်တွေမှာ လှပတဲ့စာလုံးတွေ ပုံဖော်နိုင်တဲ့ဖောင်တိန်ပဲဖြစ်ပါတယ်။ ဈေးနှုန်းကတော့ ဒေါ်လာ ၆၀ ဖြစ်ပါတယ်။

## 3. Cool Cow USB 4-Port Hub

ချစ်စရာကောင်းပြီးဆွဲဆောင်မှုရှိကာ USB 2.0 ports ၄ ခုပါရှိတဲ့ funny hub လေးဖြစ်ပါတယ်။ သင့်ရဲ့အချက်အလက်တွေကို ရွှေ့ပြောင်းသယ်ယူနိုင်ဖို့ ကွန်ပျူတာနှင့် USB devices တွေကြားမှာ ၎င်းကချိတ်ဆက်ပေးမှာပါ။ နွားပုံစံ hub လေးဖြစ်ပြီး PC နှင့်ချိတ်ဆက်လိုက်တဲ့အခါ နွားအော်သံကို ၃ ခါတိတိ ကြားရမှာဖြစ်ပါတယ်။ အရွယ်အစားကတော့ 90 x 50 x 48 mm ဖြစ်ပြီး 50g သာလေးတာကြောင့် အလွယ်တကူသယ်ဆောင်သွားနိုင်ပါတယ်။ အဖြူ၊ အပြာ၊ အညိုနှင့်အဝါဟူ၍အရောင် ၄ မျိုးရှိပြီး နှစ်သက်ရာရွေးချယ်ဝယ်ယူနိုင်မှာပါ။ ဈေးနှုန်းက ၁၂ ဒေါ်လာဖြစ်ပါတယ်။

## 4. The LightSleeper For A Good, Heavy Sleep

အိပ်မပျော်တဲ့ရောဂါကိုခံစားနေရသူတွေအတွက်ကူညီပေးနိုင်မယ့် LightSleeper လေးဖြစ်ပါတယ်။ ၎င်းမှာ ထိန်းညှိနိုင်တဲ့ အလင်းရောင်တွေပါရှိပြီး အလင်းရောင်တွေကို မျက်နှာကြက်ပေါ်တွင် စက်ဝိုင်းပုံစံဖြင့် ထုတ်လွှတ်ပေးမှာဖြစ်ပြီး သင့်ကိုအိပ်မွေ့ချသကဲ့သို့ တဖြည်းဖြည်းအိပ်ပျော်သွားစေရန်လုပ်ဆောင်ပေးမှာပါ။ Light Sleeper ဟာ အလုပ်စတင်လုပ်ဖို့ ၁ မိနစ်သာအချိန်ပေးရပြီး Tap တစ်ချက်လုပ်လိုက်ရုံဖြင့်ဖွင့်နိုင်တာကြောင့် ညနက်သန်းခေါင်နိုးလာတဲ့အခါမှာအသုံးပြုရလွယ်ကူစေမှာဖြစ်ပါတယ်။ ဖွင့်ပြီး နာရီဝက်အကြာမှာတော့ပြန်ပိတ်သွားမှာပါ။ ၁၂၅ ပေါင်ပါ။

## 5. The H5 Spiral Humidifier

အခန်းကိုလေထုစိုထိုင်းမှုထိန်းထားပေးနိုင်တဲ့စက်ပါ။ ရှည်ရှည်လေးနဲ့အပေါ်စီးကကြည့်ရင် ကြောင်လိမ်လေ့ကားသဏ္ဍာန်အလိမ်လေးဖြစ်ပြီး အခန်းထဲကို လေထုအရည်အသွေးကောင်းရရှိအောင်စွမ်းဆောင်ပေးလို့ အခန်းထဲမှာ အသက်ရှူရတာ လွယ်ကူချောမွေ့စေပါတယ်။ အသံဆူညံမှုကိုလျှော့ချပေးလို့သုံးရတာစိတ်အနှောင့်အယှက်မဖြစ်ပါဘူး။ သင်းပျံ့တဲ့ရနံ့ကိုလည်းထုတ်လွှတ်ပေးပြီးညမီးရောင်ပါပါတယ်။ Timer ပေးထားနိုင်ပါတယ်။ ရေ ၂ . ၄ လီတာဆန့်ပြီး ၂၆ နာရီသုံးနိုင်ပါတယ်။ စတုရန်းပေ ၆၅၀ ကိုလွှမ်းမိုးပေးပြီး ဈေးနှုန်းက ၁၆၉ . ၉၉ ဒေါ်လာပါ။













## 6. Kinsar Smart Thermometer

စမတ်ဖုန်းနဲ့ ချိတ်ဆက်အသုံးပြုရတဲ့အပူချိန်တိုင်းကိရိယာဖြစ်ပါတယ်။ အဆင့်မြင့်နည်းပညာသုံးကိရိယာဖြစ်ပြီး app တစ်ခုနဲ့တွဲဖက်သုံးရပါတယ်။ အသုံးပြုရလွယ်ကူပြီး ဖုန်းရဲ့နားကြပ်ပေါက်မှာတပ်ဆင်သုံးရပါတယ်။ ဖုန်းရဲ့မျက်နှာပြင်ပါဝါနဲ့ လုပ်ဆောင်မှုကိုသုံးပြီး အပူချိန်ဒီဂရီကို ၁၀ စက္ကန့်အတွင်းမှန်ကန်စွာဖတ်ပေးပါတယ်။ အပူချိန်ဒီဂရီဖတ်တာကို ဖုန်းရဲ့မျက်နှာပြင်ပေါ်မှာ သက်ဝင်လှုပ်ရှားတဲ့ပုံရိပ်နဲ့ ပြသပေးလို့ ကလေးငယ်တွေအတွက်လည်း တကယ့်ကို စိတ်ဝင်စားစရာဖြစ်ပါတယ်။ ဈေးနှုန်းကတော့ ၂၉ . ၉၉ ဒေါ်လာပါ။

## 7. Printbrush Portable Handheld Printer

Printbrush ဟာ အလွယ်တကူ သယ်ဆောင်သွားနိုင်ပြီးအသုံးပြုနိုင်တဲ့ portable printer ဖြစ်ပါတယ်။ စာရွက်ပေါ်မှာ Printbrush ကိုစ run တာနှင့် ၎င်းဟာ အဖြူနှင့်အမဲ Printer ink ကို အသုံးပြုကာ စာများကို 600 DPI (dots per inch) ဖြင့် ထင်ကျန်စေမှာဖြစ်ပါတယ်။ ၎င်း device ဟာ Bluetooth Connection နှင့် ပြန်လည်အားသွင်းနိုင်တဲ့ဘက်ထရီကိုအသုံးပြုပြီး လုပ်ဆောင်တာဖြစ်ပါတယ်။ ၎င်းဟာ စာရွက်အလွတ်ပေါ်မှာသာမက Fabric material နှင့် စာအိတ်အစရှိတဲ့မည်သည့်ပြားသည့်မျက်နှာပြင်တွင်မဆို အသုံးပြုနိုင်မှာပါ။ ၁၉၉ ဒေါ်လာပါ။

## 8. Star Wars Lookalites

အဆိုပါသင်တန်းတွင် ကွန်ပျူတာတစ်ခုအတွင်းပါဝင်သော စက်ပိုင်းဆိုင်ရာများ၏ အလုပ်လုပ်ပုံနှင့် Network ဆိုင်ရာဘာသာရပ်များ အဆင့်ဆင့်အလုပ်လုပ်ပုံကိုလည်း သင်ကြားပေးမည်ဖြစ်ပြီး၊ Virus နှင့်အခြားသော အနှောင့်အယှက်များမှ ခုခံပုံအဆင့်ဆင့်ကိုလည်း စနစ်တကျသင်ကြားပေးသွားမည်ဖြစ်ပါသည်။ Networking Devices နှင့် PC များ၏ ဆက်သွယ်အလုပ်လုပ်ပုံတို့ကို အသေးစိတ်လေ့လာသင်ယူရမည်ဖြစ်ပါသည်။ သင်တန်းကာလမှာ (၁)လခွဲခန့်သာကြာမြင့်မည်ဖြစ်ကြောင်းသိရှိရသည်။ Myanmar WWW Institute အဆောင်(၅)၊ အခန်း(၄)၊ မြန်မာအင်ဖိုတက်ခ်၊ လှိုင်တက္ကသိုလ်၊ ရန်ကုန်၊ Ph: 01-652288 သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

### UBIS University မှ တိုက်ရိုက်ချီးမြှင့်မည့် MBA မဟာဘွဲ့ကို မြန်မာနိုင်ငံတွင် တက်ရောက်နိုင်ပြီ

University of Business and International Studies (UBIS University) သည် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့တွင်တည်ရှိပြီး၊ ၎င်းတက္ကသိုလ်မှ သင်ကြားပို့ချလျက်ရှိသော Programme များစွာထဲမှ မြန်မာပြည်၏လူ့စွမ်းအားအရင်းအမြစ်အတွက် အထူးလိုအပ်ချက်ဖြစ်သည့် MBA Programme ကို ယခုမြန်မာနိုင်ငံတွင်သင်ကြားပို့ချနိုင်ရန်အတွက် UBIS University နှင့် River Samon Institute of Management (RSIM) တို့ပူးပေါင်း၍ ယခုလာမည့် ၂၀၁၅ခုနှစ် ဇန်နဝါရီလ ကျောင်းဖွင့်ချိန်တွင် ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပါသည်။

RSIM ရှိ Faculty Member များသည် နိုင်ငံတကာမှ မဟာဘွဲ့ရနှင့် လက်တွေ့လုပ်ငန်းခွင်နယ်ပယ်တွင် အတွေ့အကြုံရှိဆရာများ၊ စီးပွားရေးတက္ကသိုလ်မှ ဒေါက်တာဘွဲ့ရဆရာ၊ ဆရာမများဖြင့် နိုင်ငံတကာ MBA ဘွဲ့ကို သင်ကြားပို့ချနေကြောင်းသိရှိရပါသည်။ MBA ဘွဲ့အတွက် သင်တန်းကာလမှာ (၁)နှစ်ခွဲကြာမြင့်မည်ဖြစ်ပါသည်။ မြန်မာကျောင်းသားများအတွက် အထူးအခွင့်အရေးအနေဖြင့် သက်သာသောစျေးနှုန်းနှင့် ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း RSIM မှသိရှိရပါသည်။ MBA ဘွဲ့နှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက RSIM အ မှတ်(၈)၊ အခန်းအမှတ်(၅၀၆)၊ ပန်းခြံတာဝါ၊ ဗားဂရာလမ်း၊ စမ်းချောင်း၊ မြေနီကုန်း၊ ဖုန်း ၀၉-၄၂၀၇၂၅၅၆၆၊ ၀၉-၇၃၀၉၄၀၆၀ သို့ ဆက်သွယ်၍မေးမြန်းနိုင်ပြီး၊ တက်ရောက်လိုသူများအနေဖြင့် ကြိုတင်စာရင်းပေးသွားနိုင်ပြီဖြစ်ကြောင်းသိရှိရပါသည်။

# Monash University






## Overview

Monash University သည် ဩစတြေးလျနိုင်ငံ Melbourne မြို့တွင် တည်ရှိကာ၊ ဩစတြေးလျနိုင်ငံ၏ ဒုတိယလူနေထူထပ်ပြီး ရာသီဥတု မျှတသည့် မြို့တော်လည်းဖြစ်ပါသည်။ ၁၉၅၈ ခုနှစ်တွင် Monash University ကို စတင်တည်ထောင်ခဲ့ပြီး ဗစ်တိုးရီးယားနိုင်ငံ၏ ဒုတိယ မြောက် ရှေးဟောင်းတက္ကသိုလ်တစ်ခုလည်း ဖြစ်ပါသည်။ ၂၀၁၁ ခုနှစ်ကတည်းက ကမ္ဘာတစ်ဝန်း လူနေမှုအဆင့်အတန်း အမြင့်မားဆုံး နိုင်ငံအဖြစ်ရပ်တည်နေပြီး ပညာရေး၊ လူမှုရေး၊ ဖျော်ဖြေရေးနှင့် အား ကစားကဏ္ဍတို့၌လည်း နာမည်ရပြီးသားနိုင်ငံတစ်ခု ဖြစ်ပါသည်။

Monash University တွင် ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူပေါင်း (၄၅,၀၀၀) ခန့်ရှိပြီး ကျောင်းသားပေါင်း (၁၇,၀၀၀) နီးပါးခန့်ကိုလည်း မွေးထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ တက္ကသိုလ် သည် ဗစ်တိုးရီးယားနိုင်ငံ၏ အခြားတက္ကသိုလ်များထက် လျှောက်ထား သူများပြားပြီး ကျောင်းသား၊ ကျောင်းသူ အများဆုံးတက်ရောက်သည့် တက္ကသိုလ်တစ်ခုဖြစ်ကြောင်း သိရှိရပါသည်။

ဩစတြေးလျနိုင်ငံ၏ နာမည်ကြီးတက္ကသိုလ်ဖြစ်သော Monash University ကိုမတက်ရောက်မီ Monash College ၌ စတင်ပညာသင်ကြားရမှာ ဖြစ်ပါ သည်။ TMC Academy မှတစ်ဆင့် စင်ကာပူနိုင်ငံရှိ Monash College ပညာ သင်ကြားရေး အစီအစဉ်များကို လေ့လာသိရှိနိုင်ပြီး Monash College ၏ Diploma of Business ကိုလည်း TMC Academy ၌သာ တက်ရောက်သင်ယူ နိုင်ပါသည်။ ထိုမှတစ်ဆင့် Monash University ရှိ Business and Economics ဘာသာရပ်၏ ဒုတိယနှစ်သို့ တက်ရောက်နိုင်မည်ဖြစ်ပါသည်။

တက်ရောက်ချင်သော ကျောင်းသားကျောင်းသူများအတွက် ဝင်ခွင့် လိုအပ်ချက်များမှာ ကျောင်းသားကျောင်းသူများ တက်ရောက်မည့်ဘာသာ ရပ်များနှင့် အတန်းများပေါ်မူတည်၍ ကွာခြားမှုရှိပါသည်။ မြန်မာကျောင်း သားကျောင်းသူများအတွက် အနည်းဆုံး လိုအပ်ချက်သတ်မှတ်ချက်များ မှာ တက္ကသိုလ်ဝင်တန်း အောင်မြင်ထားရမည်။ GCE 'O' Level နှင့် 'A'Level အောင်မြင်ထားသူများလည်း လျှောက်ထားနိုင်ပါသည်။

အင်္ဂလိပ်စာလိုအပ်ချက်များမှာ Foundation တန်းအတွက် အနည်းဆုံး IELTS (6.0) နှင့် Undergraduate တန်းများအတွက် IELTS (6.5) အနည်းဆုံး ရှိထားရမည် ဖြစ်ပါသည်။

Monash College ၏ Diploma Part 1 နှင့် Part 2 ကို (၈) လတိတိ တက်ရောက်သင်ကြားရမှာဖြစ်ပြီး အောင် မြင်ပြီးသူများသည် Monash University ၏ ဒုတိယနှစ်ဝင်ခွင့်ကို ရရှိမှာဖြစ် ကြောင်း သိရှိရသည်။

Monash University တွင် Foundationတန်း၊ Diploma တန်း၊ Bachelor တန်းများအပြင် Postgraduate တန်းများကိုလည်း သင်ယူနိုင်မည် ဖြစ်ပါ သည်။ သင်ယူနိုင်သော ဘာသာရပ်များမှာ Business, Communications and Media, Design Creative Art, Architecture, Education, Engineering, Environment and Sustainability, Humanities and Cultures, Information Technology, Loaw and Policy, Medicine, Healty, Pharmacy, Science အစရှိသည်တို့ကို သင်ကြား နိုင်မည်ဖြစ်ပါသည်။

Monash University သို့ ကျောင်းသားအများစု ရွေးချယ်တက်ရောက် ရသည့် အားသာချက်မှာ ကမ္ဘာ့အကောင်းဆုံးနာမည်ကြီး Top 100 စာရင်း ဝင်သည့် တက္ကသိုလ်တစ်ခုဖြစ်ပြီး ထူးချွန်ထက်မြက်သော လူရည်ချွန်များ မွေးထုတ်ပေးနိုင်ခြင်း၊ သုတေသနများ အကောင်းဆုံးစမ်းသပ်တီထွင်မှု ပေးစွမ်းနိုင်ခြင်း၊ မိမိနှင့်သက်ဆိုင်သည့် ဘာသာရပ်အလိုက် အလုပ်အကိုင် အခွင့်အလမ်းကောင်းများ ရရှိနိုင်ခြင်းနှင့် နိုင်ငံတကာ အသိအမှတ်ပြု အရည်အချင်းနှင့် ပြည့်ဝသော တက္ကသိုလ်အဖြစ်ရပ်တည်နေခြင်း၊ ကျောင်း သားများအတွက် ပညာသင်ဆုချီးမြှင့်ပေးအပ်ခြင်းတို့ကြောင့် ဖြစ်ပါသည်။

Website : www.monash.edu.ac/

Facebook : www.facebook.com/Monash.University

**Myanmar Search Internationl**

အမှတ် (၂၃၄)၊ ဒုတိယထပ် (ညာ)၊ ရွှေဘုံသာလမ်း (အလယ်)၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

Ph : 01-389915, 01-250929, 09-5103915

# Oregon State University






## Overview

Oregon State University သည် အမေရိကန်ပြည်ထောင်စု Oregon ပြည်နယ်၊ Corvallis မြို့တွင် တည်ရှိပါသည်။ Oregon State University တည်ရှိရာ Corvallis မြို့သည် အမေရိကန်ပြည်ထောင်စု၏ လုံခြုံစိတ်ချ ရသောမြို့များထဲမှ တစ်မြို့ဖြစ်သည့်အပြင်၊ မြို့နေလူဦးရေ၏ 50% ခန့်သည် ကျောင်းသူ၊ ကျောင်းသားများဖြစ်သည့်အတွက်ကြောင့် ပညာ ရေးမြို့တော်ဟုလည်း တင်စားခေါ်ဝေါ်ကြသည်။

Oregon State ၏ အကြီးဆုံးမြို့ဖြစ်သည့် Portland မြို့သို့ ကားဖြင့် မိနစ် (၉၀) အတွင်း သွားရောက်နိုင်ပြီး အနောက်ဘက်ကမ်းရိုးတန်း မြို့များသို့ ကား၊ ရထား၊ လေယာဉ်အစရှိသည်တို့နှင့် အလွယ်တကူ သွားရောက်လည်ပတ်နိုင်သည်။

Oregon State University ကို ၁၈၆၈ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ကမ္ဘာ့ထိပ်တန်းတက္ကသိုလ် (၂၀၀) စာရင်းဝင် တက္ကသိုလ်ဖြစ်သည့် Oregon State University ၏ College of Business နှင့် College of Engineering မှာ အထူး ထင်ရှားကျော်ကြားလျက်ရှိသည်။

Oregon State University ရှိ College of Business သည် ကမ္ဘာ့အထင် ကရ စီးပွားရေးကျောင်းများကိုသာ အသိအမှတ်ပြုသည့် Association to Advance Collegiate Schools of Business (AACSB) အဖွဲ့မှ အသိအမှတ်ပြု ထားသည့် ကောလိပ်ဖြစ်ပြီး အမေရိကန်ပြည်ထောင်စုတွင် အကောင်းဆုံး စီးပွားရေးကျောင်း (၅၅) ရာခိုင်နှုန်းတွင် ပါဝင်ပါသည်။

College of Engineering သည် Accrediation Board of Engineering and Technology (ABET) အဖွဲ့မှ အသိအမှတ်ပြုခံထားရသည့် ကျောင်းလည်း ဖြစ်ပါသည်။ Oregon State University တွင် နှစ်စဉ်နိုင်ငံတကာမှ ကျောင်းသား ကျောင်းသူအယောက် (၂၆,၀၀၀) ကျော် ပညာဆည်းပူးလျက် ရှိပါသည်။

Oregon State University တွင် Accountacy, Business Administration, Business Information Systems, Finance, Management, Marketing, Computer Sciences, Animal Sciences, Tourism and Outdoor Leadership, Athletic Training, Exercises Sport Sciences, Food Sciences and Technology, Biology, Microbiology, Zoology, Interior Design, Music စသည့် ဘာသာရပ်များ တက်ရောက်ဆည်းပူးနိုင်ရန် Oregon State University ၏ ပထမနှစ်နှင့်တူညီသည့် Undergraduate Partway Program များကို မြန်မာနိုင်ငံမှ တက္ကသိုလ်ဝင်တန်းအောင် (သို့မဟုတ်) iGCSE အောင်မြင်ထားသူများ (သို့မဟုတ်) American High School Diploma အောင်မြင်ထားသူများ SAT I နှင့် SAT II တို့ကို ဖြေစရာမလိုဘဲ IELTS(5.5) (သို့မဟုတ်) TOEFL(500) ရရှိထားသူများ တက်ရောက်နိုင်မည် ဖြစ်ပါသည်။ INTO Oregon State University တွင် ပထမနှစ်ပြီးသူများ Oregon State University တွင် သက်ဆိုင်ရာဘာသာရပ်များ၏ ဒုတိယနှစ်သို့ တက်ရောက်နိုင်မည် ဖြစ်ပါသည်။ Oregon State University ၏ ကျောင်းဖွင့်ချိန်များကို နှစ်စဉ် မတ်လ၊ စက်တင်ဘာလနှင့် ဒီဇင်ဘာလများတွင် သတ်မှတ်ထားကြောင်း သိရှိရပါသည်။

Website : www.oregonstate.edu/

**Regent Consultancy Services Co.,Ltd**

အမှတ် (R-2)၊ အောင်မြေသာစည်အိမ်ရာ၊ အောင်ချမ်းသာ(၂)လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

Ph : 01-530564, 09-5019870, 09-73205333

## Book Review

# ရင်ဆိုင်ကြုံတွေ့ရမည့် ကွန်ပျူတာအခက်အခဲအမေးအဖြေများ(၂)

မြုစုသူ – ဦးအေးကိုကို



ယခုအချိန်မှာ လူငယ်၊ လူကြီး တော်တော်များများအတွက် ကွန်ပျူတာဆိုတာ ရင်းနှီးပြီး အသုံးပြုနေကြသောပစ္စည်းတစ်ခု ဖြစ်နေပါပြီ။ သို့ပေမယ့် မိမိအသုံးပြုနေသော ကွန်ပျူတာရဲ့ ရင်ဆိုင်ကြုံတွေ့ရမည့် အခက်အခဲတွေကိုတော့ မလွဲမသွေတွေ့ကြရမှာပါ။ ကွန်ပျူတာအခက်အခဲတွေကများလှသလို ဖြေရှင်းရမည့်နည်းလမ်းတွေက စုံလှပါတယ်။

ယခုရင်ဆိုင်ကြုံတွေ့ရမည့် ကွန်ပျူတာအခက်အခဲ အမေးအဖြေများ(၂)တွင် မေးခွန်း ၉၀ ကို ဖြေဆိုပေးထားပါတယ်။ ဒီစာအုပ်မှာ Chapter 15 အထိပါဝင်ပြီး Windows XP,7 အခြေခံများ၊ Windows XP, 7 Install, Windows ပြဿနာဖြေရှင်းနည်းတွေ ပါဝင်ပါတယ်။ Windows Install ရဲ့နောက်မှာ သိထားသင့်တဲ့ Driver Install, Driver Backup နဲ့ Software Install လုပ်တဲ့အခြေခံတွေကိုလည်း ထည့်သွင်းထားပါတယ်။

Recycle ဗိုင်းရပ်စ်ကို ရှင်းလင်းတဲ့နည်းလမ်းများ၊ ကိုယ်ပိုင် Windows PE Builder အကြောင်း၊ Win RAR, Folder Guard အကြောင်း၊ အဆင့်မြင့် Desktop CPU များအကြောင်း၊ Laptop မဝယ်ခင်သိထားသင့်သည့် ခေတ်သစ် Laptop CPU များအကြောင်း၊ Software Installation အကြောင်း၊ Angry Bird Game Install လုပ်တဲ့နည်းလမ်းများ၊ Network ချိတ်ဆက်မှုနည်းလမ်းများ၊ Internel တို့အကြောင်းများ ပါဝင်ပါတယ်။

ကွန်ပျူတာအခက်အခဲများအားလုံးကို ဖြေရှင်းဖို့ပြည့်စုံပြီလို့ မဆိုနိုင်သော်လည်း အထူးကြိုးစားအားထုတ်ထားပါတယ်လို့ စာရေးသူမှ ရည်ညွှန်းထားသော ရင်ဆိုင်ကြုံတွေ့ရမည့် ကွန်ပျူတာအခက်အခဲ အမေးအဖြေများ(၂)စာအုပ်ကို FEB Computer Centre ၊ 01-241861, 09-5181133 တို့မှ တစ်အုပ်လျှင် ၃၀၀၀ကျပ်ဖြင့် ဖြန့်ချိထားပါတယ်။

# UK Top Rank College တစ်ခုဖြစ်သည့် Bellerbys College တွင် တက်ရောက်မည့် ကျောင်းသား၊ သူများအား Scholarship (GBP-6000) ပေးအပ်သွားမည်

Bellerbys College သည် နိုင်ငံတကာမှ ကျောင်းသား၊ သူများအတွက် Scholarship (GBP-6000) ပေးအပ်သွားမည့် အထူးအခွင့်အရေးကိုလည်း ရရှိနိုင်မည်ဖြစ်ပါသည်။ First Come First Service ဖြစ်ပြီး လူဦးရေကန့်သတ်ထားပါသဖြင့် မြန်မာနိုင်ငံရှိ ကျောင်းသားလူငယ်များအတွက် လက်မလွှတ်သင့်သည့် အခွင့်အရေးတစ်ရပ် ပင်ဖြစ်ကြောင်း သိရသည်။

Bellerbys College သည် UK ရှိ Top Rank ကျောင်းတစ်ကျောင်းဖြစ်ပြီး နာမည်ကြီး University (20) နှင့် ချိတ်ဆက်ထားပြီး Global University (50) နှင့် ချိတ်ဆက်ထားသော College တစ်ခုဖြစ်သည်။ Bellerbys College တွင် IGCSE / A Level / Foundation / Undergraduate Year 1 & Pre - Master စသည့်ပရိုဂရမ်များကို ကျောင်းသား၊ ကျောင်းသူများတက်ရောက်ပညာသင်ကြားနိုင်ပါသည်။ Academic Course များအနေဖြင့် Art and Design၊ Business၊ Finance and Management၊ Engineering၊ Science and Pharamacy၊ Management and Computing Systems၊ Law၊ Humanities၊ Media စသည်ဖြင့် ဘာသာရပ်အမျိုးမျိုး ရွေးချယ်သင်ယူနိုင်ပါတယ်။

Scholarship ပညာအရည်အချင်း မှတ်တမ်းများနှင့်အတူ လာရောက်လျှောက်ထားနိုင်ပြီဖြစ်ပါသည်။ Intakes များမှာ January နှင့် September တို့ရှိပြီး Visa ဝင်ရန်အတွက် အချိန် (၃) လခန့်ခွာ၍ ကြိုတင်လျှောက်ထားရပါမည်။

ဝင်ခွင့်လိုအပ်ချက်အနေဖြင့် IGCSE တက်ရောက်ရန် ကျောင်းသားများအနေဖြင့် (14) နှစ်နှင့် အထက်၊ A Level နှင့် Foundationတန်းအတွက် အသက်(၁၆) နှစ်နှင့်အထက်၊ undergraduate year 1 အတွက် အသက် (၁၇) နှစ်နှင့်အထက်ရှိရမည်ဖြစ်ပြီး Pre-Master အတွက် အသက် (21) နှစ်နှင့် အထက်ဖြစ်ရပါမည်။ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး IELTS ရမှတ် 4.5 နှင့်အထက်ရရှိသူများ လည်းလျှောက်ထားနိုင်ပါတယ်။

မြန်မာနိုင်ငံမှ တက်ရောက်လိုသောကျောင်းသား/သူများအတွက် မိမိတက်ရောက်ချင်သော နိုင်ငံရှိ ကျောင်းသို့ရောက်သည်အထိ လိုအပ်သောကိစ္စအဝဝကို Grace Education Services နှင့် ပူးပေါင်းဆောင်ရွက်နိုင်ပါသည်။

အသေးစိတ် သိရှိလိုပါက Grace Education Services ၊ ဖုန်း ၀၁–၃၇၂၃၅၇၊ ၀၉–၅၁၄၀၈ ၀၂ သို့ ဆက်သွယ်နိုင်ပါသည်။

NetGuide တွင် ကြော်ငြာများ ထည့်သွင်းလိုပါက ဖုန်း–၂၂၄၇၁၁၊ ၀၉–၇၃၀၃၂၇၂၆ သို့ ဆက်သွယ်နိုင် ပါသည်။

VINTAGE LUXURY YACHT HOTEL
ကြယ်ငါးပွင့်အဆင့်ရှိ ရေပေါ်ဟိုတယ်ကြီးတွင် သင့်အနုပညာကို လက်စွမ်းပြတီးခတ်နိုင်မည့်အခွင့်အရေး ...
စန္ဒရား တယော ဂစ်တာ
နှင့် အခြားတူရိယာအမျိုးမျိုးကို
ပညာရှင်အဆင့်အထိတီးခတ်နိုင်သူများ အထူးလိုအပ်လျှက်ရှိပါသည်။
ဆက်သွယ်ရန်လိပ်စာ
အမှတ်(၆)၊ဗိုလ်တထောင်ဆိပ်ခံတံတား၊ ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။
Email: management2@vintageluxuryhotel.com
✆ : 09 254443327

| သင်တန်းကျောင်း | စဉ် | သင်တန်းအမျိုးအစား | ဖွင့်ရက် | အချိန် | သင်တန်းကြေး |
|---|---|---|---|---|---|
| VANTAGE School of Digital Arts<br>အမှတ် ၂၂၆–၂၃၂၊ အခန်း(၃၀၂)၊ ၃၆လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်။ ရန်ကုန်။<br>Tel: 09 420755713, 5401479 | 1. | Photo Retouching Essential | Monthly | 2 months | 80,000 Ks |
| | 2. | Photo Retouching Pro | Monthly | 3 months | 120,000 Ks |
| | 3. | Graphic Design Essential | 13.12.2014 (Sat-Sun) | 2 months | 80,000 Ks |
| | 4. | Graphic Design Pro | 13.12.2014 (Sat-Sun) | 3 months | 120,000 Ks |
| | 5. | Video Editing | Monthly | 2½ months | 130,000 Ks |
| | 6. | Visual Effects | Monthly | 2 months | 120,000 Ks |
| | 7. | 3D Animation(Maya) | Monthly | 4 months | 300,000 Ks |
| | 8. | Painting | Monthly | 3 months | 100,000 Ks |
| | 9. | Web Design | Monthly | 3 months | 120,000 Ks |
| Data World Computer Training Center<br>I.အမှတ်(၁၂၂)၊ ဒုတိယထပ်၊ ၃၈လမ်းအောက် ကျောက်တံတားမြို့နယ်။<br>Tel: 09-73053711<br>II.အမှတ်(၂၉)၊ ဒုတိယထပ်၊ ဇေယျာသီရိလမ်း လှည်းတန်း၊ ကမာရွတ်မြို့နယ်။<br>Tel: 09-254065507 | 1. | Computer Basic | Weekly | 1 month | 35,000 Ks |
| | 2. | Microsoft Office Project | Weekly | 1 month | 80,000 Ks |
| | 3. | Advance Excel | Weekly | 1 month | 60,000 Ks |
| | 4. | DTP | Weekly | 1 month | 60,000 Ks |
| | 5. | Graphic Design | Weekly | 2 months | 100,000 Ks |
| | 6. | Video Editing | Weekly | 2 months | 150,000Ks |
| | 7. | A+ Hardware | Monthly | 2 months | 70,000 Ks |
| | 8. | A+ Plus Networking | Monthly | 3 months | 150,000 Ks |
| | 9. | Network Engineering | Monthly | 3 months | 150,000 Ks |
| | 10. | AutoCAD (Drawing & Design) | Weekly | 2½ months | 90,000 Ks |
| | 11. | AutoCAD (2D & 3D Rendering) | Weekly | 2 months | 75,000 Ks |
| | 12. | Auto CAD (M & E) | Weekly | 2 months | 120,000Ks |
| | 13. | Revit (Archi) | Weekly | 2 months | 80,000 Ks |
| | 14. | Revit (MEP) | Weekly | 1½ months | 80,000 Ks |
| | 15. | 3ds Max (Modeling) | Weekly | 1½ months | 70,000 Ks |
| | 16. | 3ds Max (Rendering) | Weekly | 2 months | 95,000 Ks |
| | 17. | Google Sketchap | Weekly | 1½ months | 60,000 Ks |
| | 18. | C#.Net | Monthly | 3 months | 150,000Ks |
| | 19. | ASP.Net | Monthly | 3 months | 150,000Ks |
| | 20. | Net Developer | Monthly | 3 months | 200,000Ks |
| | 21. | PHP | Monthly | 3 months | 150,000Ks |
| | 22. | Web Design (Intermediate) | Monthly | 2 months | 150,000Ks |
| | 23. | Web Design (Inter+Advance) | Monthly | 2 months | 200,000Ks |
| | 24. | J2SE | Monthly | 3 months | 120,000Ks |
| | 25. | J2EE | Monthly | 3 months | 150,000Ks |
| Promotion ကွန်ပျူတာသင်တန်းကျောင်း<br>အမှတ်(၂၂၆)၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း (အလယ်ဘလောက်)၊ ကျောက်တံတား။<br>Tel: 09 73184525, 09 255776471 | 1. | Etabs & Safe(Structure) | 29.12.2014 | 2 months | 60,000 Ks |
| | 2. | QS (Civil Estimate) | 29.12.2014 | 2 months | 60,000 Ks |
| | 3. | Interior Design | 29.12.2014 | 1½ / 3 months | 95,000 Ks |
| | 4. | 3DS max (Archi Design) | 29.12.2014 | 1½ / 3 months | 95,000 Ks |
| | 5. | Auto CAD (Building Design) | 29.12.2014 | 1½ / 3 months | 85,000 Ks |
| | 6. | Auto CAD (Intermediate) | 29.12.2014 | 1month,2months | 55,000Ks |
| | 7. | Auto CAD(Advanced) | 29.12.2014 | 1month,2months | 55,000 Ks |
| | 8. | Revit Archi | 29.12.2014 | 1month,2months | 80,000 Ks |
| | 9. | Revit MEP | 29.12.2014 | 1month,2months | 80,000 Ks |
| | 10. | 3D Character Animation | 29.12.2014 | 2 / 4 months | 120,000 Ks |
| | 11. | Video Editing | 29.12.2014 | 2 months | 90,000 Ks |
| | 12. | Graphic Design | 29.12.2014 | 1½ / 2½months | 85,000Ks |
| | 13. | Excel in Business Application | 29.12.2014 | 1½ months | 35,000 Ks |
| | 14. | MYOB | 29.12.2014 | 1½ months | 40,000 Ks |
| | 15. | DTP | 29.12.2014 | 1½ months | 40,000 Ks |
| | 16. | i-Office | 29.12.2014 | 1month, 2months | 35,000 Ks |

# Airbnb CEO ရဲ့ အလုပ်ခန့်ပုံ



ဆောင်းပါးရှင် – ကိုညီညီ (တောင်ကြီး)

Aribnb ကုမ္ပဏီဟာ ခရီးသွားလုပ်ငန်းနဲ့ အိမ်ငှား၊ တည်းခိုခန်းငှား လုပ်ငန်းလုပ်ကိုင်တဲ့ အပြည်ပြည်ဆိုင်ရာကုမ္ပဏီတစ်ခုဖြစ်ပါတယ်။ (၁၉၂) နိုင်ငံက အိမ်ပိုင်ရှင်ပေါင်းများစွာနဲ့ အချိတ်အဆက်ရှိပြီး သူ့ဝက်ဘ်ဆိုက်မှာ အခန်းလွတ်စာရင်းတင်ထားသူ ထောင်ပေါင်းများစွာရှိတယ်။ နဂိုမူလကွေကာအုပ် – Cereal လုပ်ရောင်းရင်းကနေ ဒီဇိုင်နာ (၂) ဦးထပ်တိုးလာလို့ တည်ထောင်သူ ဘရိုင်ယန်ချက်စကီး – Brian Chesky က တည်းခိုခန်းခ မတတ်နိုင်တဲ့အခါ အခန်းလွတ်လိုက်ရှာရင်း ဒီကုမ္ပဏီရဲ့ စိတ်ကူးကို အုတ်မြစ်ချခဲ့တယ်လို့ဆိုပါတယ်။

ကုမ္ပဏီကြီးတွေမှာ အလုပ်ရဖို့ဆိုရင် ဦးဆောင်မှုအရည်အသွေးပါတဲ့ ကိုယ်ပိုင်အရည်အချင်းရှိရမှာဖြစ်သလို နည်းပညာကို မျက်ခြေမပြတ်ဖို့လည်း လိုအပ်လှပါတယ်။ ဒါပေမဲ့ Airbnb မှာ အလုပ်ဝင်နိုင်ဖို့တော့ အိပ်မက် မက်တတ်ရမယ် ပြီးတော့ အကြာကြီးစဉ်းစားတတ်ရမယ်လို့ သတင်းကြီးတယ်။

နယူးယောက်ထိုင်း သတင်းစာကြီးနဲ့ လူတွေ့မေးမြန်းခန်းမှာ ဘရိုင်ယန်က “ကမ္ဘာကြီးကို အရှိထက်ပိုမြင်နိုင်တဲ့ ဝန်ထမ်းလောင်းတွေ” ကိုသာ အလုပ်ခန့်တယ်လို့ ဖြေကြားခဲ့တယ်။ သူဆိုလိုတာက သူဟာ တီထွင်ဖန်တီးတတ်သူတွေကို လိုချင်တယ်။ အကြံသစ်ဉာဏ်ကောင်းရှိသူတွေကို အလုပ်ပေးချင်တယ်။ စွန့်စားဖို့ အဆင်သင့်ဖြစ်နေသူတွေကို သူညွှန်ကြားချင်တယ်။

ယေဘုယျအားဖြင့် အလုပ်ရသူများဟာ ကိုယ်ပိုင်စိတ်ဝင်စားမှု လွန်ကဲပြီး လူသားချင်းကြင်နာစိတ် ပြည့်ဝသူဖြစ်တဲ့ အပြင်ဂုဏ်သိက္ခာ သမာသမတ်ရှိသူတွေဖြစ်တယ်လို့ ထပ်ရှင်းပြတယ်။ သူခိုင်းလိုက်တဲ့အစီအစဉ်ကို အတိုက်အခံလုပ်ချင်လုပ်လိမ့်မယ်။ အဲ ... ဒီအခါမှာ ထိုပုဂ္ဂိုလ်မှာ ပိုမိုကောင်းမွန်တဲ့အကြံသစ်တစ်ခုရှိတယ်လို့ သူယုံကြည်တယ်။ လူကြီးလူကောင်းရဲ့ ခန္ဓာကိုယ်တွင်းမှာ ကလေးသူငယ်ရဲ့ ရိုးသားတဲ့ နှလုံးသားရှိပြီး စူးစမ်းလေ့လာတတ်တဲ့ သွင်ပြင်လက္ခဏာရှိသူတွေကို သူအလုပ်ခန့်တယ်။

ဘရိုင်ယန်ရဲ့ အလုပ်ခန့်အင်တာဗျူးပုံစံက မြန်ဆန်လွန်းလှတယ်။

အလုပ်လျှောက်သူရဲ့ဘဝမှာ အကြီးမားဆုံးနဲ့ အမှတ်အရဆုံး ကိစ္စရပ်ကို (၃) မိနစ်အတွင်း ပြောစေတယ်။ အဖြေကိုကြည့်ပြီး အဖြေရှင်ဟာ သူ့ဘဝမှာ ကြီးမားစွာအိပ်မက်မက်သူ ဟုတ်၊ မဟုတ်နဲ့ ကောင်းမွန်စွာ တွေးတောသူဟုတ်၊ မဟုတ် သူဆုံးဖြတ်တယ်။

လူတစ်ယောက်ရဲ့ဘဝကို (၃) မိနစ်နဲ့ ဘယ်လိုလုပ် ပြောနိုင်မှာလဲလို့ နယူးယောက်ထိုင်း သတင်းစာက စောဒကတက်တော့ ဘရိုင်ယန် ပြန်ဖြေလိုက်ပုံကဒီလိုပါ။

“ဘဝမှာ ရေရေရာရာ ကြီးမားတဲ့အမှုကိုမလုပ်ဘဲ Airbnb ကို အလုပ်လျှောက်ဖို့ရောက်လာတဲ့သူဟာ နောင်လည်း ဘယ်တော့မှ လုပ်နိုင်မှာမဟုတ်ဘူး” ဆိုတာပဲ ဖြစ်ပါတယ်။

# (၁၃) နှစ်သား Braigo Printer ထပ်ဆင့်တီထွင်သူ




ဆောင်းပါးရှင် – ကိုညီညီ (တောင်ကြီး)

လူငယ်လေးတစ်ယောက်ဟာ မျက်မမြင်တွေ စာဘယ်လိုဖတ်သလဲ ဆိုတာ စတင်စိတ်ဝင်စားမိတဲ့အချိန် သူ့ဘဝအသွင်ဘယ်လိုပြောင်းသွားလိမ့်မယ်ဆိုတာတော့ သတိထားမိခဲ့ဟန်မတူပါဘူး။ တခြား (၇) တန်း ကျောင်းသားတွေလိုပဲ သူ့မိဘတွေကိုမေးကြည့်တယ်။ ဖခင်ကမအားတဲ့အခါ “မင်းသိချင်ရင် ဂူးဂဲလ်မှာရှာကြည့် – Go Google it” လို့ တစ်ခွန်းတည်း ပြောခဲ့တယ်။ သူငယ်လေးဟာ အင်တာနက်ပေါ်မှာရှာရင်း မျက်မမြင်ပရင်တာတစ်လုံးကို ဒေါ်လာ (၂၀၀၀) ကျော် ဈေးရှိနေတာ တွေ့ရတော့ တော်တော်အံ့သြသွားတယ်။ တစ်လက်စတည်း မျက်မမြင်စာရေးစနစ် - Braille ကို လေ့လာခွင့်ရခဲ့ပြီး အမြင်အာရုံချွတ်ယွင်းသူတွေအတွက် အထူးစီမံထားတဲ့ Tactile Writing System အကြောင်း အသေးစိတ်အာရုံစိုက်မိသွားတယ်။ သူ့နာမည်က ရှပ်ဟန်ဘနာဂျီး – Shubham Banerjee လို့ခေါ်ပြီး အသက် (၁၃) နှစ်သာ ရှိပါသေးတယ်။ ရှပ်ဟန်ဟာ သူငယ်ငယ်တုန်းက လက်ဆောင်ရထားတဲ့ လက်ဂိုး – Lego အရုပ်ဆက်တုံးလေးတွေကို ပြေးသတိရမိပြီး Lego Mindstorms EV3 ထဲကပါတဲ့ ပစ္စည်းအပိုင်းအစလေးတွေနဲ့ ကွန်ပျူတာထိန်းချုပ် ပုံနှိပ်စက်တစ်ခုကို စတင်ပုံဖော်တပ်ဆင်တဲ့အခါ စက်ကလေးက ကောင်းမွန်စွာအလုပ်လုပ်ပါတယ်။



ဒီစက်ကလေးဟာ ၂၀၁၄ နည်းပညာဆု – The Tech Awards 2014 ဆုရခဲ့တဲ့အပြင် သမ္မတဘာရက်အိုဘားမား ကျင်းပတဲ့အိမ်ဖြူတော် – ဖန်တီးထုတ်လုပ်သူများပွဲတော် – White House Maker Faire ကို တက်ရောက်ဖို့ ကျောင်းသားတီထွင်သူအနေနဲ့ ဖိတ်ကြားခံခဲ့ရတယ်။ ဒီစက်ကလေးရဲ့ တန်ဖိုးကို ဒေါ်လာ (၃၆၀) လောက်အထိ လျှော့ချနိုင်မှာဖြစ်ပြီး ကမ္ဘာတစ်လွှားက အမြင်အာရုံ ချွတ်ယွင်းသူ (၂၈၅) သန်းကို ကူညီနိုင်တော့မှာဖြစ်တယ်။

ရှင်ဟန်ရဲ့သတင်းကို ကြားပြီး ဆက်သွယ်လာသူက ကမ္ဘာ့နံပါတ် (၁) ကွန်ပျူတာမှတ်ဉာဏ်ထုတ်လုပ်သူ Intel ပါ။ ယခုနှစ်မှာ ရင်းနှီးမြှုပ်နှံခဲ့တဲ့ ကုမ္ပဏီအသစ် (၁၆) ခုထဲမှာ ရှပ်ဟန်ရဲ့ Braigo Inc. လည်း ပါဝင်ပြီး Intel ကျင်းပတဲ့ The Intel Capital Global Summit ပွဲမှာ ရှပ်ဟန်ကို ပွဲထုတ်မိတ်ဆက်ခဲ့တယ်။ ဒီလောက်ကြီးကျယ်တဲ့ ကမ္ဘာ့ကုမ္ပဏီကြီးက သူ့စီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံလိမ့်မယ်လို့ ထင်မထားခဲ့မိတဲ့အတွက် အင်မတန်အံ့သြရတဲ့အကြောင်း ရှပ်ဟန်က သူရင်ခုန်ရပုံကို ပြန်ပြောင်းပြောပြတယ်။

ရှပ်ဟန်က “ကျွန်တော်ကြီးလာရင် ကျန်းမာရေးနယ်ပယ်မှာ အင်ဂျင်နီယာဘာသာရပ်နဲ့ အကျိုးပြုချင်တယ် ”၊ “ ပြီးတော့ ကျွန်တော် ကျောင်းပြီးအောင် တက်မယ် ”လို့ ဆိုပါတယ်။ နောက်ပြီး ထုတ်လုပ်သူ နည်းပညာကုမ္ပဏီတွေကို “ခင်ဗျားတို့ဟာ အမြင်အာရုံချွတ်ယွင်းနေသူတွေပေါ်မှာ ဒီလောက်ဈေးကြီးကြီးနဲ့ အခွင့်အရေးမယူသင့်ပါဘူး ” လို့ ထပ်မံပြောကြားလိုက်ပါတယ်။

**(မှတ်ချက် ။ ။ Shubham ရဲ့ကုမ္ပဏီ Braigo Inc. ဟာ မျက်မမြင် ပုံနှိပ်နည်းပညာရေးခဲ့သူ - Braille နဲ့ သူတီထွင်စဉ်က သုံးခဲ့တဲ့ လက်ဂို – Lego စာလုံး (၂) ခုကို ပေါင်းစပ် အမည်ပေးထားတာ ဖြစ်ပါကြောင်း။)**

## EPIC နှင့် Auston Institute ပူးပေါင်းစီစဉ်သည့် ပညာရေးဆွေးနွေးပွဲနှင့် တက်ရောက်သည့် ကျောင်းသားများရရှိနိုင်မည့် အထူးကျောင်းလခ လျှော့ချပေးရန် အစီအစဉ်

UK, Australia နိုင်ငံများ၏ တက္ကသိုလ်များမှ တိုက်ရိုက်ပေးအပ်မည့် အင်ဂျင်နီယာဘွဲ့နှင့် စီးပွားရေးပညာဘွဲ့များကို စင်ကာပူနိုင်ငံရှိ Auston Institute တွင် Foundation (သို့မဟုတ်) မိမိရရှိထားသည့် အခြေခံပညာရေးပေါ် မူတည်ပြီး Final Year တန်း တက်ရောက်လိုသူများမှာ တက္ကသိုလ်ဝင်တန်း ဖြေဆိုအောင်မြင်ထားသူများ၊ IGCSE ဖြေဆိုထားသူများ/လက်ရှိတက်နေသူများ၊ Higher National Diploma ရရှိထားသူများ BE နှင့် BTech ကျောင်းသားသူများ တက်ရောက်နိုင်ပြီး မတ်လ ၂၀၁၅ တွင် စမည့်အတန်းများအတွက် လျှောက်ထားနိုင်မည်ဖြစ်ကြောင်း EPIC Education ၏ တာဝန်ရှိသူတစ်ဦးထံ မှသိရှိရပါသည်။

လာမည့် ၁၈ ရက်နေ့ ဒီဇင်ဘာ ၂၀၁၄ တွင် EPIC ၏ မဟာမြိုင် Campus တွင် Auston Institute မှ မြန်မာပြည်ကိုယ်စားပြု Country Manager မှ ကျောင်းအကြောင်း၊ ဘာသာရပ်များအကြောင်း၊ လက်ရှိတက်နေသော နိုင်ငံတကာကျောင်းသားများနှင့် မြန်မာကျောင်းသားများ၊ ကျောင်းသားဘဝ အတွေ့အကြုံများအကြောင်းနှင့် ၂၀၁၅ ခုနှစ်အတွက် ကျောင်းလခ သက်သာနိုင်ခွင့်များကို တစ်ဦးချင်းနှင့် အဖွဲ့လိုက် စုံစေ့စွာ ပြောကြားဖြေကြား ဆွေးနွေးပေးသွားပါမည်ဟု သိရှိရသည်။ စတင်မည့်အချိန်မှာ မနက် ၁၀ နာရီဖြစ်ပြီး အတွေ့အကြုံဖလှယ်လိုသည့် ပညာရေးအခွင့်အလမ်းများ အစဉ်မပြတ်သိလိုသည့် မိဘများနှင့်သားသမီးများ ကျောင်းသား၊ လူငယ်များအားလုံး တက်ရောက်နိုင်ပါသည်။

EPIC မှ ၂၀၁၅ ပညာသင်နှစ် ပြည်ပပညာရေးအတွက် Education Pathway mini guidebook များအား တက်ရောက်သူအားလုံးကို ပေးသွားမည်ဖြစ်ပြီး ကျောင်းဝင်ခွင့်များကိုပါ တစ်ပါတည်း ဆွေးနွေးပေးသွားမည်ဖြစ်ကြောင်းလည်းသိရှိရပါသည်။

အသေးစိတ် သိရှိလိုပါက EPIC ဖုန်း–၀၁–၅၃၆၉၁၉၊ ၀၉၃၂၂၃၄၈၈ သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

# အိုင်တီ အလုပ်အကိုင် အခွင့်အလမ်းများ (IT Opportunity)

## Ascent Technology Co.,Ltd.

No. 108, Ground Floor, 39th St. (Lower Block), Kyauktada Tsp., Yangon. **Ph : 09 250196026, 09 33300889**

**1. Web Operator** **(2) Posts**

အသက် ၂၅-၃၅၊ ၁၀ တန်းအောင် (သို့) ဘွဲ့ရဖြစ်ရမည်။ Photoshop/ Adobe/Coredraw ကျွမ်းကျင်ရမည်။ မြန်မာစာစီစာရိုက်ကျွမ်းကျင်၊ Website Data ထည့်သွင်းခြင်း၊ ပုံနှင့်စာများအား Website သို့ upload နိုင်ခြင်း၊ Social Media များတွင် Share လုပ်ခြင်းနှင့် Internet Online Business စိတ်ဝင်စား၍ ကိုယ်ပိုင် Creation ရှိသူဖြစ်ရမည်။ အလုပ်အတွေ့အကြုံ ၃ နှစ်အထက် ရှိရမည်။ Computer ဘွဲ့ (သို့) သက်ဆိုင်ရာသင်တန်း Certification ရှိသူ ဦးစားပေးမည်။

**2. Online Marketing & Sales** **(2) Posts**

အသက် ၂၀-၃၅ ကြား၊ ၁၀ တန်းအောင် (သို့) ဘွဲ့ရဖြစ်ရမည်။ Online Business စိတ်ဝင်စားသူဖြစ်ရမည်။ Marketing အတွေ့အကြုံ အနည်းဆုံး ၁ နှစ်အထက် ရှိရမည်။

**3. IT Marketing & Sales** **(2) Posts**

အသက် ၂၀-၃၅ ကြား၊ ၁၀ တန်းအောင် (သို့) ဘွဲ့ရဖြစ်ရမည်။ Phone Accessories ပစ္စည်း စိတ်ဝင်စားသူဖြစ်ရမည်။ Marketing အတွေ့အကြုံအနည်းဆုံး ၁ နှစ်အထက် ရှိရမည်။

အထက်ပါ Marketing & Sales လျှောက်ထားလိုသူများသည် ရန်ကုန်မြို့တွင်း ကျွမ်းကျင်စွာသွားလာနိုင်ရမည်။

လျှောက်ထားလိုသူများသည် CV Form နှင့် ပညာရေးအထောက်အထားမိတ္တူ၊ ရဲစခန်း၊ ရပ်ကွက်၊ သန်းခေါင်စာရင်းမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်အပြည့်အစုံတို့နှင့်အတူ **(၃၁-၁၂-၂၀၁၄)** နေ့ နောက်ဆုံးထား၍ ကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

## GIC Myanmar Co.,Ltd.

No. 244/246, Room 307, 7th floor, Pin Lon Hteik Htar Condo, Pansodan Road, Kyauktada Township, Yangon.

**Ph : 01 3001675**, Email : marketing@gicjp.com

We, "Global Innovation Consulting Inc. (GIC)", are recruting the staffs, "Excellent Programmer", "System Analyst", "Project Manager" who want to work in Japan.

Now in our GIC Inc, over 60 Myanmar's young IT engineers are working in Japan, and GIC is the largest company about number of Myanmar employee in Japan.

Why don't you work for your career up in Japan together?

1. Company : Global Innovation Consulting Inc. (Tokyo/Japan)
2. Position : Programmer, System Analyst, Project Manager
3. Number to be admitted : 10 persons
4. Skill : More than Japanese Language Test N2 or having this ability, more than 2 years of IT experience

If you are interested in us, email or call us please.

## စွယ်စုံကွန်ပျူတာလုပ်ငန်း

အမှတ် ၂၂/၃၂၊ ဗိုလ်ဆွန်ပက်လမ်း (အောက်)၊ ပန်းဘဲတန်းမြို့နယ်။

**Ph : 01 240232, 09 421023265**

**– ကွန်ပျူတာနှင့်ပတ်သက်၍ စာစီစာရိုက်နှင့် Photoshop ကျွမ်းကျင်သူကို ဦးစားပေးမည်။ (၂) ဦး**

ပညာအရည်အချင်း ၁၀ တန်း (သို့မဟုတ်) ဘွဲ့တစ်ခုခုရရှိရမည်။ လုပ်ငန်းအတွေ့အကြုံလုပ်သက်အနည်းဆုံး ၂ နှစ်ရှိရမည်။ သက်ဆိုင်ရာရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ထောက်ခံချက်ပူးတွဲပေးပို့ရမည်။ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူနှင့် လိုင်စင်ဓာတ်ပုံအား ပူးတွဲတင်ပြရမည်။ ကိုယ်ရေးရာဇဝင်အကျဉ်းအားပြည့်စုံစွာ တင်ပြရမည်။ သင်တန်းဆင်းကျောင်းသားများအား လက်မခံပါ။ တကယ်ကျွမ်းကျင်မှလာခဲ့ပါ။ ကျွမ်းကျင်မှုအပေါ်မူတည်၍ လစာကောင်းကောင်းပေးမည်။ မနစ်နာစေရ။ **(၃၁-၁၂-၂၀၁၄)** နေ့ နောက်ဆုံးထား၍ လျှောက်ထားရန်။

## Galaxy Software Co.,Ltd.

အမှတ် ၂၉-ဘီ၊ ပထမထပ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်။

**Ph : 09 5042498, 09 43029798**

Email : galaxysoftware.hr@gmail.com

**1. Software Service Technician** **ကျား (၃) ဦး**

B.C.Sc, B.C.Tech, B.Sc (Computer Science), BE (IT)

အသက် ၁၉-၂၅ နှစ်အတွင်း ဖြစ်ရမည်။ လူအများနှင့်ကောင်းမွန်ပြေပြစ်စွာဆက်ဆံနိုင်သူဖြစ်ရမည်။ အလုပ်ကိစ္စနှင့်နယ်သို့ သွားရောက်နိုင်ရမည်။ လျှောက်ထားသူသည် ကိုယ်ရေးရာဇဝင်၊ ပညာအရည်အချင်းမိတ္တူ၊ ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ (၂) ပုံနှင့်အတူ လူကိုယ်တိုင်လည်းကောင်း၊ Online မှတစ်ဆင့်သို့ စာရွက်စာတမ်းများ ပေးပို့၍သော်လည်းကောင်း **(၃၀-၁၂-၂၀၁၄)** နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

## HIGH END CLIENT TECHNOLOGY

No. 4 (Ground Floor), 144 Street, A Yoe Gone Quarter, Tamwe Tsp.

ကျောက်မြောင်း-သီတာလမ်းမှတ်တိုင်ဆင်း၊ အရိုးကုန်းရပ်ကွက်။

**Ph : 09 250190776, 09 450026579**

Email : technology.hec@gmail.com

**1. DTP (Desktop Publishing)** **M/F (1) Post**

**Qualification**

Able to Typing & useful to
- MS Word
- MS Excel
- MS Power Point
- Adobe Pagemaker
- Photoshop (CS3, CS5, illustrator)

Application form will close to **(31-12-2014) (Wendnesday)**

## Data World Computer Training Center

အမှတ် ၁၂၂၊ ဒုတိယထပ်၊ ၃၈ လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်။ **Ph : 09 254065507, 09 73053711**

ကျောက်တံတားမြို့နယ်၊ တာမွေမြို့နယ်နှင့် လှည်းတန်းမြို့နယ်ရှိ Data World Computer သင်တန်းကျောင်းများတွင် တာဝန်ထမ်းဆောင်ရန်-

**၁။ AutoCAD Lecture (or) အလုပ်သင်လူငယ်** **F/M (10) Posts**

- AutoCAD ဘာသာရပ်လေ့လာပြီးသူဖြစ်ရမည်။

**၂။ Programming အလုပ်သင်လူငယ်** **F/M (10) Posts**

- Programming ဘာသာရပ်တစ်ခုခုတတ်မြောက်ပြီးသူဖြစ်ရမည်။

**၃။ A+ Lecture (or) အလုပ်သင်လူငယ်** **F/M (5) Posts**

- A+ ဘာသာရပ်တတ်မြောက်ပြီးသူဖြစ်ရမည်။

**၄။ Graphic Design အလုပ်သင်လူငယ်** **F/M (5) Posts**

- Computer အခြေခံရှိပြီးသူတိုင်း လျှောက်ထားနိုင်သည်။

လျှောက်ထားလိုသူများသည် တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူ၊ အိမ်ထောင်မရှိသူ၊ ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။ အနည်းဆုံး ၁ နှစ် လုပ်ကိုင်နိုင်သူဖြစ်ရမည်။ အဖွဲ့အစည်းဖြင့် လုပ်ကိုင်နိုင်သူ၊ မိမိကိုယ်ကို ယုံကြည်မှုရှိပြီး ယဉ်ကျေးပျူငှာစွာဆက်ဆံပြောဆိုတတ်သူဖြစ်ရမည်။ ကျောက်တံတားမြို့နယ်၊ တာမွေမြို့နယ်နှင့် လှည်းတန်းမြို့နယ် နီးစပ်သူကို ဦးစားပေးမည်။ လုပ်ငန်းအတွေ့အကြုံမရှိသူများလည်း လျှောက်ထားနိုင်ပါသည်။ နယ်မှလာသူများကို အဆောင်စီစဉ်ပေးထားပါသည်။

စိတ်ဝင်စားသူများအနေဖြင့် လိုင်စင်ဓာတ်ပုံတစ်ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ (အခြားတက်ရောက်ခဲ့ဖူးသော သင်တန်းဆင်းလက်မှတ်များရှိပါက ပူးတွဲမိတ္တူတင်ရန်)၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာနှင့်အတူ **(၂၉-၁၂-၂၀၁၄)** နေ့ နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။ အထောက်အထားများမပြည့်စုံပါက ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

## Ever Top Civil Engineering Design & Drawing

အမှတ် ၁၃၀၊ ပထမထပ်(ဝဲ)၊ ၃၃ လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်။

**Ph : 09 795269187, 09 73021713**

**- Senior AutoCAD Designer** **M/F (2) Posts**

AGTI, B.Tech, B.E (Civil) ဖြစ်ရမည်။ AutoCAD 2D, 3D ကျွမ်းကျင်စွာရေးဆွဲနိုင်ရမည်။ AutoCAD လုပ်ငန်းအတွေ့အကြုံ ၂ နှစ်ရှိရမည်။ မိမိအရည်အချင်းနှင့်ထိုက်တန်သောညှိနှိုင်းလစာရရှိမည်။ လက်တွေ့စစ်ဆေးခြင်းပြုလုပ်မည်။ CV Form with 2 Photos, ရဲစခန်းထောက်ခံစာ၊ ဘွဲ့လက်မှတ်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူတို့နှင့်အတူ (၁၀-၁-၂၀၁၅) နောက်ဆုံးထား၍ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

**IT Field နှင့် ပတ်သက်သည့် အခမဲ့ဝန်ထမ်းခေါ်ကြော်ငြာ ထည့်သွင်းလိုသော ကုမ္ပဏီများ၊ လုပ်ငန်းများအနေဖြင့် –**

ကုမ္ပဏီ၏ Letter Head ပေါ်တွင်

(၁) ခေါ်ယူလိုသော ဝန်ထမ်းအမျိုးအစား/ဝန်ထမ်းဦးရေ

(၂) လျှောက်လွှာပိတ်မည့်ရက်စွဲ

(၃) သက်တမ်းမကုန်ဆုံးသေးသော ကုမ္ပဏီ/လုပ်ငန်းလိုင်စင်မိတ္တူ

တို့ကိုတာဝန်ရှိသူ၏အမည်၊ လက်မှတ်နှင့်တကွ ပေးပို့ပါရန်နှင့် Email ဖြင့် ပေးပို့ပါက အထက်ပါအချက်အလက် အပြည့်အစုံကို Scan ဖတ်၍ ပူးတွဲပေးပို့ပါရန်။

လိပ်စာ – အမှတ် ၉၆၊ ဒုတိယထပ်၊ ၁၁ လမ်း (အပေါ်ဘလောက်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

**E-mail : netguideclassified@gmail.com**



# ကွန်ပျူတာကို ကယ်တင်မယ့် USB Boot Drive

ဆောင်းပါးရှင် – နောင်စိုး (ထားဝယ်)

ကွန်ပျူတာဆိုတာ ကြာလာရင်ဖောက်တတ်တဲ့အမျိုး။ software ပိုင်းဖောက်တာကတော့အများဆုံးပါ။ တစ်ခါတစ်ခါကျတော့လည်း ဗိုင်းရပ်စ်ဝင်တာကရှိသေး။ ကွန်ပျူတာအလုပ်မလုပ်တော့ဘူးဆိုရင် ပိုင်ရှင်တွေလုပ်လေ့ရှိတာက ဆိုင်ပို့တဲ့အလုပ်ပါ။ ဆားဗစ်စင်တာက ခေါင်းကိုက်ခံမှာလား။ ဝေးစွာခရီးလေးလနဲ့မနီး။ Hardware ပိုင်းပျက်တယ်။ ပစ္စည်းလည်းရှိတယ်ဆိုရင် အသစ်လဲပေးမယ်။ Software ပိုင်းပျက်တယ်ဆိုရင်တော့ ခေါင်းစားမခံပါဘူး။ Format ပဲ။

System partition ထိရင် သူ့အထဲက data ကို ဆားဗစ်စင်တာက ပြန်ယူပေးခဲ့ပါတယ်။ ဗိုင်းရပ်စ်ဝင်ထားရင်တော့ လုံးဝကို တာဝန်မယူဘူး။ အဲဒီတော့ကိုယ့် Data နဲ့မြော့ရင် ကိုယ့်ဖာသာကွန်ပျူတာကယ်ဆယ်ရေးအလုပ်ကိုစဉ်းစားသင့်တယ်။ အဲဒီအတွက် စဉ်းစားနိုင်တာက Windows Live CD ရှိပါတယ်။ သူ့ထက်ပိုပြီးကျယ်ကျယ်ပြန့်ပြန့်ဖြေရှင်းနိုင်တာက Hiren's Boot CD ပါ။

နှစ်မျိုးစလုံးကို ကွန်ပျူတာဆော့ဖ်ဝဲဆိုင်တွေမှာဝယ်လို့ရပါတယ်။ Hiren's Boot CD ကို www.hirenbootcd.org ကနေ download ဆွဲပြီးလည်းသုံးနိုင်ပါတယ်။ Hiren's Boot CD ဟာ ထွက်ကာစတုန်းက priate software တွေသုံးပြီး လုပ်ငန်းစခဲ့တာပါ။ နောက်ပိုင်းတရားဝင်အလုပ်လုပ်မယ်ဆိုတော့ Priate software တွေကိုစွန့်ပြီး အကောင်းဆုံး free software တွေနဲ့ ခရီးဆက်ခဲ့ပါတယ်။

Hiren's Boot CD ကို download ဆွဲမယ်ဆိုရင် ISO ဖိုင်ကိုပဲရနိုင်ပါမယ်။ ISO ဆိုတာက Image ဖိုင်ပါ။ တကယ်ပြောရရင် CD ခုတ်လို့ရတဲ့ Image ဖိုင်ပေါ့။ သူ့ကိုရပြီဆိုရင် CD burn ပြီးသုံးရမယ်။ CD ကနေ boot တက်ပြီး ကိုယ့်ကွန်ပျူတာကို ကယ်ရပါမယ်။ data တွေကို ကယ်ရပါမယ်။ တစ်ခုတော့ရှိတယ်။ သူ့ကို boot အတွက်သုံးမယ်ဆိုရင် CD/DVD drive တစ်ခု ကွန်ပျူတာမှာ ရှိဖို့လိုမယ်။

များသောအားဖြင့် ကွန်ပျူတာတွေက Hard drive ကနေ Boot တက်ဖို့ကို ပထမဦးစားပေးထားလေ့ရှိပါတယ်။ တချို့ကွန်ပျူတာတွေမှာ Optical drive (CD/DVD) က ပထမဦးစားပေး boot ဖြစ်ပြီး Hard drive က ဒုတိယဦးစားပေး boot ဖြစ်ပါတယ်။ boot ဆိုတဲ့ မျက်စိနောက်စရာဝေါဟာရကြီးက ကွန်ပျူတာရဲ့ Operating System ကြီးပွင့်လာတဲ့အထိ အဆင့်ဆင့်ဆွဲတင်တဲ့အလုပ်ကိုခေါ်တာပါ။ CD/DVD ထဲမှာရှိတဲ့ Operating System ကနေ Boot တက်မယ်ဆိုရင် Optical drive ဟာ ပထမဦးစားပေး boot ဖြစ်ရမယ်။

ဒီလိုဖြစ်ဖို့အတွက် BIOS ထဲဝင်ဖို့လိုပါတယ်။ သိပ်ခက်ခဲတဲ့အလုပ်တော့မဟုတ်ပါဘူး။ ကွန်ပျူတာစပွင့်ပြီး screen အမဲကြီးမြင်နေရတုန်းမှာ del ဒါမှမဟုတ် F2 key ကို တစ်တောက်တောက်နှိပ်နေပါ။ OS ပွင့်မလာဘဲ BIOS ထဲဝင်သွားပါမယ်။ BIOS ထဲက Boot order နေရာရောက်အောင် အဆင့်ဆင့်ဝင်ရပါမယ်။ ကွန်ပျူတာရဲ့ BIOS အမျိုးအစားပေါ်မူတည်ပြီး Boot Order ကိုပြထားတဲ့နေရာ တစ်နည်းပြောရရင် Boot Manager ပြထားတဲ့နေရာဟာ ကွဲလွဲနိုင်ပါတယ်။

Boot Manager ထဲက ပထမဆုံးနေရာမှာပြထားတဲ့ device (ဥပမာ– Hard Drive) ဟာ OS ကိုဆွဲတင်မယ့် ပထမဦးစားပေးပေါ့။ ပထမဆုံးနေရာကို Arrow Key နဲ့ရွေးပြီး Enter ခေါက်ပါ။ ပြီးရင်ပေါ်လာတဲ့အကွက်ထဲက ဦးစားပေး drive (ဥပမာ – USB drive) ကို ရွေးနိုင်ပါတယ်။ တချို့ BIOS တွေမှာက အပေါ်အောက် Arrowkey တွေသုံးပြီး အောက်ဖက်က device တွေကို ပထမဆုံးနေရာဆီရောက်အောင် ရွေးရတာလည်းရှိပါတယ်။ ပြီးရင် save and exit လုပ်ပြီး BIOS ထဲက ပြန်ထွက်ပါ။

အဲဒါဆိုရင် BIOS ဟာ ပထမဦးစားပေး Boot device ကိုရှာပြီး OS ကိုဆွဲတင်ပါလိမ့်မယ်။ Windows Live CD ကော၊ Hiren's Boot CD မှာပါ၊ anti-virus တွေပါလေ့ရှိတယ်။ Unzip Software တွေပါလေ့ရှိတယ်။ Recovery Software တွေပါလေ့ရှိတယ်။ အဲဒီ CD တွေထဲက Antivirus ကို ကိုယ့်ရဲ့ Hard disk စစ်ဆေးဖို့အတွက် စိတ်ချလက်ချသုံးနိုင်ပါတယ်။ Hard disk ပေါ်က ဗိုင်းရပ်စ်တွေ malware တွေဟာ CD/DVD ကို အလွယ်နဲ့ခုန်ဝင်မလာနိုင်ပါဘူး။ ဒါပေမဲ့ ဝင်လို့ရမလားဆိုတာတော့ အားစမ်းပါသေးတယ်။ ဒါကြောင့် CD/DVD က Boot တက်ပြီး ဗိုင်းရပ်စ်သတ်တာ၊ data တွေ ကယ်တာကို ပိုပြီးသဘောကျပါတယ်။

သို့ပေသည့် ဒီနေ့ခေတ်ကွန်ပျူတာတွေမှာ Desktop PC တွေကလွဲပြီး Laptop PC တွေဟာ Optical drive ပါခဲသွားပြီ။ ဒါကြောင့် Thumb drive တစ်နည်း USB Boot Drive ကနေ Boot တက်တာက ကွန်ပျူတာအားလုံးအတွက်အဆင်ပြေပါမယ်။ အဲဒီတော့ Hiren's Boot CD ထဲက ဖိုင်တွေသုံးပြီး Bootable Thumb Drive တစ်ခု ဘယ်လိုဖန်တီးမလဲဆိုတာ ကြည့်ကြရအောင်။ Boot တက်မယ့် Thumb Drive (မင်မိုရီစတစ်) ဟာ သိုလှောင်နိုင်စွမ်းအနည်းဆုံး 1GB ရှိရပါမယ်။ အခုခေတ်မှာ မင်မိုရီစတစ်အသေးဆုံး သိုလှောင်နိုင်စွမ်းက 4GB ဆိုတော့ အတော်ကြီးအဆင်ပြေပါတယ်။

အလုပ်စဖို့အတွက် 1GB ကနေအထက် မင်မိုရီစတစ် ၁ ချောင်း Grub 4 Dos installor (အဲဒီဖိုင်ကို www.HirenBoot.org) ကနေ download ချနိုင်ပါတယ်။ ပြီးတော့ Hiren's Boot CD ISO ဖိုင် (ဒါလည်း download ချလို့ရတာပဲ) တွေလိုပါမယ်။ Windows 7 သုံးတဲ့လူတွေအတွက် ISO ဖိုင်ကိုဖြည်ချပြီး လိုတဲ့ဖိုင်တွေယူဖို့ WinRAR တို့ 7 Zip တို့လို UnZip Software တွေလိုပါမယ်။ Windows 8 မှာက ISO ဖိုင်တွေကို ဒီအတိုင်းတင်နိုင်တာမို့ Unzip Software မလိုပါဘူး။ ဒီအဆင့်တွေဟာ ကိုယ့်ကွန်ပျူတာအကောင်းဒါမှမဟုတ် တခြားကွန်ပျူတာအကောင်းမှာ ကြိုလုပ်ရမှာပါ။



လိုအပ်တဲ့ဖိုင်အားလုံး ကြိုစုထားပြီးပြီဆိုရင် မင်မိုရီစတစ်ကို FAT File System နဲ့ format ချပါ။ လောလောဆယ်မှာ NTFS နဲ့ format ချမပေးသေးတာမို့ မှားစရာမရှိပါဘူး။ Boot တက်မယ့်မင်မိုရီစတစ်ထဲမှာ တခြားအပို data တွေမရှိသင့်တာမို့ Format ချရတာဖြစ်ပါတယ်။ ကိုယ့်ကွန်ပျူတာက malware နဲ့ virus စွဲနေတာရှိရင် OS ပိုင်းချို့ယွင်းချက်ရှိနေရင် မင်မိုရီစတစ်ကို တခြားကွန်ပျူတာထဲမှာ format ချသင့်ပါတယ်။ ကွန်ပျူတာထဲမှာ မင်မိုရီစတစ်ထိုးပါ။ My computer ကို ဘယ်ကလစ်နှစ်ချက်နှိပ်ပါ။ Explorer Windows ပေါ်လာရင် ကိုယ့်စတစ်ကိုရှာပြီး ညာကလစ်နှိပ်ပါ။ ပေါ်လာတဲ့အကွက်ထဲက format ရွေးရင်ရပါပြီ။

ပြဿနာမရှိတဲ့ ကွန်ပျူတာမှာပဲ Grub4 Dos installer ကို စတစ်ထဲ Administrator အနေနဲ့တင်ပါ။ Program Windows ပွင့်လာရင် Disk radio button နေရာမှာကလစ်နှိပ်ပါ။ ပြီးရင်ကျလာတဲ့ drop-down menu ထဲကနေ ကိုယ့် Thumb drive (မင်မိုရီစတစ်) ကို ရွေးပေးပါ။ ပြီးရင် part list drop-down menu ဘေးက Refresh button ကိုနှိပ်ပါ။ ပြီးရင် associated drop-down menu ထဲက whole disk (MBR) ကိုရွေးပါ။ ပြီးရင် အောက်ခြေနားက install button နေရာမှာ ဘယ်ကလစ်နှိပ်ပါ။ Grub 4Dos universal boot loader ကို Thumb drive မှာတင်ပေးပါလိမ့်မယ်။ ဒီလိုတင်တဲ့အလုပ်ဟာ သုံးလေးစက္ကန့်လောက်ပဲကြာပါတယ်။

Grub 4 Dos boot loader install လုပ်ပြီးပြီဆိုရင် နောက်တစ်ဆင့်မှာ Hiren's Boot CD ထဲကဖိုင်တွေကို မင်မိုရီစတစ်ထဲ Copy ကူးဖို့ လုပ်ပါ။ Windows 7 သုံးရင် OS ထဲကဖိုင်တွေကို Extract လုပ်ပေးဖို့လိုပြီး Windows 8 သုံးရင် ဒီအတိုင်း mount လုပ်နိုင်ပါတယ်။ Copy ကူးထားတဲ့ဖိုင်တွေကို မင်မိုရီစတစ်ထဲက HBCD folder ထဲမှာ paste လုပ်ပေးရပါမယ်။ grldr နဲ့ menu.lst ဖိုင်တွေကို HBCD folder ထဲကနေ drive ရဲ့ root folder ထဲ ထည့်ပေးရပါမယ်။ ဒီဖိုင်တွေ root folder ထဲရောက်ပြီဆိုရင် သုံးဖို့အဆင်သင့်ဖြစ်ပါပြီ။

ဒီမင်မိုရီစတစ်ကိုသုံးနိုင်ဖို့အတွက် ပြဿနာဖြစ်နေတဲ့ကွန်ပျူတာရဲ့ USB အပေါက်မှာစွပ်ရပါမယ်။ ဒီကွန်ပျူတာဟာ USB drive ကနေ Boot တက်နိုင်တဲ့အစွမ်းရှိရပါမယ်။ Corporate PC တွေဟာ လုံခြုံရေးအကြောင်းတွေကြောင့် USB drive ကနေ boot တက်ခွင့်မပြုတာလည်းရှိတတ်ပါတယ်။ ရှေ့မှာပြောခဲ့သလို BIOS ထဲမှာ USB Boot ကို ပထမဦးစားပေးအဆင့်ထားရပါမယ်။ တချို့ကွန်ပျူတာတွေမှာ F11 ဒါမှမဟုတ် F12 ကိုရွေးပြီး One time boot menu ကိုရွေးနိုင်တာလည်းရှိပါတယ်။ အဲဒီ menu ထဲက boot from USB ကိုရွေးပေးရပါမယ်။

မင်မိုရီစတစ်မှာ ချို့ယွင်းချက်တစ်ခုခုရှိလို့ အလုပ်မလုပ်တာမျိုးရှိနိုင်ပါတယ်။ Motherboard chip set က အထောက်အပံ့မပေးလို့ မင်မိုရီစတစ်ကနေ boot မတက်တာရှိနိုင်ပါတယ်။ Third-party USB Controller က မင်မိုရီစတစ်ကို အထောက်အပံ့မပေးရင်လည်း boot မတက်နိုင်ပါဘူး။ တကယ် Boot တက်ပြီဆိုရင် ကွန်ပျူတာတစ်လုံးသုံးရသလိုပါပဲ။ ဒါပေမဲ့ processor အားနည်းမယ်၊ RAM နည်းမယ်ဆိုရင်တော့ အလုပ်လုပ်တာနှေးပါတယ်။

# C L A S S I F I E D

## အလိုရှိသည်

**NITI Myanmar**

1. **Marketing Executive** (5 M/F)
– ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၁)နှစ်ရှိရမည်။
2. **Sale Representative** (5 M/F)
– တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
– အရောင်းဝန်ထမ်းအတွေ့အကြုံ အနည်းဆုံး(၁)နှစ်ရှိရမည်။
3. **Retail Store Mananger** (2 M)
– ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၁)နှစ်ရှိရမည်။
4. **Retail Channel Head** (1 M)
– ဘွဲ့ရပြီးသူဖြစ်ရမည်။ အင်္ဂလိပ်စာ 4 Skill ကျွမ်းကျင်သူဖြစ်ရမည်။
– လုပ်ငန်းအတွေ့အကြုံ (၃) နှစ်ရှိရမည်။
5. **Delivery** (5 M)
– တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
6. **Office Boy** (1 M)
– တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူဖြစ်ရမည်။
7. **Driver** (2 M)
– ယာဉ်မောင်းသက်တမ်း အနည်းဆုံး (၂)နှစ်ရှိရမည်။

လျှောက်ထားလိုသူများသည် သက်ဆိုင်ရာစာရွက်စာတမ်းမိတ္တူများ၊ လိုင်စင်ဓာတ်ပုံ ၃ ပုံတို့နှင့်အတူ (၂၂–၁၂–၂၀၁၄) နောက်ဆုံးထား၍ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။
**No.181/183, Maha Bandoola Garden St, (Middle Block) Kyauktadar Tsp, Yangon. Ph:09 259255439**

## ပညာရေး

**Dynasty ပညာဒါန သင်တန်းကျောင်း**
Basic, i-office Advance, Excel Special AutoCAD, DTP, Indesign, Graphic Design, Layout and Graphic Design, English 4 Skill Class များနှင့် နိုင်ငံခြားသွားရက်တိုသင်တန်းများကို လုပ်ငန်းခွင်ဝင်နိုင်သည်အထိ ထိရောက်စွာ သင်ကြားပေးနေပါသည်။
**(သီတာမှတ်တိုင်၊ တာမွေ) Ph : 09 421109778**

**Heroic Amazon Learning Academy**
**ဆရာမဒေါ်မေသူလွင်မှ တစ်ဦးချင်း (သို့) အုပ်စုလိုက် သင်ကြားပေးနေသော အင်္ဂလိပ်စာသင်တန်းများ**
– နိုင်ငံတကာတက္ကသိုလ်များဝင်ခွင့်အတွက် IELTS Band 5.5/6/6.5 training (6 months)
– တော်ဝင်သမားတော်ဆေးပညာဘွဲ့ (MRCP / MRCOG) ဖြေမည့်သူများအတွက် IELTS Band 7/7.5/8 training (8 months / 10 months)
– ဘွဲ့ကြို/ဘွဲ့ရများအတွက် 4 skills, Spoken English Grammar, Reading and Writing
**Ph : 09 31082657, 09 795563648 (ဆရာမဒေါ်မေသူလွင်)**

**ရွှေစကားမန္တလေးကွန်ပျူတာ အိမ်လိုက်သင်သည် (မန္တလေးမြို့၌သာ)**
Computer for Kids, Basic Accounting for Job i-office, Advanced Excel Course, DTP Course MYOB Software, Peach Tree Software, Window Shortcut Course, Email & Internet Course MP3, MP4, Video Editing, Multimedia Course
လူကြီးမင်းတို့လုပ်ငန်းများအတွက် လက်ကျန်ကုန်ပစ္စည်း၊ ငွေစာရင်း၊ ဖောက်သည်များ အားရစရာရှိ ပေးစရာရှိစာရင်းများ၊ အရှုံးမြတ်များ Format ချပေးသည်။
**Ph: 09 444011279 (Mdy)**

**အင်္ဂလိပ်စာအိမ်လိုက်သင်သည်။**
အင်္ဂလိပ်စာနှင့် အဆက်ပြတ်နေသူ/အခြေခံအားနည်းသူ လူကြီးတန်းများအတွက် Refoundation to 4-Skill ထိအိမ်လာသင်ပေးသည်။ Speaking သင်လိုသူများအတွက် Common Sense & Conversation Concept ရရှိအောင် Learning Video Tutorial များဖြင့် အလွယ်တကူ နားလည်အောင်သင်ပေးပါသည်။
လုပ်ငန်းခွင်သုံး အင်္ဂလိပ်စာ Business English သင်လိုသူ/ကုမ္ပဏီဝန်ထမ်းများအတွက် Fundamemtals of Business Communication Skills, Business Letters, E-mail Tips & Tune-up, Business Telephone Conversation, Reports, Resume, Meeting Minutes, Business Interview Ideas များအား Theory & Guide Line များဖြင့် လက်တွေ့အသုံးချရေးသားနိုင်အောင် သင်ပေးသည်။ တစ်ဦးချင်း (သို့မဟုတ်) ဝိုင်းနှစ်သက်သလိုသင်နိုင်သည်။ အမှန်တကယ်တတ်ချင်သူများ ဆက်သွယ်ပါ။
**Contact - Saya U Myint Mg, Ph: 09 73630662**

**Heroic Amazon**
Pre - Press Layout Design Graphic and English Language Training Centre
- ★ MRCOG နှင့် MRCP ဖြေမည့်သူများအတွက် Band 7.5 / 8 Training
- ★ IELTS (Exam Prepartion+Practise+IELTS Grammars+ Writing or Demonstration of Stastical Data+Arguments Writing+4 skills+Translations
- ★ Basic Grammar Course
- ★ Advanced Grammar Course
- ★ Basic Four Skills
- ★ Spoken English (အမြန်/2 Months)
- ★ Advanced Spoken English

Special Home Visit Teaching Program For Individual

အိမ်တိုင်ရာရောက် သင်တန်းများ
Contact To : Teacher Daw May Thu Lwin Tel : 09 31082657

## ပညာရေး

**PSGG(ပညာရေးဝန်ဆောင်မှု)**
**(Professional Study Guide Group)**
**အဆင့် (၁) လိုချင်ပါသလား ?**
**မြန်မာကျောင်း & Int'l School**
– မူကြိုမှ (၁၀) တန်း
– KG to IGCSE
– Teaching & Guide
– ဘာသာစုံ
– တစ်ဘာသာချင်း
– တစ်ဦးချင်း / ဝိုင်း
အိမ်တိုင်ရာရောက် အထူးသီးသန့် သင်ကြားပေးနေပါပြီ။
**Ph: 01 222267, 09 73029289, 09 420075633, 09 250188358**

**VICTOR အင်္ဂလိပ်စကားပြော**
**အခြေခံအားနည်းသူများအတွက်သာ**
6-8 pm (Mon, Tue, Web) 20,000/-
4:00 - 6:00pm(Sat-Sun) 20,000/-
အိမ်ဝိုင်းသင်သည်။
**ကျောက်မြောင်း၊ အောင်မင်္ဂလာလမ်းမထိပ်၊ ဒေစီကျော်လင်းပိုးထည်ဆိုင်၊ မျက်နှာချင်းဆိုင်။ Ph-5096794**

**OIEC IGCSE Study Guide & Training Centre**
All A (သို့) A* ထွက်အောင် သင်ကြားပေးသည်။ January (သို့) May (သို့) October ဖြေဆိုမည့် Edexcel IGCSE (သို့) Cambridge IGCSE ကျောင်းသား/သူများအတွက် မေးခွန်းဟောင်းများ သေချာစွာ မရမချင်း လေ့ကျင့်ပေးသည်။ လူဦးရေကန့်သတ်ထားပါသဖြင့် အမြန်စာရင်းပေးသွင်းနိုင်ပါသည်။ မြန်မာကျောင်းမှ ၈ တန်း၊ ၉ တန်း၊ ၁၀ တန်းနှင့် International ကျောင်းမှ အတန်းစုံဂိုက်ပြသည်။
**Ph : 09 5139298, 09 73255281**

ကွန်ပျူတာကို အခြေခံမှစ၍ အိမ်အရောက်စနစ်တကျသင်ကြားပေးပါသည်။ Basic, DTP, Advance Excel, Graphic, Internet & Email, Microsoft Access, Video Editing, Web Application, PHP, MYOB, Peachtree, Accounting.
**Ph : 09 420084679 (မချစ်သန္တာ)**

ကွန်ပျူတာသင်လိုသူများ ဖုန်းဆက်လိုက်ရုံနဲ့ သင်ကြားပေးနိုင်ပါသည်။ ကွန်ပျူတာအခက်အခဲရှိသူများကိုလည်း Laptop နှင့် စီစဉ်သင်ကြားပေးပါသည်။ Basic Course, DTP Course, Email & Internet, Advance Excel, Computer for Kids, MYOB II, III, Graphic Design. ဆရာနှင့် ဆရာမကို ရွေးချယ်သင်ယူနိုင်သည်။
**Ph : 09 402537568, 09 31258668**

ဆရာကျော်ကိုကိုနိုင် M.A (English) Colombo, SriLanka, B.A, M.A (Myanmar) ကိုယ်တိုင် English 4-skills, IELTS preparation, Business English, General English, International School English နှင့် Buddism English Diploma Course သင်တန်းများကို နည်းစနစ်မှန်ကန်စွာနဲ့ သင်ကြားပေးနေပါပြီ။ တစ်ဦးချင်းသင်ကြားလိုသောသူများနှင့် အိမ်ဝိုင်းများအတွက် အထူးစီစဉ်ပေးသည်။
**Ph : 09 421009091, 09 31289916, 09 799878112**

## ရောင်း / ဝယ် / ငှားရန်ရှိသည်

အသစ်နီးပါးကောင်းမွန်သော iPad & Samsung Tablet များ ရောင်းရန်ရှိပါသည်။ **Ph : 09 450039844**

Notebook, Netbook, Macbook Pro, Macbook Air, Lenovo, Acer, Dell, HP, Sony VAIO, Toshiba, MSI, Singtech, Samsung and other Branded Laptops (Dual Core i3, i5, i7) Laptop များ အမြန်ဝယ်လိုသည်။ **Ph : 09 258122236**

Greenorange NX ဖုန်းတွင် CPU 1-7 octacore RAM 2GB ROM 32GB Camera 13, Front 5, Screen 5.5 body metal. **Price : 240,000 Ks** တရုတ်မှပို့လိုက်သောအလုံးသစ်ဖြစ်သည်။ ပို၍ရောင်းခြင်းဖြစ်သည်။ အာမခံသည်။
**Ph : 09 30031311, 09970789205**

Quality ပြည့်ဝသော အသစ်နီးပါးကောင်းမွန်သော iphone, Samsung, Sony, HTC ဖုန်းများ အမြန်ဝယ်လိုသည်။
မှတ်ချက် – ဘူးပစ္စည်းမစုံလျှင် မဝယ်ပါ။
**Ph : 09 254885478**

**PSGG (ပညာရေးဝန်ဆောင်မှု)**
**(PROFESSIONAL STUDY GUIDE GROUP)**
**အဆင့်(၁)လိုချင်ပါသလား?**
မြန်မာကျောင်း & Int'l School
- မူကြို မှ (၁၀)တန်း
- KG to IGCSE
- TEACHING & GUIDE
- ဘာသာစုံ
- တစ်ဘာသာချင်း
- တစ်ဦးချင်း/ဝိုင်း



အိမ်တိုင်ရာရောက် အထူးသီးသန့် သင်ကြားပေးနေပါပြီ ...
**01-2222 67, 09-730 29 289, 09-4200 75 633, 09-250 188 358**

## ရောင်း / ဝယ် / ငှားရန်ရှိသည်

**Snow White IT - Used Phone များ ရောင်းသည်/ဝယ်သည်/အလဲအထပ်လုပ်ပေးသည်။**
- used iphone 4/4s/5/5C/5S, used iPad 1/2/3/4/Mini wifi only and 3G+wifi
- ipod touch 4G/5G used Samsung S4/S3/S2/note2/Note1/Ace2/S+/S advance and etc
- Note 10.1/Tab 1/2/3 wifi only and 3G+wifi. used Sony Erricson Z, ZR, SL, ION, ACRO S, S, P, J, U, SOLO ... used HTC One, Butterfly, One x, One X+, XL, Desire VC ...
- Used All in One PC, Note Book, Netbook, Macbook Pro, Mac Air, iMac, Mac Mini and tablet PC. Used Laptops Acer, Dell, Sony, Lenovo.

**Ph : 09 448003126, 09 73052481**
**www.snwusedmobile.com**

လူကြီးမင်းများ အသုံးပြုခဲ့သောနှင့် အသုံးပြုလျက်နှင့် အသုံးမပြုလို၊ လဲလို/ရောင်းလိုသော Phones, Laptops, Tablet / PC များကို ဝယ်မည်/အလဲအထပ်လုပ်ပေးမည်/ရောင်းမည်။ Used iPhone, iPad, iPod, Samsung, HTC, Sony, Huawei, LG, SKY vega, Tablet, Note & Any Android & Apple Device များနှင့် အခြား Device များကိုပစ္စည်းကြည့်ပြီး ဈေးကောင်းပေးဝယ်ယူလိုသည်။ **Ph : 09 250148939**

လူကြီးမင်းတို့၏ ၁၅ သိန်းတန်ဆင်း၊ ၅ သိန်းတန်ဆင်းကတ်၊ ၂ သိန်းတန်ဆင်းကတ်၊ WCDMA နှင့် ၁၅၀၀ တန်၊ MEC, GSM, WCDMA Card များကို အထူးဈေးကောင်းပေးဝယ် သည်။ ရောင်းလိုပါသည်။ **Ph : 09 73223550**

***T.N -21 မှ ခေတ်မီကားမျိုးစုံငှားပါမည်။***
ဘုရားဖူး၊ အပန်းဖြေခရီးများ၊ လုပ်ငန်းကိစ္စများအတွက် ရန်ကုန်မြို့တွင်းနှင့် မြန်မာပြည်နေရာဒေသအနှံ့ (၄/၇/၁၅) ယောက်စီးနိုင်သည့် တိုယိုတာ (Harrier, Alphard, Grand Hiace, အံစာတုံး) ကားများအား ညှိနှိုင်းငှားရမ်းနိုင်ပါသည်။
**Ph : 09 49588998, 01 212233**

မော်ဒယ်အမြင့် used handset များဖြင့် အလဲအထပ်လုပ်လိုသည်ဖြစ်စေ၊ Brand New Packing ဖြင့် လဲလှယ်လိုသည်ဖြစ်စေ၊ ကျွန်ုပ်တို့၏ SNOW WHITE - IT Used Mobile Shop သို့ ကြွခဲ့ပါရန် ဖိတ်ခေါ်အပ်ပါသည်။
**မှတ်ချက် – ဘူးပစ္စည်းမစုံလျှင် မလဲပါ။**
**Ph : 09 254885478, 09 250024547**

Use Laptop များကို ရောင်းသည်/ဝယ်သည်/အလဲအထပ်လုပ်ပေးသည်။ Use MacBook Pro, Macbook Air, iMac, Mac Mini, Sony Vaio, Dell, HP, Asus, Lenovo, MSI, Acer, Toshiba, Singtech, Samsung, Intel Core i3, i5, i7, i3970, i3960, i3940, Core Z900 Laptop များကို အထူးဈေးကောင်းပေးဝယ်ပါသည်။ iPhone 5, 4s & 4G, iPad 1, 2, 3, 4 & Mini, Samsung S4, S3, S2, Note 2, Note 1 & etc, Sony ericsson, HTC & Huawei handset သန့်များကို ဈေးကောင်းပေးဝယ်သည်။ Apple & Android handset များကို အထူးလဲလှယ်ပေးသည်။ ဝယ်ယူလိုသူများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးသည်။ WCDMA, GSM, CDMA, MEC Sim Card များ ဝယ်သည်၊ ရောင်းသည်။ **Ph : 01-376669**

**For " Sale or Exchange"**
Samsung Tablet များ / Apple iPad များနှင့် Laptop များ၊ Lenovo ideapad (Z410) i5 - USD 480, Asus (k55a) i5 - USD 390, Lenovo G470 (Pentium) - USD 220, Acer 4746z (Pentium) - USD 150, Samsung (AMD) - USD 220, Dell N5110 (i3) - USD 315, Dell N5110 (i7) - USD 415, Dell (Inspiron 3421) i5 - USD 320, HP 430(i5) - USD 300, Singtech (Celeron) - USD200 ရောင်းမည် / အလဲအထပ်လုပ်ပေးသည် / Mobile Phone/ Laptop / Tablet များအား ပြန်ဝယ်သည်။ **Ph : 09 43027553, 09 31775707**

**TRZ Mobile (Good Mobile Phone, Laptop, Tablet များ ဝယ်သည်၊ ရောင်းသည်၊ အလဲအထပ်လုပ်သည်)**
- iphone, 5s, 5, 4s, 4, 3GS, 3G, 3
- iPad Air, 4, 3, 2, 1, iPad Mini 2, 1
- Samsung Galaxy S5, S4, S3, S2, Galaxy Note 3, 2, 1, Samsung အခြား Model များ
- Sony Xperia, Z2, Z1, Ultra, Sony အခြား Model များ
- HTC One, One X, Butterfly, Desire, HTC အခြား Model များ
- Huawei G6, P7, G730, G700, 8816, Honor 3C, Y320, P6, P1, G610, 510, 8813, 8825, Huawei အခြား Model များ ဈေးကောင်းပေးဝယ်သည်။ ရောင်းသည်၊ အလဲထပ်လုပ်သည်။
- Apple, Samsung, Toshiba, Sony, Dell, Laptop များ အထူးဈေးကောင်းပေးဝယ်သည်။

**အမှတ် ၂၃၆၊ လမ်း ၃၀ (အထက်လမ်း)၊ ပထမထပ်၊ ညာဘက်ခြမ်း (မွှာရုံရှေ့)၊ ပန်းဘဲတန်းမြို့နယ်။**
**Ph : 09 450012801, 09 449253227, 09 30259689**

## ရောင်း / ဝယ် / ငှားရန်ရှိသည်

**Quality ပြည့်ဝသော Macbook Pro i5, i7, Macbook Air များကို အထူးဈေးကောင်းဖြင့် ဝယ်လိုသည်။**
**Ph : 09 450015758**

**Brand New Packing Phone များ ရောင်းရန်ရှိသည်**
- LG G3 16GB (Gold) - 460,000Ks
- Samsung Galaxy NoteIII(N900)(White) - 470,000Ks
- Samsung Galaxy Note III N9005 (B-Gold/W-Gold) - 500,000Ks
- Samsung Galaxy Alpha 32GB(W/B)4G - 520,000Ks
- Samsung Galaxy Tab 4 10.1 (3G) - 320,000Ks
- Sony Xperia Z3 (Black / White) - 590,000Ks
- iPhone 5s 16GB (Gold / Grey) - 585,000Ks
- iPhone 6 16GB (Gold/Grey/Silver) - 850,000Ks
- iPhone 6 64GB (Gold/Grey/Silver) -1,xxx,xxxKs
- iPhone 6 Plus 16GB(Gold/Grey/Silver) - 970,000Ks
- iPhone 6 Plus 64GB(Gold/Grey/Silver) - 1,1xx,xxxKs
- Samsung Galaxy Note 4 32GB(B/W) Official 1 year Warranty - 720,000 Ks
- ipad Air 2 64GB (wifi+4G) - 750,000 Ks
- ipad Air 2 16GB (wifi) - 550,000 Ks

ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။
Good Second Hand ဖြင့်လည်းကောင်း Change Down ပြုလုပ်ပေးသည်။
**Ph : 09 5559977**

**Mobile & IT Charger (Good Used Mobile Phone များနှင့် Laptop များကို အထူးဈေးကောင်းပေးဝယ်လိုသည်)**
လူကြီးမင်းတို့ အသုံးမပြုလို (လဲလို/ရောင်းလို)သော **Mobile & IT** ပစ္စည်းများပြန်လည်ရောင်းချလိုသော် **"STAR" Mobile & IT Changer** သို့ ကြွခဲ့ပါရန် ဖိတ်ခေါ်အပ်ပါသည်။
Apple,iPad, iPhone, Samsung, HTC, Sony, LG, Huawei, မိုဘိုင်း (Handset) များနှင့် (Core i3 မှအထက် Laptop). Acer, HP, Lenovo, Dell, Asus, Samsung, Toshiba, Sony စသည့် Brand ကောင်း Model မြင့် Laptop များ Mobile ဖုန်းများကို သင့်ပစ္စည်းအပေါ်သင့်တင့်မျှတသောနှုန်းထားဖြင့် ဈေးကောင်းပေးဝယ်လိုသည်။
**(ပြန်ဝယ်သည်/ အလဲအထပ်လုပ်ပေးသည်/ ရောင်းသည်)**
**အမှတ် ၂၈၇၊ ပထမထပ်၊ ဗိုလ်ဆွန်ပတ်လမ်း (အပေါ်ဘလောက်)၊ ပန်းဘဲတန်းမြို့နယ်။**
**Call Up Now - 09 43027553, 09 974097000**

**Fuji Mobile (Second Hand ရောင်းဝယ်ရေး)**
End Users များ၏ ပစ္စည်းများနှင့် အသုံးမလိုသောပစ္စည်းများ Used Handset, Laptop, Tablet, iPhone, iPad, Mac Book Pro, Mac Book Air, Samsung, HTC, Sony, Huawei, Handset အမျိုးမျိုးနှင့် Laptop အမျိုးမျိုးရောင်းသည်၊ ဝယ်သည်၊ အလဲအလှယ်ပြုလုပ်ပေးပါသည်။
ဒီဂိမ်းလေးရဲ့ ဂိမ်းအင်ဂျင်ကိုတော့ BitSquid ကို အသုံးပြုဖန်တီးပေးထားပြီး နောက်ခံအသံပိုင်းတွေကိုလည်း ခြောက်ခြားဖွယ်ဖြစ်အောင်ရသအပြည့်ဖြစ်အောင် ဖန်တီးပေးထားပါသေးတယ်။ Survival ဂိမ်းတွေရဲ့ အမာခံ Resident Evil စီးရီးနဲ့ အပြိုင်နေရာရရှိလာတဲ့ Dead Island ဟာ ဒီတစ်ခေါက် Escape Dead Island မှာလည်း ယခင်ကထက်ထူးခြားတဲ့ရသတွေကိုပေးစွမ်းနိုင်တာကြောင့် ဖွမ်ဘီဂိမ်မာတွေ အတွက်တော့ လက်လွှတ်မခံသင့်တဲ့ဂိမ်းကောင်းတစ်ခုဖြစ်ကြောင်း ညွှန်းချင်ပါတယ်။ ဝယ်ယူကစားချင်တဲ့သူတွေအတွက် အမြို့မြို့အနယ်နယ်တိုင်းမှာရှိတဲ့ Excellent Softwares & Games ဆိုင်တိုင်းမှာရရှိနိုင်ပါပြီ။



## NEW PLACE မှာ LIMITED EDITION GAME စက်များဝယ်ယူနိုင်







NEW PLACE မှာ PS4 DRAGON QUEST HEROES BUNDLE နဲ့ XBOX ONE ASSASSINS CREED UNITY + KINECT BUNDLE များဝင်ရောက်လာပါပြီ။

DISNEY INFINITY အတွက် TOY BOX STARTAE PACK, SPIDERMAN PLAY SET များနှင့် SKYLANDERS TRAP TEAM အတွက် TRAP KEYS တို့ကိုလည်း ဝယ်ယူနိုင်ပါပြီ။










**(ရန်ကုန်)** New Place Game Sale & Service အမှတ်–၂၀၅ (မြေညီ)၊ ၃၇ လမ်း (အပေါ်)၊ ဖုန်း–၀၉–၇၃၀၄၈၀၅၉၉၊ ၀၁–၃၇၆၅၁၄
**www.facebook.com/groups/games. unleashed**
**(မန္တလေး)** ကိုမြင့်ဆွေ+ မဖြူဖြူ Game Centre အမှတ်–၂၁၅၊ ၃၁ လမ်း၊ ၈၂ x ၈၃ လမ်းကြား၊ မန္တလေးမြို့။
ဖုန်း–၀၂–၇၃၂၈၇၊ ၀၉–၅၁၀၀၇၃၈




# EA Sports PGA Tour

စာရေးသူ – *RP2 Gamer*

2015 အတွင်းမှာ ထွက်မယ့်ဂိမ်းတွေကိုကြည့်ရင် တော်တော်များများဟာ မျိုးဆက်သစ်ဂိမ်းတွေအတွက် ထုတ်လုပ်ပေးမယ်ဆိုတာကို တွေ့ရမှာဖြစ်တယ်။ ဂိမ်းလောကထဲမှာဆိုရင်တော့ အားကစားဂိမ်းတွေကို လက်ဝါးကြီးအုပ်ထားတယ်ဆိုတဲ့ ဂိမ်းထုတ်လုပ်သူတွေထဲမှာ အနည်းငယ်သာရှိတယ်။ Konami Ubisoft EA Sports တို့လောက်သာရှိတယ်။ သူတို့တွေက ဂိမ်းလောကထဲမှာရှိတဲ့ နာမည်ကျော်အားကစားဂိမ်းတွေကို ဖမ်းစားသိမ်းသွင်းပြီးတော့ ငွေတွေအများကြီးပေးရင်းနဲ့ ဂိမ်မာတွေအတွက် သေချာလုပ်လာပေးတာတွေ့ရမှာဖြစ်တယ်။ အခုနောက်ပိုင်းမှာတော့ Ubisoft ကို ဘယ်သူတွေကမှ မကျော်လွှန်နိုင်တာတွေကို မြင်ရမှာဖြစ်တယ်။ ဒါပေမဲ့ အမေရိကန်နဲ့ ဥရောပမှာတော့ နာမည်ကျော် အားကစားဂိမ်းတွေထက် ပိုပြီးတော့ သဘောကျတဲ့ အားကစားဂိမ်းက Golf ဂိမ်းပဲဖြစ်ပါတယ်။ လူတော်တော်များများကြည့်တယ်၊ ကျန်းမာရေးနဲ့ညီညွတ်တယ်၊ လူကြိုက်များတယ်။ ဒါတောင် Tiger Wood ဟာ အိမ်ထောင်ရေးကိစ္စကြောင့် လူကြားထဲ နာမည်ပျက်ခဲ့ရတာကြောင့် ဂေါ့ဖ်အားကစားဟာ အနည်းငယ်လူကြိုက်များမှု လျော့ကျခဲ့တယ်။ အချိန်အတိုင်းအတာ တစ်ခုလွန်သွားချိန်မှာတော့ ဂေါ့ဖ်ဟာ ဂေါ့ဖ်ပါပဲဆိုသလိုမျိုး ပြန်ဖြစ်လာပြီး အားကစားဂိမ်းတွေထဲမှာ လူကြိုက်များမှုပြန်ဖြစ်လာတယ်။ ဒါကြောင့် မထွက်တော့ပါဘူးဆိုပြီးတော့ ဂိမ်းအားကစားလောကထဲမှာ နားထားတဲ့ PGA Tour Game Series ဟာ အခုဆိုရင် ပြန်လည်ပြီးတော့ ထွက်လာဦးမှာဖြစ်တယ်လို့ သိရတယ်။ ဒါဟာ ဝမ်းသာစရာပါပဲ။ ဂိမ်းတွေထဲမှာ ဂေါ့ဖ်ရိုက်အားကစားနည်းကိုမှ သဘောကျတယ်ဆိုတဲ့ ဂိမ်မာတွေအတွက်တော့ အတိုင်းထက်အလွန်ဖြစ်ခဲ့ကြပြီးတော့ ပျော်စရာတွေနဲ့ ပြည့်နှက်နေခဲ့ရပါတယ်။

ဘယ်လိုမျိုးပဲဖြစ်ဖြစ်ပါ Developer တွေဖြစ်ကြတဲ့ EA Tiburon က တာဝန်ယူနေပြီဆိုမှာတော့ အခုဂိမ်းကို မကောင်းနိုင်ပါဘူးဆိုပြီးတော့ စိုးရိမ်နေစရာမှ မလိုတော့ပါဘူး။ Publisher နေရာမှာလဲပဲ EA Sports ကနေပြီးတော့ တာဝန်ယူပေးထားတယ်လေ။ ဒီတော့ အကောင်းဆုံးဖြစ်လာမယ်ဆိုတာကို ကြိုတင်ပြီးတော့ ပြောထားချင်မိနေတယ်။ Maitland, Florida, United Sates အခြေစိုက်တဲ့ EA Tiburon ဟာဆိုရင် အားကစားဂိမ်းတွေကိုသာ သီးသန့်ထုတ်လုပ်ပေးတဲ့လူတွေဖြစ်တယ်။ ဂိမ်းရေးဆွဲတဲ့နေရာမှာလဲပဲ လူအစစ်တွေကို အထူးအသုံးပြုပြီးတော့ တကယ့်ပြိုင်ပွဲအသွင်နဲ့ အားလုံးသော ဂိမ်မာတွေကို ဆော့ကစားစေတာဖြစ်တယ်လို့ သိထားရပါတယ်။ EA အတွက် သေချာလုပ်ပေးတဲ့ ဂိမ်းရေးဆွဲသူတွေထဲ တစ်ဖွဲ့ဆိုရင်လည်း မမှားတော့ပါဘူး။ Tiger Woods PGA Tour တုန်းကလည်း အဆင့်တစ်ခုအထိရောက်အောင် ထုတ်လုပ်ခဲ့ကြတဲ့သူတွေအတွက်တော့ ဂေါ့ဖ်ဂိမ်းတွေဟာ အခုလိုမျိုးအချိန်မှာလည်း အကောင်းဆုံးဆိုတာကို ပြသပေးကြမှာပဲဖြစ်နေပါတယ်။ အခုထွက်မယ့်ဂိမ်းကိုတော့ မျိုးဆက်သစ်တွေအတွက် ထုတ်လုပ်ပေးထားတဲ့ နောက်ဆုံးပေါ် ဂိမ်းစက်တွေမှာသာ ကစားနိုင်မယ်ဆိုပြီးတော့ ပြောထားပေးတာတွေ့ရမယ်။ PlayStation 4, Xbox One နဲ့မှာ တွေ့ရမှာဖြစ်နေတယ်။ ဒါကြောင့် အခြားပလက်ဖောင်းမှာတောင် ဒီဂိမ်းကိုဆော့နိုင်မယ် မထင်မိဘူး။ Feature တွေကိုအားလုံး update လုပ်ထားပေးသလိုမျိုး ဂိမ်းမှာပါလာမယ့် အရုပ်တွေကိုလည်းပဲ graphic တွေကို အဆင့်တွေအားလုံးထပ်မြင့်ပေးထားတယ်ဆိုတာ တွေ့ရဦးမှာဖြစ်တယ်။ ဒီဂိမ်းဟာဆိုရင် Popular ဖြစ်လွန်းပြီး real world golf course တွေအပေါ်မှာ သေချာရိုက်နေသလိုမျိုး ခံစားရစေမှာပါ။ လုံးဝကို Fantasy Golf Course တွေကိုလည်း မြင်တွေ့ရစေမှာပါ။ Trailer မှာလဲ အားလုံးတွေ့ရမှာဖြစ်တယ်။ Tiger Woods နဲ့ လမ်းခွဲပြီးတဲ့နောက်မှာ ပြန်လည်မွမ်းမံရင်းနဲ့ ထွက်မယ့်ဂိမ်းတစ်မျိုးဖြစ်ပါတယ်။ ဒါကြောင့်အရင်လိုမျိုး ဂေါ့ဖ်သမားတစ်ယောက်တည်းအပေါ်မှာသာ အားထည့်ပြီးတော့ လုပ်ထားပေးမှာမဟုတ်တော့ပါဘူး။ ဂေါ့ဖ်သမား တော်တော်များများမှာလည်းပဲရှိနေတဲ့ ခွန်အားနဲ့ရိုက်ချက်တွေအတိုင်း မြင်ရဦးမယ်လေ၊ Electronic Arts ကတော့ 2015 ဧပြီလလောက်မှာ အားလုံးအတွက် ပေးဆပ်မယ်လို့ ပြောထားပေးပါတယ်။ ဒါပေမဲ့ အရင်လောက် စွဲဆောင်မှုတွေရှိလာနိုင်မလားဆိုတာတော့ ကြည့်ရမယ်။ Tiger Woods PGA Tour 14 တုန်းကတော့ လူဟောင်းဂေါ့ဖ်သမားကြယ်ပွင့်တွေနဲ့အတူ ဒီဘက်ခေတ်မျိုးဆက်သစ် ဂေါ့ဖ်သမားတွေကို ပေါင်းစပ်ပြီးတော့ ပြိုင်ဆိုင်စေတာတွေက အစတွေ့ရမှာဖြစ်တယ်။ EA Sports golf video game အဖြစ်မြင်ရမှာကတော့ တိုင်းဂါးဝုလ်ဖ်ကို ပြန်ထည့်ပေးမှာဖြစ်တယ်။ အရင်တုန်းက နာမည်ကျော် ဂေါ့ဖ်သမားကြီးဟာ ဝင်ငွေတွေဖြောင့်နေတဲ့အတွက် EA လို ဂိမ်းထုတ်လုပ်သူတွေကို လှည့်တောင်မကြည့်ဖြစ်ပါဘူး။ အခုကျမှသာအကျပိုင်းရောက်လာတဲ့အတွက် အီးအေမှာတောင် သူ့ပုံရိပ်သုံးခွင့်ပေးလိုက်တာပါ။

ဒါကြောင့် အခုထွက်မယ့်ဂိမ်းမှာ သူလဲပါဝင်လာတာဖြစ်တယ်။ Frostbite Engine 3 ရဲ့ အရသာကိုတော့ တွေ့ရခဲ့ပြီးဖြစ်တာကြောင့် ယုံကြည်မှုအပိုင်းမှာ လုံးဝစိတ်ချရမယ်ဆိုတာ ကျိန်းသေပါတယ်။ ဒီတော့ နောက်ဆုံးအနေနဲ့ ပြောချင်တာကတော့ သင်ဟာ ပရိုဂေါ့ဖ်သမားတစ်ယောက် မဖြစ်လာသေးပေမယ့် တစ်နေ့မှာ ဖြစ်လာနိုင်စွမ်းရှိတယ်ဆိုတာကို ဂိမ်းထဲမှာအရင်ဆုံးလက်စွမ်းပြဖို့အတွက် EA ကနေပြီးတော့ အခွင့်အရေးပေးလိုက်တယ်။ ဒါကတော့ နာမည်ကျော်ဂေါ့ဖ်သမားတွေနဲ့အတူ ပြိုင်ပွဲပေါင်းစုံကို ဝင်ရောက်ယှဉ်ပြိုင်နိုင်ခွင့်ပဲ ဖြစ်ပါတယ်။

## The Evil Within Update v.1.03



The Evil Within ရဲ့ အသစ်ထပ်ပေးလာတဲ့ Update v.1.03 မှာအရင် The Evil Within ဂိမ်းရဲ့လိုအပ်ချက်များကို ဖြေရှင်းပေးထားတဲ့အပြင် Weapon အသစ်တွေလဲ ထပ်တိုးပေးထားပါတယ်။ **(1DVD)**

## Farcry 4 Update v.1.4 & 1.5



Farcry 4 Update v.1.4 & 1.5 ကို စုစည်းပေးထားတဲ့အခွေဖြစ်ပါတယ်။ ဒီ Update မှာ အရင် Farcry 4 ဂိမ်းရဲ့ အားနည်းချက်တွေကို ပြန်လည်ပြင်ဆင်ပေးထားပါတယ်။ **(1DVD)**

## Lara Croft and the Temple of Osiris



Lara Croft and the Temple of Osiris ဂိမ်းဟာ Action, Adventure ဂိမ်းအမျိုးအစားဖြစ်ပြီး ဒီဂိမ်းမှာ သင်က Lara နေရာကနေပြီးအီဂျစ်ဘုရားကျောင်းထဲကအန္တရာယ်တွေကို သင့်ရဲ့လက်တွဲဖော်တွေဖြစ်တဲ့ Carter, Isis, Horus တို့နဲ့အတူ ရင်ဆိုင်တိုက်ခိုက်ရမှာဖြစ်ပါတယ်။ **(1DVD)**

## Cargo 3



Cargo 3 ဂိမ်းဟာ Horror ဂိမ်းအမျိုးအစားဖြစ်ပြီး ဒီဂိမ်းမှာကြောက်မက်ဖွယ်ကောင်းတဲ့ Zombies တွေကိုတိုက်ခိုက်ရမှာဖြစ်ပြီး စိတ်လှုပ်ရှားဖွယ်ဂိမ်းမျိုးတွေကိုမှ ဆော့ချင်သူများအတွက် Horror ဂိမ်းကောင်းကောင်းတစ်ခုဖြစ်ပါတယ်။ **(1DVD)**

itBANK Software & Games CD/DVD
ရန်ကုန်မြို့ ။ ။ အမှတ်(27-a1)အင်းစိန်လမ်းမပေါ်၊ ဦးထွန်းလင်းခြံလမ်းနှင့်ဖေယျာသီရိလမ်းကြား BAND BAND အနီး။ Ph : 09-402509002
မကွေးမြို့ ။ ။ အမှတ်(စီ-၆၂)၊ အထက(၁)လမ်း၊ ကန်သာရပ်။ Ph : 09-402509003

# အသစ်ထွက်ရှိလာသည့် ဂိမ်းစီဒီများ

## Game of Thrones : Iron From Ice




Adventure ဂိမ်းအမျိုးအစား၊ (၆)ပိုင်းဆက်တိုက်ပွဲထုတ်မယ်လို့ ကြေညာထားတဲ့ Game of Thrones : A Telltale တီဗွီစီးရီးရဲ့ အသွင်ပြောင်းပွဲဦးထွက်ဂိမ်းခွေပါ။ ခုနစ်ပြည်ထောင်မင်းစစ်ခင်းမှုကြားက Forrester တော်ဝင်မျိုးနွယ်တွေရဲ့ ကံကြမ္မာတွေကို ဝင်ရောက်ဖန်တီးရမှာဖြစ်ပါတယ်။

## Lara Croft and the Temple of Osiris



Action-adventure ဂိမ်းအမျိုးအစား၊ နာမည်ကျော် Tomb Rider ရဲ့အမျိုးသမီးဖိုက်တာ Lara Croft စီးရီးရဲ့ နောက်ဆုံးထွက်ခွေပါ။ Guardian of Light ရဲ့ နောက်ဆက်တွဲဇာတ်လမ်းဖြစ်ပြီး နတ်ဘုရားကျောင်းတွေပြည့်နှက်နေတဲ့ အီဂျစ်ကန္တာရတွေထဲက ရတနာသိုက်ရှာဖွေရေး စွန့်စားခန်းတွေကိုမြင်တွေ့ရမှာဖြစ်ပါတယ်။

## Motorama




Racing ဂိမ်းအမျိုးအစား၊ ဆိုင်ကယ်နဲ့ ကားဂိမ်းပြိုင်ပွဲသမားတွေ အတွက် နောက်ဆုံးထွက်ရှိလာတဲ့ ဂိမ်းအသစ်စက်စက်ပါ။ USA ရဲ့ ကယ်လီဖိုးနီးယားလို နာမည်ကျော်မြို့ကြီးတွေ အထင်ကရနေရာတွေ ဖန်တီးပေးထားပြီး လမ်းကြောင်း Theme (၅) မျိုးနဲ့ Game Mode (၈)ခု ပါဝင်မှာဖြစ်ပါတယ်။

## Dreamscapes 2: Nightmare's Heir



Hidden Object ဂိမ်းအမျိုးအစား၊ ခင်ပွန်းဖြစ်သူ Tim ရဲ့မှတ်ဉာဏ်ပျောက်ကိုးမားဝေဒနာကို အချိန်မီကုသကယ်တင်မယ့်ဇနီးသည် Laura ကြုံတွေ့နေရတဲ့ အခက်အခဲတွေ၊ Puzzle တွေကို ကူညီဖြေရှင်းပေးရမယ့် စိတ်ဝင်စားဖွယ်ဂိမ်းကောင်းတစ်ခုဖြစ်ပါတယ်။

## Joe Devers Lone wolf HD Remastered




Adventure, Indie, RPG ဂိမ်းအမျိုးအစား၊ ယခင်နာမည်ကျော်ခဲ့တဲ့ Lone wolf ဂိမ်းကို Story အသစ်၊ ဂိမ်းအင်ဂျင်အသစ်တွေနဲ့ ပြန်လည်ပွဲထွက်လာတာဖြစ်ပါတယ်။ Rockstarn နယ်မြေရဲ့မိစ္ဆာတွေပြည့်နှက်နေတဲ့ Sunken တောနက်ထဲက Shianti ကျောင်းတော်ရဲ့ လျှို့ဝှက်ချက်တွေကို ဖော်ထုတ်ရမှာပါ။

# အသစ်ထွက်ရှိလာသည့် ဆော့ဖ်ဝဲစီဒီများ

## Lumion Pro v5.0



ဂရပ်ဖစ် 3D Model တွေရေးဆွဲရာမှာ အကောင်းဆုံးအားထားရတဲ့ Lumion ရဲ့ နောက်ဆုံးထွက်ဗားရှင်းဖြစ်ပါတယ်။ Plastic, Leathre, Stone အစရှိသည့် Material အမျိုးအစားသစ် (၁၀၀)ကျော် ထပ်မံပါဝင်လာမှာပါ။

## VMware Workstation v11.0.0 Build 2305329




Desktop virtualization software ဖြစ်တဲ့ VMware နောက်ဆုံးထွက်ခွေပါ။ Windows 10 Technical Preview ကို Support လုပ်ပေးနိုင်တဲ့အပြင် Ubuntu 14.10, Red 7, CentOS 7, Fedora 21, DEbian 7.6 တို့မှာပါ။ Virtual Machine အဖြစ် အသုံးချနိုင်မှာဖြစ်ပါတယ်။

## Advanced SystemCare Pro 8.0.3.614




Spyware, Threats များ၊ Junk files များ၊ Registry Error များ၊ Temporary Files များ အစရှိသည့် System Security ပိုင်းဆိုင်ရာများကို အကောင်းဆုံးပံ့ပိုးဖြေရှင်းပေးနိုင်တဲ့ဆော့ဖ်ဝဲ Advanced SystemCare ရဲ့ နောက်ဆုံးထွက်ဗားရှင်းဖြစ်ပါတယ်။

## CreativeMarket Big Bundle 3




ကဏ္ဍပေါင်းစုံမှာအသုံးချနိုင်တဲ့ PSD Templates, Photoshop Brushes, Vector Graphics, Icons, Textures, Fonts များ တစ်စုတစ်စည်းတည်းနဲ့ မြောက်များစွာ ပါဝင်တဲ့ အခွေဖြစ်ပါတယ်။

## Android Applications Collection



Android Platform သမားတွေအတွက် မဖြစ်မနေလိုအပ်တဲ့ Backup, Battery, Media, Launcher, Office အစရှိတဲ့ကဏ္ဍတွေအတွက် နောက်ဆုံးထွက် Version မြင့်အသုံးချ Application များစွာ စုစည်းတင်ဆက်ပေးထားတဲ့အခွေဖြစ်ပါတယ်။

*Excellent Softwares & Games ဖုန်း – ၀၉-၇၃၂၀၃၂၉၃(ရန်ကုန်) နှင့် ၀၉-၉၁၀၃၈၉၂(မန္တလေး) မှ အချက်အလက်များ ကူညီပံ့ပိုးပါသည်။*




## 1. Movie Pro

ဗီဒီယိုရိုက်ကူးမှု၊ ရုပ်ရှင်ရိုက်ကူးမှုတွေကို စွမ်းအားမြင့်မြင့်နဲ့နိုင်မယ့် app ပါ။ အမြန်ဆန်ဆုံး ဗီဒီယိုကင်မရာ app ဖြစ်ပြီး iOS device အားလုံးနဲ့ ကိုက်ညီတဲ့အကောင်းဆုံး video zoom ပါပါတယ်။ Recording လုပ်စဉ် pause/resume လုပ်နိုင်သလို Video zoom ကလည်း အလွန်စွမ်းအားကောင်းပြီး ဗီဒီယိုကင်မရာအစစ်တစ်လုံးနဲ့ ယှဉ်နိုင်ပါတယ်။ အသံခလုတ်ပါပြီး ဗီဒီယိုရိုက်စဉ်အသံမြင့်ထားနိုင်သလို ရုပ်သေပုံတွေရိုက်ဖို့အတွက် အသံတိုးထားနိုင်ပါတယ်။ အသံပိတ်တာလည်းလုပ်နိုင်ပါတယ်။ ဗီဒီယိုရိုက်ရင်းရုပ်သေပုံတွေလည်းလိုက်ရိုက်နိုင်မှာပါ။ ဗီဒီယိုခလုတ်ကနေ ကင်မရာခလုတ်ဆီ လျင်မြန်စွာကူးပြောင်းနိုင်ပါတယ်။ Video resolution ကို 1080 ကနေ 240 ကြားရွေးချယ်နိုင်လို့ မိမိလိုအပ်တဲ့အရည်အသွေးကိုရနိုင်ပါတယ်။ Frame rate မျိုးစုံပံ့ပိုးထားပြီး 30p, 25p, 24p ကနေ 1fps ထိရနိုင်ပါတယ်။ Movie ပေါင်းစပ်မှုအတွက် 24fps နဲ့ တီဗီမှာကြည့်ကောင်းဖို့အတွက်တော့ 25fps က သင့်တော်ပါတယ်။ iOS 7 နဲ့အထက်ဖုန်းတွေအတွက် 60fps ထိရနိုင်ပြီး iPhone 5s အတွက်တော့ 120fps ထိပံ့ပိုးထားပါတယ်။ အရည်အသွေးမြင့်ပုံတွေ၊ ဗီဒီယိုတွေကို frame rate ကောင်းကောင်းနဲ့ရနိုင်ပါမယ်။ Aspect ratio တွေလည်း မျိုးစုံသုံးနိုင်အောင်ဖန်တီးထားပါတယ်။ ဗီဒီယိုရိုက်ကူးစဉ်မှာ ဖုန်းကို ဒေါင်လိုက်၊ အလျားလိုက် ကြိုက်သလိုထားနိုင်ပါတယ်။ ဒေါင်လိုက်ပုံ၊ အလျားလိုက်ပုံကိုစိတ်ကြိုက်ဖမ်းနိုင်မှာပါ။ ဗီဒီယိုအရည်အသွေး bit rate ကို 200%, 150%, 100%, 75%, 50%, 40%, 25% စသဖြင့် ကိုယ့်ဖုန်းရဲ့ disk space နဲ့သင့်တော်ရာကိုရွေးချယ်နိုင်ပါတယ်။ အသံပိုင်းနဲ့ပတ်သက်ပြီးတော့လည်း အကောင်းဆုံးထိန်းချုပ်မှုပြုလုပ်နိုင်ပါတယ်။ ရိုက်ကူးနေစဉ်နားကြပ်သုံးပြီး အသံတွေကိုစောင့်ကြည့်ပေးနိုင်ပါတယ်။ Input volume ကို ချိန်ညှိနိုင်သလို အသံတိတ်ရုပ်ရှင်တွေဖမ်းယူနိုင်အောင်လို့ Silent Movie mode ထည့်ထားပါတယ်။ သီးခြားမိုက်ခရိုဖုန်းတွဲသုံးနိုင်ပြီး အသံကို setting ချိန်နိုင်ပါတယ်။ အသံအဆင့်ကိုတိုင်းတာနိုင်အောင်လို့ Audio metering feature ပါပါတယ်။ နောက်ပြီး Spy mode recording နဲ့အတူ သင့်ဖုန်း library ထဲကနောက်ခံမြင်ကွင်းတစ်ခုကိုရွေးချယ်ပြီး ဗီဒီယိုရိုက်ကူးနေမှန်းမသိအောင် black screen ပြပြီး တိတ်တဆိတ် recording လုပ်နိုင်ဦးမှာပါ။ ရိုက်ကူးရေးကာလကိုလည်း ၆ စက္ကန့်၊ ၁၅ စက္ကန့် စသဖြင့်ရွေးချယ်နိုင်ပါတယ်။ Recording ခလုတ်ကိုလည်း timer ပေးထားနိုင်ပါသေးတယ်။ Focus, exposure, AE, AF, Auto White Balance Lock စတာတွေပါသလို ဗီဒီယိုမှာ တည်နေရာနဲ့ date ထည့်နိုင်ပါမယ်။ ဗီဒီယိုဖြတ်ညှပ်တာလုပ်နိုင်ပါမယ်။ အဆင့်မြင့်ဗီဒီယိုကင်မရာတစ်လုံးလို function တွေအစုံပါပြီး iOS 6.0 နဲ့အထက်မှာသုံးနိုင်ပါတယ်။

## 2. Feedly News Reader Blogs, RSS & Youtube




Feedly app ဟာ android ဖုန်းတွေနဲ့ tablets တွေအတွက် အထူးထုတ်လုပ်ထားတဲ့ RSS News Reader app တစ်ခုပဲဖြစ်ပါတယ်။ ဒီ app ကိုအသုံးပြုပြီး ကိုယ်ကြိုက်နှစ်သက်တဲ့သတင်း websites တွေ၊ rss feeds တွေ၊ tumblr blogs တွေနဲ့ youtube channels တွေကို browse လုပ်ပြီး ပြန်လည် share လုပ်နိုင်ပါတယ်။ ကိုယ်ဖတ်ချင်တဲ့သတင်းတွေကို hunt down လုပ်နေမယ့်အစား ကိုယ်နှစ်သက်တဲ့သတင်း websites တွေနဲ့ blogs ကိုစုပေါင်းထားပေးနိုင်ပါတယ်။ စုပေါင်းထားတဲ့သတင်းတွေကိုလည်း အလျင်မြန်ဆုံးနည်းလမ်းတွေနဲ့တစ်ခြားသူတွေကိုပြန်လည်ဖြန့်ဝေနိုင်တာကြောင့် အလွန်အဆင်ပြေပါတယ်။ သတင်း websites တွေနဲ့ blogs တွေကို သေးငယ်တဲ့အရွယ်အစားကိုပြောင်းလဲပေးနိုင်တဲ့အတွက် တစ်ခြား app တွေထက် browse လုပ်ရတာ ပိုမိုလျင်မြန်မှုရှိပါတယ်။ Content တွေကို twitter၊ facebook တွေသို့ ပြန်လည် share လုပ်တဲ့အခါမှာ Buffer ကိုအသုံးပြုနိုင်သလို တိုက်ရိုက်လည်း share လုပ်နိုင်ပါတယ်။ Pocket၊ Instapaper၊ Evernote တွေကိုလည်း တိုးမြှင့်ထောက်ပံ့ပေးထားပါတယ်။ တစ်နေရာထဲကနေ ကိုယ့်စိတ်ကြိုက်သတင်းတွေကိုအချိန်တိုအတွင်း ဖတ်ရှုနိုင်ပါတယ်။ ဒီ app ကိုအသုံးပြုချင်တယ်ဆိုရင်တော့ iOS 4.3 နဲ့အထက်လိုအပ်ပါတယ်။

## 3. AntiVirus Security




AntiVirus Security app ဟာ android devices တွေအတွက်ဗိုင်းရပ်(စ်)တွေကို အကောင်းဆုံးနဲ့ စိတ်အချရဆုံးဖယ်ရှားပေးနိုင်တဲ့အဆင့်မြင့် app တစ်ခုဖြစ်ပါတယ်။ ကိုယ့် devices အတွက် အန္တရာယ်ရှိတဲ့ viruses၊ malware၊ spyware နဲ့ SMS တွေကိုဝင်ရောက်မလာနိုင်အောင် အလုံခြုံဆုံးကာကွယ်ပေးထားနိုင်တာကြောင့် ကိုယ့် devices တွေကို ယုံကြည်စိတ်ချစွာအသုံးပြုနိုင်ပါတယ်။ တစ်ချိန်တည်းမှာပဲ apps တွေ၊ settings တွေ၊ ဖိုင်တွေနဲ့ media တွေကို scan ဖတ်ပေးနိုင်ပြီး Google Maps ကနေတစ်ဆင့် ပျောက်သွားတဲ့ဖုန်းတွေရဲ့တည်နေရာကိုပြန်လည်ရှာဖွေနိုင်ပါတယ်။ Devices ကိုလည်းလုံခြုံစိတ်ချရအောင် lock ချထားပေးနိုင်ပြီး devices တွေကိုလေးစေတဲ့အရာတွေကိုလည်း ဖြုတ်ချပေးနိုင်ပါတယ်။ သင့် device ကို password အမှားနဲ့ဖွင့်ဖို့ကြိုးစားရင်း ၃ ခါမြောက်တာနဲ့ ၎င်းရဲ့ဓာတ်ပုံကို email ကနေမြင်နိုင်မှာဖြစ်ပါတယ်။ Web တွေကိုလည်း စိတ်ချလက်ချ browse လုပ်နိုင်ပြီး ဘက်ထရီအား၊ data အသုံးပြုနှုန်း၊ သိမ်းဆည်းထားမှုပမာဏတွေကိုလည်းပြသပေးနိုင်ပါတယ်။ Device ထဲက apps တွေကိုလည်း SD cards ထဲသို့ back up လုပ်ပေးထားနိုင်တာကြောင့် အလွန်အဆင်ပြေပါတယ်။ android 2.2 နဲ့အထက်လိုအပ်ပါတယ်။

## 4. Camera 2




နောက်ဆုံးပေါ်ကင်မရာ effect တွေကိုအသုံးပြုနိုင်မယ့် app ဖြစ်ပြီး ပိုမိုကောင်းမွန်တဲ့ဓာတ်ပုံတွေ၊ ဗီဒီယိုတွေ၊ ဖန်တီးမှုတွေကို ရယူနိုင်ပါလိမ့်မယ်။ ထူးခြားတဲ့အရည်အသွေးမြင့် effect အများကြီးပါရှိပြီး ဓာတ်ပုံတွေကိုဆန်းသစ်အောင်ပြင်ဆင်နိုင်မှာဖြစ်ပါတယ်။ Old Time mode မှာ သင့်ရဲ့ကင်မရာကို ရှေးဟောင်းသွင်ပြင်ဒီဇိုင်းအဖြစ် ပြောင်းလဲပေးနိုင်ပါတယ်။ Lomos နဲ့ Retro mode မှာတော့ ပုံတွေကိုသာမန်ကနေ ရင်သပ်ရှုမောဖွယ်ရာဖြစ်အောင်ထိ ပြောင်းလဲပေးနိုင်လို့ သုံးစွဲသူတွေ အကြိုက်တွေ့မှာပါ။ Comic mode နဲ့အတူ ဓာတ်ပုံအရောင်အသွေးကို half-tone နဲ့ထားနိုင်ပြီး ပုံတွေကို အဖြူ/အမည်းပြောင်းတာ၊ ကာတွန်းစတိုင်ပြောင်းတာနဲ့ တစ်ခြားစတိုင်အသစ်တွေ၊ ပေါင်းစပ်တာတွေအများကြီးပြုလုပ်နိုင်ပါမယ်။ ပုံတွေကိုပိုပြီးအနုပညာမြောက်အောင်လို့ ပုံပေါ်မှာအနုပညာလက်ရာလေးတွေထည့်နိုင်မယ့် Art mode လည်းပါပါတယ်။ Sci-Fi၊ Computer mode တွေလည်းပါပြီး effect တွေကိုအကောင်းဆုံးဖန်တီးထားပါတယ်။ Effect ပေါင်း ၄၀ ကျော်သုံးနိုင်ပြီး ကိုယ့်ရဲ့ဖန်တီးမှုတွေကို ဒီ app ထဲကနေတိုက်ရိုက် share နိုင်ပါတယ်။ Effect တစ်ခုချင်းစီကိုချိန်ညှိပြီး ကိုယ်ပိုင် effect ဖြစ်အောင် ဖန်တီးနိုင်ပါတယ်။ Android 4.0.3 နဲ့အထက်လိုအပ်ပါတယ်။

## 5. SketchBook Mobile




မိုဘိုင်းဖုန်းတွေအထူးရည်ရွယ်ထုတ်လုပ်ထားတဲ့ပညာရှင်အဆင့်ရှိ ပန်းချီဆွဲ app ပါ။ ပုံဆွဲကိရိယာတွေ အများကြီးပါပြီး ပြေပြစ်သွက်လက်တဲ့ user interface ကိုသုံးထားလို့ ပုံဆွဲရတာအလွန်အဆင်ပြေပါတယ်။ ကိုယ့်ရဲ့စိတ်ကူးထဲရှိသမျှကိုပုံကြမ်းချဆွဲပြီး လက်ရာမြောက်အနုပညာတွေ ဖန်တီးနိုင်ပါမယ်။ ပုံဆွဲတဲ့အခါ full screen ထားဆွဲနိုင်တဲ့အတွက် ရှင်းလင်းမှုရှိသလို မြင်ကွင်းနဲ့ကြည့်နိုင်မှာပါ။ Pen ပါတဲ့ device တွေအတွက် Pen Only Mode ပံ့ပိုးထားပြီး ဘောပင်ရဲ့အထိအတွေ့ သိမှတ်နိုင်မှုစွမ်းရည်အလွန်ကောင်းမွန်ပါတယ်။ ဒါပေမဲ့ ဒီ mode မှာ ဘောပင်နဲ့သာဆွဲနိုင်ပြီး ပန်းချီဆွဲစက္ကူဟာလက်နဲ့ထိတာကိုမသိမှတ်နိုင်ပါဘူး။ Multi-touch ရပြီး zoom ကို ရာခိုင်နှုန်း ၂၅၀၀ ထိချဲ့နိုင်ပါတယ်။ ပန်းချီစက္ကူအရွယ်အစားကို screen resolution နဲ့တိုင်းတာထားပြီး layer ၁၂ ခုသုံးနိုင်မှာပါ။ ဖုန်းထဲကပုံရော၊ ကင်မရာနဲ့ရိုက်လိုက်တဲ့ပုံတွေပါသုံးနိုင်ပြီး layer ပွားတာ၊ ပေါင်းစပ်တာ၊ ပြန်စဉ်တာတွေလုပ်နိုင်ပါတယ်။ Layer တွေကိုရွှေ့နိုင်၊ ချဲ့နိုင်၊ လှည့်နိုင်ပြီး layer မြင်ကွင်းနဲ့အလင်းပိတ်မှုကိုချိန်ညှိနိုင်ပါတယ်။ ဘရပ်ရှ် ၆၅ ခုပါပြီး setting တွေကို အမျိုးမျိုးပြောင်းသုံးနိုင်ပါတယ်။ ဒီ SketchBook Mobile app ကို Android 2.2 နဲ့အထက်မှာသုံးနိုင်ပါတယ်။

## 6. EasilyDo Smart Assistant




ဒီ Easily Do Smart Assistant app လေးဟာ ကိုယ့်ရဲ့လက်ထောက်တစ်ယောက်လိုမျိုးကောင်းကောင်းအသုံးဝင်နိုင်ပြီး သုံးရတာလည်းအလွန်အဆင်ပြေတဲ့ကိုယ်ပိုင်မှတ်တမ်း app ပဲဖြစ်ပါတယ်။ ကိုယ့်သူငယ်ချင်းမိတ်ဆွေတွေရဲ့မွေးနေ့တွေကို မှတ်သားထားနိုင်ပြီး ကျရောက်မယ့်ရက်ရောက်ရင်လည်း အချက်ပြပေးနိုင်ပါတယ်။ ဆက်သွယ်နိုင်တဲ့ contacts တွေကိုစုစည်းသိမ်းဆည်းပေးထားနိုင်ပြီး ရာသီဥတုအခြေအနေတွေကိုလည်း ကြိုတင်သတိပေးနိုင်ပါတယ်။ ယာဉ်အသွားအလာလမ်းကြောင်းတွေကိုစစ်ဆေးနိုင်ပြီး ဦးတည်ချက်တွေကိုညွှန်ပြပေးနိုင်တဲ့အပြင် ဘယ်လောက်ကြာကြာမောင်းရမလဲဆိုတာကိုလည်းပြောပြပေးနိုင်ပါတယ်။ Email မှတစ်ဆင့်ပြက္ခဒိန်ထဲသို့ လေယာဉ်ခရီးစဉ်လမ်းကြောင်းကိုပေါင်းထည့်နိုင်ပြီး တစ်ခြားသူတွေကိုလည်း share လုပ်နိုင်ပါတယ်။ ဒါ့အပြင် လေယာဉ်ဂိတ်နံပါတ်ပြောင်းသွားပြီလား၊ လမ်းကြောင်းပယ်ဖျက်လိုက်ပြီလား ဒါမှမဟုတ် နောက်ကျနေလားဆိုတာကိုသိရှိနိုင်ပါသေးတယ်။ iTunes က သီချင်းတွေနဲ့ App Stores က apps တွေကို free download ဆွဲနိုင်ပြီး Facebook မှ profile ဓာတ်ပုံတွေကို ကိုယ့်ဖုန်း contacts ထဲကိုထည့်သိမ်းထားနိုင်ပါတယ်။ ဒီ app ကိုအသုံးပြုဖို့အတွက် iOS 6.0 နဲ့အထက်လိုအပ်ပါတယ်။

## HP 14 Series

# Feature rich.
# Budget friendly.

### HP 14-r029tx **New Arrival**

## $ 499



- Intel Cor i3-4030U Processor (1.9 GHz)
- Free DOS Operating Software
- 4GB DDR3, 500GB Hard Disk
- 14” diagonal HD Bright View LED-backlit Display
- Nvidia Geforce GT 820M 2GB
- 4 Cells

## HP ProDesk 400 G2 Business PC Series

# Maximize your investment

**Window 8.1 ( Genuine ) ပါဝင်ပြီးသားဖြစ်သည့်အတွက်**
**ငွေကြေးထပ်မံကုန်ကျစရာမလိုသည့် စွမ်းဆောင်ရည်မြင့်**
**Branded Desktop**

### HP Prodesk 400 G2 MT Business Desktop

**USD 665** ( Without Monitor )

- Intel® Core™ i5-4570S Processor (2.9 GHz)
- Windows 8.1
- Nvidia Geforce GT 630 2GB
- 4GB DDR3, 1TB Hard Drive
- HP USB Keyboard & USB Mouse

### HP Prodesk 400 G2 MT Business Desktop

**USD 575** ( Without Monitor )

- Intel® Core™ i3-4130 Processor (3.4 GHz)
- Windows 8.1
- Nvidia Geforce GT 630 2GB
- 4GB DDR3, 500GB Hard Drive
- HP USB Keyboard & USB Mouse

**HP Prodesk 400 G2 MT**



**Preferred Partner**

technoland electronics expert Ph: 09 91024812,730 24327
UNiQUE Ph:391789, 73171212

**Business Partner**

Citicom Ph:374544, 376564
Evo · STORE Ph: 373631
I.C.E Ph:228805, 215353
INNWA Ph: 398297, 391511

1 Year
1 year warranty

မြန်မာပြည်၏တရားဝင်ဖြန့်ချိရေးကိုယ်စားလှယ်
Royal Smart Trading Co., Ltd.

HP Showroom & Service Center ( Yangon ) : No.174, 36th St ( Middle ), Kyauktada Tsp., Yangon. Tel : 01379564, 379835, 371262, 09 2500 88599, 88699, 88600.
HP Showroom & Service Center ( Mandalay ) : Building No. B2 , 32nd Street, Between 77th & 78th Street, Chanayetharsan Tsp, Mandalay. Tel : 02-68156 , 09 910 22630.




## Flyhunter Origins



Flyhunter Origins မှာတော့ Zak ဆိုတဲ့ အာကာသအစောင့်ကိုကူညီပြီး လွတ်သွားတဲ့အင်းဆက်ကောင်တွေကို ရှာဖွေပေးရမှာဖြစ်ပါတယ်။ သင့်ရဲ့တာဝန်က လွတ်သွားပြီး ကမ္ဘာကြီးအတွင်းပြန့်ကြဲနေတဲ့ ထူးဆန်းတဲ့ယင်ကောင်တွေကို ပြန်လည်ရရှိအောင် ကြိုးစားရှာဖွေပေးရမှာပါ။ ယင်ကောင်တွေကို ပြန်လည်ရှာဖွေဖို့အတွက် ဇာတ်ကောင် Zak က အာကာသထဲ ခရီးကြမ်းနှင်မှာဖြစ်ပြီး သင်က Zak ကို ထိန်းချုပ်ကာ ကစားရမှာဖြစ်ပါတယ်။ လမ်းတစ်လျှောက် မှိုပွင့်ကြီးတွေလို ထူးဆန်းတဲ့အပင်ကြီးတွေနဲ့ ဖားတို့၊ ပင့်ကူတို့လို ထူးဆန်းတဲ့ အင်းဆက်ကောင်ကြီးတွေကို တွေ့ရမှာဖြစ်ပါတယ်။ ထူးဆန်းတဲ့အပင်ကြီးတွေနဲ့ ထူးဆန်းစွာတည်ရှိနေတဲ့ လမ်းကြောင်းတွေတစ်လျှောက် ဖြတ်သန်းသွားလာရမှာပါ။ လမ်းတစ်လျှောက်မှာ တွေ့ရှိတဲ့အတားအဆီးတွေကိုလည်း ဖြတ်ကျော်နိုင်ဖို့လိုပါတယ်။ ဇာတ်ကောင် Zak မှာ ယင်ရိုက်တံတစ်ချောင်းပါပြီး ကျောမှာ စက်တပ်ကျောပိုးအိတ် ပါရှိပါတယ်။ ယင်ရိုက်တံနဲ့အတူ လမ်းတစ်လျှောက်မှာတွေ့တဲ့ ယင်ကောင်တွေကို ရိုက်သတ်ရမှာဖြစ်ပြီး တခြားသော အတားအဆီးတွေကိုလည်း ရှောင်ရှားတတ်ဖို့လိုပါတယ်။ စက်တပ်ကျောပိုးအိတ်ပါရှိတဲ့အတွက် အမြင့်တွေကိုခုန်တဲ့အချိန်မှာ နှစ်ချက်ဆင့်ပြီး ခုန်နိုင်ပါတယ်။ ထိလို့မရတဲ့အကောင်တွေနဲ့လည်းတွေ့ကြုံရမှာဖြစ်ပြီး မထိမိအောင် အထူးသတိထားပြီး ခုန်တတ်ဖို့အရေးကြီးပါတယ်။ ဂိမ်းဇာတ်လမ်းကတော့ Flyhunter တွေ အိပ်မောကျနေစဉ်မှာ သူတို့နောက်ဆုံးဖမ်းဆီးလို့ရထားတဲ့ အလွန်အရေးကြီးတဲ့ ယင်ကောင်တွေလွတ်သွားတဲ့အတွက် ဒီအာကာသအစောင့်ကလေး Zak က လိုက်လံရှာဖွေပေးတာဖြစ်ပါတယ်။ ဖန်တီးထားတဲ့ ဂိမ်းပတ်ဝန်းကျင်က ကစားသူတွေအနေနဲ့ ကစားရတာ ပိုမိုစိတ်ဝင်စားဖို့ကောင်းစေပြီး အသံဖန်တီးမှုကလည်း ဂိမ်းရဲ့စိတ်ဝင်စားမှုကို ပိုမိုအားဖြည့်ပေးထားပါတယ်။ ဒီ Flyhunter Origins ဂိမ်းကို iPhone၊ iPad နဲ့ iPad mini တွေမှာ ကစားနိုင်ပါတယ်။ iOS 7.0 နဲ့အထက် လိုအပ်ပါတယ်။




## Abyss : The Wraiths of Eden



ဒါကလည်း အဆုံးမရှိတဲ့ ပင်လယ်ပြင် စွန့်စားခန်းခရီးရှည်ထွက်ရမယ့် ဂိမ်းတစ်ခုဖြစ်ပါတယ်။ ဂိမ်းဇာတ်လမ်းလေးအရ သမုဒ္ဒရာထဲမှာ ထူးဆန်းစွာ ပျောက်ဆုံးသွားတဲ့ နာမည်ကြီး ရေအောက်စူးစမ်းလေ့လာရေးသမား Robert Marceau ကို ရှာဖွေရမှာဖြစ်ပါတယ်။ ရေအောက်မှာ နစ်မြုပ်နေတဲ့ Eden မြို့ကို စုံစမ်းဖို့အတွက် တည်နေရာမသိတဲ့ ပင်လယ်ပြင်ကြီးထဲကို စွန့်စားထွက်ခွာရမှာပါ။ အဲဒီ Eden မြို့ကို မကောင်းဆိုးဝါးတွေက ထိန်းချုပ်ထားပြီး သင်ကလမ်းတစ်လျှောက်မှာ ဖုံးကွယ်နေတဲ့အရာတွေကိုရှာဖွေရမယ်။ ကြောက်စရာကောင်းတဲ့ ပင်လယ်ပြင်မကောင်းဆိုးဝါးတွေကို ရင်ဆိုင်တိုက်ခိုက်ရမယ်။ နောက်ဆုံးမှာ မကောင်းဆိုးဝါးတွေကို အနိုင်တိုက်ခိုက်ပြီး ပျောက်ဆုံးနေတဲ့ရေငုပ်သမားကို ရအောင်ကယ်တင်ရမှာဖြစ်ပါတယ်။ အံ့ဩဖွယ် ရေအောက်တည်နေရာပေါင်း ၄၀ အတွင်း ဖြတ်သန်းသွားလာရမှာဖြစ်ပြီး ဖုံးကွယ်နေတဲ့အရာ ၁၆ ခုကို ရှာဖွေပေးရမှာပါ။ Domino ဂိမ်းအပါအဝင် mini ဂိမ်းပေါင်း ၂၂ ခုကို အားပါးတရ ကစားရမှာဖြစ်ပါတယ်။ Casual၊ Advanced နဲ့ Expert ဆိုတဲ့ ခက်ခဲတဲ့ ဂိမ်း mode ၃ ခုကို ရွေးချယ်ကစားနိုင်ပါတယ်။ ဒီ Abyss : The Wraiths of Eden ဂိမ်းကိုတော့ Android 2.3 နဲ့အထက်တွေမှာ ကစားနိုင်ပါတယ်။



## Electronic Super Joy : Groove City



ဂျိုဂျိုလို့ခေါ်တဲ့ စက်ရုပ်က Groove City တစ်လျှောက် ဖြတ်သန်းသွားလာကစားရမယ့်ဂိမ်းပါ။ ဇာတ်ကောင်ဂျိုဂျိုစက်ရုပ်လေးကို ထိန်းချုပ်ပြီး platform တစ်ခုကနေတစ်ခုကို ခုန်ကူးတာ၊ အတားအဆီးတွေ၊ ရန်သူတွေကို ရှောင်ရှားတာတို့ ပြုလုပ်ရမှာ ဖြစ်ပါတယ်။ platform တစ်ခုကနေတစ်ခုကို ခုန်ကူးဖို့အတွက် လှုပ်ရှားမှုတွေက ပိုမိုသွက်လက်နေဖို့လိုပါတယ်။ ခုန်ကူးရင်းနဲ့ ပြုတ်ကျသွားရင်တော့ အနီးစပ်ဆုံး checkpoint ကနေ ပြန်စနိုင်ပါတယ်။ Level တစ်ခုမှာ checkpoint တွေ အများကြီးပါရှိပြီး မဟာဗျူဟာကျကျ စီစဉ်ထားတဲ့အတွက် နောက်ထပ် check-point တစ်ခုကိုမရောက်ခင် လှည့်ကွက်တွေ အများကြီးကိုတွေ့ကြုံရမှာပါ။ ရှည်လျားတဲ့လျှို့ဝှက် level ၂ ခု အပါအဝင် level ပေါင်း ၁၅ ခုကို ကစားရမှာဖြစ်ပြီး လွယ်မယောင်နဲ့ ခက်ခဲတဲ့ဂိမ်းဖြစ်လို့ တကယ့်ကို ဂရုတစိုက်နဲ့ ကစားမှဖြစ်ပါမယ်။ ကြယ်တွေ၊ ဒုံးပျံကြယ်တွေနဲ့ Mega-star တွေကိုရယူပြီး ကိုယ့်ရဲ့ရမှတ်တွေကို အမြင့်ဆုံးသို့ ရောက်ရှိအောင် လုပ်ရမှာပါ။ စိန်ခေါ်မှုများတဲ့ achievement ၈ ခုကိုလည်းရရှိအောင် ကြိုးစားရမှာပါ။ လမ်းကြောင်းသစ် ၆ ခုထဲမှာ သွားရမှာဖြစ်ပြီး စိတ်လှုပ်ရှားဖွယ်တွေနဲ့ ပြည့်နှက်နေပါတယ်။ iOS 4.0 နဲ့အထက်တွေမှာ ကစားနိုင်ပါတယ်။



## Gold Rush




ဒါကတော့ အင်ဂျင်နီယာတစ်ယောက်လို တံတားတွေဆောက်လုပ်ပြီး ချောက်ကမ်းပါးထဲကို ရတနာတွေ သယ်ဆောင်ရမယ့်ဂိမ်းပါ။ သင်လုပ်ဆောင်ရမှာက သတ္တုလုပ်ငန်းသုံးကားတွေအတွက် တံတားတွေဆောက်လုပ်ပြီး၊ ရွှေတွေ၊ ကျောက်မီးသွေးတွေနဲ့ ပတ္တမြားတွေကို ရှာဖွေသယ်ယူရမှာဖြစ်ပါတယ်။ သင့်ရဲ့ပန်းတိုင်ကို ရောက်ရှိဖို့အတွက် ချိုင့်ဝှမ်းတွေ၊ မြောင်းတွေ၊ ရေလမ်းခရီးတွေ၊ နက်ရှိုင်းတဲ့ချောက်ကြီးတွေ အမျိုးမျိုးကို အောင်မြင်စွာဖြတ်သန်းသွားရမှာ ဖြစ်ပါတယ်။ တံတားဆောက်ဖို့အတွက် ဆောက်လုပ်ရေးပစ္စည်းတွေဖြစ်တဲ့ သစ်သားယက်မတွေ၊ သစ်လုံးတွေ၊ ကြိုးတွေကို အကန့်အသတ်နဲ့သာ ရရှိမှာဖြစ်လို့ စနစ်တကျ သုံးတတ်ဖို့လိုပါတယ်။ ခက်ခက်ခဲခဲ ရှာဖွေရယူထားတဲ့ ရတနာတွေကို လှည်းပေါ်ကနေ ပြုတ်မကျဘဲ တစ်ဖက်ကို ဘယ်လောက်ထိ ပို့ဆောင်နိုင်တယ်ဆိုတဲ့အပေါ် မူတည်ပြီး ရမှတ်ကိုတိုင်းတာမှာဖြစ်သလို၊ တံတားကို ဖြတ်သန်းတဲ့အချိန်မှာ သက်ရောက်တဲ့ဖိအားနဲ့ပါ တိုင်းတာမှာဖြစ်ပါတယ်။ တံတားဆောက်လုပ်ဖို့အတွက် အခြေခံကျတဲ့ မြို့ပြအင်ဂျင်နီယာ စည်းမျဉ်းတချို့ကို သုံးထားလို့ ကြုံသလိုဆောက်လုပ်လို့ မရပါဘူး။ ဆောက်လုပ်ရေး အင်ဂျင်နီယာတစ်ယောက်လို ကောင်းမွန်တဲ့တံတားတွေကို တည်ဆောက်ပြီးတော့ တခြားသူတွေကိုလည်း မျှဝေနိုင်ပါတယ်။ Android 2.2 နဲ့အထက်တွေမှာ ကစားနိုင်ပါတယ်။



## Skullduggery



Skullduggery ကတော့ Angry Bird လို ဂိမ်းပုံစံမျိုး ကစားရမှာဖြစ်ပါတယ်။ Angry Bird ဂိမ်းမှာ လေးဂွနဲ့ လောက်စာလုံးနဲ့ ရန်သူကို ဖြိုခွင်းပစ်ခတ်သလို ဒီဂိမ်းမှာတော့ Skullduggery ဆိုတဲ့အတိုင်း ဦးခေါင်းခွံနဲ့ ဦးနှောက်ကိုလက်နက်အဖြစ် အသုံးပြုရမှာဖြစ်ပါတယ်။ Angry Bird လိုမျိုး ရဲတိုက်တွေကို ဖြိုဖျက်ရတာမျိုးမဟုတ်ဘဲ ဒီဂိမ်းမှာ မိမိကိုယ်ကိုယ် ရှေ့ကိုရောက်အောင်ပစ်လွှတ်ပြီး အတားအဆီးတွေကို ရှောင်ရှားသွားရမှာဖြစ်ပါတယ်။ Bullte Time မှာ ပစ်လွှတ်လိုက်တဲ့အရာကို လေထဲမှာ အရှိန်လျှော့ချနိုင်သလို၊ လမ်းကြောင်းလည်း ပြောင်းနိုင်ပါတယ်။ မတူညီတဲ့ဂိမ်းမြေပုံ ၄ ခုထဲမှာ အဆင့်ပေါင်း ၂၄ ဆင့်ကို ကစားရမှာ ဖြစ်ပါတယ်၊ အဆင့်တစ်ခုစီမှာ လုပ်ဆောင်ရမယ့် ရည်ရွယ်ချက် ၂ ခု ပါရှိပြီး ရည်ရွယ်ချက်တွေအားလုံးကို အောင်မြင်မှပန်းတိုင်ကိုရောက်ရှိမှာပါ။ ဒင်္ဂါးပြားတွေ၊ ကျောက်မျက်ရတနာတွေရယူပြီး ရမှတ်တွေ တက်လာအောင် လုပ်ပါ။ ဆုတံဆိပ် ၇၂ ခု၊ ရတနာပစ္စည်း ၇၂ ခုနဲ့ တံဆိပ် ၇၂ ခုတို့ကို ရယူပြီး နောက်ထပ်ဇာတ်ကောင် ဦးခေါင်းခွံ ၂၀ ကို unlock လုပ်နိုင်ပါတယ်။ သုံးထားတဲ့ graphic ကောင်းမွန်ပြီးအဆင့်တွေက ဖန်တီးမှု အားကောင်းပြီး စိန်ခေါ်မှုအလွန်များပါတယ်။ Head to Head mode လည်းပါပြီး ဖုံးကွယ်နေတဲ့ရတနာတွေကို ရှာဖွေပေးရမှာဖြစ်ပါတယ်။ Universal app တစ်ခုဖြစ်ပြီး iOS 6.0 နဲ့အထက်မှာ ကစားနိုင်ပါတယ်။




## Treasure Diving



ပင်လယ်ထဲမှာ စွန့်စွန့်စားစား ရေငုပ်ပြီး ရတနာတွေရှာဖွေရမယ့် ဂိမ်းပါ။ စိန်ခေါ်မှုများတဲ့ ပင်လယ်ပြင်စွန့်စားခန်းကြီးကို ထွက်ရမှာ ဖြစ်ပါတယ်။ ပင်လယ်ထဲမှာ လောဘကြီးတဲ့ပင်လယ်ဓားပြတွေ၊ သွေးဆာနေတဲ့သတ္တဝါတွေနဲ့ ကောက်ကျစ်စဉ်းလဲတဲ့ စုန်းမတွေနဲ့တွေ့နိုင်လို့ အထူးသတိထားပြီး သွားလာဖို့လိုပါတယ်။ ပင်လယ်အောက်မှာ နစ်မြုပ်နေတဲ့ ရှေးဟောင်းမြို့တွေနဲ့ ရွှေတွေပြည့်နှက်နေတဲ့ ရွက်သင်္ဘောကြီးတွေကို တွေ့ရှိရမှာပါ။ ရေအောက်မှာ အံ့သြစရာကောင်းတဲ့ စွန့်စားမှုတွေနဲ့ တကယ့်ကိုကောင်းမွန်တဲ့လေ့လာစရာတွေက သင့်ကိုစောင့်ကြိုနေမှာ ဖြစ်ပါတယ်။ လှပဆန်းပြားတဲ့ ပင်လယ်ရှုခင်းတွေကို ခံစားရပြီး သင့်ရဲ့တာဝန်က တည်နေရာအသစ်တွေကို ရှာဖွေရမယ်၊ မှော်ဆန်တဲ့စာအုပ်ကို ရှာဖွေရမယ်၊ မြေပုံဟောင်းရဲ့ အစိတ်အပိုင်းအားလုံးကို စုပေါင်းပြီး ကြောက်မက်ဖွယ် ကျိန်စာမိနေတဲ့ကပ္ပတိန်ဂျက်ကို ကယ်တင်ရမှာဖြစ်ပါတယ်။ စိတ်လှုပ်ရှားစရာကောင်းတဲ့ စူးစမ်းလေ့လာရေးခရီးပေါင်း ၃၀ ကျော်ကို ဖြတ်သန်းပြီး ထူးခြားတဲ့ ရှေးဟောင်းပစ္စည်း ၁၀၀ ကျော်ကိုရှာဖွေပေးရမှာပါ။ တည်ဆောက်ပေးရမယ့်အဆောက်အဦးက ၂၅ ခုဖြစ်ပြီး ထူးခြားဆန်းပြားတဲ့ ပင်လယ်ပြင်မှာနေထိုင်သူ ၅၀ ကျော်ကိုပါ တွေ့ရှိရမှာပါ။ အံ့သြစရာ ရေအောက်ကမ္ဘာကြီးထဲမှာ ကစားရမယ့် ဒီဂိမ်းကို Android 2.2 နဲ့အထက်မှာ ကစားနိုင်ပါတယ်။

## Samsung Tech Institue Mobile Apps Training အစီအစဉ်တွင် ကျောင်းသား/သူ ၂၀ ဦးမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့

Samsung Tech Institue Mobile Apps Training အစီအစဉ် Grand Final တွင် ကျောင်းသား/ သူ ၂၀ ဦးမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ ၎င်းပြိုင်ပွဲတွင် ပထမဆုအဖြစ် USB 3000, ဒုတိယဆုအဖြစ် USD 2000, တတိယဆုအဖြစ် USD 1000 ကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။ ပြိုင်ပွဲဝင်ကျောင်းသား/သူများမှ RSS Reader Application, Health Care Application, Bravo Application, Myth Application, Tourism Guide Application, Daily Go Application, Swiftly Bank Application, Beauty World Application, E-ziGo Application နှင့် MM Souvenir Shop Application များဖြင့် ရေးဆွဲယှဉ်ပြိုင်ခဲ့ကြသည်။

ယခုအစီအစဉ်သည် Samsung မှ ၂၀၁၄ ခုနှစ်အတွင်း ဒုတိယအကြိမ်မြောက်ပြုလုပ်သော အစီအစဉ်တစ်ခုဖြစ်ပြီး သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနလက်အောက်တွင်ရှိသော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကွန်ပျူတာတက္ကသိုလ်များမှ စိတ်ပါဝင်စားသူ ကျောင်းသား/သူ စုစုပေါင်း ၁၁၀၀ ခန့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

၎င်းတို့အနက်မှ အယောက် ၁၀၀ ကိုရွေးချယ်၍ Mobile Application ရေးဆွဲနည်းအား ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့် မန္တလေးကွန်ပျူတာတက္ကသိုလ်တို့၌ ၁ လကြာ သင်တန်းပို့ချပေးခဲ့သည်။ Mobile Application Training အစီအစဉ်တွင် ပြိုင်ပွဲပြီးဆုံးသည်အထိ ဝင်ရောက်ယှဉ်ပြိုင်သော ကျောင်းသား/သူ ၁၀၀ ဦးကို Samsung Tab 4 တစ်လုံးစီချီးမြှင့်ခဲ့ပြီး ၎င်းတို့ရေးဆွဲထားသော Mobile Application များအနက်မှ ၁၀ ခုကို စိစစ်ရွေးချယ်ခဲ့ကာ ရွေးချယ်ခံရသော ကျောင်းသား/သူ ၂၀ ဦးကို တစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၂၅၀ စီ ချီးမြှင့်ခဲ့သည်။

ရွေးချယ်ခံရသော ကျောင်းသား/သူများမှာ မန္တလေးကွန်ပျူတာတက္ကသိုလ်မှ ၆ ဦး၊ တောင်ကြီးကွန်ပျူတာတက္ကသိုလ်မှ ၂ ဦး၊ လားရှိုးကွန်ပျူတာတက္ကသိုလ်မှ ၂ ဦး၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ ၆ ဦး၊ သထုံကွန်ပျူတာတက္ကသိုလ်မှ ၂ ဦးနှင့် မြိတ်ကွန်ပျူတာတက္ကသိုလ်မှ ၂ ဦးတို့ဖြစ်ပြီး ၎င်းတို့ကို မွမ်းမံသင်တန်းပေးကာ Grand Final အဖြစ် အုပ်စုလိုက်ပြိုင်ပွဲများဆက်လက်ယှဉ်ပြိုင်စေခဲ့သည်။

Samsung မှ Samsung Tech Institute Mobile Apps Training Program အား နောင်နှစ်တွင်လည်း ပိုမိုကျယ်ပြန့်စွာ ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

*M.Z*

## သီရိဆောင်နှင့် မာလာဆောင်တို့ ပြန်လည်ဖွင့်လှစ်

နှစ်ပေါင်းများစွာ ကျောင်းသူများကို နေထိုင်မပြုခဲ့သော မာလာဆောင်နှင့် သီရိဆောင်တို့ကို ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

မာလာဆောင်နှင့် သီရိဆောင်တို့၏ ဖွင့်ပွဲအခမ်းအနားကို ယခုလ ၈ ရက်နေ့က ကျင်းပခဲ့တာဖြစ်ပြီး ယခုပညာသင်နှစ်တွင် ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့၌တက်ရောက်မည့် ကျောင်းသူများကို နေထိုင်ခွင့်ပြုသွားမည်ဖြစ်သည်။

''ဒီနှစ် မာလာဆောင်မှာ ကျောင်းသူ ၂၀၀ ထားဖို့ စီစဉ်ထားပါတယ်။ တကယ်တမ်းထားနိုင်တဲ့ အရေအတွက်က ၂၅၀ ပါ။ ဒါပေမဲ့ ဒီနှစ်မှဖွင့်တဲ့အတွက် အကုန်လုံးကို ချက်ချင်းမထားနိုင်သေးပါဘူး'' ဟု ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ရန်ကုန်စီးပွားရေးတက္ကသိုလ်တက်ရောက်ခွင့်ရရှိသည့် နယ်ဝေးမှ ပထမနှစ်ကျောင်းသူများကို မာလာဆောင်တွင်ခွင့်ပြုပြီး သီရိဆောင်တွင်မူ ရန်ကုန်မြို့တော် စည်ပင်နယ်နိမိတ်ပြင်ပမှ ကျောင်းသူများကိုသာ လူဦးရေကန့်သတ်၍နေထိုင်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

မာလာဆောင်တွင် နေထိုင်မည့်ကျောင်းသူများအတွက် အဆောင်ကြေး တစ်လလျှင် ကျပ် ၅,၀၀၀ နှင့် ထမင်းတစ်နပ် ၅၀၀ ကျပ်နှုန်းဖြင့် တစ်နေ့ ထမင်းစရိတ် ကျပ် ၁,၀၀၀ သတ်မှတ်ထားပြီး အဆောင်ဖွင့်ချိန်မှာ နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ သတ်မှတ်ထားကြောင်းသိရသည်။

*SM*

## MNA ၏ Website အသစ်တွင် Online မှတစ်ဆင့် လက်မှတ်ဝယ်ယူမှု၊ ထိုင်ခုံရွေးချယ်မှုများ ပြုလုပ်နိုင်

Myanmar National Airlines (MNA) ၏ Website အသစ်တွင် Online မှတစ်ဆင့် လေယာဉ်လက်မှတ်ဝယ်ယူမှု၊ မိမိတို့၏ခရီးစဉ်အတွက် ထိုင်ခုံရွေးချယ်မှုစသည်တို့ကို ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ MNA ၏ တရားဝင် Website တစ်ခုဖြစ်သော www.flymna.com ၌ ၎င်းဝန်ဆောင်မှုအသစ်များကို အသုံးပြုနိုင်မည်ဖြစ်ပြီး ပြည်တွင်းပျံသန်းမှုအစီအစဉ်များနှင့် ဝန်ဆောင်မှုအသစ်များကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ ၁၅ ရက်နေ့တွင် စတင်ပြောင်းလဲခဲ့သည်။

''Online ကနေ လက်မှတ်ဝယ်တာတွေကတော့ ပြည်တွင်းမှာ Online Payment System ကို လူအများ အသုံးပြုတဲ့အခါကျမှ ပိုပြီး တွင်တွင်ကျယ်ကျယ်ဖြစ်လာမှာပါ။ လေယာဉ်လက်မှတ်အတွက် ကျသင့်ငွေကို နိုင်ငံတကာသုံးငွေ ပေးချေကတ်တွေကနေ ပေးချေနိုင်ပါတယ်။ လက်ရှိမှာတော့ နိုင်ငံခြားသားတွေအတွက်ရည်ရွယ်ကာ ငွေပေးချေခြင်းကို ဆောင်ရွက်ခြင်းဖြစ်ပြီး မကြာမီကာလတွင် ပြည်တွင်းမှာအသုံးပြုနေတဲ့ MPU Card နဲ့ ငွေပေးချေနိုင်ဖို့ဆောင်ရွက်သွားပါမယ်'' ဟု MNA မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့အပြင် အခြားခေတ်မီဝန်ဆောင်မှုအသစ်အနေဖြင့် ရန်ကုန်၌ လေဆိပ်သို့ Check-in လုပ်သည့် နည်းပညာအသစ်ကို အသုံးပြုထားသည်။ မကြာခင်ရက်ပိုင်းအနည်းငယ်အတွင်း ၎င်းနည်းပညာအသစ်ကို နေပြည်တော်၊ မန္တလေး၊ ဟဲဟိုး၊ ညောင်ဦးစသည့်နေရာများ၌ အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

*M.Z*

## ပြည်ပအော်ပရေတာများ၏ တာဝါတိုင်ဆောက်ရန် အစိုးရမြေငှားရမ်းခ တစ်ပြေးညီသတ်မှတ်

ပြည်ပအော်ပရေတာများဖြစ်သည့် တယ်လီနောနှင့် အူရီးဒူးတို့၏ တာဝါတိုင်များ စိုက်ထူခွင့်နှင့် ပတ်သက်၍ အစိုးရမြေငှားရမ်းခနှုန်းထားများကို နိုင်ငံတော်သမ္မတမှ တစ်ပြေးညီသတ်မှတ်ပေးလိုက်ကြောင်းသိရသည်။

မြို့တွင်းအစိုးရပိုင်မြေများတွင် တာဝါတိုင်စိုက်ထူပါက တစ်လလျှင် ကျပ်သုံးသိန်းပေးဆောင်ရမှာဖြစ်ပြီး မြို့ပြင်တွင်မူ တစ်လကျပ်နှစ်သိန်းပေးဆောင်ရမှာဖြစ်ကြောင်းသိရသည်။

တယ်လီနောနှင့်အူရီဒူးတို့အနေဖြင့် နယ်မြို့များ၌ တာဝါတိုင်များတည်ဆောက်ရာတွင် ဒေသခံများနှင့် ညှိနှိုင်းဖြေရှင်းမှုများရှိသော်လည်း ပြေလည်အောင် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

*SM*

## Intel Channel Symposium 2014 ကျင်းပပြုလုပ်

Intel Channel Symposium 2014 ကို ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ ၁၂ ရက်နေ့တွင် Sule-Shangrila Hotel ၌ ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါအခမ်းအနားတွင် Intel မှ တာဝန်ရှိသူတစ်ဦးက ၂၀၁၄ ခုနှစ်အတွင်း ၎င်းတို့၏ရည်မှန်းချက်များ၊ ၂၀၁၅ ခုနှစ်တွင် အသစ်မိတ်ဆက်မည့် NUS/ Mini PC, Computer Sticker များအကြောင်းနှင့် မိုဘိုင်းဖုန်းများအတွက်ထုတ်လုပ်ထားသော SOC အကြောင်းများကို အသေးစိတ်မိတ်ဆက်ရှင်းလင်းပြောကြားခဲ့သည်။ Intel သည် မိုဘိုင်းစက်ပစ္စည်းမျိုးစုံအတွက် Chip များ ဆက်လက်ထုတ်လုပ်သွားမည်ဖြစ်ပြီး ၂၀၁၅ခုနှစ်တွင် LTE နှင့် Quad Core ပါဝင်သော ဖားရှင်းများကို ရရှိနိုင်မည်ဖြစ်ကြောင်းသိရသည်။

## Capital Automotive မှ Ford အမှတ်တံဆိပ်ကား Model အသစ်များ မိတ်ဆက်

အမေရိကန်အခြေစိုက်နာမည်ကြီးကားထုတ်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်သော Ford Motor Company နှင့် ပြည်တွင်းအကျိုးတူပူးပေါင်းသည့် လုပ်ဖော်ကိုင်ဖက်ဖြစ်သော Capital Automotive တို့မှ ၁၂-၁၂-၂၀၁၄ နေ့တွင် ရန်ကုန်မြို့၊ အင်းစိန်လမ်းမပေါ်ရှိ Ford Showroom ၌ မော်တော်ကား Model အသစ်များ စတင်မိတ်ဆက်ခဲ့ကြောင်းသိရသည်။ မိတ်ဆက်ပြသခဲ့သည့် မော်တော်ကား Model အသစ်များမှာ Fiesta, Focus နှင့် EcoSport တို့ဖြစ်သည်။

Fiesta သည် ဆီစားအသက်သာဆုံး၊ စွမ်းရည်အမြင့်မားဆုံးနှင့် ကောင်းမွန်သည့် နည်းပညာသစ်များ ပါဝင်သည်။ Focus သည် အကောင်းဆုံးနည်းပညာများဖြင့် ဖန်တီးထုတ်လုပ်ထားသည့် ကမ္ဘာ့ရောင်းအားအကောင်းဆုံးကားအမျိုးအစားဖြစ်ပြီး EcoSport သည် SUV ကားအမျိုးအစားတစ်ခုဖြစ်သည်။ Fiesta, Focus နှင့် EcoSport မော်တော်ယာဉ်များကို အနက်၊ အဖြူ၊ အပြာ၊ အနီ၊ အညို၊ နက်ပြာ၊ ငွေရောင်နှင့် စိမ်းဝါရောင်စသည့် အရောင်မျိုးမျိုးဖြင့် ဝယ်ယူရရှိနိုင်သည်။ အသေးစိတ်ပိုမိုသိရှိလိုပါက www.ford.myanmar.com ၌ဝင်ရောက်လေ့လာနိုင်ပြီး ဖုန်း-၅၂၁၉၅၉ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

*M.Z*

## ထိုင်းနိုင်ငံ Webster ကျောင်းလခဖြင့် နိုင်ငံတကာရှိ ကျောင်းခွဲများသို့ သွားရောက် ပညာသင်ကြားနိုင်

အမေရိကန်၊ အာဖရိက၊ ဆွစ်ဇာလန်၊ နယ်သာလန်၊ အင်္ဂလန်၊ တရုတ်၊ ဩစတြေးလျ၊ ဂျပန်၊ မက်စီကို၊ ထိုင်းနိုင်ငံရှိ ဖွင့်လှစ်ထားသော ကျောင်းခွဲ ၁၀ ခုသို့ Semester ၂ ခု (ပညာသင်နှစ် တစ်နှစ်စာ၊ အလှည့်ကျပြောင်းရွှေ့တက်ရောက်ပညာသင်ကြားချင်သော ကျောင်းသား/သူများအတွက် ၂၀၁၅ ခုနှစ်မှစ၍ Study Abroad Program ကို ထိုင်းနိုင်ငံ Webster တက္ကသိုလ်ကျောင်းခွဲများသို့ တစ်နှစ်တာပြောင်းရွှေ့ ပညာသင်ယူချင်သော ကျောင်းသားများသည် မိမိတက်ရောက်ခဲ့သော မူလတက္ကသိုလ်နေရာ၏ ကျောင်းလခဖြင့် သွားရောက်တက်ရောက်နိုင်မည်ဖြစ်ကြောင်း တက်ရောက်မည့်နိုင်ငံ၏ နေထိုင်စားစရိတ်သာကုန်ကျမည်ဖြစ်ကြောင်း Myanmar Search International (MSI) နိုင်ငံခြား ပညာရေးဝန်ဆောင်မှု၏ မန်နေဂျင်းဒါရိုက်တာ ဒေါ်စုစုလှိုင်ထံမှ သိရှိရပါသည်။

ဒေါ်စုစုလှိုင် က ''အခု ပညာသင်ဆုပေးနေတဲ့တက္ကသိုလ်က ထိုင်းနိုင်ငံ Webster ကပါ။ အမေရိကန်ဒီဂရီကို ကုန်ကျစရိတ်အသက်သာဆုံးနဲ့ အရည်အသွေးပြည့်ပြည့်ဝဝရနိုင်ဖို့ရာ ဒီတစ်ခုပဲရှိတယ်။ ထိုင်းနိုင်ငံ Webster မှာ ပညာသင်ဆုနဲ့ ကျောင်းတက်တဲ့သူတွေဟာ ပညာသင်ဆုခံစားခွင့်ရတဲ့အပြင် ဒီ Study abroad program ကိုပါ ပူးတွဲခံစားခွင့်ရတဲ့အတွက် ဒီလိုအခွင့်အရေးမျိုးက အလွန်ရှားပါးပါတယ်။ ထိုင်းနိုင်ငံကို အခြေကုတ်ထားပြီး ကုန်ကျစရိတ်များပြားတဲ့ အမေရိကန်၊ ဩစတြေးလျ၊ ဂျပန်တို့လိုနိုင်ငံမျိုးတွေကို ထိုင်းနိုင်ငံရဲ့ ကုန်ကျစရိတ်နဲ့သွားရောက်ပညာသင်ပြီး ဒီအခွင့်အရေးကို အရယူသင့်တယ်။ သွားတဲ့အခါမှာလည်း လေယာဉ်လက်မှတ် အသွားအပြန်စရိတ်ကိုလည်း webster ထိုင်းနိုင်ငံကအပြည့်အဝထောက်ပံ့ပေးမယ်'' ဟု အမေရိကန်ဘွဲ့ဒီဂရီကို ကုန်ကျစရိတ်သက်သာစွာနှင့် ပညာသင်ကြားမည့်ကျောင်းသား/သူများအား အကြံပြုခဲ့ပါသည်။

Webster University Thailand Campus (WCTC) သည် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သော ထိုင်းနိုင်ငံ Bangkok မြို့နှင့် Cha-Am Hua-Hin မြို့တွင်ရှိပြီး ၎င်းတက္ကသိုလ်သည် အမေရိကန် ပညာရေးနယ်ပယ်တွင် နှစ်ပေါင်း ၃၀ ကျော် ဦးဆောင်ဦးရွက်ပြုနေသော University တစ်ခုအဖြစ် နိုင်ငံတကာမှ ယနေ့ထက်တိုင် အသိအမှတ်ပြုကြသည်။ အမေရိကန်နိုင်ငံ Missouri ပြည်နယ် St.Lousis မြို့ကြီး၌ ၁၉၁၅ ခုနှစ်မှ စတင်တည်ထောင်ခဲ့ပြီး အစဉ်အလာကြီးမားသည့် ကျောင်းတော်ကြီးတစ်ခုလည်းဖြစ်ပါသည်။ University ပေါင်း (၁၀၀ ကျော်နှင့် ချိတ်ဆက်ထားပြီး International Campus ၁၀ ကျောင်းရှိသည့်အပြင် ကျောင်းသားပေါင်းနှစ်သိန်းကျော်တွဲရရှိပြီး ယခုလက်ရှိ မြန်မာနိုင်ငံမှ ကျောင်းသားများအပါအဝင် နိုင်ငံပေါင်း ၁၃၀ ကျော်မှ ကျောင်းသားများတက်ရောက်လျက်ရှိသည်။

အသေးစိတ်သိရှိလိုပါက MSI ရုံးအမှတ် (၂၃၄)၊ ဒုတိယထပ် (ညာ)၊ ရွှေဘုံသာလမ်း (အလယ်)၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၃၈၉၉၁၅၊ ၀၁ ၂၅၀ ၉၂၉၊ ၀၉ ၅၁၀၃၉၁၅ သို့ မေးမြန်းနိုင်ပါသည်။

## Fujifilm Myanmar ၏ New Instant Mini Camera သစ် မိတ်ဆက်ပွဲ ကျင်းပခဲ့

Fujifilm Myanmar ၏ New Instant Mini 8/25/50s ကင်မရာအသစ်မိတ်ဆက်ပွဲကို ဒီဇင်ဘာ ၄ ရက်နေ့က ရန်ကုန်မြို့ရှိ Park Royal Hotel တွင် ကျင်းပပြုလုပ်ခဲ့သည်။

ယင်းပွဲတွင် ကင်မရာအသစ်များကို မိတ်ဆက်၍ Show အဖြစ်ပြသခဲ့ကာ ကင်မရာသစ်များအကြောင်းရှင်းလင်းပြောကြားခဲ့သည်။

ယနေ့ခေတ်တွင် Digital Camera နဲ့ Smart Phone တွေကို လူသုံးများသော်လည်း Instant Camera ဟာ မျိုးဆက်သစ်လူငယ်များအကြားမှာ ပျော်ရွှင်မှုရစေဖို့အတွက် အလွယ်ကူဆုံးအရာတစ်ခုလည်းဖြစ်ပါတယ်။ Instant Mini 8 မှာဆိုရင် အနက်၊ အဖြူ၊ ပန်းရောင်၊ အပြာနဲ့ အဝါစတဲ့ အရောင် ၅ မျိုးရွေးချယ်နိုင်ပြီး ရိုးရှင်းသောဒီဇိုင်းဖြင့် ဖန်တီးထားတာဖြစ်သည်။ Instant Mini 25 ၏ မှန်ဘီလူးရဲ့ဘေးနားတွင်ပါဝင်သော သေးငယ်သည့်မှန်သည် မိမိကိုယ်တိုင်ဓာတ်ပုံရိုက်ချင်သူတွေအတွက် သင့်တော်ပါသည်။ Instant Mini 50s တွင်ပါဝင်သော Self-timer mode သည် shutter ခလုတ်တစ်ချက်နှိပ်ရုံနှင့် ဓာတ်ပုံ ၂ ပုံ ဖန်တီးခွင့်ရရှိစေပါသည်။













## Victoria University College ၏ ပညာရေးဆွေးနွေးပွဲ ကျင်းပ

Victoria University College ၏ Education for All Seminar ပွဲကို ဒီလ ၁၀ ရက်နေ့က Sule Shangrila Hotel တွင် ကျင်းပခဲ့သည်။

ဒီပွဲတွင် Victoria University ၏ ကျောင်းအုပ်ကြီးဖြစ်သူ ဒေါက်တာ နေဝင်းနိုင်က မြန်မာနိုင်ငံ၏ ပညာရေးတိုးတက်ပြောင်းလဲလာရန် အဓိကဆောင်ရွက်ရမည့်အချက်များကို ပြောကြားခဲ့သည်။ မြန်မာနိုင်ငံ၏ပညာရေးစနစ်တွင် ဘာသာရပ်အလိုက် ခေတ်မီသင်ရိုးညွှန်းတမ်းများ ပြဋ္ဌာန်းပေးရန်၊ ဆရာ/ဆရာမများကို ကျောင်းသားဗဟိုပြုသင်ကြား နည်းစနစ်တတ်ကျွမ်းစေရန်နှင့် သုတေသနပြုသင်ယူသော အမှန်တကယ်တတ်ကျွမ်းစေသည့် ကျောင်းသားဗဟိုပြုသင်ကြားနည်းစနစ်တို့ကို တစ်ပြိုင်နက်ဆောင်ရွက်ရန်လိုအပ်ကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

Victoria University College အနေဖြင့် ၎င်းအချက်များကို ဦးစားပေးဆောင်ရွက်သဖြင့် သင်ယူသူကျောင်းသားအရေအတွက်မှာ ၂၀၀၀ ကျော်အထိ တိုးတက်လာကြောင်း၊ ဒါ့အပြင် Engineering ဘာသာရပ်ကို လေ့လာဆည်းပူးလိုသည့် ငွေကြေးအင်အားနည်းသော ကျောင်းသားများအတွက် သိပ္ပံနှင့် နည်းပညာပူးတွဲပြီး PPP ဖြင့် မကြာမီ HND သင်တန်းကို ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း ထပ်မံပြောကြားခဲ့သည်။

SM


POWER MAX
SAMSUNG Battery inside
2 Years warranty
Protection Guarantee
...Everywhere
Make Your Better Life Everyway...
USB Charge & Sync cable
2.4A Current toleration to maximize your charging.
Micro USB
U-09 Power Cable for Android
Lightning
U-10 Power Cable for Apple
Length 2M.
Length 2M.
Wall Charger
WC-10 Wall Charger 1A
1A
Micro USB
U-21Power Cable for Android
Lightning
Length 1M.
Length 1M.
Reserve and mobilize your power source for your everlasting smart life despite of your whereabouts.
Li-Ion 5600 mAh
Power Booster PB-5600
Free!!
- Battery SAMSUNG inside
- Input 5V--- 1A
- Output 5V --- 1A
- Support Smartphone & Tablet
MFI Certificate Approved by Apple
Made for iPod iPhone iPad
Li-Ion 8400 mAh
Power Booster PB-8400
Free!!
- Battery SAMSUNG inside
- Input 5V--- 1A
- Output 2 USB 5V --- 2.1A MAX
- Support Smartphone & Tablet
"...Everywhere
Make Your Better Life Everyway..."
Power Booster
www.PowermaxWorld.com
www.PowermaxWorld.com
www.facebook.com/PowermaxWorld
TRUSTED BY SYNNEX
SYNNEX (MYANMAR) COMPANY LIMITED
Hot Line
+95-9-73040604
+95-1-534409
Best Product Best Service Best Channel
No.21 (A), Kanbawza Street, Godlen Valley (2), Bahan Township, Yangon, Myanmar.
https://www.facebook.com/pages/Synnex-Myanmar/345900395489056


WD
a Western Digital company
TRUSTED BY SYNNEX
DISTRIBUTED BY SYNNEX MYANMAR
ဤအမှတ်တံဆိပ်နှစ်ခုပါမှသာလျှင်
Synnex Myanmar မှ
အစစ်အမှန် Product ဖြစ်ပါသည်။
Long-time leader in hard drive technology designs and manufactures the
No.1 selling internal and external hard drives and award-winning media players.
My Passport Ultra
METAL EDITION
Stylish Aluminum Design
My Passport Ultra Metal Edition brings brains and beauty to portable storage.
Striking colors and an innovative radial design complement your on-the-go style.


GRAND ROYAL
S.I.R
Big Bag
Wanted
Idiots
Reason
R ZARNI
HAN TUN
NAW NAW
G LATT
ZWE PYAE
PHYU PHYU KYAW THEIN
NI NI KHIN ZAW
PO PO
GRAND ROYAL
PLANET MUSIC
ပျော်စင်ကျွန်း၊ ကန်တော်ကြီး။
THE BIGGEST EVENT IN 2014
PRE NEW YEAR
PARTY
20 DEC 14
6 : 00 PM
2 PARTIES WITH 1 TICKET
5,000 KS
GRAND ROYAL
Signature
Foreign DJs
DJ THAW THAW
DJ YUKI
DJ DEE
ကန်တော်ကြီး။
IBTC
Enjoy Music, Enjoy Life!
Premium Drinking Water

# acer YEAR END SALE

**1st - 31th DEC 2014**




## Aspire | ES1

**4th Gen. Intel® Celeron® Dual Core Processor N2840,** Intel HD Graphic
**2GB DDR3, 500GB HDD,**
**14"** HD Acer CineCrystal™ LED,
DVD-RW Drive, Card reader,
GLAN, WLAN, Bluetooth,
USB 3.0, Webcam, HDMI
6 cells Li-ion Battery

**SPECIAL ITEM**

**Price - 309**

## Aspire | E5-411

**4th Gen. Intel® Pentium® Processor N3540**
supporting Intel® 64 architecture
**4GB DDR3, 500GB HDD,**
**14 "** HD Acer CineCrystal™ LED,

**BIG CASH BACK 30$**

**Price - 389**

## Aspire | E5-471

**4th Gen. Intel® Core i3 Processor 4030U**
Intel HD Graphic 4400
**4GB DDR3, 500GB HDD,**
**14 "** HD Acer CineCrystal™ LED,

**BIG CASH BACK 20$**

**Price - 449**

## Aspire | E5-571G

**4th Gen. Intel® Core i3 Processor 4030U**
**nVIDIA Geforce GT 820M 1GB**
**4GB DDR3, 500GB HDD,**
**15.6 "** HD Acer CineCrystal™ LED,

**BIG CASH BACK 30$**

**Price - 509**

## Aspire | E5-571G

**4th Gen. Intel® Core i5 Processor 4210U**
**nVIDIA Geforce GT 820M 1GB VR**
**4GB DDR3, 500GB HDD,**
**15.6"** HD Acer CineCrystal™ LED,

**BIG CASH BACK 30$**

**Price - 589**

## Aspire | E5-471G

**4th Gen. Intel® Core i5 Processor 4210U**
**nVIDIA Geforce GT 820M 2GB**
**4GB DDR3, 500GB HDD,**
**14 "** HD Acer CineCrystal™ LED,

**BIG CASH BACK 30$**

**Price - 599**

## Aspire | E5-571G

**4th Gen. Intel® Core i7 Processor 4510U**
**nVIDIA Geforce GT 840M 2GB**
**4GB DDR3, 1TB HDD,**
**15.6"** HD Acer CineCrystal™ LED,

**BIG CASH BACK 20$**

**Price - 715**

**FREE GIFT** Calendar 2015 + bitdefender secure your every bit | Internet Security 2014

**2 YEARS WARRANTY FOR NOTEBOOK**

ရွှေလမင်းနဂါးကုမ္ပဏီမှ တင်သွင်းဖြန့်ချိသော Acer Products များကို မြန်မာနိုင်ငံတဝှမ်း အမြို့မြို့အနယ်နယ်ရှိ Computer ဆိုင်များတွင် ဈေးနှုန်းချိုသာမှန်ကန်စွာဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

| | | |
|---|---|---|
| technoland | Ph : (YGN) 09-73024327, 09-73024328; Ph : (MDY) 09-91024812 | |
| INNWA | Ph : (YGN) 01-391511, 01-398297; Ph : (MDY) 02-71108 | |
| UNIQUE | Ph : (YGN) 01-391789, 09-73171212 | |
| IDEA LINK | Ph : (YGN) 01-376212, 09-73026840 | |
| Citicom | Ph : (YGN) 01-374544, 01-376564 | |
| KMD | Ph : (YGN) 01-245180, 01-385177 | |
| KING POWER | Ph : (YGN) 01-398008, 01-385824 | |
| KING EMPIRE | Ph : (YGN) 01-386925, 01-398129 | |
| EASTERN | Ph : (YGN) 01-398224, 01-377259 | |
| Life Mark | Ph : (YGN) 01-391690, 01-391691 | |
| LINN IT Solution Co.,Ltd | Ph : (NPT) 067-22884 | Nay Pyi Taw |
| Wise Power computer | Ph : (Pyay) 053-26350 | Pyay |
| MyCom Computer Technology | Ph : (MDY) 02-69309 | |
| MAT | Ph : (MDY) 02-88632, 02-72679 | |
| Double-Y | Ph : (MLM) 057-21217, 057-22657 | Mawlamyine |
| ICE | Ph : (YGN) 01-228805, 01-215353 | |
| Cyber Space | Ph : (TG) 081-2123101 | Taunggyi |
| ME | Ph : (MDY) 02-74322, 09-6810648 | |
| MKE | Ph : (MKN) 074-28019 | Myit Kyi Nar |
| KSW Computer | Ph : (YGN) 01-246837, 09-5041298; Ph : (MDY) 02-24577 | |
| mst Computer Sales & Service | Ph : (Lashio) 09-5278610 | Lashio |
| ASIA TECH | Ph : (YGN) 01-392951, 01-392952 | |
| Evo STORE IT & MOBILE | Ph : (YGN) 01-373631 | |

**Authorized Distributor : Shwe Lamin Nagar Co., Ltd. | Ph : 01-2301797/98, 01-227781 | Email : shwelaminnagar@sln-myanmar.com | Acer Myanmar**


BEST™
High Capacity Li-ion Battery
고용량 리튬 이온 배터리
Keep It All The Time
Long Lasting
ISO 9001 ISO 14001 Certificate
BEST Mobile Phone Battery
- Mobile Phone Battery, Charger, Power Bank များကိုချိုသာသောဈေးနှုန်းဖြင့် လက်လီလက်ကားရရှိနိုင်ပါသည်။
BDW 908 10800mAh
9000mAh
BDW905 5800mAh
501 16800mAh
BDW N 41 10800mAh
Car Charger
BDW 906 5800mAh
406 13800mAh
12000mAh
iPhone 4s, 5s Cable, Micro USB
Micro, Mini, Nokia Charger
Multi 2A, Multi 1A
Stone 10400mAh
302 8400mAh
205 6000mAh
NP 903 7800mAh
NP 902 7800mAh
i9500 / S4, i9200
Multi 2A, Multi 1A
LONG LASTING
BEST
ဝယ်ယူရရှိနိုင်သောဆိုင်များ -
1. SKY (Mobile Sale & Service) မန္တလေးမြို့။ Ph - 2017168, 02-66986
2. SKY (Mobile Sale & Service) ရန်ကုန်မြို့။ Ph - 09-30093351, 09-30093347, 01-200747 (Ext : 7356)
3. ပွင့်ဝါစတိုး - စမ်းချောင်းမြို့နယ်။ Ph - 09-73148999, 09- 5058773
4. ကိုညီ + မဆွေ Mobile Shop- လှိုင်သာယာမြို့နယ်။ Ph - 09-8639505, 09-5393505, 09- 73193505
5. Jaws Electronics - အီလက်ထရွန်းနစ်အပိုပစ္စည်းရောင်းဝယ်ရေး
အမှတ် (၁၄၁)၊ ဗိုလ်ချုပ်လမ်း(မောင်ခိုင်လမ်း)၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
Ph - 01-246093, 01-246389, 01-705804, 09-8623071, 09-255850210, 09-255850211
CE
SAFETY Li-ion Battery
6. Know Zone (ကိုဝဏ္ဏ) - မော်လမြိုင်မြို့။
Ph - 09-449249091, 09-49801243
7. New Mobile (ကျောက်တံတား) - အမှတ် - 271/273၊
ဗိုလ်အောင်ကျော်လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ Ph - 01-392981, 09-5091282
8. B Best (Mobile Accessories Show Room)
ဝါးတန်းလမ်း (ကမ်းနားလမ်းအနီး၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့)
Ph - 09-250500500, 09-250500400, 09-259733477
● Controller IC ● Control Switches ● Temperature Fuse ● Web : www.facebook.com/best.galaxysky


Panasonic
Projector & Pro Display
Rent Your Projectors
For Your
● Events ● Show ● Parties ● Promotions
Starting From 50,000 Kyats / 1Day
Wireless Hi-Brightness
PT-VX605N
Lumen 5500 XGA
PT-LB360
Lumen 3700 XGA
PT-LB300
Lumen 3000 XGA
PT-LX270
Lumen 2700 XGA
PT-LX371
Lumen 2700 XGA
Short Throw
PT-TX400
Lumen 3000 XGA
Tripod Screen
Include Tripod / Wall Screen
Call Now :
09 - 253547980, 253547981, 252209125
Why Panasonic Projectors?
Everything we do is aimed at satisfying our customers.
KONICA MINOLTA
World Best Selling A3 Color MFP
Konica Minolta Brand New Copier
စက်များကို ငွေအရင်းအနှီးစိုက်ထုတ်ရန် မလိုဘဲ ပုံမှန်ဝင်ငွေကို တိုးပွားစေမည့် အခွင့်အရေးကောင်း
2 Years Service Maintenance
YOUR SHOP NAME
Digital Color
Binding & Laminating
Bizhub C221
A3 COLOR COPIER
Bizhub 165
A3 Multifunction B/W Copier
59,000/- Per Month
Bizhub 195
95,000/- Per Month
● Duplex Copy
● Duplex Print
● Duplex Scan
A3 Multifunction Duplex Copier
Digital COLOR PRINTING
Quality On Demand
First Month Free Trial
5,000 Pages
ကုမ္ပဏီများ၊ လုပ်ငန်းရှင်များ ၊ မိတ္တူကူးဆိုင်များအတွက်
အပူအပင်ကင်းစေနိုင်သော After Sale Services
ကုန်ကျစရိတ် နည်းနည်းဖြင့် လုပ်ငန်း လည်ပတ် နိုင်ခြင်း
GANDAMAR O.A. & Business Solutions
Your Personal Solutions Consultant
hq@gandamar-mm.com
Roger Kay (Kyaw Kyaw Soe) rogerkay@gandamar-mm.com Direct Tel: 09 510 7558
Websites : www.gandamarbusinesssolutions.com , www.facebook.com/gandamar.mm
YGN - No. 18-24, Kun Gyan Road, Aung San Stadium Bldg (S) , 01- 383932, 383934
NPT - No.166, Thiri Yadanar Shopping Complex , 067- 421212
MDY - i plaza - Manmyanmar Plaza 2nd Fl,Bet: (27thx28th)St, 84th Rd, 02- 4000098
Enquiry Hot Lines :
09 - 253547980, 253547981, 252209125
marketing@gandamar-mm.com
Service Hot Lines :
09 - 253547982, 253547983, 253547984
service@gandamar-mm.com

Vol . 3, Issue . 65







ASUS®
IN SEARCH OF INCREDIBLE
2-Year Global Warranty
ASUS X·SERIES
High performance 14-inch mainstream notebook for the masses
X452CP-VX064D
$429
• Intel® Corei3-3217U-1.8 GHz 3M
• 2GB DDR3 1600 MHz
• AMD Radeon HD 8530M (1GB/DDR3)
• 500GB HDD 5400 RPM
• 14.0" 16:9 HD | Super-Multi DVD
• 4 Cells Battery
Golden Power Technology
Golden Power Technology Ltd.
Yangon Showroom & Service Center
No.15, Baho Street, Sanchaung Township, Yangon.
Tel : (01) 2304848, 2304849, 2304850, 2304851, 2304852
sales@gpt-mm.com, support@gpt-mm.com | www.gpt-mm.com
Mandalay Showroom & Service Center
Unit-16, Block-1, 73 Street, Between Thazin Street and Ngu Shwe War Street, Chanmya Thazi Township, Mandalay.
Tel: 09-910-43-803, 0940-260-20-20, 0973-214926


GAMING G SERIES
msi®
XMAS HOT SALE
Supports Intel Smart Response Technology
MOTHERBOARD
Z97 GAMING 7 | 5 | 3
H97 GAMING 3
PRO GAMERS WEAPON
* PROMOTION STARTS NOW, WHILE STOCKS LAST
XTREME AUDIO DAC
KILLER™ E2200 GAME NETWORKING
XSPLIT GAMECASTER
AUDIO BOOST 2
BUY
MSI Z97 GAMING 7 MOTHERBOARD
MSI Z97 GAMING 5 Z97 GAMING 3 H97 GAMING 3 MOTHERBOARD
GET
[ MSI Z97 GAMING 7 ]
NO.1 IN GAMING
© 2014 Micro-Star Int'l Co.,Ltd. MSI is a trademark of Micro-Star Int'l Co.Ltd. All rights reserved. Intel, the Intel logo, Centrino, Centrino Inside, Intel Core and Core Inside are trademarks of Intel Corporation in the U.S. and other countries. For more information about the Intel processor feature rating, please refer to www.intel.com/go/rating.
MSI Myanmar
Authorized Distributor :
Royal Smart Co., Ltd.
No.158, 36th St (Middle), Kyauktada Tsp., Yangon. Tel : 01-240110, 09-730 20981

oppo




★ ဒီဇင်ဘာ (၅) ရက်နေ့မှ (၂၅) ရက်နေ့အတွင်း OPPO ဖုန်းဆိုင်များတွင် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

R5 ကြိုတင်မှာယူသူတိုင်းအတွက် **(၆၀,၀၀၀ ကျပ်)** တန်ဖိုးရှိ VOOC Power Bank ၁ ခု လက်ဆောင် ရရှိနိုင်ပါသည်။

အသေးစိတ်အချက်အလက်များကို **oppomyanmar** တွင် ကြည့်ရှုနိုင်ပါသည်။


ELECOM
Beyond Digital Life
JapanDesign & Quality
Mobile Accessories
Product Awards
Stereo Headphones
for iPhone, Smartphone
GrandBass System*
Comes with a remote control
ELECOM အမှတ်တံဆိပ်
Japan Design
Japan Quality
ဖြင့်ထုတ်လုပ်ထားသော
Mobile အဆိုပစ္စည်းများကို
လက်လီ / လက်ကား
ဝယ်ယူရရှိနိုင်ပါသည်။
EHP-CS3570RD
https://www.facebook.com/ELECOM.myanmar
Like Our Facebook Page
EHP-CS3550RD
EHP-CS3560BK
EHP-CS3580BK
ဝယ်ယူရရှိနိုင်သော နေရာများ
အခြားမြို့များ
Wise Power (ပြည်) 09-73097498
Pyae Sone Mobile (မုံရွာ) 09-2131069
Hong Kong Mobile (မုံရွာ) 09-2130755
Noyar Computer (မုံရွာ) 09-47053210
it House (မုံရွာ) 09-47207331
Crazy Mobile (မော်လမြိုင်) 09-255702543
Buy Now (မော်လမြိုင်) 09-31684949
Y Talk (မြောင်းမြ) 09-5199389
Asia Magway (မကွေး) 063-23815
Minn Ngwe (မကွေး) 063-27366
A@T Computer (ပခုက္ကူ) 09-43008181
iT House (ပခုက္ကူ) 09-2300627
E Manuel Family (Chinn State) 09-400302830
Hello Mobile (ဖျာပုံ) 045-41415
I Con (ကျောက်မဲ) 09-5276055
G Prize (မော်လမြိုင်) 09-449004290
Yangon Mobile 1 (လယ်ဝေး) 09-43109090
ရန်ကုန်
Technoland 09-73024328
Technoland (ဦးချစ်မောင်) 09-73145164
I C E 01-215353
EVO Store (လပြည့်ဝန်းပလာဇာ) 09-73039071
CTM 01-2300477
Citicom 01-374544
Citicom(ဘားလမ်း) 01-376566
R I T 09-31294699
Radiance 09-73030301
Life Mark 01-398199
Neo Tech 01-398199
K S W 01-398037
Inventure 01-383490
K M D 09-73166939
Myanmar Art Center 09-32307533
Tab Book Center 8600042
SLN 01-2301797
SPIRITS 09-790137281
Mix Style 09-420290025
I Mac 09-73137367
နေပြည်တော်
Technoland 067-417621
Smart 067-21276
Linn Computer 09-49200884
Banana ( Junction မော်တင်) 09-30096377
Unique 01-398436
Unique (ပန်းဆိုးတန်း) 09-73171212
Unique (ဦးချစ်မောင်) 8604200
Big I Con 09-5010437
West Point 01-222185
City Shop 069-425022620
iShop 01-551805
i Revo 01-2300420
B2HD 09-254128455
I Fight 09-250544412
Red bee Mobile 09-420040321
မန္တလေး
Alpha7 09-91052363
Technoland 09-91024819
Wai Yan 09-259280084
Rainbow Mobile 09-91009700
My Com 02-69309
K S W 09-450062616
I-Trend 09-2054744
Aung 09-5211562
Neo- Tech 09-5043120
ငွေကြယ် 09-2003567
Anycall Mobile 02-68886
77 Mobile 09-31492314
Mobile Mall 09-43011000
81 Mobile
Technoland (Ocean) 09-91024819
Myo Thit Mobile 09-256114575
Queen Mobile 09-2053305
Olympic Mobile
Online Shop
Myanmar Life Style
Zaw Gyi Mart
Shop.com
ဒိုမြန်မာ
Distributed By : CYBER PLUS Trading Co., Ltd. E-mail : sales@cyberplus-mm.com, cyberplusygn@gmail.com | Url : www.cyberplus-mm.com
Yangon Office : No.(34), 2nd Street, Lanmadaw Township, Yangon, Myanmar. Phone : 01-227593 Mobile : 09-730-56483, 09-32142528
Mandalay Office : No.(64), 27th Street, Between 74th 75th Street,Chanayetharzan Township, Mandalay,Myanmar. Mobile : 09-910-16645


BeeTalk
မြန်မာနိုင်ငံ၏
စိတ်ဝင်စားစရာအကောင်းဆုံး
Social App
Download from
Google Play
App Store
1mobile
Mobogenie
Mobomarket

# Ooredoo Myanmar မှ အပိုထပ်ဆောင်းငွေဖြည့်လက်ဆောင် အစီအစဉ်ပြုလုပ်ခဲ့

Ooredoo Myanmar မှ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ ၁၃ ရက်မှ ၁၅ ရက်နေ့အထိ ၃ရက်တာအ တွင်း အပိုထပ်ဆောင်း ငွေဖြည့်လက်ဆောင် အစီအစဉ်ပြုလုပ်ပေးခဲ့ကြောင်းသိရသည်။ ၎င်းအစီအစဉ်တွင် Ooredoo User များသည် ဖုန်းငွေဖြည့်ကတ် ၃၀၀၀ ကျပ်နှင့်အထက် ဝယ်ယူဖြည့်သွင်းပါက ၅၀ ရာခိုင်နှုန်း အပိုထပ်ဆောင်း လက်ဆောင်ရရှိမည်ဖြစ်သည်။ ဥပမာ–ငွေဖြည့်ကတ် ၃၀၀၀ ကျပ်တန်ဖြည့်သွင်းပါက စုစုပေါင်း ရရှိမည့် ပမာဏမှာ ငွေကျပ် ၄၅၀၀ ဖြစ်ပြီး ၅၀၀၀ ကျပ် တန်ဖြည့်သွင်းပါက စုစုပေါင်း ၇၅၀၀ ကျပ်ရရှိခဲ့ကြောင်း သိရသည်။

Ooredoo Myanmar မှတာဝန်ရှိသူတစ်ဦးက "Ooredoo Myanmar က User တွေအတွက် ကြည်လင်ပြတ်သားတဲ့အသံနဲ့ မြန်ဆန်တဲ့ အင်တာနက်ဝန်ဆောင်မှုတွေပေးနိုင်ဖို့ စဉ်ဆက်မပြတ်ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါတယ်။ ဒီဇင်ဘာလအတွင်းမှာ User တွေကို ကျေးဇူးတုန့်ပြန် ပျော်ရွှင်စေလိုတဲ့အတွက်ကြောင့် အခုလိုမျိုးအပိုထပ်ဆောင်းအစီအစဉ်ကို ပြုလုပ်ပေးရခြင်းဖြစ်ပါတယ်၊ အခုဆိုရင်Ooredoo ရဲ့ကွန်ရက်ဖြန့်ကျက်မှုအခြေအနေကလည်းတိုးတက်လျက်ရှိပါတယ်။

ရန်ကုန်မှာဆိုရင် လသာမြို့နယ်၊ စမ်းချောင်းမြို့နယ်၊ သဃ်န်းကျွန်းမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်နဲ့ သုံးခွမြို့နယ်တွေမှာလည်း Ooredoo ရဲ့ကွန်ရက်ကို အသုံးပြုနိုင်ခဲ့ပါပြီ။ ဒါ့အပြင်ကဝမြို့နယ်နဲ့ လယ်ဝေးမြို့နယ်၊ ရမည်းသင်းမြို့နယ်၊ ပျော်ဘွယ်မြို့နယ်နဲ့ သာစည်မြို့နယ်တွေမှာလည်း စတင်အသုံးပြုနိုင်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ချမ်းအေးသာဇံမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ရွှေဘိုမြို့မြောက်ဘက်နဲ့ အရှေ့ဘက်၊ မုံရွာမြို့နယ်တွေမှာလည်း ကွန်ရက် တိုးတက်ပြောင်းလဲမှုတွေရှိပါတယ်" ဟု ပြောသည်။

ထို့အပြင် Ooredoo ၏ Promotion အစီအစဉ်မှရရှိသော အပိုဆောင်းငွေဖြည့်ပမာဏကို ၇ရက်အတွင်း အသုံးပြုရမည်ဖြစ်ပြီး ပြည်တွင်း၊ပြည်ပရှိ မည်သည့်ဖုန်းကိုမဆို ခေါ်ဆိုနိုင်မည်ဖြစ်သည်။ ၎င်းအပိုဆောင်းရရှိသော ငွေဖြည့်လက်ဆောင်ပမာဏကို အခြားဖုန်းများသို့ လွှဲပြောင်းပေးအပ်ခြင်းများ ပြုလုပ်နိုင်မည်မဟုတ်ကြောင်း သိရသည်။

# အင်ဂျင်နီယာဘာသာရပ်ကို လေ့လာဆည်းပူးလိုသူများအတွက် HND သင်တန်းများ ဖွင့်လှစ်မည်

အင်ဂျင်နီယာဘာသာရပ်များကို လေ့လာဆည်းပူးလိုသည့် ငွေကြေးအင်အားနည်းသော ကျောင်းသားများအတွက် သိပ္ပံနှင့်နည်းပညာပူးတွဲ၍ DPP ဖြင့် HND သင်တန်းများဖွင့်လှစ်မည်ဖြစ်ကြောင်း VICTORIA UNIVERSITY COLLEGE မှ သိရသည်။

ဗစ်တိုးရီးယားယူနီဗာစတီကောလိပ်မှဖွင့်လှစ်မည့်HND အောင်မြင်သူများသည် B.E (Hons:), B.Sc (Hons:), B.A (Hons:) ဘွဲ့များရရှိရန် (၁) နှစ်သာ ဆက်လက်သင်ယူရမည်ဖြစ်သည်။

Degree (Hons:) ရရှိရန်အတွက် ဗြိတိန်အစိုးရပိုင်တက္ကသိုလ် University of Wolverhampton မှ IELTS နှင့်အဆင့်ညီ အင်္ဂလိပ်စာအရည်အချင်းစာမေးပွဲများ စစ်ဆေးပေးနေပြီး UK သို့ သွားရောက် ပညာဆည်းပူးလိုပါက ယင်းတက္ကသိုလ် အပြင် South Essex University တွင်ပါ အထူးအစီအစဉ်ဖြင့် ဝင်ခွင့်ရမည်ဖြစ်ကြောင်းသိရသည်။ ၂၀၁၅ ဇန်နဝါရီတန်းခွဲသစ်တက်ရောက်ရန်အတွက် စတင်လျှောက်ထားနိုင်ပြီဖြစ်သည်။

**SM**

# ရုံးချိန်လွတ် CCNA တန်းခွဲများဖွင့်လှစ်ပေးမည်

ပြည်တွင်းပြည်ပနိုင်ငံများတွင် အလုပ်အကိုင် Cisco မှ အသစ်ပြဌာန်းလိုက်သည့် CCNA Routing & Switching (200-120) သင်တန်းအား လုပ်ငန်းခွင်သို့ရောက်ရှိနေသူများနှင့် ရုံးချိန်လွတ်တက်ချင်သူများအတွက် ရုံးချိန်လွတ်တန်းခွဲသစ်များကို ProGate Computer Training Center တွင် ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။

CCNA Routing & Switching (200-120) သင်ရိုးများအတိုင်း သင်ကြားပေးသွားမည်ဖြစ်ပြီး Ethernet Technology, Network Security, VPN, IPV6 Theory & Routing, VLAN, STP, RSTP, OSPF, ELGRP, HSRP, VRRP, GLBP, Gateway Load balancing, Wide Area Networking, NAT, ACL, Inter-vlan Routing, Etherchannel, Securing Cisco IOS, WAN Technology, PPP, HDLC, Frame Relay switching, Routing Theory, Wireless Networking စသော သင်ခန်းစာများကို စာတွေ့လက်တွေ့ ထိရောက်စွာ သင်ကြားပေးသွားမည်ဖြစ်ပါသည်။

အသေးစိတ်သိရှိလိုပါက တိုက် ၁(A)၊ ဗေယျာသီရိလမ်း၊ဦးထွန်းလင်းခြံလမ်းနှင့် ကပ်လျက်လမ်း)၊ ကမာရွတ်၊ လှည်းတန်း။ ဖုန်း ၀၉–၄၃၁၈၇၇၈၆၅၊ ၀၉–၄၂၀၂၆၉၈၇၉၊ ၀၁–၁၂၂၃၈၅၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

# Heroic Amazon မှ IELTS နှင့် Spoken English ကို စနစ်တကျတစ်ဦးချင်း အိမ်တိုင်ရာရောက်သင်ကြားပေးလျက်ရှိ

Heroic Amazon မှ တက္ကသိုလ်ဘွဲ့ကြိုနှင့်ဘွဲ့ရများ၊ လုပ်ငန်းခွင်မှသူများအတွက် အင်္ဂလိပ်စကားကို လက်တွေ့ကျကျပြောတတ်စေရန် နိုင်ငံတကာတွင် ဘာသာစကားသင်ကြားလျက်ရှိသော နည်းစနစ်များအတိုင်း အလွတ်ကျက်စရာမလိုတဲ့ပြောတတ်စေသော Dialogue တည်ဆောက်နည်း၊ Dialogue ကိုတွေးတောနည်း စသည့် how to construct dialogue, how to think about dialogue စသည်တို့ကို အခြေခံပြီးပြည့်စုံလုံလောက်သော လေ့ကျင့်ခန်းများဖြင့် တစ်ဦးချင်း (သို့) အုပ်စုလိုက် သင်ကြားပေးလျက်ရှိပြီး နိုင်ငံတကာတက္ကသိုလ်ဝင်ခွင့်အတွက် IELTS Band 5.5/6/6.5 training များကို သင်တန်းကာလခြောက်လနှင့် တော်ဝင်သမားတော်ဘွဲ့(MRCP/MRCOG)ဖြေဆိုမည့် ဆရာဝန်များအတွက် Band 7/7.5/8 training များကို သင်တန်းကာလရှစ်လ၊ ဆယ်လ စသည်ဖြင့်တစ်ဦးချင်းလေ့ကျင့်သင်ကြားပေးလျက်ရှိသည့် အသေးစိတ်သိလိုသူများ ဆရာမဒေါ်မေသူလွင် 09 31082657 နှင့် 09 795563648 ထံ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

# PHP Advanced Developer Class (MVC+OJT) အမှတ်စဉ် '၃' သင်တန်းဖွင့်လှစ်မည်

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းမှကြီးမှူး၍ PHP Advanced Developer Class (MVC+OJT) အမှတ်စဉ် (၃) သင်တန်းကို ဇန်နဝါရီ ၅ ရက်နေ့မှစ၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းသိရသည်။

ယင်းသင်တန်းသင်ရသည့် ရည်ရွယ်ချက်မှာ ပညာသင်ကြားလေ့လာသူများ Programmer များသည် application များ၊ website များကို ကောင်းမွန်စွာရေးသားနိုင်ရန် အခက်အခဲများတွေ့ခြင်းအပြင် လုပ်ငန်းခွင်သို့ ဝင်ရောက်ရာတွင် များစွာအဆင်မပြေဖြစ်ကြသည်ကို မြင်တွေ့ရသဖြင့် ဖွင့်လှစ်ရခြင်းဖြစ်သည်။ ဒီသင်တန်းကို Thesis အတွက် Project တင်မည့် ကျောင်းသား/သူများ၊ လက်ရှိအနေအထားမှအထက်သို့တက်ရန် ခက်ခဲနေသော PHP Developer များ၊ နိုင်ငံခြားတွင် အလုပ်သွားရောက်လုပ်ကိုင်မည့်သူများ၊ လုပ်ငန်းအတွေ့အကြုံလိုအပ်နေသူများ၊ ရာထူး/လစာတိုးရန်လိုလားသော Developer များ၊ PHP Developer သင်တန်းဆင်းပြီးသူများ မဖြစ်မနေတက်ရောက်သင့်ပါသည်။

သင်တန်းကာလမှာ ၃ လခန့်ကြာမြင့်မည်ဖြစ်ပြီး ပထမတစ်လတွင် Cake PHP MVC Framework အား လေ့လာသင်ကြားခြင်းနှင့် ကျန်ရှိသောကာလများတွင် Project များကို ကိုယ်တိုင်တည်ဆောက်ခွင့်ရမည်ဖြစ်သည်။ ယင်းသင်တန်းကို တက်ရောက်ခြင်းဖြင့် Version Control စနစ်များအသုံးပြုခြင်း၊ Database Server/Web Server များကို ချိတ်ဆက်ခြင်း၊ Team Member များနှင့် လက်တွဲလုပ်ကိုင်ခြင်းအစရှိသည့် အကျိုးကျေးဇူးများကို ရရှိနိုင်ကြောင်းသိရသည်။

သင်တန်းကာလမှာ ဇန်နဝါရီ (၅) ရက်တွင်စတင်မှာ ဖြစ်သည့်အတွက် (၄) ရက်နေ့ညနေ (၄) နာရီနောက်ဆုံးထား၍ MCPA ရုံးခန်းသို့ လျှောက်ထားရမှာဖြစ်သည်။ သင်တန်းချိန်မှာ တစ်ပတ်လျှင် နှစ်ရက် (တနင်္လာ၊ အင်္ဂါ) ညနေ ၅ နာရီခွဲမှ ၇ နာရီခွဲထိဖြစ်ပြီး သင်တန်းကြေးနှစ်သိန်းကျပ်ဖြစ်သည်။ သင်တန်းသားဦးရေမှာ ၁၅ ဦးသာလက်ခံမှာဖြစ်သည့်အတွက် အသေးစိတ်သိရှိလိုပါက ဖုန်း - 01-652276, 09-73088300 သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**SM**






**SPECIAL ▸ REPORT**

# GAMING LAPTOPS VS GAMING DESKTOPS



Laptop တွေဟာ တစ်ချိန်ကခေတ်စားခဲ့ပြီး အခုအချိန်မှာတော့ tablet တွေကြောင့် နောက်တန်းကိုနည်းနည်းရောက်နေသလိုပါပဲ။ ဒါပေမဲ့ Laptop ကိုပစ်ပယ်ပြီး tablet ပဲသုံးမယ်လို့လုပ်ဖို့လည်း မဖြစ်နိုင်သေးပါဘူး။ Tablet တွေဟာ သယ်ဆောင်ရအထူးလွယ်ကူပေမယ့် Laptop လိုမြင့်မားတဲ့ စွမ်းဆောင်ရည်ကိုပေးဖို့ခက်ခဲပါတယ်။ Desktop တွေဟာ Laptop ထက်စွမ်းဆောင်ရည်မြင့်မားပေမယ့် အလွယ်တကူသယ်ယူဖို့တော့ခက်ခဲပါတယ်။ ဒီခေတ်ထဲမှာ Desktop PC, Laptop နဲ့ Tablet ကြား ဗျာများပြီး ရွေးရခက်သူများအတွက် ရွေးချယ်ရလွယ်ကူစေဖို့ ဒီ Special Report ကိုတင်ဆက်ဖြစ်ခဲ့ပါတယ်။

## Gaming Laptops Vs Gaming Desktops

Gaming Laptops တွေဟာ အလွယ်တကူသယ်ယူနိုင်ဖို့နဲ့ ဂိမ်းကစားဖို့လိုအပ်တဲ့စွမ်းဆောင်ရည်ကိုပေးနိုင်တဲ့ Laptop မျိုးလို့ ယေဘုယျသတ်မှတ်နိုင်ပါတယ်။ ဒါပေမဲ့ Gaming Desktop နဲ့ယှဉ်ရင်တော့ Laptop တွေက ပိုပြီးဈေးကြီးတာသေချာပါတယ်။ Gaming Laptop ထဲမှာပါတဲ့ပစ္စည်းတွေဟာ Desktop နဲ့ ဘာတွေကွာသွားသလဲဆိုတာ ကြည့်ရအောင်ပါ။ Gaming desktop နဲ့ Laptop ကိုယှဉ်ကြည့်မှပဲ ဘာကိုသုံးစွဲဖို့အသင့်တော်ဆုံးဆိုတာကို သိနိုင်မှာဖြစ်ပါတယ်။

### Mobile CPUs Vs Desktop CPUs



AMD ရဲ့နောက်ဆုံးပေါ် Kaveri chips ဟာ CPU နဲ့ အဆင့်မြင့် GPU ကိုပေါင်းစပ်ထားပြီး ဂိမ်းကစားဖို့ အဆင်သင့်ပေမယ့် တကယ့်ဂိမ်းကစားသူစစ်စစ်တွေဟာ သူတို့ရဲ့ system အတွက် intel chip ကိုပဲ သုံးကြပါတယ်။ Intel CPU ဟာ ဂိမ်းတွေအတွက် အဓိကလိုအပ်တဲ့ Single-threaded စွမ်းဆောင်ရည်မှာ AMD ထက်အများကြီးသာလွန်နေလို့ပါပဲ။ ဂိမ်းကစားရာမှာအဓိကတာဝန်ယူရသူက GPU ဆိုပေမယ့် CPU စွမ်းဆောင်ရည်ညံ့ဖျင်းနေရင်လည်း အလုပ်မဖြစ်ပါဘူး။ ဒီအချက်ဟာ Desktop ကော၊ Laptop အတွက်ပါ အကျုံးဝင်ပါတယ်။

Gaming Desktop တစ်ခုမှာ အခြေခံအားဖြင့် Intel Core i5 CPU လောက် စတင်ပါဝင်နိုင်ပါတယ်။ Core i5 ဟာ ပြောရရင် အလယ်အလတ်အဆင့် Chips တစ်ခုဖြစ်ပေမယ့် ဂိမ်းကစားသူတွေအတွက် သင့်လျော်ပါတယ်။ Core i5 Chips တွေမှာ Cores ၄ ခုပါဝင်ပြီး hyperthreading ပါဝင်ခြင်းမရှိပေမယ့် Core ၄ ခုကို တစ်ပြိုင်တည်းအလုပ်လုပ်နိုင်ပါတယ်။ Core i7 ကတော့ core ၄ ခုသာမက hyper threading ပါဝင်တာကြောင့် thread ၈ ခုနဲ့ အလုပ်လုပ်နိုင်စေပါတယ်။ ဂိမ်းတွေဟာ thread ၈ ခုလုံး တစ်ပြိုင်တည်းသုံးရမယ့်ကိစ္စမျိုးသိပ်မရှိတာကြောင့် Core i5 ကတော့ i7 ကိုမြှင့်တင်လို့ ဂိမ်းကစားသူတွေအတွက် အများကြီးပိုသိသာမလာပါဘူး။

Gaming Laptops တွေမှာလည်း Intel Chips တွေပဲ အဓိကပါဝင်တတ်ပြီး Desktop CPU နဲ့မတူဘဲ Mobile အမျိုးအစားဖြစ်တာကိုသတိပြုရပါမယ်။ Alieanwear ရဲ့ဈေးအသက်သာဆုံး Gaming Laptop ဟာ ၉၉၉ ပေါင် ဈေးနှုန်းရှိပြီး Intel Core i5 4210M Chip ကိုသုံးပါတယ်။ ဈေးနှုန်းတူတဲ့ Fakon Elite BR91 desktop gaming PC မှာတော့ Intel Core i5-4690K Chip ပါဝင်ပါတယ်။ ဒီ Chip ၂ ခုရဲ့ကွဲပြားခြားနားမှုဟာ အတော်လေးသိသာပါတယ်။ Core i5-4210M ဟာ အမှန်အားဖြင့်တော့ dual-core chip ဖြစ်ပြီး Hyper threading ပါဝင်ပါတယ်။ Core i5 4690K ကတော့ quad-core အစစ်ဖြစ်ပြီး Clock Speed ကလည်း 3.5GHz ရှိလို့ i5 4210M ရဲ့ 2.6GHz ထက် ပိုမြန်တာသေချာပါတယ်။ Cache ကလည်း 6MB ဖြစ်လို့ i5 4210M ရဲ့ 3MB ထက် ၂ ဆမြင့်ပါတယ်။

ဒီလိုဖြစ်ရတာက Laptop တွေဟာ ပါဝါသက်သာဖို့လိုပြီး အပူလည်းသက်သာဖို့လိုပါတယ်။ i5 4210 ရဲ့ maximum TDP (thermal design power) ဟာ 37 watts သာရှိပါတယ်။ i5 4690K ကတော့ 88 watts ရှိတာမို့ ၂ ဆကျော်ပါတယ်။ ဒါကြောင့် gaming laptop က CPU တွေဟာ နည်းပညာချင်းတူပေမယ့် စွမ်းဆောင်ရည်မှာ desktop CPU တွေကို မမီကြပါဘူး။ Laptop တွေဟာ ဘေးဘောင်လုပ်ဖို့ခက်တာမို့ အပူသိပ်တက်လို့မရသလို ပါဝါသိပ်စားလို့လည်းမဖြစ်ပါဘူး။ i5 4210M နဲ့ စွမ်းဆောင်ရည်တူညီတဲ့ desktop CPU ဟာ Core i5-3240 ဖြစ်ပြီး အနိမ့်စား ivy-bridge CPU ပါ။ Core i5 4690K နဲ့ စွမ်းဆောင်ရည်တူညီတဲ့ Laptop Chip ကို လိုချင်ခဲ့ရင် Core i7-4710MQ ကို ရွေးရမှာဖြစ်ပြီး ပေါင် ၁၀၀ ပိုကုန်ကျပါတယ်။ စွမ်းဆောင်ရည်ချင်းတူခဲ့ရင်တောင်မှ gaming desktop ရဲ့အားသာချက်က over clocking ပါ။ Gaming Laptop ကို အအေးခံစနစ်ထည့်သွင်းဖို့မဖြစ်နိုင်ဘဲ Mobile CPU ဟာလည်း overclocking များများလုပ်ခြင်းကတားမြစ်ထားပါတယ်။ Desktop CPU ကို overclock လုပ်လို့ပျက်ခဲ့ရင် အလွယ်တကူလဲလှယ်နိုင်ပြီး Laptop မှာ ဒီလောက်မလွယ်တာကိုလည်း သတိထားရပါမယ်။

### Mobile GPUs Vs Desktop GPUs

Gaming PC ကောင်းကောင်းတစ်ခုတည်ဆောက်ဖို့အတွက် အားကောင်းတဲ့ ဂရပ်ဖစ် processor တစ်ခုလိုတာသေချာပါတယ်။ လက်ရှိမှာ Intel ကော AMD Chip တွေမှာပါ ကိုယ်ပိုင် GPU Processor တွေပါဝင်လာကြပေမယ့် အများစုက ဂိမ်းအတွက် အသုံးမတည့်ပါဘူး။ Intel ရဲ့အဆင့်မြင့် HD 4000 GPU ဟာ ဂိမ်းမှာသုံးမရသလောက်ဖြစ်ပြီး Kaveri ရဲ့ Radeon GPU က ပိုအသုံးတည့်ပေမယ့် ခပ်နိမ့်နိမ့်ဂိမ်းတွေအတွက်ဖြစ်သလို AMD CPU နဲ့ပေါင်းတဲ့အခါမှာ အလုပ်သိပ်မဖြစ်ပါဘူး။ Desktop မှာတော့ GPU အပိုထပ်ထည့်တာဟာ ရိုးရှင်းတဲ့ကိစ္စတစ်ခုပါ။ Gaming System တစ်ခုဟာ CPU ကောင်းကောင်းထက်စာရင် GPU ပေါ်မှာ အဓိကမူတည်နေပါတယ်။ ဂရပ်ဖစ်ကတ်တွေ အဓိကထုတ်လုပ်တဲ့ AMD နဲ့ Nvidia ဟာလည်း ကွာခြားမှုသိပ်မမြင့်မားလို့ နှစ်သက်ရာကိုရွေးချယ်နိုင်ကြပါတယ်။

ဒါပေမဲ့ Laptop မှာတော့ GPU ကိုလည်းသိပ်ရွေးချယ်ခွင့်မရှိပြန်ပါဘူး။ CPU လိုပဲ ဂရပ်ဖစ်ကတ်ကိုလည်း ဝယ်ယူကတည်းကပါတဲ့ဟာနဲ့ပဲ တောက်လျှောက်ဆက်စခန်းသွားရဖို့များပါတယ်။ ဒါကြောင့် Laptop မှာ မှန်ကန်တဲ့ GPU ကိုရွေးချယ်ဖို့အရေးကြီးလာခဲ့ပါတယ်။ Alieanwear Laptop ကိုပဲ နမူနာဆက်ကြည့်မယ်ဆိုရင် Nvidia Geforce GT 750M ဂရပ်ဖစ်ကတ်ကိုသုံးထားပြီး GDDR5 RAM 2GB ပါဝင်ပါတယ်။ ဒါဟာ 3D Mark ရဲ့အလိုအရ AMD ရဲ့ A-10 series APU တွေမှာတွေ့ရတဲ့ Radeon HD 5770 ရဲ့စွမ်းဆောင်ရည်မျိုးဖြစ်ပြီး ဒါဟာ ၄ နှစ်လောက်နောက်ကျခဲ့ပါပြီ။ လက်ရှိခေတ်မှာ အနီးစပ်ဆုံးတူညီတာက AMD ရဲ့ Radeon R7250 ဖြစ်ပြီး အခြေခံအဆင့်ဂရပ်ဖစ်ကတ်တစ်ခုဖြစ်ကာ ပေါင် ၆၀ ဝန်းကျင်ပဲကျသင့်ပါတယ်။

ပေါင် ၁၀၀၀ ဝန်းကျင် Gaming Desktop တွေမှာ Nvidia GTX 760 ပါဝင်တတ်ပြီး 3D Mark ရဲ့နှိုင်းယှဉ်ချက်အရ ၃ ဆပိုကောင်းပါတယ်။ Gaming Laptop မှာ ဒီလောက်ကောင်းဖို့အတွက် GeForce GTX 880M လို နောက်ဆုံးပေါ်ဂရပ်ဖစ်ကတ်ကိုလိုမှာဖြစ်ပြီး ဈေးနှုန်းကလည်း ၂ ဆ ပိုတက်သွားဖို့ရှိပါတယ်။ CPU မှာလိုပဲ GPU ရဲ့အဓိကပြဿနာဟာလည်း ပါဝါနဲ့အပူတတ်တာပါပဲ။ Mobile GPU တွေရဲ့နောက်ထပ်အားနည်းချက်က စွမ်းဆောင်ရည်မဟုတ်ဘဲ ဈေးနှုန်းဖြစ်တာကိုတွေ့ရပါတယ်။ GTX 880M ကိုရဖို့ GTX 760 ထက် ၂ ဆနီးပါးဈေးပိုပေးရပါတယ်။ ဒီ Laptop ကိုမသုံးတော့ရင် တစ်ခုခုပျက်ခဲ့ရင်လည်း တခြား Laptop ဆီ ဂရပ်ဖစ်ကတ်ကိုပြောင်းသုံးဖို့မလွယ်ကူပါဘူး။ Mobile GPU တွေဟာ ဒီလိုပဲဆက်သွားနေဦးမှာဖြစ်ပြီး ဒါကိုပြောင်းလဲဖို့မလွယ်သေးပါဘူး။



## Mobile RAM Vs Desktop RAM



Laptop တွေအတွက် သတင်းကောင်းက RAM မှာတော့ Desktop နဲ့ စွမ်းဆောင်ရည်ခြင်း မကွာလှပါဘူး။ လုံးဝတူညီတာမျိုးတော့ မဟုတ်ပါဘူး။ Desktop ဟာ DIMMs (dual-in-line memory modules) ကိုသုံးပြီး Laptops ကတော့ SODIMMs (small-outline DIMMs) ကိုသုံးပါတယ်။ DDR3 DIMMs မှာ 204 pin ပဲရှိတာမို့တစ်ဝက်လောက်ပိုသေးပါတယ်။ နည်းပညာနည်းနည်းပြောင်းလဲထားပေမယ့် SODIMMs ကြောင့် ဂိမ်းကိုတော့ ထိခိုက်စရာမလိုပါဘူး။ အားနည်းချက်ဆိုလို့ DIMMs ထက်နည်းနည်းလေးဈေးပိုကြီးတာပဲရှိပါတယ်။ ဒါကြောင့် Alieanwear Laptop မှာ 8GB RAM ပါဝင်သလို Falcon gaming desktop မှာလည်း 8GB RAM ပါဝင်နေပါတယ်။ အဓိကကွာခြားချက်ကတော့ overclock ပဲဖြစ်ပြီး gaming laptop တွေမှာ RAM ကို overlock လုပ်ဖို့မလွယ်ပါဘူး။ Laptop RAM တွေဟာ 1600MHz လောက်မှာပဲရှိနေကြပြီး desktop မှာတော့ 2133MHz ထိ မြင်တွေ့ရပါတယ်။ Gaming Laptop ရဲ့ နောက်ထပ်ပြဿနာတစ်ခုက RAM ထပ်တိုးချင်ရင်မလွယ်တာပါ။ ဂိမ်းကောင်းကောင်းကစားဖို့ dual-channel SODIMMs ကိုသုံးဖို့လိုပါတယ်။ Modules နှစ်ခုမှာ RAM တွေရှိထားပြီးရင် နောက် ၂ ခုထပ်ထည့်ဖို့ desktop မှာလို မလွယ်ပါဘူး။ လဲချင်ရင် လက်ရှိ RAM ထက်ပိုမြင့်တဲ့ RAM ကို ဖြုတ်လဲတာမျိုးပဲရပါလိမ့်မယ်။

## Mobile Networking Vs Desktop Networking



ဂိမ်းကောင်းကောင်းကစားဖို့အတွက် network စွမ်းဆောင်ရည်ကောင်းကောင်းလိုအပ်ပါတယ်။ ဒီနေ့ခေတ်ရဲ့ဂိမ်းအများစုဟာ အင်တာနက်ကိုအခြေခံထားတာမို့ network ချိတ်ဆက်နိုင်မှပဲ ပြီးပြည့်စုံတဲ့အတွေ့အကြုံကိုရပါလိမ့်မယ်။ ဒီနေ့ခေတ်မှာ အင်တာနက်ချိတ်ဆက်မှု မပါဝင်တဲ့ PC မရှိသလောက်ဖြစ်ပြီး Fast Ethernet port 100 Mbps သာမက Gigabit Ethernet 1000 Mbps ထိပါဝင်ကြပါတယ်။ အင်တာနက်ချိတ်ဆက်ရာမှာတော့ Laptop တွေဟာ Wi-Fi ပါတဲ့အတွက် အားသာကြပါတယ်။ PC မှာတော့ PCI card (သို့) USB adapter နှစ်သက်ရာနဲ့ ရွေးချယ်သုံးစွဲဖို့ Wi-Fi တပါတည်း ပါမလာတတ်ပါဘူး။ Alienwear ရဲ့အနိမ့်ဆုံး gaming laptop မှာတော့ အမြင့်ဆုံး Wi-Fi နည်းပညာနဲ့ bluetooth 4.0 ပါဝင်ပါတယ်။ Desktop အတွက်တော့ Wi-fi ပါဝင်ဖို့ခက်ခဲပြီး bluetooth ဆိုတာ လုံးဝမကြားဖူးသလောက်ပါပဲ။ Laptop တွေ ဘာကြောင့် wireless network ပိုကောင်းတယ်ဆိုတာကတော့ ရှင်းပြစရာမလိုအောင် သိပြီးသားဖြစ်ကြမှာပါ။ အင်တာနက်နဲ့ချိတ်ဆက်ရတဲ့ ဂိမ်းတွေပေါ်များနေတဲ့ဒီခေတ်ထဲမှာ နေရာမရွေး wireless connection ရနိုင်တဲ့ gaming laptop က အားသာချက်ရထားတာအမှန်ပါပဲ။

## Desktop Vs Laptops



Gaming laptops တွေဟာ စွမ်းဆောင်ရည်နဲ့ ဈေးနှုန်းမှာ gaming desktop ကို လိုက်မမီတာသေချာပါတယ်။ Laptop တွေဟာ အလွယ်တကူသယ်ယူသွားနိုင်တာမို့ ဂိမ်းပြိုင်ပွဲတွေမှာအဆင်ပြေစေပါတယ်။ အိမ်မှာ gaming desktop သုံးရတာ အဆင်သင့်ပေမယ့် ခရီးထွက်ရာမှာတော့ gaming laptop နဲ့ပဲအပျင်းပြေရမှာပါ။ Gaming laptop တွေဟာ ကြီးမားတဲ့ display ပါဝင်တတ်ပြီး ဂရပ်ဖစ်ကတ်လို အပိုပစ္စည်းတွေကြောင့် Ultrabook ထက်တော့ 3-4 kg အသာလေးပိုတာကို သိထားရပါမယ်။ Laptops တွေဟာ ဈေးပိုများတယ်ဆိုပေမယ့် တန်ဖိုးချင်းဒီလိုယှဉ်လို့မရပါ။ Desktop PC ထက် Laptops မှာ အစိတ်အပိုင်းတွေပိုပါတာကို သတိပြုရပါမယ်။ Desktop တွေမှာ Wifi, bluetooth စတာတွေမပါသလို ကီးဘုတ်နဲ့မော်နီတာဟာလည်း သပ်သပ်ဝယ်ယူရတာများပါတယ်။ ဒီအတွက် Gaming Laptop ထဲက ကီးဘုတ်၊ wireless adaptor, Bluetooth နဲ့ 16" HD display ရဲ့တန်ဖိုးကိုတွက်ချက်ပြီး ဖယ်ထုတ်လိုက်မယ်ဆိုရင် gaming desktop နဲ့ တန်ဖိုးအရမ်းမကွာတာကိုတွေ့ရမှာပါ။ ဒါကြောင့် Laptop တစ်ခုပိုဈေးကြီးနေတာဟာ ဘာလဲဆိုတာသိသာစေပါတယ်။ Desktop တွေကတော့ အဆင့်မြှင့်တင်နိုင်စွမ်းရှိပါတယ်။ Gaming Laptop ကတော့ဝယ်ပြီးရင် RAM နဲ့ storage လောက်ကလွဲလို့ ဘာမှထပ်တိုးမြှင့်ဖို့မလွယ်ပါဘူး။ ဂိမ်းအတွက်အဓိကကျတဲ့ CPU နဲ့ GPU ကိုတိုးမြှင့်လို့မရတာကြောင့် ဂိမ်းအသစ်တွေကိုမနိုင်တော့ရင် ရောင်းစားပစ်ဖို့ပဲရှိပါတယ်။ သေချာတာကတော့ Gaming desktop နဲ့ laptop ဟာ နဂိုကတည်းက ချဉ်းကပ်ပုံချင်းမတူကြလို့ ဘယ်ဟာကပိုကောင်းတယ်လို့ပြောမရပါဘူး။ စွမ်းဆောင်ရည်နဲ့ အဆင့်မြှင့်တင်နိုင်စွမ်းကို ပိုကြိုက်တယ်။ ခရီးသွားစရာသိပ်မရှိဘူးဆိုရင်တော့ gaming desktop က ပိုကောင်းပါတယ်။ ဒီလိုမဟုတ်ဘဲ ခဏခဏခရီးထွက်ရတယ်။ ဂိမ်းကစားတာလည်း မရပ်ချင်ဘူးဆိုရင်တော့ gaming laptop ကိုပဲရွေးရုံပါပဲ။ နောက်ဆုံးပိတ်ရွေးချယ်ရမှာကတော့ ဝယ်သူကိုယ်တိုင်ပဲဖြစ်ပြီး ကိုယ့်ရဲ့လိုအပ်ချက်နဲ့ desktop, laptop ရဲ့အားသာချက်၊ အားနည်းချက်တွေကိုသေချာသိထားရင် ရွေးချယ်ဝယ်ယူရတာလွယ်ကူစေပါလိမ့်မယ်။

# Convertible and Hybrid L

Laptops နဲ့ tablet ဘာဝယ်ရမှန်းမသိဘူးဖြစ်နေခဲ့ရင် ဒီနှစ်မျိုးစလုံးကိုထောက်ပံ့
ဖို့လိုပါတယ်။ Convertible နဲ့ hybrid laptops တွေဟာ ပုံစံမတူကြဘဲ လူတွေရဲ့လို
Convertible laptops တွေဟာ ကီးဘုတ်ကိုခေါက်ထားနိုင်ပြီး ကြီးမားထူထဲတဲ့ tablet
အပြည့်အဝကို tablet မှာသုံးနိုင်စေပါတယ်။ Hybrid ကတော့ Screen ကို ကီးဘုတ်
နဲ့ ဆက်အလုပ်လုပ်ပါတယ်။ အများအားဖြင့်ဖြုတ်ပြီးရင် Laptop ရဲ့ဖိုင်တွေနဲ့ စွ
ဒုတိယ OS(အများအားဖြင့် Android) နဲ့ဆက်ပြီးအလုပ်လုပ်ပါတယ်။ ဘာကိုပဲရွေးရွေ
စရာရှိသလဲဆိုတာ သိထားသင့်ပါတယ်။

## Lenovo ThinkPad Yoga 11e

Think Pad Yoga lle ဟာ US မှ ဩဂုတ်ကတည်းကထွက်ရှိခဲ့တဲ့ convertible Chromebook အမျိုးအစားဖြစ်ပါတယ်။ များသောအားဖြင့် Chromebook တွေဟာ ဈေးသက်သာတက်ပေမယ့် ThinkPad Yoga ll ကတော့ ၄၇၉ ဒေါ်လာကျသင့်ပါတယ်။ Specs အရ ပုံမှန် Chromebook ထက်သာလွန်ခဲ့ပြီး RAM 4GB ပါဝင်တာကိုတွေ့ရပါတယ်။ ၁၁ ‌. ၆ လက်မ display ဟာ 1366 x 768 pixels resolution ရှိပြီး touch screen အမျိုးအစားဖြစ်ကာ IPS နည်းပညာကိုသုံးထားတာကြောင့် viewing angle ကောင်းမွန်သလို အရောင်လည်းတောက်ပပါတယ်။ ထောင့်တွေကိုအားဖြည့်ပေးထားပြီး ပွန်းပဲ့မှုဒဏ်ခံနိုင်တဲ့ဖန်သားကိုသုံးထားပါတယ်။ ပုံမှန်ပစ္စည်းတစ်ခုထက် ထိခိုက်မှုဒဏ်ကိုခံနိုင်ပါတယ်။ USB 3.0 နဲ့ HDMI တို့ပါဝင်ပြီး dual-band wireless နဲ့ webcam တို့ပါဝင်ပါတယ်။ 1.83 GHz Celeron N2930 chip ပါဝင်တာမို့ တုံ့ပြန်မှုလည်းမြန်ဆန်ကာ laptop တစ်လုံးမှာပါတဲ့ စွမ်းဆောင်ရည်အများစုပါဝင်ပါတယ်။ စာသင်ခန်းတွေမှာ အဓိကသုံးဖို့ရည်ရွယ်တဲ့အဆင့်မြင့် Chromebook ဖြစ်ပါတယ်။ Windows သုံးစွဲသူတွေအတွက်ကတော့ Chrome book နဲ့ Android tablet ဘာသုံးမလဲဆိုတာ စဉ်းစားရမယ့်သဘောမျိုးပါပဲ။





Acer
နဲ့ Microso
Swich ဟာ
ကနေ 580
လိုနောက်
IPS display
hybrid ကေ
Intel Aton C
ပါဝင်ကာ
တယ်။ La
phonejack,
တွေစုံလင်
တော့ USI
N လည်းပါ
ဖြစ်ပြီး သ
ပြီး သော
ဆက်ပေး
screen က
ဘူး။ Conv
ဆွဲ

# aptops Guide

ဲ့ပေးနိုင်တဲ့ hybrid အမျိုးအစားတွေရှိနေတာ သတိရ
အပ်ချက်ကိုဖြည့်ဆည်းဖို့ ကြိုးစားပေးထားပါတယ်။
တစ်ခုအဖြစ် Windows OS နဲ့ laptop ရဲ့ စွမ်းဆောင်ရည်
အာက်ခံကနေဖြုတ်ထုတ်နိုင်ပြီး ကိုယ်ပိုင် processor
မ်းဆောင်ရည်ကိုမရနိုင်တော့ပါဘူး။ Windows အစား
ရွး 2 in 1 နည်းလမ်းကိုကြိုက်တယ်ဆိုရင် ဘာတွေရွေး



## HP EliteBook Revolve 820 G2

HP Elite Book Revolve 820 G2 ဟာ Laptop သုံးစွဲသူတွေအတွက် ရည်ရွယ်ထားသလို tablet အဖြစ်သုံးချင်ရင်လည်း သုံးစွဲခွင့်ပေးထားပါတယ်။ ဒီအတွက် ဈေးနှုန်းဟာ ပေါင် ၁၁၀၀ ဝန်းကျင်ဖြစ်သွားပေမယ့် ပေးရတဲ့တန်ဖိုးနဲ့ထိုက်တန်တဲ့ပစ္စည်းတွေလည်း ပါဝင်လာခဲ့ပါတယ်။ အနိမ့်ဆုံးအနေနဲ့ Haswell intel core i3 ပါဝင်ပြီး Core i7 ထိ မြှင့်တင်နိုင်ပါတယ်။ RAM 4GB ပါဝင်ပြီး 8GB ထိ မြှင့်တင်နိုင်ပါတယ်။ 128 (သို့) 256 GB SSD storage ပါဝင်ပြီး wireless N ကို wireless AC ထိ မြှင့်တင်နိုင်ပါတယ်။ Windows 8.1 ကိုသုံးထားပြီး ၁၁ ． ၆ လက်မ screen ဟာ 1366 x 768 resolution ရှိတဲ့ touchscreen ဖြစ်ပါတယ်။ USB 3.0, display port, micro SD slot, NFC, ambient kght sensor စတာတွေပါဝင်သလို 720p webcam နဲ့ backlit ကီးဘုတ်တို့လည်းပါဝင်ထားပါတယ်။ အဆင့်မြင့် laptop တွေကိုယှဉ်နိုင်ပြီး screen ကိုလှည့်ပတ်လို့ရနိုင်သလို နောက်ပတ်မှာခေါက်ထားပြီး tablet အဖြစ်သုံးနိုင်ပါတယ်။ Laptop အဖြစ် အဓိကရည်ရွယ်တာမို့ tablet အနေနဲ့တော့ ထူးခြားချက်တွေ များများမတွေ့ရပါဘူး။




## Lenovo Yoga 2 Pro

Lenovo ရဲ့ Yoga 2 Pro ဟာ ၂၀၁၄ ဇူလိုင်ကမှ အဆင့်မြှင့်တင်မှုတွေနဲ့ ဈေးကွက်ထဲရောက်လာခဲ့ပြီး ပေါင် ၁၀၀၀ ဝန်းကျင်ကစလို့ ဈေးနှုန်းသတ်မှတ်ပါတယ်။ Convertible laptop တစ်ခုဖြစ်ပြီး 13.3 " Screen ဟာ 3200 x 1800 IPS touch-screen ဖြစ်တာမို့ Full HD ထက်ကျော်လွန်သွားပြီး 4K resolution နီးပါးထိရှိခဲ့ပါတယ်။ CPU ဟာ ပေါင် ၁၀၀၀ မှာ Haswell Core i5 ဖြစ်ပြီး ပေါင် ၁၂၀၀ မှာတော့ Core i7 ပါဝင်မှာဖြစ်ပါတယ်။ RAM 4 (သို့) 8GB ဖြစ်ပြီး SSD ကတော့ 512GB ပါဝင်ပါတယ်။ ကီးဘုတ်က backlit အမျိုးအစားပါ။ 720 p webcam, micro HDMI, Bluetooth, Wireless N, SD Card reader နဲ့ USB 3.0 စတာတွေ ပါဝင်ပါတယ်။ Tablet အနေနဲ့သုံးရင် 1.4 kg ရှိတာကြောင့် လေးတယ်လို့တော့ သတ်မှတ်နိုင်ပါတယ်။ Non-Pro version ကိုသုံးခဲ့ရင်တော့ ငွေကုန်သက်သာဖို့ရှိပြီး Core i3 CPU ပါဝင်ကာ ပေါင် ၅၅၀ ကျသင့်ပါတယ်။ အဆင့်မြင့် laptop တစ်ခုကို ရံဖန်ရံခါ Tablet အဖြစ်သုံးချင်တယ်ဆိုရင်တော့ Yoga 2 Pro ကို သတိရသင့်ပါတယ်။




## Acer Aspire Switch 10

Aspire Switch 10 ဟာ hybrid tablet တစ်ခုဖြစ်ပြီး Windows 8.1
oft Office Home & Student edition ပါဝင်ထားပါတယ်။ Aspire
အောက်က ကီးဘုတ်ကိုဖြုတ်ချပစ်နိုင်ပြီး 1.2 kg laptop
0 g tablet အဖြစ်ပြောင်းလဲနိုင်ပါတယ်။ Screen ကို convertible
ဖက်ကိုခေါက်ထားလို့လည်းဖြစ်ပါတယ်။ ၁၀ ． ၁ လက်မ
ဟာ 1366 x 768 pixels resolution ရှိပြီး convertible ကော၊
ာ သုံးနိုင်တာဟာ အားသာချက်ပါပဲ။ 1.33 GHz Bay-trail
CPU ပါဝင်ပြီး RAM 2GB ပါဝင်ပါတယ်။ SSD storage 64 GB
ပေါင် ၃၃၀ ဈေးနှုန်းကလည်း သင့်တင့်တယ်လို့ ဆိုနိုင်ပါ
ptop တစ်ခုမှာပါဝင်တဲ့ပစ္စည်းအားလုံးလည်းပါဝင်ပြီး head-
mic, volume, micro HDMI, micro USB, micro SD card slot စတာ
းပါတယ်။ Screen ဘေးမှာပါဝင်တာဖြစ်ပြီး ကီးဘုတ်မှာ
B 2.0 port ၁ ခုသာ တွေ့ရပါတယ်။ Bluetooth နဲ့ Wireless
ဝင်ပြီး Full HD webcam ပါဝင်ပါတယ်။ ဒီဇိုင်းအရစွဲမက်စရာ
လိုက်နဲ့ချိတ်ဆက်ထားပါတယ်။ ဒါကြောင့် screen ကိုကိုင်
ျာဆွဲရုံနဲ့ပြုတ်ပါလာပြီး ပြန်တပ်ချင်ရင် ဒီအတိုင်းတော့
ရုံပါပဲ။ ဒီအဆက်နေရာဟာ အလေးချိန် 3 kg ထိ ခံနိုင်လို့
နေဆွဲသွားရင်လည်း ကီးဘုတ်ပြုတ်ကျမှာစိုးရိမ်စရာမရှိပါ
vertible ကော၊ hybrid ကောသုံးနိုင်တဲ့ဒီဇိုင်းက အားလုံးကို
ဆောင်နိုင်ပါတယ်။



## Dell XPS 12

Dell XPS 12 ဟာ ထွက်ရှိခဲ့တာ တစ်နှစ်ကျော်ခဲ့ပြီဖြစ်လို့ မူလက ပေါင် ၁၅၀၀ အောက်ရှိတဲ့ Core i7 version ကိုပေါင် ၁၀၀၀ ဝန်းကျင်နဲ့ရနိုင်ပါပြီ။ XPS 12 ဟာ ပုံစံအရထူးခြားတဲ့ convertible တစ်ခုဖြစ်ပြီး အောက်ခြေကလှည့်ပတ်မယ့်အစား screen ကို ဘောင်ထဲက လှည့်ပတ်စေပါတယ်။ သုံးစွဲပုံအရတော့ ဘာမှထူးခြားမသွားပေမယ့် ပုံစံသစ်ကို ပြသနိုင်ခဲ့ပါတယ်။ Ultrabook တစ်ခုလို့ဆိုနိုင်ပြီး Full HD 12.5" screen ကို ဘောင်ထဲကလှည့်ပတ်စေပါတယ်။ သုံးစွဲပုံအရတော့ ဘာမှထူးခြားမသွားပေမယ့် ပုံစံသစ်ကိုပြသနိုင်ခဲ့ပါတယ်။ Ultrabook တစ်ခုလို့ဆိုနိုင်ပြီး Full HD 12.5" screen ပါဝင်ကာ Haswell CPU နဲ့ RAM 8GB Storage 256GB ထိ အမြင့်ဆုံးရနိုင်ပါတယ်။ Windows 8.1 နဲ့ bluetooth wireless N တို့ပါဝင်ပါတယ်။ XPS 12 ရဲ့ အားသာချက်က ပုံမှန်ထက်ပိုကြီးတဲ့ ဘက်ထရီပါဝင်တာပါပဲ။ အလေးချိန်ပိုစီးသွားပေမယ့် အားတစ်ခါသွင်းရင် ၇–၈ နာရီ အသုံးခံစေပါတယ်။ Laptop အဖြစ်ကော Tablet အဖြစ်ပါ ပုံမှန်သုံးစွဲနိုင်ပါတယ်။



## Asus Transformer Book T100




Asus ရဲ့ Transformer Book T100 ဟာ 10.1" အရွယ် display ပါဝင်တဲ့ Tablet ဖြစ်ပြီး Full size ကီးဘုတ်ပါဝင်ပါတယ်။ Tablet အဖြစ်အဓိကရည်ရွယ်တာကြောင့် အထူးပေါ့ပါးပြီး Tablet Mode မှာ 650g laptop mode မှာ 1kg ပဲလေးပါတယ်။ အစောပိုင်း version တွေမှာပါတဲ့ Windows RT အစား Windows 8.1 နဲ့ အစားထိုးထားပါတယ်။ 10.1" display ဟာ 1366x768 resolution ရှိပြီး IPS နည်းပညာနဲ့ ဖန်တီးထားပါတယ်။ Intel Atom Processor ပါဝင်ပြီး RAM 2GB နဲ့ Storage 32GB ပါဝင်ပါတယ်။ ဘက်ထရီကလည်း ၈–၁၀ နာရီထိခံနိုင်လို့ အဆင်ပြေစေပါတယ်။ Laptop ရဲ့ လုပ်ဆောင်နိုင်စွမ်းတွေကို Tablet မှာရနိုင်မှာဖြစ်ပြီး micro HDMI, USB 3.0, Micro SD slot စတာ တွေပါဝင်ပါတယ်။ T100 ကို ပိုစွဲဆောင်မှုရှိစေတာက သင့်တင့်တဲ့ဈေးနှုန်းဖြစ်ပြီး ပေါင် ၂၈၀ ဝန်းကျင်နဲ့ရနိုင်ပါတယ်။ Tablet တစ်ခုဖြစ်တာကြောင့် Laptop တစ်ခုလို Multitasking ကိုများများ သုံးဖို့တော့ မသင့်ပါဘူး။

# Should You Buy A Tablet or Latpop ?




Tablet နဲ့ Laptops ဟာ တူညီတာတွေအများကြီးရှိပေမယ့် ပြောရရင် တူညီတဲ့ device တွေမဟုတ်ပါဘူး။ Desktop PC တွေနဲ့ ယှဉ်ရင် နှစ်ခုစလုံးသာ သယ်ယူရလွယ်ကူစေဖို့ စီစဉ်ပေးထားပြီး ဈေးနှုန်းအရလည်း သက်သာတဲ့အမျိုးအစားတွေရှိပါတယ်။ ဒါပေမယ့် အဲ့ဒီအချက်လောက်ကလွဲရင် Tablet နဲ့ Laptop ဟာ ကျန်တဲ့အချက်တွေမှာ ကွဲပြားပါတယ်။ Tablet နဲ့ Laptop ဘာကို ရွေးချယ်ဝယ်ယူမလဲဆိုတာ ဆုံးဖြတ်နိုင်ဖို့ အားသာချက်၊ အားနည်းချက်တွေကို သုံးသပ်ဖို့လိုအပ်ပါတယ်။

## Why Get A Laptop ?

ကွန်ပျူတာသုံးတဲ့သူတွေက Laptop ကို ပိုစိတ်ဝင်စားကြတာထုံးစံပါ။ နေရာစုံအတွက်သုံးနိုင်သလို ဈေးနှုန်းလည်းသင့်တင့်ပါတယ်။ ဒီနှစ်ပိုင်းတွေမှာတော့ laptop တွေဟာ လူသုံးနည်းလာတယ်လို့ ဆိုနိုင်ပါတယ်။ အဆင့်မြင့် laptop တွေမှာမသိသာပေမယ့် အိမ်သုံးတွေမှာတော့ အရင်ကလောက် အဝယ်မလိုက်ပါဘူး။ ဒါဟာ laptop အမျိုးအစားတွေ များပြားလွန်းတာကြောင့်လည်းဖြစ်သလို tablet တွေနဲ့ ယှဉ်ပြိုင်နေရတာကြောင့်လည်းဖြစ်ပါတယ်။ laptop တွေဟာ စွမ်းဆောင်ရည်ပိုများပေမယ့် ပုံမှန်သုံးစွဲသူအားလုံးဟာ စွမ်းဆောင်ရည်ကိုပဲ အဓိကထားကြတာမဟုတ်ပါဘူး။ Email ကြည့်ရုံ၊ ဗီဒီယိုကြည့်ရုံလောက်နဲ့ Laptop ကို မလိုအပ်ပါဘူး။ Tablet လောက်နဲ့အလုပ်ဖြစ်ရင် ဝယ်သူတွေက Laptop ကို ငွေပိုပေးပြီး မသုံးလိုကြပါဘူး။

Laptop ထုတ်လုပ်သူတွေကံကောင်းနေတာက စွမ်းဆောင်ရည်မြင့်တဲ့ ဘက်စုံသုံး tablet တွေဟာ ဈေးမပေါပါဘူး။ PC မှာ အလုပ်များများလုပ်တဲ့သူတွေအတွက် tablet အစား laptop က ပိုအသုံးဝင်တာသေချာပါတယ်။ tablet မှာ PC ရဲ့လုပ်ငန်းအများစုကိုလိုက်လုပ်နိုင်ပေမယ့် လုပ်ရတာခက်ခဲတာကို သတိပြုသင့်ပါတယ်။ ဒါကြောင့် PC နဲ့ အလုပ်လုပ်သူတွေအတွက် အလွယ်တကူသယ်ဆောင်သုံးနိုင်ဖို့ဆိုရင် laptop ကိုပဲ ရွေးချယ်ဝယ်ယူရမှာဖြစ်ပါတယ်။




## Why Get A Tablet ?




Tablet တွေဟာ လူတွေရဲ့နေ့စဉ်ဘဝထဲ ဝင်ရောက်နေရာယူတာမြန်ဆန်ပါတယ်။ Laptop ကိုလဲ လှယ်မယ်ဆိုရင် Laptop အစား Tablet ကို လဲလှယ်မလားဆိုတာ စဉ်းစားစရာပါပဲ။ Tablet တွေဟာ ဘက်စုံသုံးနိုင်ဖို့မလွယ်ပေမယ့် Laptop တွေအစားထိုးနိုင်တယ်လို့တော့ ယူဆသူတွေက ယူဆကြပါတယ်။ Tablet တွေဟာ ဈေးသက်သာပြီး အလွယ်တကူသယ်ဆောင်သွားနိုင်တာက အဓိကအားသာချက်ပါ။ Tablet တွေရဲ့ပြဿနာကတော့ တံဆိပ်တွေများလွန်းတာပဲဖြစ်ပြီး ဘယ် tablet ကို ဝယ်ယူရမယ်ဆိုတာရွေးရခက်စေပါတယ်။ ဘယ်လို OS ကိုရွေးချယ် ဘာတွေသုံးမယ်ဆိုတာကိုလဲ စဉ်းစားရပါတယ်။ ပစ္စည်းအားလုံးရဲ့ထုံးစံအတိုင်း ဘယ်လောက်ပိုက်ဆံသုံးမယ်ဆိုတာကတော့ အဓိကပါပဲ။ Tablet တချို့ဟာဈေးကြီးပေမယ့် ကွန်ပျူတာတစ်ခုထက်တော့ ဈေးသက်သာတာများပါတယ်။ Tablet တွေမှာ အပိုလုပ်ဆောင်နိုင်စွမ်းတွေရှိပြီး ကင်မရာပါဝင်တဲ့အတွက် ဓာတ်ပုံရိုက်ကူးနိုင်တာ အသံဖမ်းယူနိုင်တာတွေရှိပါတယ်။ ဗီဒီယိုကြည့်ရာမှာလည်း DVD နဲ့ မကြည့်နိုင်တာကလွဲလို့ Laptop နဲ့ Tablet မထူးလှပါဘူး။ Tablet ဟာ စွမ်းဆောင်ရည်ပိုင်းမှာအားနည်းပေမယ့် အလွယ်တကူသယ်ယူနိုင်တာကြောင့် လူသုံးများလာခဲ့တယ်လို့ဆိုနိုင်ပါတယ်။

# FORWARD

## Mobile Training Center

မိုဘိုင်းဖုန်းနှင့်ပတ်သက်၍
အမှန်တကယ်
တတ်ကျွမ်းအောင်
သင်ကြားပေးမည့်သင်တန်း
ဖြစ်ကြောင်း အာမခံပါသည်။

- သင်တန်းအသစ်စတင်လက်ခံနေပါပြီ။
- ဒီဇင်ဘာလ(၃၁)ရက်အထိ သင်တန်းအပ်နှံပါက 10% Discount ပေးမည်။
- လူဦးရေ ကန့်သတ်ထားပါသည်။

- iOS
- Android OS
- Mobile Phone Hardware
- Computer Basic(Linux,Fedora,Ubuntu)



အသေးစိတ်သိရှိလိုပါက **Forward application** အား
**Play Store** မှ install လုပ်ပြီးလေ့လာနိုင်ပါသည်။

Google play

မိုဘိုင်းဖုန်းနှင့်ပတ်သက်၍ အမှန်တကယ်နားလည်တတ်ကျွမ်းအောင်သင်ကြားပေးမည့်သင်တန်းဖြစ်ကြောင်း အာမခံပါသည်။

0930257539 , 09450012673 , 09450030225

www.mmsdforum.com

အမှတ် 203/3E, ဗညားဒလလမ်း (ယုဇနပလာဇာအရှေ့) တာမွေမြို့နယ်၊ ရန်ကုန်။



# KYOCERA

Document Solutions

KYOCERA.
A TOTAL DOCUMENT
SOLUTIONS PROVIDER
FOR YOUR OFFICE.

## Year End Sales

~~936,000ks~~

**639,000ks**

**ONE YEAR WARRANTY**
- Service, Spare Parts & Maintenances

**FREE GIFT**
- SafeGuard & A4 Paper

**DELIVERY**
- Free Delivery & Installation

15 Units Only Stock Limited
(20th Dec, 2014 to 31th Dec, 2014)

## TA-1800

- B/W Multifunction Copier
- Copy, Print, Color Scan
- 18 ppm
- A5 to A3 Size
- 600 x 600 dpi
- Drum Life 150,000 Pages

KIZUNA SERIES



Hot Line : 09 7312 8200

NEXT TIER

NEXT TIER TRADING CO.,LTD.

YANGON
Building-16,Room-102, Global & Redlink Tower, Myanmar ICT Park, Hlaing University Campus, Hlaing Township, Yangon, Myanmar. Tel: 95-1 521 288, 95 9 730 75752 Fax : 95-1 507052

NAYPYITAW
Pa - 47, Pwal Yone Street, Myoma Zay, Naypyitaw. Tel : 95-67 42 15 48

Vol . 3, Issue . 65

# Mobile Money နှင့်ပတ်သက်သည့် အကြောင်းအရာများကို ဆွေးနွေးခဲ့သော ဒုတိယအကြိမ်မြောက် Mobile Monday Yangon

ကျွန်တော်တို့ NetGuide Journal ရဲ့ Vol 3, Issue 64 မှာတော့ Mobile Monday Yangon စတင်ကျင်းပပြုလုပ်ဖြစ်ခဲ့တာတွေ၊ Mobile Monday စတင်ဖြစ်ပေါ်လာပုံတွေနဲ့ Mobile Monday ဆိုတာ ဘာလဲဆိုတာကို ကျွန်တော်တို့ရဲ့ စာဖတ်ပရိသတ်တွေ သိရှိစေဖို့အတွက် ရေးသားဖော်ပြခဲ့ပြီးပါပြီ။ ဒီတစ်ပတ်မှာတော့ ဒုတိယအကြိမ်မြောက် ကျင်းပပြုလုပ်ခဲ့တဲ့ Mobile Monday Yangon အကြောင်းကို ဖော်ပြပေးသွားမှာဖြစ်ပါတယ်။

Mobile Monday Yangon ရဲ့ ဒုတိယအကြိမ်မြောက်တွေ့ဆုံပွဲကို ၂၀၁၄ ခုနှစ်၊ မေလ(၂၆)ရက်နေ့၊ ညနေ (၆)နာရီခွဲတွင် 50th Street Bar မှာ Silicon Straits ရဲ့ပူးပေါင်းဆောင်ရွက်မှုဖြင့်ကျင်းပပြုလုပ်ခဲ့ပါတယ်။ ဒုတိယအကြိမ်မှာတော့ ဆက်သွယ်ရေးအော်ပရေတာတစ်ခုဖြစ်တဲ့ Ooredoo Myanmar နဲ့ CB ဘဏ်တို့ ပထမဆုံးအကြိမ်အဖြစ် တွဲဖက်ပါဝင်လာခဲ့ကြပါတယ်။ ၎င်းပွဲမှာတော့ မိုဘိုင်းဆက်သွယ်ရေးနဲ့ ဘဏ်လုပ်ငန်းဆိုင်ရာရှုထောင့်များကိုဆွေးနွေးတင်ပြခဲ့ကြပြီး မြန်မာနိုင်ငံမှာ Mobile Money ဝန်ဆောင်မှုနဲ့ပတ်သက်တဲ့ အလားအလာတွေကို ဆွေးနွေးသုံးသပ်ခဲ့ကြပါတယ်။




ဒုတိယအကြိမ်မြောက် Mobile Monday မှာ အဓိကဦးစားပေးဆွေးနွေး ပြောကြားခဲ့တဲ့အကြောင်းအရာကတော့ မိုဘိုင်းဖုန်းအသုံးပြုငွေကြေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းအကြောင်းပါ။ အဲဒီဝန်ဆောင်မှုအတွက် Ooredoo Myanmar Mobile Financial Service ရဲ့ Marketing Manager, Frontier Technology မှ Mobile Money ဆိုင်ရာ တာဝန်ရှိသူတွေနဲ့ CB Bank မှ Mobile Banking ဆိုင်ရာတာဝန်ရှိသူတို့က ၎င်းတို့ဖန်တီးပြုလုပ်ထားတဲ့စနစ်တွေနဲ့ အနာဂတ်မြန်မာပြည်မှာ မိုဘိုင်းဖုန်းအသုံးပြုမှု အလားအလာတွေကို ဆွေးနွေးပြောကြားခဲ့ပါတယ်။

## Mobile Money နဲ့ Mobile Banking မတူညီမှု

မိုဘိုင်းငွေကြေးလို့ခေါ်တဲ့ Mobile Money နဲ့ မိုဘိုင်းဘဏ်လုပ်ငန်းလို့ခေါ်တဲ့ Mobile Banking တို့ဟာ တူညီမှုမရှိပါဘူး။ အလွယ်ကူဆုံးအားဖြင့် ရှင်းပြရမယ်ဆိုရင် Mobing Banking ဆိုတာ သက်ဆိုင်ရာဘဏ်တစ်ခုခုနဲ့ ချိတ်ဆက်ကာ ဘဏ်စာရင်းစစ်ဆေးခြင်း၊ ငွေလွှဲခြင်း၊ ငွေသွင်းငွေထုတ်ပြုလုပ်ခြင်း စတာတွေကို မိုဘိုင်းဖုန်းပေါ်ကနေ ဆက်သွယ်ဆောင်ရွက်လုပ်ဆောင်ရခြင်းဖြစ်ပါတယ်။ Mobile Money ဆိုတာကတော့ Branchless Banking System တစ်ခုပါ။ ဘဏ်တွေနဲ့ချိတ်ဆက်စရာမလိုတော့ဘဲ ငွေပေးချေခြင်း၊ ငွေပို့ငွေလွှဲခြင်း၊ ငွေထုတ်ခြင်းစတာတွေကို မိုဘိုင်းဖုန်းဖြင့်ဆောင်ရွက်ကာ ခန့်အပ်ထားတဲ့ ကိုယ်စားလှယ်တွေထံမှာ ငွေသွင်းငွေထုတ်ခြင်းဆိုင်ရာတွေကို လွယ်ကူစွာပြုလုပ်နိုင်ပါတယ်။ ငွေသွင်း၊ ငွေထုတ်လိုသူထံဘဏ်အကောင့်ရှိဖို့မလိုဘဲ ခန့်အပ်ထားတဲ့ကိုယ်စားလှယ်တွေထံမှာသာဘဏ်အကောင့်ရှိဖို့လိုအပ်ပါတယ်။ ဒီလောက်ဆိုရင်တော့ Mobile Banking နဲ့ Mobile Money ဆိုတာကို ကွဲကွဲပြားပြား သိရှိလောက်ပြီလို့ ထင်ပါတယ်။



## အာဖရိကတိုက်ရဲ့ဆင်းရဲတဲ့နိုင်ငံတွေမှာ ပိုမိုအသုံးဝင်တဲ့ Mobile Money

အာဖရိကတိုက်ရှိ ဆင်းရဲမွဲတေတဲ့နိုင်ငံတွေမှာ ဘဏ်လုပ်ငန်းနည်းပါးသလို၊ ဘဏ်အသုံးပြုသူတွေလည်း နည်းပါးလာကြပါတယ်။ ဒါ့အပြင် ဘဏ်တွေရောက်ရှိနိုင်တဲ့နေရာကလည်း အနည်းငယ်သာရှိပါတယ်။ အဲဒါကြောင့် ငွေကြေးဆိုင်ရာပေးချေမှုတွေနဲ့ လွှဲပြောင်းမှုတွေမှာ နှောင့်နှေးကြန့်ကြာမှုတွေရှိခဲ့ပြီး အခြားသောအခက်အခဲများစွာလည်းရှိခဲ့ပါတယ်။ အဲဒီအခက်အခဲတွေကို ဖြေရှင်းဖို့အတွက် လူတိုင်းဘဏ်အကောင့်မရှိရင်တောင် မိုဘိုင်းငွေကြေးအကောင့်ရှိရမယ်ဆိုတဲ့ စီမံကိန်းနဲ့ ပြုလုပ်ခဲ့ရာမှာ Mobile Money က အောင်မြင်ခဲ့ပါတယ်။ (၂၀၀၈)ခုနှစ်လောက်က စတင်လိုက်တဲ့ စီမံကိန်းက (၂၀၁၃) ခုနှစ်ကိုရောက်တော့ တစ်ကမ္ဘာလုံးမှာ Mobile ငွေကြေးပိုက်ဆံအသုံးပြုပြီး လွှဲပြောင်းသွားလာနေတဲ့ ငွေကြေးတန်ဖိုးက အမေရိကန်ဒေါ်လာ (၆၀၀) ဘီလျံကျော်ခဲ့ပါတယ်။ အသုံးပြုသူတွေ တစ်နှစ်ထက်တစ်နှစ် ဆတိုးကိန်းနဲ့တိုးပွားနေတာကြောင့် (၂၀၁၄) ခုနှစ်မှာဆိုရင် Mobile Money အသုံးပြုသူတွေများပြားနေခဲ့ပါပြီ။

## Mobile Money ဆိုတာ ဘယ်လို အသုံးပြုရတာလဲ..။

Mobile Money ဆိုတာ ဘယ်လိုအသုံးပြုရတာလဲဆိုရင် ပထမဦးဆုံး Agent နဲ့ဆက်သွယ်ရပါတယ်။ အလွယ်ပြောရရင်တော့ ကိုယ်စားလှယ်ပေါ့။ တစ်စုံတစ်ယောက်က မိမိဆီကို ငွေလွှဲခဲ့ရင် အနီးဆုံးကိုယ်စားလှယ်ဆီမှာ သွားယူရသလို ကိုယ်ကတခြားသူဆီငွေလွှဲချင်ရင်လည်း အနီးဆုံးကိုယ်စားလှယ်ကိုပေးရပါမယ်။ အလုပ်လုပ်တာကတော့ SMS၊ ဖုန်းငွေဖြည့်သွင်းရာမှာအသုံးပြုတဲ့ USSD Code တွေနဲ့ဖြစ်ပါတယ်။ ဘယ်လိုနေရာတွေမှာ အသုံးပြုလို့ရလဲဆိုရင် ငွေကြေးလွှဲပြောင်းမှု၊ ဈေးဝယ်မှု၊ ဖုန်းငွေဖြည့်သွင်းခြင်းနဲ့ အခြားသောဘေလ်ဆောင်ခြင်းဆိုင်ရာတွေမှာ အသုံးပြုနိုင်ပါတယ်။ အသုံးပြုရတာလွယ်ကူအောင်လို့လည်း Mobile Money ဖန်တီးသူတွေက ကိုယ်စားလှယ်များကို ချိတ်ဆက်ရှာဖွေထားရမှာပါ။

## Mobile Banking အကြောင်းကို CB Bank မှတာဝန်ရှိသူတစ်ဦးက ရှင်းပြခဲ့

"Mobile Banking ကတော့ Mobile Money နဲ့မတူပါဘူး။ ဘဏ်လုပ်ငန်းများရဲ့ ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုတွေကို ဘဏ်တွေဆီသွားလာစရာမလိုဘဲ မိုဘိုင်းဖုန်းကနေ အလွယ်တကူအသုံးပြုနိုင်အောင် ဖန်တီးပေးထားတဲ့စနစ်တစ်ခုပါ။ သက်ဆိုင်ရာဘဏ်တွေနဲ့ ချိတ်ဆက်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ သူက သာမန်ဘဏ်အကောင့်အသုံးပြုသူရဲ့ လုပ်ဆောင်ချက်တွေကို ဘဏ်အထိသွားစရာမလိုအောင် ဖုန်းထဲကနေလျှို့ဝှက်ကုဒ်ရိုက်ပြီးအသုံးပြုနိုင်ပါတယ်။ ဥပမာ – လေယာဉ်လက်မှတ်ဝယ်ခြင်း၊ ရုပ်ရှင်ရုံလက်မှတ်ဝယ်ခြင်းတွေအပြင် အခြားသောငွေကြေးဆိုင်ရာ လွှဲပြောင်းပေးအပ်ခြင်းတွေမှာပါ အသုံးပြုလို့ရမှာပါ။ ဘဏ်အကောင့်ရှိပေမယ့် ဘဏ်ရှိရာနေရာဆီသွားလာရခက်ခဲသူတွေ မိမိရှိရာနေရာကနေ လွယ်ကူစွာပြုလုပ်ဆောင်ရွက်နိုင်ဖို့ ဖန်တီးပေးထားခြင်းဖြစ်ပါတယ်''ဟု CB Bank မှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

Ooredoo Myanmar ၏ Mobile Financial Service မှ Marketing Manager ကလည်း "Mobile Money နဲ့ Mobile Banking တို့မှာ တူညီမှုတွေရှိပါတယ်။ အဲဒါကတော့ သူတို့နှစ်ခုဟာ E-Commerce ဆိုတဲ့ ခေါင်းစဉ်အောက်မှာ ရှိနေလို့ပါ။ နောက်ပြီးတော့ သူတို့ဟာ ငွေကြေးကိုလက်မှာမကိုင်ဘဲ မိုဘိုင်းဖုန်းကနေ ငွေကြေးဆိုင်ရာကိစ္စအဝဝကို လုပ်ကိုင်ပြီးစီးစေပါတယ်။ အခုဆိုရင် ပြည်တွင်းမှာ CB Bank အပြင်အခြားသောဘဏ်တွေကလည်း မိုဘိုင်းဘဏ်လုပ်ငန်းစနစ်ကို ဝန်ဆောင်မှုပေးနေပါပြီ''ဟုဆိုပါတယ်။

မြန်မာပြည်မှာ မိုဘိုင်းဖုန်းအသုံးပြုသူဦးရေ တဖြည်းဖြည်းတိုးတက်လာခြင်း၊ လူတိုင်း၌ ဘဏ်အကောင့်ရှိသည့်အချိန်အခါမဟုတ်သေးခြင်းနဲ့ အသေးစားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းတို့က မိုဘိုင်းဖုန်းအသုံးပြုငွေကြေးဆိုင်ရာလုပ်ငန်းတွေကို အသုံးပြုစေဖို့အတွက် တွန်းအားတစ်ခုဖြစ်ပါတယ်။ နောက်ပြီးတော့ Mobile Money ဟာ ဘဏ်အကောင့်မရှိတဲ့သူတွေအတွက် အကောင်းဆုံးဝန်ဆောင်မှုအဖြေတစ်ခုဖြစ်လာနိုင်ပေမယ့် အသုံးပြုသူအရေအတွက် တိုးတက်ဖို့တော့ လိုအပ်နေဆဲပါပဲ။ အသုံးပြုသူတွေ Mobile Money System ကို ကောင်းမွန်စွာအသုံးပြုတတ်အောင် သုံးစွဲရကောင်းမှန်းသိအောင် ပညာပေးခြင်းဆိုင်ရာတွေကို ထိထိရောက်ရောက်လုပ်နိုင်မှသာလျှင် အသုံးပြုသူအရေအတွက်က အချိန်အနည်းငယ်အတွင်း တိုးတက်လာမှာဖြစ်ပါကြောင်း တင်ပြရင်း ဒုတိယအကြိမ်မြောက် Mobile Monday အကြောင်းကို အဆုံးသတ်ပါရစေ။

M.Z



# ၂၀၁၅ ခုနှစ်တွင် Intel ၏ နည်းပညာသစ်များပါဝင်သည့် Smart Phone များနှင့် Tablet များကို တွေ့မြင်ရနိုင်



၂၀၁၅ ခုနှစ်တွင် Intel ၏ နည်းပညာသစ်များ ပါဝင်သည့် Smart Phone များနှင့် Tablet များကို ပြည်တွင်းဈေးကွက်တွင် ဝယ်ယူအသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ Intel သည် မိုဘိုင်းစက်ပစ္စည်းမျိုးစုံအတွက် Chip များကို ဆက်လက်ထုတ်လုပ်သွားမည်ဖြစ်ပြီး တန်ဖိုးနည်း SmartPhone နှင့် Tablet များကိုထောက်ပံ့ပေးမည့် SoFIA ကိုလည်း Intel မှမိတ်ဆက်ပေးခဲ့သည်။ SoFIA သည် မိုဘိုင်းဖုန်းများအတွက် ထုတ်လုပ်ထားသော System on a Chip (SoC) အသစ်တစ်ခုဖြစ်ပြီး Dual Core Intel® Atom™ processor နှင့် Global 3G Modem ပါဝင်သည်။ စင်ကာပူနိုင်ငံ၌ ဖန်တီးတည်ဆောက်ခဲ့သော SoFIA သည် အာရှဒေသ၏ ဖန်တီးနိုင်စွမ်းကို ပြသသည့်နည်းပညာတစ်ခုဖြစ်ကာ ၎င်းတို့ထည့်သွင်းအသုံးပြုထားသည့် Mobile Device များအား ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူရရှိနိုင်သည်။

Intel မှ Ms.Chantana Suwannawong (Director, Channel and Retail Sales) က ''Intel နည်းပညာကို အသုံးပြုထားတဲ့ Tablet နဲ့ Smartphone တွေကို Acer, Dell, Lenovo, HP, Asus စတဲ့ Brand တွေကဖြန့်ချိသွားမှာပါ။ Intel အမှတ်တံဆိပ်အနေနဲ့တော့ ထုတ်လုပ်သွားမှာမဟုတ်ပါဘူး။ Brand တစ်ခုခုက Intel product ကိုအသုံးပြုချင်ရင် နည်းပညာတွေအပါအဝင် ဒီဇိုင်းကအစ Support လုပ်ပေးသွားမှာဖြစ်ပါတယ်။ အခုဆိုရင် မြန်မာပြည်က လာရောက်ပူးပေါင်းချိတ်ဆက်တဲ့ ကုမ္ပဏီတွေလည်းရှိနေပါပြီ။ Intel က လုပ်ငန်းဆောင်တာတွေလုပ်ကိုင်လျက်ရှိတဲ့ နိုင်ငံတိုင်းမှာလည်း Local partner တွေနဲ့ ပူးပေါင်းလုပ်ကိုင်လျက်ရှိပါတယ်။ မြန်မာပြည်က Partner တွေနဲ့ ဒီဇိုင်းပိုင်းဆိုင်ရာကို လုပ်ဆောင်နေပြီး KMD နဲ့ Royalsmart တို့က Intel ရဲ့ Product Partner တွေဖြစ်ပါတယ်''ဟုပြောသည်။

''မြန်မာပြည်မှာထုတ်လုပ်မယ့် Mobile Device တွေအတွက်တော့ မျက်နှာပြင်အရွယ်အစားက မစဉ်းစားရသေးပါဘူး။ Intel နဲ့ အခြား Market တွေမှာတော့ (၄) လက်မ၊ (၅)လက်မ၊ (၆)လက်မ၊ (၇)လက်မဆိုပြီးအရွယ်အစားအမျိုးမျိုးရှိပါတယ်။ အဲ့လိုမျိုး Product တွေကိုပြည်တွင်းမှာမကြာခင်တော့ တွေ့မြင်ရမှာပါ။ Mobile Device တွေအားလုံးကAndroid Version ဖြစ်ပါတယ်။ နောက်ပိုင်းမှာတော့ Windows Tablet တွေထုတ်လုပ်ဖို့အစီအစဉ်ရှိပါတယ်။

၂၀၁၄ ခုနှစ်အတွင်းမှာ Smartphone နဲ့ Tablet တွေအတွက် ထုတ်လုပ်တဲ့Chipset အရေအတွက် ကပိုများပါတယ်။ မိုဘိုင်းကဏ္ဍမှာဆိုရင် (၅၅)ရာခိုင်နှုန်းက Smart-phone တွေအတွက်ဖြစ်ပြီး (၄၅) ရာခိုင်နှုန်းက Tablet တွေအတွက် ဖြစ်ပါတယ်။ LTE နဲ့ Quad Coreပါတဲ့ Version ကိုလည်း (၂၀၁၅)ခုနှစ်မှာ ရရှိနိုင်ပါလိမ့်မယ်''ဟု Mr. Chantana Suwannawong ကဆိုသည်။

ထို့အပြင် (2014) ခုနှစ်အတွင်း Intel® Antom™ Processor ပါဝင်သည့် Tablet သန်း ၄၀ ကို နိုင်ငံတကာသို့ တင်ပို့သွားမည်ဟု Intel မှ ရည်မှန်းထားခဲ့သည်။ ၎င်းအရေအတွက်သည် ၂၀၁၃ ခုနှစ်နှင့် နှိုင်းယှဉ်လျှင် သန်း ၃၀ ခန့်ပိုမိုများပြားလျက်ရှိသည်။ အဆိုပါ ရည်မှန်းချက်ကို ပြည့်ဝအောင် ဆောင်ရွက်နိုင်ရန်အတွက် Intel သည် System On A Chip (SoC) တီထွင်မှုမှတဆင့်ဆောင်ရွက်ခဲ့သည်။ တိကျသောကုန်ပစ္စည်းထုတ်လုပ်မှုလမ်းစဉ်နှင့် ဆန်းသစ်တီထွင်မှုအသစ်များကို ပေးအပ်နိုင်ရန်အတွက် လိုအပ်သော Intel Smart Device Innovation Center ကို Shenzhen ဒေသ၌ ဖွင့်လှစ်ပေးခြင်း၊ Intel Capital China Smart Device Innovation ရန်ပုံငွေ၌ ကန်ဒေါ်လာ သန်း ၁၀၀ ရင်းနှီးမြှုပ်နှံခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့သည်။ ၂၀၁၄ ခုနှစ်၏ တတိယသုံးလပတ်တွင် Intel သည် Tablet သန်း ၃၀ ကျော်ကို နိုင်ငံတကာသို့ တင်ပို့နိုင်ခဲ့ပြီးဖြစ်သည်။ နိုင်ငံပေါင်း ၁၅၀ တွင် Tablet ဒီဇိုင်းပေါင်း ၂၅၀ ကျော်၌ ပါဝင်ခဲ့ကာ Strategy Analytics ၏ အမှတ်ပေးမှုအရ Tablet အတွက် Processor ထုတ်လုပ်ပေးသော ကုမ္ပဏီများထဲတွင် ဒုတိယနေရာကိုရရှိခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ဒီဇိုင်းအသစ်များဖြင့် ထုတ်လုပ်ထားသည့် Acer Aspire Switch 10, Asus Memo Pad 7, LG Tab Book နှင့် Toshiba Dynabook Tab S3 စသည့် Tablet များတွင်လည်း Intel ကိုအသုံးပြုထားသည်။

Intel သည် Intel® Channel Symposium 2014 ကို ၁၂-၁၂-၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံ၊ ရန်ကုန်မြို့ရှိ Sule-Shangri-La Hotel ၌ ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါ Intel® Channel Symposium တွင် Intel ၏ Product များဖြစ်သော NUC / Mini PCs, Mini Towers, Solid-State Drives (SSDs), Computer Stick အစရှိသည့် Product များအကြောင်းကို အသေးစိတ်မိတ်ဆက်ရှင်းလင်းခဲ့သည်။

Intel မှ တာဝန်ရှိသူတစ်ဦးက "NUC / Mini PCs, Mini Towers, SSDs စတာတွေကို မြန်မာပြည်မှာ မကြာမီဝယ်ယူရရှိနိုင်ပါလိမ့်မယ်။ Computer Stick ကတော့ ဧပြီ၊ မေလလောက်မှာ ပြည်တွင်းဈေးကွက်ထဲကို ရောက်ရှိလာမှာပါ။ Windows နဲ့ Linux version တို့ဖြင့် စတင်မိတ်ဆက်မှာဖြစ်ပါတယ်။ အဲဒီ Stick မှာက Computer တစ်ခုရဲ့ function အကုန်ပါရှိပါတယ်။ HDMI Port ပါရှိတဲ့ Product တွေနဲ့ တွဲဖက်အသုံးပြုနိုင်ပါတယ်။ အခုဆိုရင် Desktop သုံးစွဲမှုရာခိုင်နှုန်းကတိုးတက်နေတာကြောင့် Desktop ကို အဓိကထုတ်လုပ်ပါမယ်။ အရင်က Notebook က ရောင်းအားကောင်းခဲ့ပြီး အခုက Desktop ရောင်းအားပြန်တက်လာပါတယ်'' ဟု ပြောကြားခဲ့သည်။

၂၀၁၄ ခုနှစ်ထဲတွင် ၂၁ ရာစု စာသင်ကြားရေးနည်းပညာများကို ဆရာ၊ ဆရာမများအား သင်ကြားပေးရန် Intel Corporation နှင့် မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာနတို့ နားလည်မှုစာချွန်လွှာရေးထိုးခဲ့သည်။ စာသင်ကြားမှုနည်းပညာများ တိုးတက်လာစေရန်ရည်ရွယ်ချက်ဖြင့် ဆရာ၊ ဆရာမများ၊ ပညာရေးလုပ်ငန်းဆောင်ရွက်နေသူများနှင့် တက္ကသိုလ်ကျောင်းဆရာများအားလုံးလက်တွဲ၍ Intel Teach Program Getting Started Course (ITGS) Master Teacher Training ကို ရန်ကင်းပညာရေးကောလိပ်၌ ပြုလုပ်ခဲ့သည်။ ၎င်း သင်တန်းသည် ကျောင်းသားဗဟိုပြုတည်ဆောက်ထားသောသင်တန်းဖြစ်ပြီး ဆရာ၊ ဆရာမများမှ စာသင်ကြားရာ၌ အသုံးပြုနိုင်သည့် နည်းပညာများကို ဖန်တီးနိုင်ရန်နှင့် ကျောင်းသားများအတွက် စာသင်ကြားမှုအတွေ့အကြုံကို မြှင့်တင်ပေးနိုင်ရန်အတွက် ဆောင်ရွက်ထားခြင်းဖြစ်သည်။ သင်တန်းတွင် Work processing, Spreadsheets, Presentation နှင့်အခြားအခြေခံ Multimedia Software များကို အသုံးပြု၍ စာသင်ခန်း၌ပြသနိုင်ရန် ဆရာ၊ ဆရာမများလေ့လာခဲ့ရသည်။ Master Teacher Training နှစ်ခုကို ယခုနှစ်ဩဂုတ်လနှင့် နိုဝင်ဘာလအတွင်း သင်ကြားပေးခဲ့ပြီး မြန်မာနိုင်ငံ နေရာအနှံ့မှ ဆရာ၊ ဆရာမ စုစုပေါင်း အယောက် ၈၀ ပါဝင်ခဲ့သည်။

ကမ္ဘာပေါ်၌ ကွန်ပျူတာစနစ်ဆိုင်ရာ ဆန်းသစ်တီထွင်မှုတွင် ဦးဆောင်နေသော Intel ကုမ္ပဏီသည် ကမ္ဘာပေါ်ရှိကွန်ပျူတာ စနစ်သုံးစက်ပစ္စည်းများအတွက် အခြေခံအုတ်မြစ်အဖြစ်လိုအပ်သောနည်းပညာများကို ဒီဇိုင်းထွင် တည်ဆောက်ပေးနေသည့် ကုမ္ပဏီတစ်ခုဖြစ်သည်။ ၂၀၁၄ ခုနှစ်သည် Intel မှ IT ကဏ္ဍတစ်ခုလုံးအတွက် နည်းပညာအသစ်များ တီထွင်ထုတ်လုပ်နိုင်ခဲ့သော နှစ်တစ်နှစ်ဖြစ်ခဲ့ကြောင်း သိရသည်။

*M.Z*



## James Cook University Singapore ၏ မတ်လကျောင်းဖွင့်ချိန်အတွက်ကျောင်းလျှောက်လွှာများ လျှောက်ထားနိုင်ပြီ

စင်ကာပူ၊ ဩစတြေးလျနှစ်နိုင်ငံပညာရေးကို အထူးစိတ်ပါဝင်စားသူတို့အတွက် James Cook University (JCUS) ၏မတ်လ ကျောင်းဝင်ခွင့်ကို STUDY ABROAD Information Centre မှ တစ်ဆင့် လျှောက်ထားနိုင်ပြီဖြစ်သည်။

James Cook University သည် Australia's Leading Tropical Research University တစ်ခုဖြစ်ပြီး top 4% Universities in the world for academic and research performance တွင် ပါဝင်သောကျောင်းတစ်ကျောင်းဖြစ်ပါသည်။ Business ဘာသာရပ်များ၊ IT ဘာသာရပ်များ၊ Psychology ဘာသာရပ်များ၊ Early Childhood ဘာသာရပ်များကို ဘွဲ့ဒီဂရီရယူနိုင်မည်ဖြစ်ပြီး ဘွဲ့လွန်ဒီဂရီများအနေနှင့် MBA, Master of Professional Accounting တို့ကို တက်ရောက်နိုင်မည့်အပြင် Hospitality ဘာသာရပ်များ၊ IT ဘာသာရပ်များကိုလည်း ရွေးချယ်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

JCUS မှ အထူးအစီအစဉ်တစ်ရပ်အနေနှင့်လည်း Bachelor တန်းကိုတက်ရောက်မည့် ကျောင်းသူ၊ ကျောင်းသားတို့အတွက် Semester (1) ခု (သို့) (2) ခုကို ဩစတြေးလျနိုင်ငံရှိ Townsville Campus နှင့် Cairns Campus များတွင် တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ဒီကျောင်းကို မြန်မာနိုင်ငံမှ တက္ကသိုလ်ဝင်တန်းအောင်ကျောင်းသူ၊ ကျောင်းသားများနှင့် IGCSE ဖြေဆိုအောင်မြင်ထားသူများအနေနှင့် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။ အင်္ဂလိပ်စာဝင်ခွင့် လိုအပ်ချက်အနေနှင့် IELTS (5.5) ရှိရန် လိုအပ်ပြီး IELTS မရှိသေးသူများအနေနှင့်လည်း English Placement Test ကိုSTUDY ABROAD Information Centre မှ တစ်ဆင့်ဖြေဆိုနိုင်မည်ဖြစ်ပါသည်။ အထက်ပါအကြောင်းအရာများနှင့်ပတ်သက်ပြီး အသေးစိတ်စုံစမ်းသိရှိလိုသည်များရှိပါကလည်း STUDY ABROAD Information Centre ဖုန်း – ၀၉ ၅၁၅၁ ၀၀၈နှင့် ၀၉ ၇၃ ၂၄၂၄ ၀၄ တို့တွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်မည် ဖြစ်ပါသည်။

**SM**

## English for Academic ကို December and January Intake အတွက် ကျောင်းအပ်လက်ခံ

ရည်ရွယ်ချက်အမျိုးမျိုးနှင့် အင်္ဂလိပ်စာကို သင်ယူလေ့လာရန် ဆုံးဖြတ်ထားသူများအတွက် USA, Australia, Singapore နိုင်ငံများ၌ ပညာသင်ကြားခဲ့ပြီး အလုပ်လုပ်ကိုင်ခဲ့သည့် လူငယ်ဆရာများ စုစည်းပြီး မြန်မာကျောင်းသားလူငယ်များအတွက် အခမဲ့နိုင်ငံခြားပညာရေးအကြံပေး (Oversea Education Consultants) ဖြင့် စတင်ခဲ့သည့် EPIC Education (Myanmar) ပညာရေးအဖွဲ့အစည်းမှ လက်တွေ့အသုံးချနိုင်မည့် အင်္ဂလိပ်စာသင်တန်းများဖြစ်သည့် English for Academic, English များနှင့် လာမည့် ဇန်နဝါရီလတွင်တန်းခွဲသစ်များအတွက် အပ်နှံနိုင်ပြီဖြစ်ကြောင်း EPIC Education (Myanmar)၏တာဝန်ရှိသူတစ်ဦးထံမှသိရှိရပါသည်။

